www.burmeseclassic.com

# ပင်းမြစ်သူရ

အောင်ပင်လယ်ရွာစား

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## အောင်ပင်လယ်ရှာစား


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၀၆၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၇၀၅၀၈

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလွှံစာပေ
အမှတ်-၄၃/ က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။





www.burmeseclassic.com

www.burmeseclassic.com

မြစ်ဝကျွန်းပေါ်မြို့လေးတစ်မြို့ရှိ နယ်ပိုင်မင်းရုံး၌ အင်းလေလံပွဲကြီး စတင်နေချေပြီ။ အင်းလေလံပွဲကြီးရှိနေသဖြင့် ထိုမြို့တစ်မြို့လုံး လူအများနှင့် စည်စည်ကားကား ရှိနေလေ၏။

တစ်နှစ်လုံး ခြောက်သွေ့နေသော နယ်ပိုင်မင်းရုံး၌ အင်းသားကြီး၊ အင်းသားလေး၊ အင်းသားထွေး စသည့် အင်းသားများသည် တိုဟိုဒီဒီ ဝင်ထွက်သွားလာနေကြလေ၏။

တင်နှစ်လုံး အရောင်းထိုင်းနေသော နယ်ပိုင်မင်းရုံးဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဒေါ်ပုမကြီးမှာ လက်ဖက်ရည်များ လည် မလည်အောင် ရောင်းရသဖြင့် ပျော်တပြုံးပြုံးရှိနေလေ၏။

မြို့ပေါ်ရှိ တရုတ်အမိန်း၏ ခေါက်ဆွဲဆိုင်တွင်လည်း ယောက်မသံ တငွမ်ငွမ်မြည်အောင် ကြော်လှော်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကုလားရာကွတ်၏ထမင်း ဆိုင်တွင်လည်း ထိုင်စရာနေရာမရှိ၍ မတ်တတ်ရပ်၍ပင် စားသောက်နေရ၏။ နယ်ပိုင်မင်းရုံးအတွင်းရှိ သစ်ပင်ကြီးများအောက်တွင် အင်းသားများမှာ ဟိုတစ်စု၊ ဒီတစ်စုဖြင့် စုဝေးနေကြ၏။

အင်းသားကြီးတို့သည် နောက်လိုက်နောက်ပါ တပည့်တပန်းစုံစုံလင်လင်တို့ဖြင့် ဟန်တထွားထွား ရှိနေကြ၏။

အင်းလေလံပွဲ၌ အကြီးဆုံးအင်းကြီးများကို လေလံဆွဲနိုင်သူအား အင်းသားကြီးဟု ခေါ်ဝေါ်သမုတ်ကြလေရာ ၎င်းတို့သည် ခေါင်းပေါင်းစ တထောင်ထောင်နှင့် ရှိနေလေ၏။

သို့သော် အင်းသားကြီးအများစုမှာ ခေါင်းပေါင်းညစ်ညစ်၊ လုံချည်နွမ်းနွမ်းဖြင့် တောဂိုက်မပျောက်သေးဘဲ ရှိ၏။ မည်သို့ပင်ဖြစ်စေ အင်းလေလံပွဲ၌ သူတို့သည် တန်ခိုးအထွားဆုံးလူများပင်ဖြစ်တော့၏။

အင်းလေလံပွဲ၌ အဓိကအရေးအကြီးဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သော အရေးပိုင်မင်း ရောက်မလာသေးသဖြင့် အင်းသားများအားလုံး နယ်ပိုင်မင်းရုံးခန်းဝသို့ လည်တဆန့်ဆန့်ရှိနေကြ၏။

သူတို့အားလုံး ယနေ့ကျင်းပမည့် အင်းလေလံပွဲအတွက် စိုးတ ထိတ်ထိတ်၊ ရင်တဖိုဖိုနှင့်ရှိနေကြ၏။

အင်းလက်ဝယ်ရှိသော အင်းသားများမှာ ၎င်းတို့၏ လက်ထဲရှိ အင်းများမဆုံးရှုံးအောင် အစွမ်းကုန် ကာကွယ်ကြမည်ဖြစ်၏။

အင်းလက်ဝယ်မရှိသော အင်းသားများမှာလည်း စားဝတ်နေရေးအတွက် အင်းကိုရရှိရန် ကျားကုတ်ကျားခဲ ကြိုးပမ်းကြမည်





ဖြစ်၏။

ခဏကြာလျှင် အရေးပိုင်မင်း၏ မြင်းရထားရောက်ရှိလာသဖြင့် နယ်ပိုင်မင်းသည် ကြိုဆိုရန် အပြေးအလွှားထွက်ခွာသွားလေ၏။

နယ် ပိုင်မင်းသည် ဘန်ကောက်လုံချည်၊ ပိုးတိုက်ပုံအင်္ကျီ၊ ပိုးခေါင်းပေါင်းစတို့ဖြင့် အကျအန ဂိုက်ထုတ်ထား၏။ နယ်ပိုင်မင်းသည် အရေးပိုင်မင်းအား ခရီးဦးကြိုဆို၍ သူ၏ရုံးခန်းအတွင်းသို့ ခေါ်ဆောင်သွားလေ၏။

နယ်ပိုင်မင်းရုံးသည် ဟောင်းနွမ်းဆွေးမြည့်နေသော နှစ်ထပ်ပျဉ်ထောင်ရုံးကြီးဖြစ်၏။ ထိုရုံးကြီး၏အောက်ထပ် ကျူထရံများကာရံထားသော အခန်း၌ အင်းလေလံပွဲ ကျင်းပရန် စီစဉ်ထား၏။

အရေးပိုင်နှင့် နယ်ပိုင်မင်းတို့သည် သတ်မှတ်ထားသော နေရာများတွင် နေရာယူလိုက်ကြ၏။ ရုံးခန်းအတွင်း၌ အင်းခွန်ဝန်မင်းသည် ကြိုတင်ရောက်ရှိနေပြီး အင်းအမှုတွဲများနှင့် အလုပ်ရှုပ်နေလေ၏။

အင်းခွန်ဝန်မင်းသည် ကလေးများရှိသောကြောင့် အရေးပိုင်မင်း၊ နယ်ပိုင်မင်းတို့ကဲ့သို့ ဂိုက်မထွားနိုင်ဘဲ ပိုးလုံချည် ခပ်နွမ်းနွမ်းနှင့် ရှပ်အင်္ကျီအဖြူဖျော့ဖျော့ကို ဝတ်ဆင်ထား၏။ သို့သော် ပိုးခေါင်းပေါင်းကိုမူ အကျအန ပေါင်းထား၏။

လေလံပွဲကျင်းပချိန်နီးသောအခါ အခန်းထဲ၌ အင်းသားကြီး၊ အင်းသားလေးတို့ဖြင့် တိုးမပေါက်အောင်ရှိ၏။

အင်းလေလံပွဲဆိုသည်မှာ အစိုးရပိုင်အင်းများကို တစ်နှစ်တာ ပိုင်ဆိုင်ခွင့်ရရန် အင်းသားများက ငွေကြေးအပြိုင်အဆိုင်ပေး၍ ငှားရမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်၏။

အင်းသားများသည် အင်းလေလံဆွဲခွင့်ရရှိရန်အတွက် ၎င်းတို့၏အပိုင်သူကြီးထံတွင် ပစ္စည်းရှိကြောင်း လက်မှတ်ကိုတောင်းယူရ၏။ သူကြီးလက်မှတ်ရရုံနှင့် မပြီးသေး။

အင်းဆွဲခွင့်လက်မှတ်ရရှိရန် လိုသေး၏။ အင်းဆွဲခွင့်လက်မှတ်ကို မြို့ပိုင်မင်း၊ အင်းခွန်ဝန်မင်းတို့ထံတွင် ပစ္စည်းရှိကြောင်း အစစ်ဆေးခံ၍ အင်းဆွဲခွင့်လက်မှတ်ကို တောင်းယူနိုင်၏။

အင်းဆွဲခွင့်လက်မှတ်ရှိသူများသာ အင်းလေလံပွဲ၌ ဝင်ရောက်လေလံ ဆွဲခွင့်ရှိ၏။ အလွန်ကျယ်သော အင်းကြီးများကို အပြိုင်အဆိုင်ငွေပေး၍ ဆွဲနိုင်သူများကိုသာ အင်းသားကြီးများဟု ခေါ်၏။

သေးငယ်သော အင်းသိမ်၊ အင်းမှားများကို ဆွဲယူသူများမှာ ငွေကြေးအင်အားမရှိသော အင်းသားလေး၊ အင်းသားတွေးများသာ ဖြစ်၏။

အင်းလေလံပွဲ၌ အင်းသားကြီးများသည် ခေါင်းပေါင်းစတထောင်ထောင်နှင့်ရှိနေကြပြီး အင်းသားချင်းအတူတူ ငွေကြေးမတတ်နိုင်သော အင်းသားလေး၊ အင်းသားတွေးများကို မတူမတန်သလို ဆက်ဆံကြလေ၏။

ငွေကြေးအင်အား တောင့်တင်းသူတို့သာ မင်းမူနိုင်သော ကိုလိုနီခေတ်တွင် တရုတ်ကုလား၊ အင်းသားကြီးများသည် ငွေကြေးချောင်လည်သူများဖြစ်၍ နှစ်စဉ် အင်းခွန်တော်ကို မပျက်မကွက် ဆောင်ကြရ၏။



၎င်းတို့အင်းမှ အရှုံးပေါ်နေလည်း ငွေလှည့်နိုင်သူများဖြစ်သဖြင့် တိုယ့်နည်းကိုယ်ဟန်ဖြင့် ရှာကြံနိုင်၏။

အင်းသားလေး၊ အင်းသားတွေးတို့သည် အင်းခွန်တော်ကို ကြေအောင် မဆောင်နိုင်သူများဖြစ်၍ မကြာခဏ အင်းဆွဲခွင့်ရုပ်သိမ်းခြင်းခံရ၏။

လေလံပွဲစတင်နေပြီဖြစ်၍ အင်းခွန်တော်မင်းကြီးသည် အင်းငယ်လေးများကို စတင်လေလံပစ်၏။ အင်းသားလေး၊ အင်းသားတွေးတို့သည် အင်းငယ်လေးများကိုသာ မျှော်မှန်းနိုင်သူများဖြစ်၏။

၎င်းတို့ တတ်နိုင်သောအင်းများကို မရမက လေလံဆွဲရန် ကြိုးစားကြ၏။ အင်းခွန်တော်မင်းသည် အင်းငယ်လေးများ ကုန်သောအခါ အင်းလတ်များကို လေလံပစ်၏။

အင်းသားကြီးတို့သည် အင်းလတ်များကိုလည်း ဝင်ရောက်၍ လေလံဆွဲရန် ကြိုးစားကြ၏။

ထိုအခါ ဆင်းရဲသားအင်းသားများအတွက် အင်းငယ်လေးများကိုသာ မျှော်မှန်းနိုင်တော့၏။

အင်းသားကြီးတို့၏ လောဘကား အဆုံးမရှိ၊ ရှိသမျှ အင်းအားလုံး သူတို့သာ ချုပ်ကိုင်ထားလိုသကဲ့သို့ ယူလိုကြ၏။

အင်းလတ်များ ကုန်သွားသောအခါ အင်းကြီးများကို လေလံပွဲ၏။ အင်းသားကြီးများသည် အင်းကြီးများကို တစ်အင်းပြီးတစ်အင်း အပြိုင်အဆိုင် လေလံဆွဲကြ၏။

နောက်ဆုံးတွင် အင်းတကာ့အင်းတွင် အကြီးဆုံး ထိန်ပင်

www.burmeseclassic.com

www.burmeseclassic.com



အင်းကြီး၏အလှည့်သို့ ရောက်လေပြီ။

ထိန်ပင်အင်းကြီးကို လေလံဆွဲတော့မည်ဆိုသဖြင့် အင်းသားများအားလုံး အလွန်စိတ်ဝင်စားစွာ စောင့်ကြည့်နေကြ၏။

ထိန်ပင်အင်းကြီးသည် အင်းတကာ့အင်းတို့တွင် ဈေးကြီးပေး၍ လေလံဆွဲရသော အင်းကြီးဖြစ်၏။ထိုအင်းကြီး၌ ငါးများ အလျှံပယ် ပေါများသဖြင့် အင်းသားများအားလုံး စိတ်ကူးယဉ်ရသော အင်းကြီးပင်ဖြစ်၏။

သို့သော် ထိန်ပင်အင်းကြီးသည် တော်ရုံအင်းသားများ အနား မကပ်နိုင်။ အင်းသားတကာအင်းသားတို့၏ထိပ် အင်းသားကြီးတစ်ဦးစ နှစ်ဦးစသော ထိုအင်းကြီးကို မှန်းရဲကြ၏။

ထိုအင်းကြီးကို လက်ဝယ်ပိုင်ဆိုင်ထားသူမှာ လူထူးလူဆန်းကြီး ကိုရွှေဝန်ဖြစ်၏။ ကိုရွှေဝန်သည် ထိုအရပ်တွင် ကြီးပြင်းပြီး အင်းသား ဖြစ်လာသူမဟုတ်။

ကိုရွှေဝန် မည်သည့်အရပ်ကလာသည်ကို တိတိကျကျ မည်သူမျှ မပြောနိုင်ချေ။

ကိုရွှေဝန်သည် ဤအရပ်သားအင်းသားကြီးမဟုတ်သော်လည်း ဤအရပ်တွင်ရှိသော အင်းသားကြီးများအားလုံး ဖိနှိပ်တုန်အောင် ခနေငွေကြေး ကြွယ်ဝသူဖြစ်၏။

ကိုရွှေဝန်သည် လွန်ခဲ့သည့်လေးနှစ်ခန့်က ရောက်ရှိလာသော အောက်မှပေါက်သည့် ရွှေကြာပင် ဖြစ်၏။

သို့သော် အောက်မှပေါက်သည့်ရွှေကြာပင်ဖြစ်သော ကိုရွှေဝန်ကို





အင်းသားကြီးများအားလုံး လက်မြှောက်အရှုံးပေးလိုက်ကြရ၏။

ကိုရွှေဝန်သည် မည်သည့်အရပ်မှလာသည်မသိသော်လည်း ငွေကြေးအင်အားတောင့်တင်း၏။ အင်းအင်စပတ်တော်နှင့်လည်း ခင်မင် ၏ မြို့ပိုင်နယ်ပိုင်နှင့်လည်း ရင်းနှီး၏။

ကိုရွှေဝန်သည် ကိုလိုနီရဲအရာရှိကြီးများနှင့် ပတ်သက်၍ လိုအပ် လျှင် ငွေကိုရေလိုသုံးစွဲနိုင်၏။

ဤမျှ ခနေငွေအင်အားတောင့်တင်းသဖြင့် သူတို့အရပ်၌ ကိုရွှေဝန် သည် နှစ်အနည်းငယ်အတွင်း ထိပ်တန်းအင်းသားကြီး ဖြစ်လာခြင်း ဖြစ်၏။

ကိုရွှေဝန်သည် ငွေကြေးအင်အားတောင့်တင်းရုံမျှသာကမ သူ့ရ သတ္တိအင်အားလည်း ခေသူမဟုတ်ချေ။

ကိုရွှေဝန်ထိပ်တန်းအင်းသားကြီး တစ်ဦးဖြစ်လာချိန်တွင် ထိုနယ် တကြောရှိ အင်းသားကြီးတို့ထိပ်ခေါင် ဦးဖိုးလှိုင်တစ်ယောက် မကျေ မချမ်း ဖြစ်နေမိ၏။

အဘယ်ကြောင့်ဆိုသော် ကိုရွှေဂန်သည် အင်းသားထိပ်ခေါင် ဦးဖိုးလှိုင်၏အင်းများကို တစ်ခုပြီးတစ်ခု အလုအယက် လိုက်လံလေလံ ဆွဲယူနေခြင်းကြောင့် ဖြစ်၏။

ဦးဖိုးလှိုင်သည် ငွေကြေးအင်အား တောင့်တင်းသူဖြစ်သော် လည်း ကိုရွှေဝန်အား မယှဉ်နိုင်သဖြင့် သူ၏အင်းများကို လက်လွှတ် ဆုံးရှုံးလိုက်ရ၏။

ထို့ကြောင့် ကိုရွှေဝန်အား ကြီးစွာသော ရန်ငြိုးဖွဲ့စထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူသတ်ဝရမ်းပြေး ဖိုးတေဆိုသူအား မက်လောက်သော ငွေကြေးကိုပေး၍ ကိုရွှေဝန်အား အပြတ်ရှင်းခိုင်းလိုက်၏။

လူသတ်ဝရမ်းပြေး ဖိုးတေသည် မယားနှစ်ယောက်ကို ထောက်ပံ့ရန်အတွက် ငွေကြေး အလွန်လိုအပ်နေ၏။

ထို့ကြောင့် ဦးဖိုးလှိုင်ထံမှ မြိုးမြိုးမြက်မြက်ရသော ပိုက်ဆံကိုယူ၍ ကိုရွှေဝန်အားသတ်ဖြတ်ရန် ကြံစည်လေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်၊





တစ်နေ့သ၌ ဝရမ်းပြေးဖိုးတေနှင့် ကိုရွှေဝန်သည် ထိန်ပင်အင်းထိပ်ရှိ အကြော်ဆိုင်၌ ဆုံတွေ့ကြ၏။

ဖိုးတေသည် ကိုရွှေဝန်ကို အဆင်သင့်တွေ့သည်နှင့် လွယ်အိတ်ထဲရှိ ဓါးမြှောင်ကိုထုတ်ကာ ကိုရွှေဝန်၏နောက်ကျောကို ပြေးဝင်စိုက်ထိုက်၏။

သို့သော် ကိုရွှေဝန်မှာ အသာအယာပင် ကိုယ်ကိုယိမ်းနွဲ့၍ ရှောင်တိမ်းပြီး ဖိုးတေ၏ဓါးကိုင်လက်ကို ချုပ်ကိုင်ကာ မခိုးမခန့်ချယ်မော၍

“ ဟား ဟား... အတော်သတ္တိမဲ့တဲ့လူမိုက်ပါလား၊ လူမိုက်တစ်ယောက်လုပ်နေပြီး ကျုပ်ကို ဓါးနဲ့အလစ်ဝင်ထိုးရတယ်လို့ကွာ၊ သတ္တိရှိရင် ရှေ့ကနေ တည့်တည့်ထိုးပါလား ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဖိုးတေ၏ရင်ဝကို ဒူးဖြင့်ဆောင့်တိုက်လိုက်ရာ ဖိုးတေသည် နောက်သို့ နှစ်ပတ်၊ သုံးပတ်လည်၍ မြေပေါ်သို့ လဲကျလေ၏။

ထိုအခါမှပင် ကိုရွှေဝန်သည် ဖိုးတေ၏နံဘေးရှိ မြေကြီးကို ခါးဖြင့် ထိုးစိုက်၍ ထိုနေရာမှ ကျောခိုင်းထွက်ခွာသွားလေတော့၏။

ထိုအချိန်မှစ၍ သူရသတ္တိရှိသော ကိုရွှေဝန်၏သတင်းသည် အင်းသားလောကတွင် ပျံ့နှံ့သွားလေ၏။

အင်းသားလောကတွင် အင်းသားကြီးများကို အင်းသားငယ်များက မုန်းတီးနာကြည်းကြ၏။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့ပိုင် အင်းငယ်ကလေးများကို အင်းသားကြီးများက ငွေကြေးနေအားကိုးဖြင့် အတင်းအဓမ္မ လှေလံဆွဲယူခြင်းကြောင့် ဖြစ်၏။

သို့သော် အင်းသားငယ်များ မုန်းတီးနာကြည်းသော အင်းသားကြီးများတွင် ကိုရွှေဝန် မပါခဲ့ချေ။ ကိုရွှေဝန်သည် အင်းသားကြီးများကိုသာ လုယက်ပြီး အင်းသားငယ်များကို လက်ရှောင်လေ့ရှိသောကြောင့် ဖြစ်၏။

ထို့ကြောင့် အင်းသားအများစုက ကိုရွှေဝန်ကို ချစ်ခင်လေးစားကြ၏။ ထိန်ပင်အင်းကြီးကို လက်ဝယ်ပိုင်ဆိုင်ရရှိထားသူမှာ ကိုရွှေဝန်ပင် ဖြစ်၏။

ကိုရွှေဝန်သည် ငွေကြေးနေကြွယ်ဝ၏။ တပည့်တပန်းအင်အားလည်း တောင့်တင်း၏။ အထက်အရာရှိများကိုလည်း လိုသလို ပေါင်းသင်းနိုင်၏။





ထို့ကြောင့် ကိုရွှေဝန်ပိုင်သော ထိန်ပင်အင်းကြီးကို တော်ရုံအင်းသားကြီးများ မျက်စပစ်မကြည့်ဝံ့ချေ။ ကိုရွှေဝန်ကို နှစ်စဉ် မခံချင်စိတ်ဖြင့် ယှဉ်ပြိုင်သူမှာ အင်းသားကြီး ဦးဖိုးလှိုင်သာရှိ၏။

ထိုသို့ယှဉ်ပြိုင်တိုင်း ကိုရွှေဝန်၏ဈေးကို မယှဉ်နိုင်သဖြင့် ဦးဖိုးလှိုင်ဘက်မှ နောက်ဆုတ်ပေးရမြဲ ဖြစ်၏။ ထို့ကြောင့် ထိန်ပင်အင်းကို ကိုရွှေဝန်သာ ဆက်လက်ပိုင်ဆိုင်သင့်သည်ဟု အင်းသားအများစုက ယုံကြည်ကြ၏။

ဦးဖိုးလှိုင်ကမူ ကိုရွှေဝန်၏အင်းများကို နှစ်စဉ်အနှောင့်အယှက်ပေးမည်ဟုသာ ကြုံးဝါးနေသူပင်ဖြစ်၏။ ယနေ့လည်း အင်းသားကြီးတို့ဂိုဏ်ခေါင် ကိုရွှေဝန်နှင့် ဦးဖိုးလှိုင်တို့ ထိပ်တိုက်တွေ့ရချေပြီ။

ဦးဖိုးလှိုင်သည် နောက်လိုက်နောက်ပါ တပည့်တပန်း အပြည့်အစုံဖြင့် လေလံပွဲကျင်းပရာ အခန်းထဲသို့ ရောက်ရှိနေလေပြီ။

အင်းသားကြီး ကိုရွှေဝန်ကမူ လေလံပစ်ရာရုံးခန်းအတွင်းသို့ အခုထက်တိုင် ရောက်ရှိမလာသေးပေ။

ကိုရွှေဝန်မရောက်သေးသော်လည်း လေလံပွဲနောက်ကျရန်မပူရချေ။ အဘယ်ကြောင့်ဆိုသော် ကိုရွှေဝန်၏တပည့်တပန်းများသည် အခန်းထဲသို့ ကြိုတင်၍ ရောက်ရှိနေသောကြောင့် ဖြစ်၏။

ကိုရွှေဝန်သည် အင်းငယ်လေးများကို လိုချင်သူမဟုတ်သဖြင့် အင်းကြီးများကို လေလံပစ်သောအခါမှပင် ရောက်ရှိတတ်၏။

ထိန်ပင်အင်းကြီးကို လေလံပစ်ရန် မကြေငြာမီကပင် ကိုရွှေဝန်၏ ရထားလုံးသည် နယ်ပိုင်ရုံးဝန်းအတွင်းသို့ ရောက်ရှိနေပြီဖြစ်၏။

www.burmeseclassic.com



ကိုရွှေဝန်သည် ရထားလုံးအတွင်း၌ အသင့်ယူဆောင်လာသော စားပွဲကိုခင်း၍ ထန်းရည်ခါးနှင့် ကြက်သားကြော်၊ စန္နက်ကြော် စသည့် စားသောက်ဖွယ်ရာများနှင့် ဇရက်မင်းစည်းစိမ် ယူနေပြီဖြစ်၏။

အင်းခွန်ဝန်မင်းက ထိန်ပင်အင်းကြီးကို လေလံပစ်မည်ဟု ကြေညာသောအခါမှပင် ကိုရွှေဝန်သည် နောက်လိုက်နောက်ပါ တပည့် တပန်းများဖြင့် လေလံရုံးခန်းအတွင်းသို့ ဝင်ရောက်လာ၏။

ကိုရွှေဝန်သည် ယောလုံချည်နှင့် ပင်နီအကျႌဟပြဲကိုသာ ဝတ်ဆင် ထားသဖြင့် တောသားကြီးတစ်ဦးကဲ့သို့ ရှိ၏။

ကိုရွှေဝန်ရောက်ရှိလာသောအခါ အင်းသားများအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။ ကိုရွှေဝန်၏ရန်သူ ဦးဖိုးလှိုင်က ကိုရွှေဝန်ကို မထီလေးစား အမူအရာဖြင့် ကြည့်၍

" မိဘဆွေမျိုးမရှိ၊ သားမယားမရှိဘဲနဲ့ ဒီလောကလောဘကြီး တဲ့ကောင်၊ ဟား ဟား... ဒီကောင် ဒီနှစ်တော့ လေလံပွဲကနေ အရှုံးကြီး ရှုံးပြီးတော့ ပြန်သွားစေရမယ်၊ ဒီနှစ်က ဖိုးလှိုင်တို့ ကံဇာတာတက်တဲ့ နှစ်ကွ၊ မရှုံးဘဲ စော်ကဲမင်းဖြစ်မဲ့ဖိုးလှိုင် တစ်လှိုင်ထဲရှိတယ် "

ဟု ကြုံးဝါးလိုက်ရာ ဖိုးလှိုင်၏တပည့်တပန်းများသည် ၎င်းတို့၏ ဆရာကို ဝိုင်းဝန်းထောက်ခံကြလေ၏။

ဦးဖိုးလှိုင်သည် ယနေ့လေလံပွဲ၌ ကျိန်းသေအနိုင်ရမည့် အင်းသား ကြီးတစ်ယောက်၏ အမူအရာမျိုးရှိနေလေ၏။

ကိုရွှေဝန်သည် လေလံရုံးခန်းအတွင်းသို့ ရောက်သောအခါ အင်းသားများအားလုံးကို လက်ဗွေ့ယမ်း၍ နှုတ်ဆက်လိုက်ပြီး ၎င်း၏



နေရာ၌ ထူနွှေရရထိုင်ချလိုက်၏။

ကိုရွှေဝန်သည် ထိုင်ခုံတွင်ထိုင်ပြီးနောက် ၎င်း၏ရန်သူ ဦးဖိုးလှိုင် ဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်ရာ မိမိကို မကျေမချမ်းစိုက်ကြည့်နေ သော ဦးဖိုးလှိုင်ကိုမြင်သဖြင့် လှောင်ပြုံးပြုံးပြလိုက်လေ၏။

ဦးဖိုးလှိုင်သည် ကိုရွှေဝန်၏ အမူအရာကိုကြည့်၍ မကျေမချမ်း တောက်ခေါက်လိုက်၏။

ထိုအချိန်တွင် တပည့်တစ်ဦးက ကိုရွှေဝန်၏ အနီးသို့တိုးကပ်၍

" ဆရာ... ဒီနေ့ ဦးဖိုးလှိုင်ကိုကြည့်ရတာ သူ့ကိုယ်သူ သိပ်ပြီး ယုံနိုင်နေပုံရတယ်၊ ဆရာ့ရဲ့ ထိန်ပင်အင်းကြီးကို အရှုံးခံပြီး မရမက လိုက်ဆွဲတော့မယ် ထင်တယ် "

ဟု ထင်ကြေးပေးလေ၏။ ထိုအခါ ကိုရွှေဝန်က တုန်လှုပ်မှုမရှိဘဲ သက်ကာပြလိုက်ပြီး

" ဟာ... သူ ဘယ်လောက်ထိ အရှုံးခံနိုင်မှာလဲ၊ ငါ့ကိုယှဉ်ပြီး အရှုံးခံဝံ့လို့လား၊ အင်းသားလေးကမှာ ငါနဲ့ယှဉ်ပြီး အရှုံးခံမတိုက်ရဲကြ ဘူး မင်းတို့စောင့်ကြည့်၊ ဒီနှစ်ထိန်ပင်အင်းကြီးဟာ ငါ့လက်ထဲမှာပဲ ရှိစေ ရမယ် "

ဟု မိမိကိုယ်ကို မိမိ ယုံကြည်သောလေသံဖြင့် ပြောလေ၏။

ထိုအခိုက်မှာပင် အင်းခွန်ဝန်မင်းက ထိန်ပင်အင်းကြီးကို စတင်၍ လေလံဆွဲတော့မည်ဖြစ်ကြောင်း ကြေညာလေ၏။

ထိုအခါ ဦးဖိုးလှိုင်က မနှစ်က ကိုရွှေဝန် ထိန်ပင်အင်းကြီးကို ဆွဲသွားသောဈေး နှစ်ထောင့်ငါးရာနှင့် စတင်ဈေးခေါ်လိုက်၏။ ကိုရွှေဝန်

www.burmeseclassic.com

www.burmeseclassic.com



က ဦးဖိုးလှိုင်အား မသိမသာဖြင့် မျက်လုံးဝေ့ကြည့်လိုက်၏။

ဦးဖိုးလှိုင်က မနှစ်ကဈေး နှစ်ထောင့်ငါးရာနှင့်မလိုက်နိုင်သောကြောင့် အရှုံးပေးခဲ့သောဈေးကို ယခုနှစ် စတင်ပေးနေချေပြီ။ ဒီလူကြီး မိမိကို အနှောင့်အယှက်ပေးတော့မှာ သေချာ၏။

ဦးဖိုးလှိုင်သည် အဘယ်ကြောင့် ယခုနှစ် ဤမျှရဲဝံ့နေသနည်း။ ဦးဖိုးလှိုင်က ထိန်ပင်အင်းကို ဈေးနှစ်ထောင့်ငါးရာနှင့် ဈေးစခေါ်လိုက်သောကြောင့် အင်းသားများအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

ယခုနှစ် ပွဲကြီးပွဲကောင်း ကြည့်ရတော့မည်ဟူ၍လည်း တီးတိုးပြောလေ၏။ ကိုရွှေဝန်သည် သူ၏ဂုဏ်သိက္ခာအတွက် ထိန်ပင်အင်းကို လက်လွှတ်ဆုံးရှုံးရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် ထိန်ပင်အင်းကို မရမကဆွဲယူရန် ဆုံးဖြတ်လိုက်ပြီး သုံးထောင်ဟု ဈေးတိုးမြှင့်ပေးလိုက်၏။

ကိုရွှေဝန်သည် တစ်ရာ၊ နှစ်ရာ ဈေးမတက်ဘဲ ငါးရာထိ ဈေးတက်ပေးလိုက်သဖြင့် အင်းသားများအားလုံး မျက်လုံးပြူးသွားကြလေ၏။

ကိုရွှေဝန်သည် သုံးထောင်ဟု အော်ဟစ်လိုက်ပြီး သူ၏ပြိုင်ဘက်ကြီး ဦးဖိုးလှိုင်ထံသို့ မထီလေးစား အမူအရာဖြင့် မျက်လုံးကို ကြည့်လိုက်၏။

သို့သော် ဦးဖိုးလှိုင်ကမူ ထိတ်လန့်ဟန်မပြဘဲ မဲ့ပြုံးပြုံး၍ သုံးထောင့်ငါးရာဟု တိုးမြှင့်ပေးလိုက်ရာ ကိုရွှေဝန်သည် အလွန့်အင် မျက်လုံးပြူးသွားလေ၏။



လေလံပွဲပရိသတ်များအားလုံး ပါးစပ်အဟောင်းသားဖြင့် အော်တစ်ကြ၏။ ဤမျှအတက်ကြမ်း၍ မရမက ဆွဲယူသောလေလံပွဲမျိုး မကြုံဘူးကြချေ။

ကိုရွှေဝန်သည် ဦးဖိုးလှိုင် မိမိကို နှစ်စဉ်ရှုံးမဲမဲ၍ မရမက တိုက်ခိုက်နေပြီကို သိလိုက်ရ၏။ အမှန်စင်စစ်ပင် အင်းကြီးသည် မည်မျှပင် ငါးပေါစေကာမူ သုံးထောင်မျှရရန်ပင် မလွယ်ကူလှချေ။

မည်သို့ပင်ဖြစ်စေ ဦးဖိုးလှိုင်ထံတွင် အရှုံးမပေးလိုသဖြင့် ဦးဖိုးလှိုင်မှာ နောက်ဆုတ်သွားမည်ဟု ထင်မြင်ကာ

" လေးထောင် "

ဟု အော်ဟစ်လိုက်၏။

လေလံပွဲရှိ ပရိသတ်များအားလုံး ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားကြလေ၏။ လေလံပွဲကို ဦးစီးကျင်းပနေသူ အရေးပိုင်မင်းနှင့် နယ်ပိုင်မင်းဝင်လျှင် များပြားသောဈေးကို မျက်လုံးပြူးသွားလေ၏။

အရေးပိုင်မင်းက ကိုရွှေဝန်နှင့် ဦးဖိုးလှိုင်ကို မျက်လုံးဝေ့ကြည့်၍

" တစ်ယောက်နဲ့တစ်ယောက် မခံချင်စိတ်နဲ့ ဈေးတွေကို ဖွတ်ပေးကြနဲ့၊ ကိုယ့်အတွက်မကိုက်ရင် အရှုံးကြီးရှုံးလိမ့်မယ်၊ ဒီအခါမှာဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲကိစ္စကို စဉ်းစားထားကြပါ "

ဟု ပြောလိုက်လေ၏။

ကိုရွှေဝန်က မိမိပေးနိုင်သောဈေးကို ဦးဖိုးလှိုင် လိုက်မပေးနိုင်ဟု ကျိန်းသေယူဆထားသဖြင့် ပွဲပြီးခဲ့ပြီဟု ယူဆလိုက်လေ၏။

သို့သော် ဦးဖိုးလှိုင်မှာရင်ကိုကော့၍ ပရိသတ်များအားလုံး ကြား

www.burmeseclassic.com

www.burmeseclassic.com



အောင်

" လေးထောင့်ငါးရာ "

ဟု အော်ဟစ်လိုက်လေရာ ကိုရွှေဝန်ပင် မိမိနားကို မိမိမယုံကြည်နိုင်သလို ဖြစ်သွားလေ၏။

ဤအဖိုးကြီး ရူးများရူးသွားလေပြီလော။ ထိန်ပင်အင်းသည် သုံးထောင်မျှပင် မရနိုင်သောအင်းဟု ဦးဖိုးလှိုင်ကဲ့သို့ အင်းသားကြီးဟောင်းတစ်ဦးက မသိဘဲနေမည်မဟုတ်။

ဤမျှ စည်းစိမ်ဥစ္စာများကို အရှုံးခံ၍ အဘယ်ကြောင့် မိမိအား လိုက်လံယှဉ်ပြိုင်နေသနည်း။ ဦးဖိုးလှိုင်သည် မိမိအပေါ် အငြိုးကြီးလှချေတကား။

ဤအဖိုးကြီးသည် မိုက်မဲလှ၏။ သူ၏ မိုက်မဲမှုကြောင့် မိမိမှာ မတန်မဆသောငွေကြေးဖြင့် ထိန်ပင်အင်းကို လေလံဆွဲရပေတော့မည်။

ဤပွဲ၌ အရှုံးခံလိုက်လျှင် ကိုရွှေဝန်၏ နာမည်သတင်းသည် အင်းလောကတွင် ငြိုးငယ်ရပေတော့မည်။

အင်းလေလံပွဲရှိ အင်းသားများမှာလည်း တစ်သက်တွင် တစ်ကြိမ်မျှမကြုံဘူးသော လေလံပွဲမျိုးကို တွေ့ကြုံရသဖြင့် အင်းသားဖြစ်ရကျိုးနပ်ပြီဟူ၍ပင် ယူဆနေကြ၏။

သူတို့အားလုံး ကိုရွှေဝန်နှင့် ဦးဖိုးလှိုင်၏ အကြီးမားဆုံး စိန်ခေါ်မှုကြီး၏ အဆုံးသတ်ကို စောင့်မျှော်နေကြ၏။

အဆုံး၌ တစ်ယောက်ယောက်သည် အရှုံးပေးရပေတော့မည်။ သို့ဖြစ်၍ လူထူးလူဆန်းကြီး ကိုရွှေဝန်လား။ လူမိုက်ကန်းကြီး ဦးဖိုးလှိုင်



လားဟု သိချင်နေကြ၏။

အင်းခွန်ဝန်မင်းသည် ဤမျှစိတ်လှုပ်ရှားဖွယ်ကောင်းသော လေလံပွဲမျိုး မကြုံဖူးသဖြင့် အင်းကို ကြေညာရန်ပင် မေ့နေလေ၏။

ထို့နောက်မှ တာဝန်နှင့်ဝတ္တရားကို သတိရဟန်ဖြင့်

" ထိန်ပင်အင်း လေးထောင့်ငါးရာ တစ်ကြိမ် "

ဟု အော်ဟစ်ရန် ပြင်လိုက်၏။ ထိုအခိုက်မှာပင် ကိုရွှေဝန်က

" ငါးထောင် "

ဟု အော်ဟစ်လိုက်သဖြင့် ပရိသတ်များအားလုံး အံ့ဩသွားပြီး အာမေဋိတ်သံများ နေရာအနှံ့အပြားမှ ထွက်ပေါ်လာ၏။

ဂုဏ်သိက္ခာအတွက် ဤမျှများပြားသော ငွေကြေးကို အရှုံးခံသော အင်းသားကြီးနှစ်ဦးကိုလည်း တအံ့တဩရှိနေကြလေ၏။

မနှစ်က နှစ်ထောင့်ငါးရာပင်တန်သော ထိန်ပင်အင်းကြီးသည် ယခုနှစ် ငါးထောင်သို့ပင် တန်ဖိုးနှစ်ဆ ခုန်တက်သွားလေပြီ။

ကိုရွှေဝန်သည် ဒီတစ်ကြိမ်တော့ ဦးဖိုးလှိုင် မည်သည့်နည်းနှင့်မဆို နောက်ဆုတ်ရလေပြီဟု တွက်ဆလိုက်၏။ ဦးဖိုးလှိုင်သည် မိမိစီးပွားပျက်ပြားအောင် အင်းကို ဈေးမကြီးကြီးအောင် ပြုလုပ်နေသူဖြစ်၏။

ဦးဖိုးလှိုင်သည် ကိုရွှေဝန်၏အင်းကို ဤသို့ လိုက်လံယှဉ်ပြိုင်ပြီး ဈေးမြှင့်မြင့်အောင် ပြုလုပ်ကာ လေလံပွဲမှ နောက်ဆုတ်ပြီးထွက်ခွာသွား၏။

ဤသို့ပြုလုပ်တိုင်း မိမိမှာ အင်းများကို အဆမတန်သော ဈေးများဖြင့် ဆွဲယူနေရ၏။ ဦးဖိုးလှိုင်သည် မိမိ၏စီးပွားကို ပျက်ပြား

www.burmeseclassic.com



အောင် လိုက်လံနှောင့်ယှက်နေသော အဓိက ရန်သူကြီးပေတည်း။

ကိုရွှေဝန်သည် ဤသို့တွေးတောရင်း ဦးဖိုးလှိုင်ကို ဒုက္ခပေးနိုင်မည့် နည်းလမ်းကို မမျှော်လင့်ဘဲ စဉ်းစားမိ၏။ ဦးဖိုးလှိုင်၏ ထိုးနှက်ချက်သည် ယခုနှစ်တွင် အပြင်းထန်ဆုံးပင် ဖြစ်၏။

ဤအဖိုးကြီး ဤမျှများပြားသောငွေကြေးကို မည်သည့်နေရာမှ ရရှိလေသနည်း။ ကိုရွှေဝန်သည် မိမိ၏ရန်သူတော်ကြီးကို အနိုင်ရရှိရန် အံကိုကြိတ်၍

" ငါးထောင့်ငါးရာ "

ဟု အော်ဟစ်လိုက်လေရာ လေလံပွဲကြည့် ပရိသတ်များ အားလုံး အထိတ်တလန့် အော်ဟစ်လိုက်ကြလေ၏။

အင်းသားကြီးနှစ်ဦး၏ မိုက်မဲမှုကိုလည်း အင်းသားငယ်များက ဝိုင်းဝန်းဝေဖန်နေကြကုန်၏။ အင်းခွန်ဝန်မင်းသည် အင်းသားကြီးနှစ်ဦး၏ အကျိုးအတွက် စဉ်းစဉ်းစားစား စျေးပေးကြရန် သတိပေး၏။

ကိုရွှေဝန်သည် ငါးထောင့်ငါးရာဟု အော်ဟစ်လိုက်ပြီး ဂုဏ်ယူဝင့်ကြွားဟန်ဝန်ဖြင့် ဦးဖိုးလှိုင်ဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်၏။ ဦးဖိုးလှိုင် မိမိကို အရှုံးမပေးဘဲ လိုက်လံယှဉ်ပြိုင်နေလျှင် စီးပွားပျက်ပေလိမ့်မည်။

ဤစျေးသည် မိမိ၏ နောက်ဆုံးပေးလိုက်သောစျေး ဖြစ်၏။ ဦးဖိုးလှိုင်သည် မျက်လုံးမှိတ်၍ နောက်ဆုတ်သွားလျှင် ယခုနှစ်သည် မိမိအတွက် အရှုံးကြီးရှုံးရသောနှစ် ဖြစ်လိမ့်မည်။

ဦးဖိုးလှိုင်၏ နောက်လိုက်နောက်ပါ တပည့်တပန်းများပင် ၎င်းတို့၏ ဆရာကို ဆက်လက်ပြီး စျေးမပေးရန် တောင်းပန်ကြ၏။ သို့သော် ဦးဖိုးလှိုင်သည် ခေါင်းမာသူဖြစ်သည့်အတိုင်း တပည့်တပန်းများ၏ တောင်းပန်ချက်ကို နားထဲသို့မဝင်ဘဲ

" ခြောက်ထောင် "

ဟု အော်ဟစ်လိုက်ရာ အင်းခွန်ဝန်မင်းကြီးပင် အံ့ဩလွန်းသဖြင့်

" ဗုဒ္ဓေါ "

ဟု ရေရွတ်လိုက်လေ၏။ အရေးပိုင်မင်းသည် နဖူးတွင် ချွေးများကို လက်ကိုင်ပဝါဖြင့်သုတ်၍

" အင်းသားကြီးတွေ ဒီလောက်ချမ်းသာတာ အခုမှသိတယ်၊ စောစောတုန်းကသိခဲ့ရင် သိပ်ကောင်းမှာပဲ "

ဟု တွေးလိုက်မိလေ၏။ နယ်ပိုင်းမှာလည်း ခေါင်းကိုကုတ်၍

" ဒီလူတွေ ဘာလို့ ဒီအင်းကို စျေးအဆမတန်ပေးနေကြတာလဲ၊ ဒီအင်းဟာ ရွှေထွက်နေလို့လား "

ဟု တွေးလိုက်မိလေ၏။

မည်သို့ပင်ဖြစ်စေ လေလံပွဲတို့၏ ထုံးစံအရ စျေးအမြင့်ဆုံးပေးသော သူကိုသာ အနိုင်ပေးရမည် ဖြစ်၏။ လေလံပွဲကျင်းပနေသော အခန်းတစ်ခုလုံးလူများ၏ တစ်ယောက်တစ်ပေါက် ပြောဆိုသံများကြောင့် ဆူညံပွက်နေလေ၏။

ဦးဖိုးလှိုင် လက်ကိုနောက်ပစ်၍ မထီလေးစားသော ဟန်ပန်ဖြင့် ကိုရွှေဝန်ကို ကြည့်ရှုနေလေ၏။

ကိုရွှေဝန်ကမူ စိတ်လှုပ်ရှားဟန်မရှိဘဲ သက်သောင့်သက်သာ

www.burmeseclassic.com



အမှုအရာဟန်ဖြင့်ပင် ရှိနေသဖြင့် ပွဲမည်သို့ ပြီးပြတ်လေမလဲဟု ပရိသတ်များက စိတ်ဝင်စားနေကြ၏။

အင်းခွန်တော်ဝန်မင်းသည် စိတ်လှုပ်ရှားဟန်ဖြင့်

" ထိန်ပင်အင်း ခြောက်ထောင် တစ်ခါ "

ဟု အော်ဟစ်လိုက်လေ၏။ ကိုရွှေဝန်က မည်သည့်စကားမျှမဆိုဘဲ အေးတိအေးစက်အမှုအရာဖြင့် အင်းခွန်ဝန်မင်းကို ကြည့်ရှုနေလေ၏။

အင်းခွန်ဝန်မင်းက

" ထိန်ပင်အင်း ခြောက်ထောင် နှစ်ခါ "

ဟု အော်ဟစ်လိုက်ပြန်၏။

ကိုရွှေဝန်မှာ စိတ်လှုပ်ရှားမှုမရှိဘဲ အေးတိအေးစက် အမှုအရာဖြင့်သာ ရှိနေလေ၏။ ပရိသတ်များအားလုံး ကိုရွှေဝန်၏နှုတ်မှ ထွက်ပေါ်လာမည့်စကားကို စိတ်ဝင်တစား စောင့်မျှော်နေကြ၏။

၎င်းတို့အားလုံး ကိုရွှေဝန်ကိုပင် ဝိုင်းဝန်းကြည့်ရှုနေပြီး အသက်ပင် ရဲရဲမရှူဝံ့ကြချေ။ သို့သော် ကိုရွှေဝန်ထံမှ မည်သည့်စကားသံမှ ထွက်မလာတော့ချေ။ ထိုအခါ အင်းခွန်ဝန်မင်းက

" ထိန်ပင်အင်း ခြောက်ထောင် သုံးခါ "

ဟု အော်ဟစ်လိုက်ရာ ပရိသတ်များအားလုံး ထိုအခါမှပင် အသက်ကို ရဲရဲရှူဝံ့ကြလေ၏။

ယနေ့ အင်းလေလံပွဲ၌ မိမိဂုဏ်သိက္ခာကို စတေး၍ အရှုံးခံလိုက်သော်လည်း စိုးထိတ်ဟန်မရှိဘဲ ဦးဖိုးလှိုင်ဘက်ကိုသာ မျက်လုံးဝေ့ကြည့်၍





" ဒါ့ကို နှစ်စဉ်နှစ်တိုင်း အကြီးအကျယ် ဒုက္ခပေးနေတဲ့အဖိုးကြီး၊ ဒီနှစ်တော့ ငါရှုံးတာထက် ပိုပြီး နှစ်ဆ သုံးဆ ရှုံးရပြီ "

ဟု တွေးကာ ကျေနပ်နေလေ၏။

ဦးဖိုးလှိုင်သည် ထိုနေ့တွင် အင်းလေလံပွဲ၌ အနိုင်ရရှိခဲ့သော်လည်း သူ့အား မည်သူမျှမချီးကျူးဘဲ မိုက်ရူးရဲတစ်ယောက်ဟူ၍သာ ပြောဆိုကြ၏။

ကိုရွှေဝန်သည် လည်ဝယ်သူတစ်ယောက်ဖြစ်သဖြင့် ဦးဖိုးလှိုင်အား အနိုင်ပေးကာ ထောင်ချောက်ဆင်ကြခြင်းဖြစ်သည်ဟု ယူဆကြသည်။

လေလံဆွဲပြီးသော်လည်း ပရိသတ်များအားလုံး လေလံ ပွဲမှ မပြန်နိုင်သေးဘဲ ကိုရွှေဝန်နှင့် ဦးဖိုးလှိုင်၏ ယှဉ်ပြိုင်မှုအကြောင်းကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြလေ၏။

ဦးဖိုးလှိုင်သည် မိမိအား အထင်ကြီးဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုနေသော ပရိသတ်များ၏အလယ်တွင် ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ရင်ကြီးကို ကော့၍ ရှိနေလေ၏။

၎င်းတို့၏ တပည့်တပန်းများသည် အောင်ပွဲခံသည့်အနေဖြင့် အသင့်ယူဆောင်လာသော ဘီလပ်ရည်ပုလင်းများကို ဖောက်၍ သောက်ကြ၏။

လေလံပွဲ၌ ရှုံးနိမ့်သောကိုရွှေဝန်တို့ အဖွဲ့သားများကမူ လေလံရုံခန်းအတွင်းမှ စတင်ထွက်ခွာကြလေပြီ။

ကိုရွှေဝန်သည် လေလံရုံးခန်း အတွင်းမှ ထွက်ခြေရရ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာခဲ့ပြီးနောက် အပေါက်ဝသို့ရောက်သောအခါ ရပ်တန့်လိုက်ပြီး ဦးဖိုးလှိုင်ကို သမင်လည်ပြန်လှည့်ကြည့်ကာ လှောင်ပြုံးပြုံးပြလိုက်၏။

ဦးဖိုးလှိုင်ကမူ ကိုရွှေဝန်၏လှောင်ပြုံးကို အသိအမှတ်ပြုဟန်မရှိဘဲ တဟားဟားရယ်မောကာ လေလံရုံးခန်းအတွင်း၌ ကျန်ရစ်ခဲ့လေတော့၏။

ကိုရွှေဝန်နှင့်တပည့်တပန်းများသည် လေလံရုံးခန်းအတွင်းမှ ထွက်ခဲ့ပြီး နယ်ပိုင်မင်းရုံးခန်းအတွင်းရှိ အရိပ်အောက်တွင် ရပ်ထားသော ကိုရွှေဝန်၏ ရထားလုံးရှိရာသို့ သွားရောက်လေ၏။

ကိုရွှေဝန်က သူ၏တပည့်များဘက်သို့လှည့်၍

'' ငါ ဒီလူကြီးကို တမင်ဒုက္ခပေးချင်လို့ အရှုံးခံလိုက်တာကွ၊ ဒီလူကြီး ထိန်ပင်အင်းကို ခြောက်ထောင်ပေးပြီး စီးပွားပျက်ဖို့သာပြင်ဆေတော့၊ ငါ့ရဲ့အင်းတွေကို နှစ်စဉ်နှစ်တိုင်းလိုက်လုပြီး ဈေးတွေ ထောင်ပေးနေတဲ့ လူကြီး၊ ဒီတစ်ခါတော့ ငါရှုံးတာထက်ပိုပြီး အဆပေါင်းများစွာ ရှုံးစေရမယ်၊ ဟား ဟား ဟား... ဒီလူကြီးဟာ အင်းလေလံမှာ အနိုင်ရပေမဲ့ ပျော်မယ်လို့များ ထင်သလား၊ အိမ်ရောက်ရင် တစ်ကိုယ်တည်း ကျိတ်ပြီး ငိုဖို့သာပြင်ပေတော့၊ ထိန်ပင်အင်းဟာ နောက်ဆယ်နှစ် အနှစ်နှစ်ဆယ်တောင် ဒီဈေးမျိုးရမယ် မထင်နဲ့ ''

ဟု ပြောလေ၏။ ထိုအခါ ရွှေဝန်၏ တပည့်တစ်ဦးက အားရကျေနပ်ဟန်ဖြင့်

'' ဆရာ့ရဲ့အကြံ အင်မတန်ကောင်းတယ်၊ ဒါဆိုရင် ဦးဖိုးလှိုင် ထိန်ပင်အင်းကိုရတာ မွဲဆေးဖော်လိုက်သလိုဖြစ်သွားပြီ ''





ဟု ပြောဆိုလေ၏။

ကိုရွှေဝန်၏ တပည့်တစ်ဦးကလည်း ဝင်ရောက်၍

'' လေလံပွဲမှာ ထိန်ပင်အင်းဟာ ငွေငါးထောင်ဖြစ်သွားတာတည်းက ဆရာအနိုင်ရမှာ စိုးရိမ်နေတာ၊ အခုတော့ ဦးဖိုးလှိုင် ထိန်ပင်အင်းကို ခြောက်ထောင်နဲ့ယူပြီး မဆန့်မပြဲဖြစ်နေပြီ ''

ဟု အားရကျေနပ်ဟန်ဖြင့် ဝင်ရောက်ပြောဆိုလေ၏။

ကိုရွှေဝန်သည် ဦးဖိုးလှိုင်လက်သို့ ထိန်ပင်အင်းကြီးကို ငွေခြောက်ထောင်နှင့် ထိုးအပ်လိုက်သော်လည်း ယခုနှစ်တွင် အဘယ်ကြောင့် စိတ်မိုက်ကန်းကန်း လုပ်ရသနည်းဟု သိချင်နေမိ၏။

ထို့ကြောင့် သူ၏တပည့်များဘက်သို့လှည့်၍

'' ငါ နယ်ပိုင်မင်းနဲ့ တွေ့ချင်သေးတယ်၊ ငါ့ရထားလုံးကိုယူပြီး ပြန်နှင့်ကြ ''

ဟု အမိန့်ပေးလိုက်ရာ သူ၏တပည့်များက ကျိုးနွံသော အမူအရာဖြင့် ရထားလုံးပေါ်သို့တက်ကာ နယ်ပိုင်မင်းရုံးအတွင်းမှ ထွက်ခွာသွားလေ၏။

ကိုရွှေဝန်သည် သူ၏တပည့်များ ထွက်ခွာသွားသောအခါ နယ်ပိုင်ရုံးဝန်းအတွင်းရှိ စိန်ပန်းပင်ကြီးအောက်တွင် တစ်ကိုယ်တည်း ကျန်ရစ်နေခဲ့၏။

သူသည် မြေပေါ်တွင် ကြွေကျနေသော စိန်ပန်းနီနီတစ်ပွင့်ကို ကောက်ယူ၍ နမ်းရှိုက်လိုက်၏။ ထိုအခိုက်မှာပင် နယ်ပိုင်မင်းရုံးအတွင်းသို့ ဗိုလ်ကားတစ်စီးဝင်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် နယ်မြို့လေးတစ်မြို့တွင် မြင်ရခဲသောကားကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိ၏။ ထိုကားငယ်လေးသည် ကိုရွှေဝန် နှင့် မနီးမဝေးတွင် ရပ်တန့်လိုက်၏။

ထိုစဉ် ကားပေါ်မှ ချောမောလှပ၍ နန်းဆန်သောမိန်းမ တစ် ယောက် ထွက်လာ၏။ ကိုရွှေဝန်က မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

သူမသည် မြန်မာမိန်းကလေးဆဲတွင် ထူးထူးခြားခြား အရပ် အမောင်းကောင်းသူဖြစ်ပြီး မျက်လုံးများက ညို့ငင်အားရှိနေသယောင် ထင်မှတ်ရ၏။

သူမသည် ကိုရွှေဝန်၏အနီးသို့ လျှောက်လှမ်းလာပြီး ညို့မြ ပါသော မျက်ဝန်းများဖြင့်

“ ဒီနေ့ လေလံပွဲမှာ ရှင်ရှုံးသွားပြီမဟုတ်လား ”

ဟု မေးမြန်းလိုက်လေ၏။ ကိုရွှေဝန်သည် ထိုမိန်းမကို မျက်မှောင် ကြုတ်၍ ကြည့်လိုက်ပြီး

“ လေလံပွဲမှာ ဦးဖိုးလှိုင်လို အသုံးမကျတဲ့ အဖိုးကြီးတစ်ယော ဟာ ကျုပ်ကို အနိုင်ယူဖို့ကြိုးစားကတည်းက ထူးထူးခြားခြား တစ်ခု ကြုံတွေ့ရတော့မယ်ဆိုတာ ကျုပ်ခန့်မှန်းပြီးသားပါ၊ ဒါကြောင့် ကျုပ် တပည့်တွေကို ပြန်ခိုင်းပြီး နယ်ပိုင်မင်းရုံးထဲမှာ စောင့်နေတာပါပဲ၊ ခင်ဗျာ ဘယ်သူလဲ၊ ကျုပ်ကို ဘာကြောင့် လေလံပွဲမှာ ရှုံးနိမ့်စေချင်ရတာလဲ”

ဟု မေးမြန်းလေရာ ချောမောလှပသော မိန်းမသည် ကိုရွှေဝန် ကြည့်၍ ပြုံးပြလိုက်ပြီး

“ ရှင်ဟာ ဒါကြောင့်လည်း နာမည်ကျော်နေတာကိုး၊ လေလံ





မှာ ရှင့်ကို ကျွန်မတို့ ရှုံးနိမ့်စေချင်တယ်ဆိုတာ ရှင်သိနေတယ် ဟုတ် လား ”

ဟု အံ့ဩဟန်ဖြင့် မေးမြန်းလိုက်လေ၏။ ကိုရွှေဝန်က သက်ပြင်း ချ၍

“ ဦးဖိုးလှိုင်ဆိုတဲ့ အဘိုးကြီးဟာ ဒီလောက်သတ္တိမရှိဘူး၊ အိန်ပင်လိုအင်းမျိုးကို ဘယ်တော့မှ ခြောက်ထောင်ပေးပြီး လေလံမဝယ် ဘူးဆိုတာ ကျုပ်သိတယ်၊ ဦးဖိုးလှိုင် ဒီလောက်မိုက်ရူးရဲလုပ်နေကတည်း က ကျောထောက်နောက်ခံ ကောင်းကောင်းရှိမယ်လို့ ကျုပ်ထင်တယ်၊ အခု ကျုပ်ထင်တာ မမှားပါဘူး ”

ဟု ရေရွတ်လေ၏။

ထိုအခါ မိန်းမလှသည် ရွှေရောင် စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို မီးညှိ၍ဖွာရှိုက်လိုက်ပြီး

“ ကျွန်မ ရှင်နဲ့ အေးအေးဆေးဆေး ဆွေးနွေးချင်လို့ ဒီနေရာကို ရောက်လာရတာပဲ ”

ဟု ပြောလေရာ ရွှေဝန်က မိန်းမလှကို ကြည့်၍

“ ကျုပ်ဟာ တံငါသည်တစ်ယောက်ပဲ၊ ခင်ဗျားနဲ့ ကျုပ်ကြားမှာ ဘာဆွေးနွေးစရာရှိလို့လဲ ”

ဟု မေးလေ၏။ ထိုအခါ မိန်းမလှက ကိုရွှေဝန်၏မျက်နှာကို စေ့စေ့ပါပါကြည့်၍

“ ကျွန်မဟာ ရှင်ဘယ်သူလဲဆိုတာ သိနေတယ်၊ ရှင့်အတိတ်မှာ ဘာတွေလုပ်ခဲ့သလဲဆိုတာ အစအဆုံးပြောပြနိုင်တယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကိုရွှေဝန်သည် မျက်နှာကွက်ကနဲပျက်သွား ပြီး

" တစ်ချိန်ချိန်မှာ ဒီလိုကြုံရမယ်ဆိုတာ ကျုပ်သိပြီးသားပါ နေပါဦး... ခင်ဗျား ကျုပ်ဆီက ဘာလိုချင်လို့လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမလှက ကိုရွှေဝန်၏မျက်နှာကို ကြည့်၍

" ကျွန်မ ရှင့်ဆီက အကူအညီတစ်ခုတောင်းချင်တယ်၊ အဲဒီ အကူအညီအတွက် ရှင်စဉ်းစားပေးရမယ်၊ ဒီအတွက် ရှင့်ကို ထိုက်သင့်တဲ့ အခကြေးငွေကိုလည်း ပေးမှာပါ "

ဟု ပြောလေရာ ကိုရွှေဝန်က မိန်းမလှကို မကြည့်ဘဲ အဝေးဆီ သို့ ငေးကြည့်လိုက်ပြီး အတန်ကြာအောင် ငြိမ်သက်နေပြီးမှ

" ကျုပ်... အေးအေးချမ်းချမ်းပဲ နေချင်တယ်၊ အင်းတွေကို လေ့လာပြီးတော့ တံငါသည်တစ်ယောက်လိုနေရတာ ကျုပ်ပျော်တယ် ကျုပ်အတွက် ဒီဘဝဟာ အအေးချမ်းဆုံးပဲ "

ဟု ပြောလေ၏။ ထိုအခါ မိန်းမလှက ကိုရွှေဝန်၏အရှေ့သို့ လျှောက်လှမ်းလာပြီး

" ရှင့်ကို ကျွန်မ အကူအညီတောင်းနေတာပါ၊ ဒါပေမဲ့ အဲဒီ အကူအညီအတွက် ရှင့်မှာရွေးချယ်ပိုင်ခွင့်မရှိဘူး၊ အတိတ်က ဇာတ် ကြောင်းတွေကို ကျွန်မသိနေတဲ့အတွက် ရှင် ကျွန်မတောင်းတာကို မငြင်းဆန်ဘဲ လုပ်ပေးရမှာပဲ၊ ဒါပေမဲ့ ရှင့်ကို ကျွန်မ အတင်းအဓမ္မ အနိုင် မယူချင်ပါဘူး၊ ရှင်နဲ့ကျွန်မကြားမှာ ရန်လိုမုန်းထားမှုတွေ မရှိစေချင်ဘူး





ဆိုတာ ရှားရှားပါးပါး ကျွန်မ လေးစားလောက်တဲ့ လူတစ်ယောက်ပါ၊ ကို အကျပ်ကိုင်လို့မရဘူးဆိုတာလည်း ကျွန်မသိတယ်၊ ရှင်မလုပ်ချင် တဲ့ အလုပ်တစ်ခုကို လုပ်ခိုင်းဖို့အတွက် ကျားမြီးကို ပြေးဆွဲလိုက်ရတာမှ တော့ဦးမယ် "

ဟုဆိုလေရာ ကိုရွှေဝန်က မိန်းမလှကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

" ဒါဆိုရင်လည်း ကျားမြီးကိုပဲ သွားဆွဲလိုက်ပါလား၊ ကျုပ် ဘာလို့ အကူအညီလာတောင်းနေသေးလဲ၊ ကျုပ်အရင်လို မဟုတ် ဘူး၊ လူတကာ လာတောင်းတဲ့အကူအညီကိုလည်း ကျုပ်မပေးချင် ဘူး "

ဟုပြောလေ၏။ ထိုအခါ မိန်းမလှက

" ရှင်အရင်လို မဟုတ်တော့ဘူးဆိုတာလည်း ကျွန်မသိပါ တယ် ရှင့်မှာ ပြောင်းလဲလို့မရတဲ့အရာဆိုလို့ တစ်ခုပဲကျန်တော့တယ်၊ အဲဒါကတော့ စွန့်စားခြင်းပဲ "

ဟုပြောလေရာ ကိုရွှေဝန်က မိန်းမလှကို အံ့ဩဟန်ဖြင့်ကြည့်၍

မိန်းမလှက သက်ပြင်းချ၍

" ရှင် ကျွန်မအလုပ်ကို လုပ်ပေးမယ်ဆိုရင် စွန့်စားခန်းတွေ များကြီးကြုံရမယ်၊ စွန့်စားခြင်းကို မက်မောတဲ့ ယောကျ်ားတစ် ယောက်အနေနဲ့ အထူးအခွင့်အရေးပါပဲ၊ ဒီအခွင့်အရေးကို ရှင်လက်လွှတ် မယ်လို့ မထင်ဘူး "

www.burmeseclassic.com



ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က တဟားဟားရယ်မော၍

" ကျုပ်ဘဝ တစ်လျှောက်လုံး စွန့်စားခန်းတွေပဲ ဖွင့်ခဲ့ရတယ် ဒါကြောင့် စွန့်စားခန်းဆိုတာ ကျုပ်အတွက် မထူးဆန်းတော့ဘူး။ ခင်ဗျား ကျုပ်ကို စွန့်စားခန်းဆိုတဲ့အရာနဲ့ ဆွဲဆောင်လို့ မရနိုင်တော့ဘူး "

ဟုပြောလေ၏။

မိန်းမလှက တဟားဟားရယ်မော၍

" ကိုရွှေဝန် ကိုရွှေဝန်၊ ရှင်ဟာ အတော့်ကို ပြောင်းလဲသွား တာပဲနော်၊ ဒါဆိုရင်တော့ ကျွန်မတို့ နောက်ဆုံးလက်နက်ကို ထုတ် ရတော့မှာပေါ့ "

ဟုပြောကာ သူမ၏အိတ်ထဲမှ ငွေရောင် တလက်လ တောက်ပနေသော ချိန်ခွင်လေးတစ်လက်ကို ထုတ်ပြလိုက်ပြီး

" ဟောဒီ ချိန်ခွင်လေးကို မြင်ရင်တော့ ကျွန်မပြောတာ ရှင် ငြင်းမယ်မထင်ပါဘူး "

ဟု ပိုင်နိုင်သော အမူအရာဖြင့် ပြောလိုက်လေ၏။

ကိုရွှေဝန်သည် ချိန်ခွင်လေးကို မယုံနိုင်ဟန်ဖြင့် ကြည့်ရှုနေပြီး

" အဲဒီ ချိန်ခွင်လေးနဲ့ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်သ ချိန်ခွင်လေးရဲ့ပိုင်ရှင်က ခင်ဗျားကို ကျုပ်ဆီလွှတ်လိုက်တာပေါ့ ဟုတ် ဒါဆိုရင်တော့ ခင်ဗျားခိုင်းတဲ့အလုပ်ကို ကျုပ် ငြင်းဆန်ဖို့မဖြစ်နိုင် ဘူး "

ဟုပြောလေရာ မိန်းမလှက တဟားဟားရယ်မော၍



" ချိန်ခွင်လေးရဲ့ပိုင်ရှင်နဲ့ ကျွန်မနဲ့ သိပ်ပြီး ရင်းနှီးခဲ့တာပေါ့ မန္တလေးမှာပြည်မှာ သူဟာ ကျွန်မ အလေးစားရဆုံး ယောက်ျား တစ် ယောက်ပဲ၊ ကျွန်မဘဝမှာ အခက်အခဲတွေကြုံတိုင်း သူ့ဆီပဲ သွားခဲ့တယ်၊ သူကပြောတယ်၊ ကျွန်မ ခိုင်းတဲ့အလုပ်နဲ့ အသင့်တော်ဆုံး လူဟာ ကမ္ဘာ ပေါ်မှာ ကိုရွှေဝန်ကလွဲလို့ ဘယ်သူမှမရှိဘူးတဲ့ "

ဟုပြောလေရာ ကိုရွှေဝန်က သက်ပြင်းချပြီး

" ကျုပ် မလုပ်ချင်တဲ့အလုပ်ကို လောကကြီးမှာ အတင်း အကျုပ် ဘယ်သူမှ တိုက်တွန်းလို့မရဘူး၊ ချိန်ခွင်လေးရဲ့ပိုင်ရှင်ပါလာပြီ ဆိုရင်တော့ ကျုပ် ငြင်းဆန်လို့မရတော့ဘူး၊ ကျုပ် ခင်ဗျားခိုင်းတဲ့အလုပ် ကို လုပ်ပေးမယ်၊ ခင်ဗျားရဲ့အလုပ်ဟာ အများအတွက်ဖြစ်လိမ့်မယ်၊ တရားမျှတမှုရှိလိမ့်မယ်၊ စွန့်စားခန်းတွေ အများကြီးပါလိမ့်မယ်ဆိုတာ ကျုပ်ယုံတယ်၊ အဲဒါဟာ ချိန်ခွင်လေးရဲ့ ပိုင်ရှင်ကြောင့်ပဲ "

ဟုပြောလေ၏။

ကိုရွှေဝန်၏စကားကြောင့် မိန်းမလှသည် စိတ်အားတက်ကြွ သွားပြီး မျက်နှာဝင်းပကာ

" ရှင့်ရဲ့စကားကို ကြားရတာ ဝမ်းသာလိုက်တာရှင်၊ ကျွန်မတို့ နှစ်ယောက် အေးအေးဆေးဆေး ဆွေးနွေးလို့ရအောင် လာမဲ့လပြည့် နေ့မှာ ရန်ကုန်မြို့၊ ကန်တော်ကြီးစောင်းက ကျွန်မရဲ့အိမ်ကြီးကို အရောက်လာခဲ့ပါ၊ ကျွန်မ စောင့်နေပါ့မယ် "

ဟုပြောလေ၏။

ကိုရွှေဝန်သည် ရဲရဲနီနေသော စိန်ပန်းပင်ကြီးကို ခေါင်းမော့



www.burmeseclassic.com

ကြည့်၍

" လပြည့်နေ့မှာ ခင်ဗျားနဲ့ အရောက်လာတွေ့ပါ့မယ်၊ ခင်ဗျား နာမည် ဘယ်လိုခေါ်သလဲ "

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ မိန်းမလှက ကိုရွှေဝန်ကို တောက်ပသော မျက်လုံးများ ဖြင့်ကြည့်၍

" ကျွန်မ နာမည် မြနန်းနွယ်လို့ခေါ်တယ်၊ ရှင်နဲ့ကျွန်မ မိတ်ဆွေရင်းများတွေဖြစ်မှာ သေချာပါတယ် "

ဟုပြောဆိုပြီး သူမ၏ကား ရပ်ထားရာနေရာသို့ ကျောခိုင်း၍ ထွက်ခွာသွားလေ၏။

ကိုရွှေဝန်သည် လှပတောင့်တင်းသော သူမ၏ခန္ဓာကိုယ် အနောက်ပိုင်းကို ငေးမောကြည့်ရှု၍ ကျန်ခဲ့လေတော့၏။

ပန်းဆိုး ကွန်ပျူတာ

အမှတ်(၇) [illegible] ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေ





ကိုရွှေဝန်သည် ရက်ပိုင်းအတွင်း သူ၏ပိုင်ဆိုင်သောပစ္စည်းများကို ရောက်ချ၍ လှူဒါန်းလိုက်လေ၏။

သူ၏နှစ်ထပ် ပျဉ်ထောင်အိမ်ကြီးကို ရွာဦးကျောင်းမှ ဘုန်းကြီး များအား လှူဒါန်းလိုက်၏။

ငါးဖမ်းသော ကိရိယာတန်ဆာပလာများကို သူ၏တပည့်များ အား ခွဲဝေပေးလိုက်၏။

မိမိပိုင်ငွေကြေးများကိုလည်း ရပ်ရွာကောင်းကျိုးအတွက် ဆရာ တော်ကြီးအား လှူဒါန်းလိုက်၏။

ကိုရွှေဝန်သည် ပစ္စည်းဥစ္စာများကို လှူဒါန်းပြီးနောက် ရက်ပိုင်း အတွင်း အဝတ်တစ်ထည် ကိုယ်တစ်ခုဘဝသို့ ပြောင်းလဲသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်၏ ရက်ရောသောလှူဒါန်းမှုကို ကြည့်၍ ရွာသားများသည် အံ့ဩကြကုန်၏။ တချို့က ကိုရွှေဝန်တစ်ယောက် လူ့ဘုံလောကကို ငြီးငွေ့၍ တောထွက်သွားပြီဟု ယူဆကြ၏။

တချို့ကလည်း ကိုရွှေဝန်သည် ထိန်ပင်အင်းကို မရသဖြင့် အရှက်ရပြီး ဤအရပ်မှ ထွက်ခွာသွားသည်ဟု ယူဆကြ၏။

တချို့ကလည်း ကိုရွှေဝန် ယဉ်ယဉ်လေးနှင့် စိတ်မနှံ့သွားပြီဟု ဆိုချင်၏။ ရွာဦးကျောင်းဆရာတော်ကြီးကပင် ရက်ရက်ရောရောလှူဒါန်းနေသော ကိုရွှေဝန်ကိုကြည့်၍

" ဒါနပြုတဲ့နေရာမှာ မတားဆီးကောင်းပါဘူး။ ဒါပေမဲ့ စဉ်းစဉ်းစားစားတော့ လုပ်စေချင်တယ်၊ စည်းစိမ်ဥစ္စာဆိုတာ အလွယ်တကူရလို့ရတာမဟုတ်ဘူး။ ကံ၊ ဉာဏ်၊ ဝီရိယတွေသုံးပြီး ပင်ပင်ပန်းပန်းရှာဖွေမှ ရတာပဲ ဒကာရဲ့၊ ဒါကြောင့် အလွယ်တကူတော့ မလှူဒါန်းစေချင်ဘူး ဒကာရဲ့ "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ဆရာတော်ဘုရားကြီးကို လက်အုပ်ချီ၍

"တပည့်တော် သေသေချာချာစဉ်းစားပြီးမှ လှူဒါန်းတာပါ ဘုရား။ တပည့်တော် ဒီအရပ်ကို မမျှော်လင့်ဘဲ ရောက်လာခဲ့တယ်၊ နောက်ပြီးတော့ မမျှော်လင့်ဘဲ ထွက်ခွာခဲ့ရတယ်၊ တပည့်တော် ဒီအရပ်က မမျှော်လင့်ဘဲ ထွက်ခွာလာခဲ့ရချိန်မှာ ဒီပစ္စည်းတွေကို ဒီအရပ်မှာပဲ ထားခဲ့ချင်တယ်၊ ဒါကြောင့် ဒီပစ္စည်းတွေကို ဒီအရပ်မှာပဲ ထားခဲ့ချင်တာပါ ဘုရား "





ဟုလျှောက်တင်လေ၏။

ထိုအခါ ရွာဦးကျောင်းဆရာတော်ကြီးသည် သာမန်မျှသာ စိတ်ဝင်စားသူဖြစ်သဖြင့် ကိုရွှေဝန်အား မည်သည့်စကားမျှမဆိုဘဲ ဆိတ်ဆိတ်နေလေ၏။

ကိုရွှေဝန်သည် မိမိပိုင်ပစ္စည်းဥစ္စာများကို ထိုသို့လှူဒါန်းပြီးသောအခါ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ထွက်လာခဲ့လေ၏။

ကိုရွှေဝန်သည် ထိုသို့ထွက်လာပြီးနောက် ရွာထိပ်အရောက်တွင် အရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌ ဒေါ်ပြား၏ အကြော်ဆိုင်လေးကိုတွေ့ရ၏။

ဒေါ်ပြား၏ အကြော်လက်ရာသည် အလွန်ကောင်းမွန်သဖြင့် ကိုရွှေဝန်သည် မကြာခဏ ဝင်ရောက်စားသောက်လေ့ရှိ၏။

ဒေါ်ပြား၏ အကြော်ဆိုင်ပတ်လည်တွင် ခုံဝိုင်းလေးများရှိ၏။ ထိုစားပွဲလေးများတွင်ထိုင်၍ အကြော်စားနေသူများလည်းတွေ့ရ၏။

ကိုရွှေဝန်သည် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်၍ အကြော်များကို မှာယူလိုက်၏။

ဒေါ်ပြားသည် ကိုရွှေဝန်စားသောက်ရန် အကြော်များကို လာချပေးပြီး ကိုရွှေဝန်၏ အံ့မခန်းအလှူအကြောင်းကို ချီးမွမ်းပြောဆိုလေ၏။

ကိုရွှေဝန်သည် အကြော်စားပြီးသောအခါ ဒေါ်ပြား၏ အကြော်ဆိုင်လေးကို ကျောခိုင်း၍ ထွက်ခဲ့၏။

ထိုအခါ စားပွဲတစ်လုံးတွင် ခမောက်ဆောင်း၍ စားသောက်နေသူတစ်ဦးသည် ထိုင်ရာမှထ၍ ကိုရွှေဝန်ကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင် ခဏနေဦး "

ဟု ကိုရွှေဝန်ကို တားဆီးလိုက်၏။

ကိုရွှေဝန်သည် အနောက်သို့ လှည့်မကြည့်ဘဲ

" ဘာကိစ္စလဲ "

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ ခမောက်ဆောင်းထားသူက အဝတ်ဖြင့်ထုပ်ထားသော ရှည်မျောမျောအရာတစ်ခုကို လက်ထဲတွင် ကိုင်ထားပြီး

" မင်းနဲ့ငါ ရှင်းစရာအကြွေး မပြတ်သေးဘူး ရွှေဝန်၊ မင်းကြောင့် ငါ့ရဲ့ဂုဏ်သိက္ခာ ပျက်စီးခဲ့ရတယ်၊ မင်းရဲ့တိုက်ခိုက်မှုကြောင့် ဒီအရပ်မှာ ငါ့ကို လူမိုက်လို့ ဘယ်သူမှ မသတ်မှတ်ကြတော့ဘူး၊ အဲဒီအကြွေးကို မင်း ပြန်ဆပ်ရမယ် "

ဟုဆိုကာ ခမောက်ဆောင်းထားသူသည် ခမောက်ကိုချွတ်၍ စားပွဲပေါ်သို့ ပစ်တင်လိုက်၏။

ထို့နောက် ရှည်မျောမျောအရာကို ပတ်ထားသောအဝတ်ကို ဖြေလိုက်ရာ ဆောင်ဓားတစ်လက်ဖြစ်ကြောင်းတွေ့ရ၏။ ထိုလူသည် လူမိုက်ဖိုးထိန်ဖြစ်၏။

လွန်ခဲ့သောငါးနှစ်ခန့်က ဖိုးထိန်သည် ကိုရွှေဝန်၏လက်ချက်ဖြင့် ဤအကြော်တဲလေးအတွင်းမှာပင် လဲကျမေ့မြောဖူး၏။

ယခု တိုက်တိုက် ဆိုင်ဆိုင် ကိုရွှေဝန်နှင့်ဆုံတွေ့ရချေပြီ။

ကိုရွှေဝန်က နောက်သို့လှည့်မကြည့်ဘဲ

" ဒီမှာ ဖိုးထိန်၊ မင်းက ငါ့ရဲ့ပြိုင်ဘက်မဟုတ်ဘူး၊ ငါဟာ အမိုက်



တကာ့ အမိုက်ဆုံးဆိုတဲ့ လူတွေရဲ့ထိပ်မှာနေခဲ့တဲ့ကောင်၊ မင်းတို့လို ပမွှားလူမိုက်တွေက ငါ့ကိုဘယ်လိုမှ မယှဉ်နိုင်ခဲ့ဘူး၊ ကိုယ့်စိတ်ကို ကိုယ် လျှော့ပြီး နောက်ကြောင်းကိုပြန်ပါကွာ "

ဟု စေတနာနှင့်တားဆီးလိုက်လေ၏။

သို့သော် ဖိုးထိန်မှာ မိုက်ရူးရဲတစ်ယောက်ဖြစ်သဖြင့် အမှားအမှန် ကို မစဉ်းစားဘဲ ကိုရွှေဝန်ကို

" သေပေတော့ "

ဟုကြုံးဝါးကာ နောက်ကျောကို ဓားဖြင့်ပြေး၍ပိုင်းလေ၏။

ဖိုးထိန်၏ မိုက်ရူးရဲအပြုအမူကြောင့် အကြော်ဆိုင်ရှိလူများသည် အလန့်တကြား အော်ဟစ်ကာ လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။

ကိုရွှေဝန်သည် အလွန်အေးတိအေးစက်နိုင်သောအမူအရာဖြင့် ရှိနေပြီး ဖိုးထိန်အနီးသို့ရောက်လာသောအခါမှပင် ကိုယ်ကိုယိမ်းနွဲ့၍ ခြေထောက်ဖြင့် ပိတ်ကန်လိုက်ရာ ဖိုးထိန်၏မေးစေ့ကို ခြေကန်ချက်ထိ ပြီး နောက်သို့လန်ကျသွားလေ၏။

ဖိုးထိန်သည် မျက်ဝန်းထဲ၌ မီးဝင်းဝင်းတောက်ပြီး မေ့မြောသွား လေ၏။

ကိုရွှေဝန်သည် ထိုအခါမှပင် လဲကျမေ့မြောသွားသော ဖိုးထိန် ကိုကြည့်၍ ခေါင်းကိုခါယမ်းလိုက်ပြီး ခြေလှမ်းကျဲကြီးများဖြင့် ထိုဈေး မှ ကျောခိုင်းထွက်ခွာလာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် ရန်ကုန်မြို့သို့ရောက်သောအခါ ဦးစွာ ရွှေတိဂုံဘုရားကို သွားရောက်ဖူးမျှော်၏။

စေတီရင်ပြင်၌ ဦးခိုက်ပူဇော်လိုက်ပြီးနောက် လွန်ခဲ့သော ငါးနှစ်ခန့်က မကောင်းမှု ဒုစရိုက်များကို ဘုရားထံတွင်လှူခဲ့ကြောင်းကို သတိရမိ၏။

ကိုရွှေဝန်သည် ဘုရားရင်ပြင်၌ထိုင်ပြီး တစ်ကိုယ်တည်း ပြုံးလိုက်ပြီး

" မကောင်းမှုအလုပ်တွေကို စွန့်လွှတ်ထားမယ်ဆိုပြီးတော့ ငါဘုရားမှာလှူခဲ့တယ်၊ အခု ကိုချိန်ခွင်ကြောင့် ဒီအလုပ်တွေနဲ့ ပြန်ပတ်သက်ရတော့မယ်၊ ကိုချိန်ခွင်ဟာ ငါ့ရဲ့သစ္စာအရှိဆုံး မိတ်ဆွေကြီးပါပဲ"





ဟုတွေးကာ သူ၏မိတ်ဆွေကြီး ကိုချိန်ခွင်အကြောင်းကို စဉ်းစားမိလေ၏။

ကိုချိန်ခွင်သည် မြန်မာနိုင်ငံ စုံထောက်အဖွဲ့၌ ဆားပုလင်းမင်းအောင်ဟု ကျော်ကြားသူဖြစ်၏။

သူသည် စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးလိုက်သည့်နှယ် အသိဉာဏ်နှင့်ပြည့်စုံသူဖြစ်၏။

စုံထောက်အဖွဲ့၌ အမှုလိုက်ရာတွင် ကိုချိန်ခွင်လိုက်သည့်အမှု မပေါ်ရိုးထုံးစံမရှိဟု ဆိုရလောက်အောင် ထူးချွန်သူဖြစ်၏။

ကိုချိန်ခွင်အတွက် လိုအပ်သည့်အခါတိုင်း အကူအညီအမျိုးမျိုးတို ပေးခဲ့ဖူး၏။

တစ်ခါက ရန်ကုန်မြို့ ဂရင်းဟိုတယ်တွင် လာရောက်တည်းခိုသော မဟာရာဇာ၏ အလွန်လျှို့ဝှက်သောမှတ်စုစာအုပ်လေးကို ကိုချိန်ခွင်က လိုအပ်သည်ဆို၍ ခိုးယူပေးခဲ့ဖူး၏။

တစ်ခါကလည်း ဗြိတိသျှအရာရှိကြီးတစ်ဦး၏ အရေးကြီးနိုင်တွဲများကို ကိုချိန်ခွင်အတွက် ခိုးယူပေးခဲ့ဖူး၏။ ကိုချိန်ခွင်သည် မိမိကိုမကောင်းမှုဒုစရိုက်သမားတစ်ယောက်အဖြစ် မည်သည့်အခါမျှ မဆက်ဆံချေ။ ကိုချိန်ခွင်က

" ဆရာစားကြီး၊ ခင်ဗျားဟာ ဒုစရိုက်သမားတစ်ယောက်မဟုတ်ဘူး၊ ရဝ်တုန်အသည်းတုန်ရတဲ့ စွန့်စားခန်းတွေကို ဝါသနာပါတဲ့ သူစွန့်စားတစ်ယောက်သာဖြစ်တယ် "

ဟု မှတ်ချက်ချခဲ့ဖူး၏။ ထိုအခါ မိမိက

www.burmeseclassic.com



" သူတစ်ပါးပစ္စည်းကို အချိန်မရွေး လိမ်လည်လှည့်ဖြား ခိုးယူ ဖောက်ထွင်းနေတဲ့လူကို ကိုချိန်ခွင်က ဒုစရိုက်သမားမဟုတ်ဘူးလို့ ဆိုချင်တာလား "

ဟုပြောလေ၏။

ထိုအခါ ကိုချိန်ခွင်က ရယ်မော၍

" ခင်ဗျားလုပ်တဲ့ အလုပ်တွေကို ဒုစရိုက်အလုပ်တွေဆိုပြီးတော့ တံဆိပ်ကပ်လို့ရပါတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ စိတ်ရင်းက ဒုစရိုက်သမားတစ်ယောက်ရဲ့ စိတ်မဟုတ်ဘူး၊ ခင်ဗျားရဲ့စိတ်ဓာတ်အရင်းခံဟာ လူစွန့်စားတစ်ယောက်ရဲ့ စိတ်ဓာတ်ပဲ၊ ခင်ဗျားဟာ သည်းထိတ်ရင်ဖို စွန့်စားခန်းတွေကို ဝါသနာထုံလို့ ဒီလိုအလုပ်မျိုးကို လုပ်နေတာ၊ နောက်ပြီးတော့ ခင်ဗျားရဲ့ ပစ်မှတ်ဟာ ဘယ်တော့မှ ဆင်းရဲသား နင်းပြားတွေရဲ့ဘက်မှာမရှိဘူး၊ ရွာစားကြီး၊ ခင်ဗျားဟာ ချမ်းသာကြွယ်ဝတဲ့ သူဌေးသူကြွယ်ကြီးတွေကိုပဲ စိတ်ဒုက္ခရောက်အောင် လုပ်လေ့ရှိတယ်၊ ဒါကြောင့် ခင်ဗျားဟာ အင်္ဂလန်က ရော်ဘင်ဟုလို လူစားပဲ၊ ရော်ဘင်ဟုလည်း သူဌေးသူကြွယ်ကြီးတွေကို ဒုက္ခပေးပြီး ဆင်းရဲသားပြည်သူတွေဘက်က ရပ်တည်တယ်လေ၊ ခင်ဗျားဟာ မကောင်းမှု ဒုစရိုက်ကရတဲ့ ပိုက်ဆံငွေကို အများအကျိုးရှိတဲ့နေရာတွေမှာ လှူဒါန်းခဲ့တယ်မဟုတ်လား၊ ကျွန်တော်က **မကောင်းမှု ဒုစရိုက်အလုပ်ကို အားပေးအားမြှောက်လုပ်နေတာ** မဟုတ်ဘူးနော်၊ ခင်ဗျားရဲ့ လူ့စွမ်းကောင်းဆန်တဲ့ စိတ်ဓာတ်ကို အသိအမှတ်ပြုချင်လို့ပါ "

ဟုဆိုခဲ့ဖူး၏။





ကိုရွှေဝန်သည် ကိုချိန်ခွင်၏အကြောင်းကို စဉ်းစားရင်း ဗိုလ်နေထိုင်ရာ အမှတ် (၇)၊ အသောကလမ်းနေအိမ်သို့ ထွက်ခဲ့၏။

ကိုချိန်ခွင်၏ နေအိမ်သို့ရောက်သောအခါ အိမ်တံခါး သော့ခတ်ထားပြီး သုံးလခန့် ခရီးထွက်သွားပြီဖြစ်ကြောင်း စာရေးသားထားလေ၏။

စာတွင်ပါသော ရက်စွဲကိုကြည့်၍ ကိုချိန်ခွင်နှင့်တွေ့ဆုံရန် မလွယ်ကူတော့ကြောင်း သိလိုက်ရ၏။ ကိုချိန်ခွင်သည် ယနေ့မှစတင်၍ ခရီးထွက်သွားခြင်းဖြစ်၏။

ကိုရွှေဝန်သည် သူ၏ရောင်းရင်းကြီး ကိုချိန်ခွင်မရှိသောအခါ ဆန်ချားတစ်စီးကို ငှား၍ တရုတ်တန်းဘက်သို့ ခရီးထွက်ခဲ့လေ၏။

တရုတ်တန်းသို့ရောက်သောအခါ အကောင်းဆုံး တရုတ်စားသောက်ဆိုင်ကြီးသို့ ဝင်ရောက်၍ စားသောက်ဖွယ်ရာများကို အလျှံပယ် မှာယူစားသောက်၏။

ကောင်းမွဲဆိုသော အရက်များကို မှာယူသောက်၏။

ကိုရွှေဝန်သည် ယောလုံချည်နှင့် ပင်နီအင်္ကျီကို ဝတ်ဆင်ထားသဖြင့် တောသားတစ်ဦးဟန် ပေါက်နေပြီး တရုတ်တန်းရှိ အကောင်းဆုံး စားသောက်ဆိုင်ကြီးတွင် စားသောက်နိုင်ပုံကိုကြည့်၍ စားပွဲထိုးများသည် အံ့သြဟန်ဖြင့် ဝိုင်းအုံနေလေ၏။

ကိုရွှေဝန်သည် တရုတ်စားသောက်ဆိုင်ကြီး၏ မှန်တွင်မြင်ရသော သူ၏ပုံရိပ်ကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်၍

" ဟားဟားဟား... ငါ့ရဲ့ပုံကလည်း တကယ့်တောသားရိုက်



www.burmeseclassic.com

ပေါက်နေပါလား၊ ယောလုံချည်နဲ့ အကျီပြာပြာနဲ့၊ ဒီလိုပုံမျိုးကို ဆိုင်ကလူတွေ အထူးအဆန်းလို့ သဘောထားမှာ သေချာတယ် ''

ဟုတွေးလိုက်မိလေ၏။

ကိုရွှေဝန်သည် တောအရပ်၌ အင်းသားကြီးလုပ်နေရသဖြင့် ရန်ကုန်မြို့ရှိ တရုတ်စားသောက်ဆိုင်ကြီးနှင့် ဝေးနေရသည်မှာ ကြာပြီဖြစ်၏။

သူသည် တရုတ်အစားစာများကို နှစ်သက်သူဖြစ်သဖြင့် ရူဇကာပုဏ္ဏား လက်သစ်ကဲ့သို့ စားသောက်နေခြင်းဖြစ်၏။

ကိုရွှေဝန်သည် တောသားတစ်ယောက်ကဲ့သို့ ဝတ်စားထားပြီး တရုတ်ဟင်းလျာများကို တစ်ပွဲပြီးတစ်ပွဲ မှာယူစားသောက်နေသဖြင့် ဆိုင်ရှိစားပွဲထိုးများသည် ကိုရွှေဝန်ကို မယုံနိုင်ဟန်ဖြင့်ကြည့်ရှုနေကြ၏။

ကိုရွှေဝန်က စားပွဲထိုးများကိုကြည့်၍

'' ဟား ဟားဟား... ငါ့ရဲ့ပုံက တောဂိုက်ပုံပေါက်နေလို့ ဟင်းဖိုးတွေ မရှင်းနိုင်ဘူးလို့ ထင်လို့လား၊ ငါ့မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေနဲ့ဆိုရင် နင်တို့ဆိုင်မျိုး ဆယ်ဆိုင်လောက် တစ်ပြိုင်နက်ဝယ်လို့ရတယ်ကွ ''

ဟုဆိုကာ ငင်းအိတ်ထဲရှိ ငွေစက္ကူများကိုထုတ်ယူ၍ စားပွဲထိုးများကို တစ်ယောက်တစ်ရွက် ဝေပေးလိုက်လေ၏။

စားပွဲထိုးများသည် မထင်မှတ်ဘဲ ကိုရွှေဝန်ထံမှ ဘောက်ဆူးများ ရရှိသဖြင့် လွန်စွာဝမ်းသာပျော်ရွှင်သွားကြ၏။

ကိုရွှေဝန်ပေးသော ဘောက်ဆူးသည် တခြားလူများပေးသော ဘောက်ဆူးထက် အဆပေါင်းများစွာ သာလွန်နေသည် မဟုတ်ပါလော။



သူသည် စားသောက်ဖွယ်ရာများအတွက် ပိုက်ဆံရှင်းပြီးသောအခါ ဆိုင်ထဲတွင်ချိတ်ထားသော မှန်ကြီးရှေ့သို့သွား၍ သူ၏ ရုပ်ဆင်းသဏ္ဌာန်ကို ကြည့်ရှုလိုက်ပြီး တဟားဟား ရယ်မောကာ

'' ငါ့ရဲ့ ရုပ်ဆင်းသဏ္ဌာန်ကလည်း မင်းတို့အထင်သေးမယ်ဆိုရင်လည်း သေးလောက်ပါတယ်၊ ဝတ်ထားလိုက်တာ တကယ့်တောသားဗျာ၊ အင်းသူကြီးရုပ်ပေါက်နေတာကိုးကွ ''

ဟု ဆိုကာ စားသောက်ဆိုင်မှဆင်း၍ လန်ချားတစ်စီးငှားကာ ရှီးလ်ကုမ္ပဏီသို့ ပို့ဆောင်ခိုင်းလိုက်လေ၏။

ရှီးလ်ကုမ္ပဏီသို့ ရောက်သောအခါ ရှပ်အကျီ၊ သက္ကလပ်ဆောင်းဘီ၊ ကုတ်အကျီနှင့် ရှူးဖိနပ်များကို ဝယ်ယူ၍ အဝတ်လဲခန်းထဲသို့သွားကာ သူ၏ဟောင်းနွမ်းသော အဝတ်အစားများနှင့် လဲလှယ်ဝတ်ဆင်လိုက်လေ၏။

ထို့နောက် ခေတ်ဆန်သော အဝတ်အစားများနှင့် အခန်းထဲမှပြန်လည်ထွက်ခဲ့လေရာ ရှီးလ်ကုမ္ပဏီ၏ အရောင်းစာရေးများက

'' လူကြီးမင်းရဲ့ အဝတ်အစားဟောင်းတွေကို ယူမသွားတော့ဘူးလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကိုရွှေဝန်က လက်ကာပြ၍

'' ဒီအချိန်ကစပြီး တောရုပ်ပေါက်နေတဲ့ အဝတ်အစားတွေကို ငါ မဝတ်တော့ဘူး၊ မင်းတို့ပဲ လိုချင်ရင် ယူထားလိုက်ကြ ''

ဟု ပြောကာ ရှီးလ်ကုမ္ပဏီထဲမှ စတိုင်ကျကျ ထွက်ခဲ့လေတော့၏။

www.burmeseclassic.com



ကိုရွှေဝန်သည် သူ၏လွယ်အိတ်ထဲတွင် ပိုက်ဆံအပြည့်ထည့်ပြီး တရုတ်တန်းရှိ စားသောက်ဆိုင်များသို့ တစ်ဆိုင်ပြီးတစ်ဆိုင် လှည့်လည် စားသောက်လေ၏။

လောင်းကစားဝိုင်းများသို့ဝင်၍ ပျော်ရွှင်စွာ လောင်းကစားလေ၏။ သူသည် ပျော်မှုရွှင်မှုအလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့သော်လည်း ပျော်တော်ဆက် မိန်းကလေးများနှင့်မူ တွေ့ဆုံခြင်းမရှိချေ။

သူ့ဘဝ၌ မိန်းမအမျိုးမျိုးနှင့် တွေ့ဆုံခဲ့ဖူး၏။ မိန်းမများနှင့် ရင်းနှီးကျွမ်းဝင်ရန် ထိတ်လန့်နေပြီ ဖြစ်၏။ သူ၏ဘဝ၌ မိန်းမများနှင့် မည်သည့်အခါမှ အကျိုးမပေးဟုထင်၏။

ကိုရွှေဝန်၏ လွယ်အိတ်ဖောင်းဖောင်းကြီးထဲတွင်ရှိသော ပိုက်ဆံများ ကုန်သည်အထိ ရန်ကုန်မြို့ထဲတွင် လှည့်လည်သောင်းကျန်း၏။

သူသည် လောင်းကစားဝါသနာထုံသော တရုတ်သူဌေးများနှင့် ပေါင်းကာ ရန်ကုန်မြစ်ထဲသို့သွား၍ လေးကောင်ဂျင် ကစား၏။ [illegible] ငြီးငွေ့သည်ဆိုကာ တရုတ်တန်းရှိ အမြင့်ဆုံးတိုက်ခေါင်မိုးများပေါ်သို့ တက်၍ ကစားကြ၏။

ကစားရင်း တရုတ်သူဌေးများနှင့် စကားများရန်ဖြစ်ပြီး လွယ်အိတ်အတွင်းရှိ ပိုက်ဆံများ ကုန်လေသောအခါမှပင် ကစားဝိုင်းမှ ထွက်ခဲ့လေ၏။

သူသည် ရန်ကုန်မြို့သို့ရောက်ပြီး ခုနစ်ရက်ပြည့်မြောက်သော အခါ ပိုက်ဆံများ ကုန်စင်သွားလေ၏။ သူသည် ငွေစက္ကူများကို မွှေနှောင့်ရှာဖွေရာ တစ်ရွက်မှမတွေ့ရဘဲ မူးစေ့လေးတစ်စေ့ကိုသာ တွေ့



ရှိခြင်း

"ဟား ဟား ဟား... ပိုက်ဆံဆိုတာ ရှာရခက်ခဲသလောက် သုံးရတာ လွယ်ကူတယ်ဆိုတာ အမှန်ပါပဲလား။ ဟိုက်... ဒီနေ့ မြနန်းနွယ် နဲ့ ချိန်းထားတဲ့နေ့ပါလား"

ဟု ဆိုကာ လန်ချားတစ်စီးကို ငှားရမ်း၍ ချိန်းဆိုထားရာ ကန်တော်ကြီးစောင်းရှိ အိမ်ကြီးဆီသို့ထွက်ခဲ့၏။

ကန်တော်ကြီးစောင်းသို့ရောက်သောအခါ အိမ်ကြီးတစ်အိမ်ရှေ့တွင် 'မြနန်းနွယ်' ဟူသော ဆိုင်းဘုတ်ကို တွေ့ရလေ၏။ လန်ချားရှေ့သို့ရောက်သည်နှင့် အိမ်ထဲရှိလူများသည် အပြေးအလွှား ထွက်၍ကြို ဆိုလေ၏။

မြနန်းနွယ်ကို အိမ်ကြီး၏ဆင်ဝင်အောက်တွင် အသင့်တွေ့ရပြီး သူမသည် ကိုရွှေဝန်၏ ပြောင်းလဲသွားသော ဝတ်စားဆင်ယင်ပုံကို ကြည့်၍

"ရှင့်ကိုကြည့်ရတာ အင်းထဲမှာတုန်းကတော့ တကယ့် အင်းသား အင်းသူကြီးတစ်ယောက်ပဲ၊ ရန်ကုန်မြို့ပေါ်မှာလည်းတွေ့ရော [illegible]ကုံထံအသိုင်းအဝိုင်းက သူဌေးတစ်ဦးအလား အောက်မေ့ရတယ်"

ဟု ချီးမွမ်းပြောဆိုလေ၏။ ထိုအခါ ကိုရွှေဝန်က တဟားဟား ရယ်မော၍

"ဟား ဟား ဟား... တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုတဲ့ စကားရှိတယ်လေ၊ ရန်ကုန်မြို့ကလူတွေ ကျုပ်ကို အထင်မသေးအောင် ဒီလိုတော့ ဝတ်ဆင်ရဦးမှာပေါ့ဗျ။ ကဲ... ကျုပ်တို့ အလုပ်အကြောင်း

www.burmeseclassic.com



ဆွေးနွေးရအောင် ''

ဟု ပြောလေရာ မြနန်းနွယ်သည် ကိုရွှေဝန်အား အိမ်ကြီး၏ အပေါ်ထပ်ဆီသို့ ခေါ်ဆောင်သွားလေ၏။

အပေါ်ထပ်သို့ရောက်သောအခါ အနောက်ဖက်ရှိ ကြောင်အိမ် လှေကားမှတစ်ဆင့် ထပ်ခိုးပေါ်သို့ တက်ခဲ့လေ၏။ ခေါင်မိုးပေါ်သို့ရောက် သောအခါ သာယာလှပသော ကန်တော်ကြီးရေပြင်ကို မြင်တွေ့ရ လေ၏။

ခေါင်မိုး၏တစ်နေရာတွင် ကနုတ်ဖြင့်ပြုလုပ်ထားသော ကုလား ထိုင်ကြီးပေါ်တွင်ထိုင်နေသည့် လူတစ်ဦးကို မြင်တွေ့ရ၏။

ထိုလူသည် ရှမ်းဘောင်းဘီနှင့် ရှမ်းအကျီကို ဝတ်ဆင်ထား၍ ဆေးတံကြီးတစ်ခုကို ခဲထားလေ၏။ လူကြီး၏အသက်မှာ လေးဆယ် ဝန်းကျင်ခန့်ရှိပြီး နှုတ်ခမ်းမွေးသွဲ့သွဲ့နှင့် ကြည့်၍ကောင်းသော လူတစ်ဦး ဖြစ်၏။

မြနန်းနွယ်သည် ထိုလူကြီးရှိရာသို့ ရွှေဝန်အား ခေါ်သွားပြီး

'' ကျွန်မရဲ့အစ်ကို ကိုရဲခေါင်တဲ့၊ မိုးကုတ်က ကျောက်တွင်း သူဌေးတစ်ယောက်ပေါ့ ''

ဟု မိတ်ဆက်ပေးလေ၏။ ကိုရွှေဝန်က ခေါင်းညိတ်၍

'' မိုးကုတ်က ကျောက်တွင်းသူဌေးတစ်ယောက်နဲ့ မိတ်ဆွေဖွဲ့ ရတာ ကျုပ် ဂုဏ်ယူပါတယ် ''

ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုရဲခေါင်ဆိုသူက ခေါင်းခါယမ်း ၍ ကိုရွှေဝန်အား





'' ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးနှိမ့်ချတတ်တာကိုး၊ ကိုရွှေဝန့်လို လူတစ်ယောက်ဟာ ကျုပ်ထက် အဆပေါင်းများစွာချမ်းသာတဲ့လူတွေနဲ့ တွေ့ဆုံဖူးမှာပါ ''

ဟု ပြောလေ၏။ ကိုရွှေဝန်က ခေါင်းညိတ်၍

'' ပိုက်ဆံအများကြီးချမ်းသာတဲ့လူတွေနဲ့ တွေ့ဆုံဖူးပါတယ်၊ ဒါပေမဲ့ သူတို့ဟာ ကိုယ်ကျိုးစီးပွားအတွက်ပဲ အာရုံထားကြတာများ တယ်၊ သူတို့ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ဆင်းရဲသားပြည်သူတွေအတွက် ဝေမျှပြီးပေးရင် ဘယ်လောက်များကောင်းလိုက်မလဲ ''

ဟု ပြောလေ၏။ ထိုအခါ ကျောက်တွင်းသူဌေး ကိုရဲခေါင်ဆိုသူက အက်ပြင်းချ၍

'' ကျုပ်တို့ဟာ ကိုရွှေဝန်မြင်ဖူးတဲ့ သူဌေးအများစုလို တစ်ကိုယ် တည်း ဝါဒသမားတွေ မဟုတ်ပါဘူး၊ ကျုပ်တို့ပြည်နယ်မှာ အများပြည်သူ တွေရဲ့အကျိုးကို အများကြီး သယ်ပိုးခဲ့ဖူးပါတယ်၊ ကျုပ်တို့ မောင်နှမ လှူဒါန်းခဲ့တဲ့ ကျောင်းတွေ၊ တံတားတွေ၊ ဇရပ်တွေ မိုးကုတ်ဝန်းကျင်မှာ အများကြီးရှိပါတယ် ''

ဟု ပြောလေရာ ကိုရွှေဝန်က သဘောကျဟန်ဖြင့်

'' ဒီလိုသူဌေးမျိုးကို ကျုပ် ချီးကျူးပါတယ်၊ ခင်ဗျားတို့မောင်နှမ အချင်းကိုခေါ်ပြီး အကူအညီတောင်းတဲ့ကိစ္စကို ပြောပါဦး၊ ကျုပ်တစ်ယောက် တည်း အင်းထဲမှာ အေးအေးချမ်းချမ်းနေမယ်လို့ ဆုံးဖြတ်ထားတာဗျ။ ညီမလေးနှင်က ဒီကိစ္စမှာ ပါလာပြီဆိုတော့ မရတော့ဘူး ''

ဟု ပြောလေ၏။ ထိုအခါ ကိုရဲခေါင်က သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" အတိတ်ကအကြောင်းတွေကိုပြောရရင်းတော့ အရှည်ကြီးပဲ ဒါပေမဲ့ ဇာတ်ရည်လည်အောင်တော့ အစအဆုံးပြောရမှာပဲ၊ ကျုပ်တို့ မျိုးရိုးက မြန်မာဘုရင်တွေလက်ထက်ကတည်းက မိုးကုတ်မှာ ကျောက်တူးခဲ့တယ်၊ ကျောက်လုပ်ငန်းကို လုပ်ကိုင်ခဲ့တာရယ်၊ ကံကြမ္မာက မျက်နှာသာပေးမှုရယ်ကြောင့် ကျောက်အောင်ပြီး ချမ်းသာကြွယ်ဝတဲ့ မိသားစုဖြစ်ခဲ့တယ်၊ တူးဖော်လို့ရတဲ့ကျောက်တွေထဲက တစ်ချို့ကိုခွဲပြီး မြန်မာဘုရင်ကို အခွန်ဘဏ္ဍာအဖြစ် ဆက်သရတယ်၊ မိုးကုတ်ရဲ့ ကျောက်တွေကို အခွန်ဆက်သတဲ့အလုပ်ကို စိုးသူကြီးလို့ခေါ်တဲ့ ပုဂ္ဂိုလ်က လုပ်ရတယ်၊ ဘုရင့်နန်းတော်ကို တစ်နှစ်ကိုသုံးကြိမ်သွားပြီး ကျောက်တွေကို ဆက်သရတယ်၊ သီပေါမင်းလက်ထက်မှာ မင်းညီမင်းသားတွေ လုပ်ကြံခံရတဲ့ကိစ္စ ဖြစ်ပြီးတဲ့နောက် တိုင်းပြည်မငြိမ်မသက်ဖြစ်ပြီးတော့ လူဆိုးဓါးပြတွေ သောင်းကျန်းလာခဲ့တယ်၊ မြန်မာဘုရင်ဟာ မိုးကုတ်ကို အုပ်ချုပ်မှုနယ်မြေထဲသွတ်သွင်းလိုက်ပေမဲ့ မိုးကုတ်ကိုသွားတဲ့အခါ ရှမ်းစော်ဘွားပိုင် နယ်မြေတွေကို ဖြတ်သန်းသွားရတယ်၊ ဒီအခါမှာ လူဆိုး ဓါးပြတွေရဲ့ ရန်နဲ့ မကြာခဏ ကြုံတွေ့ရတယ်၊ မိုးကုတ်ကိုလာတဲ့ ကျောက်ကုန်သည်တွေဟာ လူဆိုးဓါးပြကြီးတွေကို ဆက်ကြေးပေးပြီး သွားလာရတယ်၊ အဲဒီတုန်းက နာမည်ကြီးတဲ့ ဓါးပြကြီးတွေကတော့ သပိတ်ကျင်းမှာဆိုရင် မောင်ညြ ဝါးဖြူတောင်ဘက်မှာဆိုရင် ဟိန်းခန်း ရွှေညောင်ပင်နယ်ဘက်မှာဆိုရင် ပေါ်ခွေးဆိုတဲ့ ဓါးပြတွေ နာမည်သတင်း ကြီးခဲ့တယ်၊ ဒီဓါးပြကြီးတွေ ဘယ်လောက်ထိ တောင်တန်းသားတွေ အပေါ် ဩဇာကြီးခဲ့သလဲဆိုရင် အင်္ဂလိပ်စစ်တပ်တွေ မြန်မာနိုင်ငံကို





သိမ်းပိုက်ပြီး နောက်ပိုင်းမှာ ဓါးပြခေါင်းဆောင် မောင်ညြနဲ့ ပေါ်ခွေးကို အင်္ဂလိပ်စစ်တပ်မှာ ပုလိပ်အရာရှိကြီးတွေအဖြစ် ခန့်အပ်ခဲ့တယ်၊ ဒီလို ခန့်အပ်ခဲ့တဲ့အကြောင်းဟာ မိုးကုတ်နဲ့သပိတ်ကျင်းလမ်းကို လူဆိုး ဓါးပြ တွေရဲ့ ရန်က ကာကွယ်ပေးဖို့ပဲ၊ ၁၈၇၈ နန်းတွင်း အရေးတော်ပုံကြီး ဖြစ်ပေါ်တဲ့အချိန်မှာ ကျုပ် မွေးတောင်မမွေးသေးဘူး၊ အဲဒီတုန်းက ကျုပ်ရဲ့အဖေဟာ အလွန်အင်မတန်ရှားပါးပြီး အဖိုးတန်တဲ့ ပတ္တမြားကြီး တစ်ပွင့်ကို ရရှိခဲ့တယ်၊ ဒါပေမဲ့ တိုင်းရေးပြည်ရေးက မတည်ငြိမ်တဲ့အတွက် ပတ္တမြားကြီးကို နေပြည်တော်ကို ဆက်သဖို့ အခက်အခဲရှိခဲ့တယ်၊ စိုးသူကြီးအဖြစ် တာဝန်ယူရတဲ့လူကလည်း ယုံကြည်စိတ်ချရမှုမရှိဘူး၊ ကျုပ်ရဲ့ဖခင်ဟာ နေပြည်တော်ကို ကိုယ်တိုင်သွားပြီးဆက်သဖို့ ကြိုးစား ခဲ့တယ်၊ မြန်မာဘုရင်ဟာ အရည်အသွေးအကောင်းဆုံး ပတ္တမြားကို ဆက်သနိုင်တဲ့လူကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်လေ့ရှိတယ်၊ ကျုပ်ဖခင် ဟာ နေပြည်တော်ကို ပတ္တမြားဆက်ဖို့ ထွက်ခဲ့တယ်၊ ကံဆိုးရှာတဲ့ ဖခင်ကြီးဟာ လူဆိုး ဓါးပြတွေရဲ့ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရတယ်၊ ဖခင်ကြီးရဲ့ အဖိုးတန်ပတ္တမြားလည်း ပျောက်ချင်းမလှ ပျောက်ခဲ့ရတယ်၊ ကျုပ်ဖခင်နဲ့ အဖော်လိုက်သွားတဲ့ လူတွေရဲ့အဆိုအရ ဓါးပြတိုက်သွားတဲ့ လူဟာ တောင်တန်းဓါးပြ ဆင်ပေါက်ဆိုတဲ့လူပဲ၊ အလွန်ကြမ်းကြုတ် ရက်စက်ပြီး အင်္ဂလိပ်အစိုးရ ဆုငွေထုတ်ထားတဲ့ ဓါးပြကြီးဖြစ်တယ်၊ ဆင်ပေါက်ဟာ မမျှော်လင့်ဘဲ ရရှိတဲ့ ပတ္တမြားကြီးကို အလွန်အဖိုးတန် မှန်း သိတဲ့အတွက် သူ့လက်ထဲမှာ နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့ တယ်၊ ဆင်ပေါက်ရဲ့ ညာလက်ရုံး ဩဘာဆိုတဲ့လူက ဆင်ပေါက်ကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြပြီး ပတ္တမြားကြီးကို ရယူခဲ့တယ်၊ ဒီအကြောင်းတွေကို ကျုပ်တို့ မောင်နှမတွေ သိရှိနေခဲ့တာဟာ ကျုပ်တို့နဲ့ ဆွေမျိုးနီးစပ်တော်တဲ့ တင်ဖေဆိုတဲ့လူဟာ ဆင်ပေါက်ရဲ့ ဓားပြအဖွဲ့ထဲမှာရောက်နေလို့ပါ၊ ဩဘာရဲ့လက်ထက်မှာ ကုလားစစ်ပုလိပ်တွေရဲ့ တိုက်ခိုက်မှုကြောင့် ဓားပြအဖွဲ့ ပြိုကွဲသွားတယ်၊ ဩဘာလည်း နောင်တတရားတွေရပြီး မုံရွာဘက်မှာ တရားဘာဝနာပွားများနေခဲ့တယ်၊ ဓားပြအဖွဲ့ထဲမှာ ရောက်နေတဲ့ ကျုပ်တို့ရဲ့လူတင်ဖေက ဩဘာရဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုဖို့ အတွက် ဩဘာနဲ့အတူလိုက်နေခဲ့တယ်၊ ဩဘာဟာ တောအရပ်ကို မှီပြီး တရားဓမ္မကိုကျင့်ပြီး သူတော်စင်တစ်ယောက်လို နေထိုင်ခဲ့တယ်၊ တစ်နေ့မှာ မြို့ပိုင်ကတော်တစ်ယောက်ဟာ ဩဘာရဲ့ ကျောင်းသင်္ခမ်း အနားမှာ ကားပျက်သွားတယ်၊ ဒီလိုနဲ့ မြို့ပိုင်ကတော်ဟာ ဩဘာကို ကြည်ညိုသဒ္ဓါပေါက်တယ်လို့ အကြောင်းပြပြီး ကျောင်းသင်္ခမ်းဆီကို မကြာခဏလာရောက်တယ်၊ လိုအပ်တာလေးတွေကိုလည်း လှူဒါန်း လေ့ရှိတယ်၊ နောက်ဆုံးမှာ ဩဘာနဲ့မြို့ပိုင်ကတော်ဟာ ငြိစွန်း သွားခဲ့ တယ်၊ ကိုတင်ဖေဟာ ဩဘာကို အထင်ကြီးလေးစားတဲ့စိတ်နဲ့ ဝတ်ကြီး ဝတ်ငယ် ပြုစုနေခဲ့တာပဲ၊ ဩဘာနဲ့မြို့ပိုင်ကတော် ငြိစွန်းတဲ့အခါ စိတ် ပျက်ပြီး ကိုတင်ဖေ စွန့်ခွာသွားဖို့ပြင်ခဲ့တယ် ''

'' တစ်နေ့တော့ ဩဘာဟာ သူအနှစ်နှစ်အလလက သိမ်း ဆည်းထားခဲ့တဲ့ ပတ္တမြားကို မြို့ပိုင်ကတော်ကို ထုတ်ပြခဲ့တယ်၊ မြို့ပိုင် ကတော်က ကျောက်အကြောင်းကို အတော်အသင့် နားလည်တဲ့ အတွက် ပတ္တမြားကြီးဟာ အဖိုးထိုက်တန်ကြောင်း သိခဲ့တယ်၊ ဒါကြောင့်





ဩဘာဆီက ပတ္တမြားကြီးကို တိတ်တဆိတ်ယူပြီး ထွက်ခွာသွားခဲ့တယ်၊ ဩဘာလည်း မြို့ပိုင်ကတော်အတွက် အရှုံးမီးဖိုင်းဖြစ်ပြီး စိတ္တဇဖြစ်ရာက နောက်ဆုံးမှာ သေဆုံးသွားခဲ့ရတယ် ''

ကျုပ်တို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ကိုတင်ဖေဟာ သေတဲ့ အချိန်ထိ ဩဘာကို ပြုစုစောင့်ရှောက်ခဲ့ရတယ်၊ ဩဘာသေတဲ့အခါကျ မှ ဒီအကြောင်းမှတွေကို ကျုပ်တို့သိခဲ့ရတယ်၊ ကျုပ်တို့ မောင်နှမဟာ ဖခင်ကြီးကိုယ်တိုင် ဘုရင်အတွက်ရည်စူးပြီး နေပြည်တော်ကို ဆက်သမဲ့ ပတ္တမြားကြီးဖြစ်တဲ့အတွက် ဒီပတ္တမြားကြီးကို အမွေအဖြစ် ပြန်လည် သိမ်းဆည်းလိုကြတယ်၊ ဒါကြောင့် မြို့ပိုင်ကတော်နဲ့ဆက်သွယ်ပြီး ပတ္တမြားကို ဝယ်ယူဖို့ ကြိုးစားခဲ့တယ်

'' ကျုပ်တို့ဟာ ပတ္တမြားကြီးကို ငွေတစ်သိန်းတိတိနဲ့ တန်ဖိုး ဖြတ်ပြီး ဝယ်ယူဖို့ စရန်ငွေပေးခဲ့တယ်၊ ကျန်တဲ့ငွေကို မြို့ပိုင်ကတော်ကို ပေးဖို့ မိုးကုတ်မြို့ကိုသွားပြီး ယူဆောင်နေတုန်းမှာပဲ မြို့ပိုင်ကတော်ဟာ ကတိမတည်ဘဲ ပတ္တမြားကြီးကို မျက်နှာဖြူလူမျိုးတစ်ယောက်ကို ငွေ ငါးသိန်းနဲ့ ရောင်းချလိုက်တယ်၊ နောက်ပြီးတော့ ကျုပ်တို့မောင်နှမဆီက ယူထားတဲ့ စရန်ငွေကိုလည်း ပြန်ပေးခဲ့တယ်၊ ဖခင်ရဲ့အမွေဖြစ်တဲ့ ပတ္တမြားကြီး ပြန်ရလုဆဲဆဲမှာ မျက်နှာဖြူရတနာကုန်သည်ရဲ့ လက်ထဲပါ သွားတဲ့အတွက် မချိတင်ကဲ ဖြစ်ခဲ့ရတယ် ''

'' တကယ်တော့ ဒီပတ္တမြားကြီးဟာ မြန်မာဘုရင်လက်ထဲ ဆက်သခဲ့ရင် နန်းစဉ်ပတ္တမြားကြီးဖြစ်ရမဲ့ တော်ဝင်ရတနာပစ္စည်းပါပဲ၊ အခု တော့ တိုင်းတစ်ပါးရတနာကုန်သည်ရဲ့ လက်ထဲကို ရောက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



အလွန်နှမြောဖို့ကောင်းပါတယ်၊ ကျုပ်တို့မောင်နှမဟာ ဖခင်ရဲ့အမွေ ပစ္စည်းလည်းဖြစ်၊ နန်းစဉ်ရတနာလည်းဖြစ်တဲ့ ဒီပတ္တမြားကြီးကို မျက်နှာ ဖြူလက်ထဲက ငွေဆယ်သိန်းပေးပြီး ဝယ်ယူဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မျက်နှာဖြူရတနာကုန်သည်ဟာ ပတ္တမြားကြီးရဲ့ တန်ဖိုးကို နားလည်တဲ့ အတွက် ငွေဆယ်သိန်းပေးတာတောင် ပြန်မရောင်းခဲ့ဘူး ''

ဟုပြောလေ၏။

ကိုရွှေဝန်က ခေါင်းညိတ်၍

'' ဒီလောက်ဆိုရင် ကျုပ်နားလည်ပြီ၊ ခင်ဗျားတို့မောင်နှမ ကျုပ်ဆီမှာ အကူအညီတောင်းမဲ့ကိစ္စက ပတ္တမြားကြီးကို မျက်နှာဖြူ ရတနာ ကုန်သည်ရဲ့လက်ထဲက ပြန်ယူပေးဖို့မဟုတ်လား ''

ဟုပြောလေ၏။

မြနန်းနွယ်က ကိုရွှေဝန်၏မျက်နှာကို ကြည့်၍

'' ရှင်ဟာ အတော်လိမ္မာပါးနပ်တဲ့လူပဲ၊ ဒီလောက်ပြောတာနဲ့ ကျွန်မတို့ ဘာလိုချင်တယ်ဆိုတာ ရှင်သိနေတယ် ''

ဟုချီးမွမ်းပြောဆိုလေ၏။ ထိုအခါ ကိုရွှေဝန်က ရယ်မော၍

'' ဒါမခက်ပါဘူးဗျာ၊ အတွေ့အကြုံက အရာရာကို သင်ကြားသွားတာပါ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့အကူအညီတောင်းတဲ့ကိစ္စကို ကျုပ်စိတ်ဝင်စားတယ်၊ ဘာကြောင့်လဲဆိုတော့ ပတ္တမြားကြီးဟာ မြန်မာဘုရင်ကို ဆက်သမဲ့ နန်းစဉ်ရတနာဖြစ်နေလို့ပဲ၊ ကျုပ်တို့တိုင်းပြည်က နန်းစဉ်ရတနာဟာ မြန်မာပြည်မှာပဲ ရှိနေသင့်တယ်၊ တိုင်းတစ်ပါးကို ရောက်ပြီး တန်ဖိုးကျမဲ့အဖြစ်ကို ကျုပ်မလိုလားဘူး ''





ဟုပြောလေ၏။

ထိုအခါ ကိုရဲခေါင်က သက်ပြင်းချ၍

'' ကိုရွှေဝန်ရဲ့သဘောထားကို သိရတဲ့အတွက် ကျုပ်တို့စိတ်အားတက်ကြွမိပါတယ်၊ ကျုပ်တို့ခိုင်းတဲ့ အလုပ်ကို လုပ်ပေးတဲ့အတွက် ကိုရွှေဝန်လည်း မနစ်နာစေရပါဘူး ကိုရွှေဝန်အတွက် ငွေသားဆယ်သိန်းတိတိကို ကျုပ်တို့ပေးဖို့ ဆုံးဖြတ်ထားပါတယ် ''

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းခါယမ်း၍

'' ဒီအချိန်မျိုးမှာ ငွေကြေးမလိုပါဘူး၊ ကျုပ် ပိုက်ဆံအတွက် အလုပ်မလုပ်ချင်တော့ဘူး၊ ကျုပ် မြနန်းနွယ်တို့ အလုပ်ကို လုပ်ပေးမယ်ဆိုတာ ကိုရိုးနဲ့ခွင်ရဲ့မျက်နှာကြောင့်ရယ်၊ မြန်မာပြည်ရဲ့တွင်းထွက် နန်းစဉ်ရတနာဟာ မြန်မာပြည်တွင်းမှာပဲ ရှိသင့်တယ်ဆိုတဲ့အချက်ကြောင့်ပါ ''

ဟုပြောလေ၏။ မြနန်းနွယ်က

'' ကိုရွှေဝန်ရဲ့စိတ်ဓာတ်ကို လေးစားပါတယ်၊ ဒါပေမဲ့ ကျွန်မတို့အတွက် စွန့်စားခန်းဖွင့်ပေးရမဲ့ ကိုရွှေဝန်အတွက် အန္တရာယ်များလွန်းလို့ပါ ''

ဟုပြောလေ၏။ ထိုအခါ ကိုရွှေဝန်က သက်ပြင်းချ၍

'' ကျုပ်အတွက် အန္တရာယ်ဆိုတာ မထူးဆန်းတော့ပါဘူးဗျာ၊ ဘယ်လိုအန္တရာယ်မျိုးပဲရှိရှိ ကျုပ်စွန့်စားဝံ့ပါတယ်၊ ကျုပ်သွားရမဲ့ခရီးကို သာကို ပြောပြပါ ''

ဟုပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြနန်းနွယ်နှင့် ကိုရဲခေါင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ကိုရဲခေါင်က ကိုရွှေဝန်၏မျက်နှာကိုကြည့်၍

" ကိုရွှေဝန် သွားရမဲ့ခရီးက အလွန်အန္တရာယ်များတယ်၊ ဘာကြောင့်လဲဆိုတော့ အက်ဒမန်ကျွန်းဖြစ်နေလို့ပဲ "

ဟုပြောလေ၏။

ကိုရွှေဝန်သည် ကိုရဲခေါင်၏စကားကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

" ဘာ... ကျုပ်သွားရမှာ အက်ဒမန်ကျွန်း ဟုတ်လား၊ အတော်ထူးဆန်းတာပဲ၊ အက်ဒမန်ကျွန်းလိုနေရာမျိုးကို နောက်တစ်ကြိမ်ပြန်သွားရမယ်လို့ ကျုပ်အိပ်မက်တောင် မက်မထားဘူး "

ဟု မယုံကြည်နိုင်ဟန်ဖြင့် ပြောလေ၏။

ကိုရဲခေါင်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ ကိုရွှေဝန်သွားရမဲ့နေရာဟာ အက်ဒမန်ကျွန်းမှ အက်ဒမန်ကျွန်းအစစ်ပဲ၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ရဲ့ ပတ္တမြားကြီးကို ရေယူသွားတဲ့လူဟာ အက်ဒမန်ကျွန်းမှာရှိနေလို့ပါ "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က မျက်မှောင်ကြုတ်၍

" အဲဒီလူက အက်ဒမန်ကျွန်းမှာ ဘာဖြစ်လို့ရှိနေရမှာလဲ "

ဟုမေးလေ၏။ ထိုအခါ မြနန်းနွယ်က

" သူဟာ ဘာကြောင့် အက်ဒမန်ကျွန်းမှာ ရောက်နေသလဲဆိုတော့ အက်ဒမန်ကျွန်းရဲ့အကြီးဆုံး အာဏာပိုင် ကျွန်းမင်းကြီးဖြစ်နေ



လို့ပဲ "

ဟုပြောလေ၏။

ကိုရွှေဝန်သည် မြနန်းနွယ်၏စကားကြောင့် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး

" ဘာ... ဒီလူဟာ အက်ဒမန်ကျွန်းရဲ့ ကျွန်းမင်းကြီးဟုတ်လား၊ သေချာလို့လားဗျာ "

ဟု အံ့သြဟန်ဖြင့်မေးမြန်းလေ၏။

ထိုအခါ ကိုရဲခေါင်က ခေါင်းညိတ်၍

" သေချာပါတယ် ကိုရွှေဝန်၊ မြို့ပိုင်ကတော်ဆီက ပတ္တမြားကြီးကို ငွေပေးသိန်းပေးပြီး ဝယ်သွားတဲ့ ရတနာကုန်သည်ဆိုတာ အက်ဒမန်ကျွန်းက ကျွန်းမင်းကြီးပါ၊ တကယ်တော့ ကျွန်းမင်းကြီးဟာ အစိုးရအလုပ်ကို လုပ်ကိုင်နေပေမဲ့ ရတနာနဲ့ပတ်သက်လို့ အလွန်ကျွမ်းကျင်သယ်၊ မကြာခဏ မိုးကုတ်ကိုသွားပြီး ကျောက်မျက်ရတနာတွေကို ဈေးပေါပေါနဲ့ ဝယ်ယူလေ့ရှိတယ်၊ မြန်မာပြည်မှာ ဈေးပေါပေါနဲ့ ဝယ်ယူလို့ရတဲ့ ရတနာတွေဟာ နိုင်ငံခြားတိုင်းပြည်တွေရောက်ရင် အလွန်ဈေးကောင်းရတယ်လေ၊ ကိုရွှေဝန်အတွက်တော့ အင်မတန် အန္တရာယ်များတဲ့နေရာဆိုတာ ကျုပ်တို့သိပါတယ်၊ ဒီခရီးကိုသွားဖို့ အကူအညီတောင်းရတဲ့ခါမှာ အင်မတန်မှ အားတုံ့အားနာဖြစ်ရတယ် "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းခါယမ်း၍

" အက်ဒမန်ကျွန်းဟာ အလွန်အန္တရာယ်များတဲ့နေရာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နားလည်ပါတယ်၊ ဒါပေမဲ့ မြန်မာ့နန်းစဉ်ပတ္တမြားကြီးကို တိုင်းတစ် ပါးသားတွေရဲ့လက်ထဲမှာ ရှိမနေစေချင်ပါဘူး။ ဒါကြောင့် ခင်ဗျားတို့ရဲ့ ဆန္ဒကို ကျုပ်အကူအညီပေးပါ့မယ်၊ ဒီအတွက် ပိုက်ဆံလည်း တစ်ပြား ပေးစရာမလိုပါဘူး။ ခင်ဗျားတို့ဟာ ကျုပ်အလိုအပ်ဆုံးအရာကို ပေးထား ပြီးပါပြီ ''

ဟုပြောလေရာ ကိုရဲခေါင်နှင့် မြနန်းနွယ်သည် ကိုရွှေဝန်ကို အံ့ဩ ဟန်ဖြင့်ကြည့်လိုက်လေ၏။

ကိုရွှေဝန်က

'' ကျုပ်အတွက် အလိုအပ်ဆုံးအရာဆိုတာ တခြားမဟုတ် ဘူး။ စွန့်စားခန်းဖွင့်ချင်တဲ့ဆန္ဒပါ၊ အက်ဒမန်ကျွန်းလို အလွန်အန္တရာယ် များတဲ့နေရာက ကျုပ် သက်စွန့်ဆံဖျား ပြေးလွှားလာခဲ့ရတယ်၊ အက် ဒမန်ကျွန်းက အာဏာပိုင်တွေက ကျုပ်ကို အခုချိန်ထိ သဲကြီးမဲကြီး ရှာ ရန်လိုနေကြတယ်၊ သူတို့အားလုံးရဲ့ နဖူးပေါ်ကို ကျုပ်ကလည်း ခြေ လှမ်းလျှောက်ခဲ့တာကိုး၊ ဒါ့အတွက် သူတို့မခံချိမခံသာဖြစ်တာမဆန်းပါဘူး''

ဟုပြောလေ၏။

ထိုအခါ မြနန်းနွယ်က ကိုရွှေဝန်ကို စိတ်ဝင်စားဟန်ဖြင့်ကြည့်၍

'' ကိုရွှေဝန်ရဲ့ဘဝနောက်ကြောင်းကို ကျွန်မတို့ လေ့လာကြည့် တော့ ကိုရွှေဝန်ဟာ သည်းထိတ်ရင်ဖိုကိစ္စတွေ အများကြီးလုပ်ခဲ့တယ် ဒါပေမဲ့ တစ်ကြိမ်တစ်ခါမှ ဥပဒေဘောင်အတွင်းကို ကျူးကျော်တယ်လို့ မရှိဘူး၊ နောက်ဆုံးမှာ လူသတ်မှုကျူးလွန်ပြီး အက်ဒမန်ကျွန်းကို ရောက်ခဲ့တယ်လို့ဆိုတယ်၊ အဲဒီလူသတ်မှုကို ကိုရွှေဝန် တကယ်ကျူးလွန် ခဲ့တာလား ''

ဟုမေးမြန်းလေ၏။ ကိုရွှေဝန်က အဝေးဆီကိုငေးကြည့်၍

'' ကျုပ်တစ်သက်မှာ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအားလုံးဟာ ဥပဒေကြောင်းတွင် စာရွက်ခမ်းပေါ်မှာ လျှောက်ခဲ့တဲ့ ဖြစ်ရပ်တွေချည်းပါပဲ၊ ဒါပေမဲ့ ဥပဒေ ကောက်တစ်လုံးခြားက လွတ်မြောက်အောင် ရှောင်တိမ်းနိုင်ခဲ့တယ်၊ နောက်ဆုံးမှာတော့ လူသတ်မှုနဲ့ တစ်ကျွန်းကျခဲ့ရတယ်၊ တကယ်တော့ ကျုပ်အကြောင်းကို ကောင်းကောင်းသိတဲ့လူတွေက ဒီလူသတ်မှုမျိုး ကျူးလွန်မှာဘူးလို့ ကျုပ်ကို နားလည်ကြပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ လူတစ်ယောက်ကို တမင်ရည်ရွယ်ပြီး သတ်ဖြတ်ဖို့ ဘယ် တော့မှ မကြိုးစားခဲ့ဘူး၊ ကျုပ်ဟာ သည်းထိတ်ရင်ဖို အရသာကို ကြိုက် ပေမယ့် ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူကိုတော့ ဘယ်တော့မှ အား မပေးခဲ့ဘူး ''

ဟုပြောလေရာ မြနန်းနွယ်က စိတ်ဝင်စားဟန်ဖြင့်ကြည့်၍

'' တစ်ကျွန်းကို ရောက်တဲ့ပြစ်မှုမှာ ကိုရွှေဝန် အပြစ်မရှိဘူး လား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကိုရွှေဝန်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ဒီအမှုမှာ ကျုပ်ရဲ့အပြစ် လုံးဝမရှိဘူး။ တကယ် တော့ ဒီအမှုကို ကျူးလွန်တဲ့လူက ရွှေဘိုနယ်က မျိုးချစ်ခေါင်းဆောင် ဦးသာလှဆိုတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဦးသာလှတို့ဟာ မျိုးနဲ့ရိုးနဲ့ တိုင်းပြည် ချစ်တာစောင့်သိခဲ့တဲ့ လူတွေပဲ၊ ဦးသာလှရဲ့အဖေဟာ နယ်ချဲ့နဲ့တိုက် ပွဲတိုက်ပွဲမှာ ကျဆုံးခဲ့ရတယ်၊ သီပေါဘုရင်ပါတော်မူတဲ့အထိ နယ်ချဲ့

www.burmeseclassic.com



ကို ရှိသမျှအင်အားနဲ့ တွန်းလှန်တိုက်ခိုက်ခဲ့တယ်၊ သူ့မှာ အလွန်ချော
မောလှပတဲ့ မြနန္ဒာဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်၊ မြနန္ဒာဟာ ငယ်
ကတည်းက ကျုပ်နဲ့အလွန်ခင်တယ်၊ ကျုပ်တို့ရွာကိုအပိုင်က ရာဇဝင်
အုပ် လှဖေဆိုတာ စိတ်ဓာတ်ညံ့ဖျင်းတဲ့ နယ်ချဲ့အလိုတော်ရိတစ်ယောက်
ပဲ၊ သူဟာ နယ်ချဲ့အစိုးရရဲ့ ဆုတံဆိပ်တွေကို လိုချင်တဲ့အတွက် ဦးသာလှ
ကို ဖမ်းဆီးဖို့ကြိုးစားခဲ့တယ်၊ သူ့ရဲ့အရည်အချင်းစစ်စစ်နဲ့ ဦးသာလှ
ဖမ်းဆီးဖို့ မဖြစ်နိုင်တဲ့အခါ အင်မတန် ယုတ်မာကောက်ကျစ်တဲ့ ကလ
ဉာဏ်ကိုသုံးခဲ့တယ်၊ ရာဇဝတ်အုပ် လှဖေဟာ ဦးသာလှရဲ့သမီးလေး
မြနန္ဒာကို ရွာအပြင် သူ စခန်းချတဲ့အိမ်မှာ ဖမ်းဆီးထားတယ်ဆိုပြီး သတင်း
လွှင့်လိုက်တယ်၊ တကယ်တော့ ရာဇဝတ်အုပ်လှဖေဟာ မြနန္ဒာကို တ
ကြက်လုပ်ပြီး ဦးသာလှကိုဖမ်းဆီးဖို့ကြိုးစားခဲ့တာပါ၊ ရာဇဝတ်အ
လှဖေတို့ရဲ့ရည်ရွယ်ချက်က ဦးသာလှတို့လူစု သမီးအတွက်နဲ့ ရောက်
မှုပြီး သူတို့ကို ဝင်တိုက်ရင် ကုလားစစ်ပုလိပ်က ညှပ်ပူး ညှပ်ပိတ်တို
ဖို့ကြံ စည်ထားတယ်၊ ဦးသာလှဟာ မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်ပြီး သူရသ
ပြည့်စုံတယ်၊ ပုဂ္ဂလိက ဆန္ဒတစ်ခုအတွက် မျိုးချစ်တပ်ဖွဲ့ကိုအသုံးမပြု
ရာဇဝတ်အုပ်လှဖေရှိတဲ့ ရွာကိုသွားပြီး သမီးကို လွှတ်ပေးဖို့ပြောခဲ့တ
အဲဒီတုန်းက ကျုပ်ဟာ မမျှော်လင့်ဘဲ မြနန္ဒာကို ဖမ်းဆီးထားတဲ့ရာဇဝ
အုပ်လှဖေရဲ့သတင်းကိုကြားပြီး တဈာရှူးလက်က ကယ်တင်ဖို့ရွာအ
ကို ရောက်သွားတယ်၊ အဲဒီညမှာ မမျှော်လင့်ဘဲ သမီးကိုလာကယ်
မျိုးချစ်ပုဂ္ဂိုလ်ကြီး ဦးသာလှနဲ့ဆုံတွေ့ခဲ့ရတယ်၊ ဒါပေမဲ့ ဦးသာလှနဲ့
ဆုံတဲ့အချိန်မှာ ကျုပ်နောက်ကျသွားပြီး ဦးသာလှဟာ သမီးကို မ



တဲ့ ရာဇဝတ်အုပ်ကို မခံနိုင်လို့ သတ်ပစ်လိုက်တယ်၊ ဒီအချိန်မှာပဲ
အပြင်မှာ ပုန်းအောင်းပြီး စခန်းချနေတဲ့ ကုလားစစ်ပုလိပ်ဟာ ကျုပ်
ကို လာဖမ်းတယ်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဦးသာလှရဲ့ကိုယ်စား လူသတ်မှု
ခဲ့တဲ့ သက်သေအထောက်အထားနဲ့အတူ ကျုပ်ဟာ ရာဇဝတ်အုပ်
သတ်ဖြတ်ကြောင်း ကြားကနေဝင်ပြီး ခံစားခံလုပ်ခဲ့တယ်၊ ဦးသာလှ
တော့ ကျုပ်ရဲ့အစီအမံနဲ့ လွတ်မြောက်သွားခဲ့တယ်၊ တကယ်တော့
တစ်သက်လုံး ကျူးလွန်ခဲ့တဲ့ သည်းထိတ်ရင်ဖို ပြစ်မှုတွေအားလုံး
လက်က လက်တစ်လုံးခြား လွတ်မြောက်ခဲ့တာချည်းပဲ၊ မျိုးချစ်
ကြီး ဦးသာလှရဲ့အမှုမှာမှ မမျှော်လင့်ဘဲ ထောင်နန်းစံခဲ့ရတယ်၊
ာလှဟာ တိုင်းပြည်လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်
ပြီး ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်တစ်ဦးလေ၊ ကျုပ်ကတော့ တစ်ကိုယ်
စွန့်စားချင်တဲ့စိတ်ဓာတ်သက်သက်နဲ့ သည်းထိတ်ရင်ဖိုအလုပ်တွေ
လုပ်နေတဲ့လူပဲ၊ ကျုပ်နဲ့ဦးသာလှကို ချိန်ခွင်လျှာမှာတင်ကြည့်မယ်
ဦးသာလှက ပိုပြီးတော့ အဖိုးတန်ပါတယ်၊ ဒါကြောင့် ကျုပ်
ကျိုးစွန့်အနစ်နာခံပြီး ဦးသာလှကို ကယ်တင်ပေးခဲ့တာပါ ''

ဟု ရှည်လျားစွာရှင်းလင်းပြလေ၏။

ကိုရဲခေါင်သည် ကိုရွှေဝန်ကို အထင်ကြီးလေးစားဟန်ဖြင့်ကြည့်၍

'' ဒီအကြောင်းတွေကြားရတာ ကိုရွှေဝန်ကို ကျုပ်တို့ပိုပြီး လေး
သွားပြီ၊ တကယ်တော့ ကိုရွှေဝန်ဟာ တော်ရုံယောကျ်ားတွေ စွန့်ဝံ့
လုပ်ကို စွန့်ဝံ့တဲ့သူပါ၊ ဦးသာလှနေရာမှာ ကြိုးကျမယ့်နေရာကို
အစားဝင်ပြီး အနစ်နာခံခဲ့တာ သူ့ရဲ့ကောင်းစိတ်ဓာတ်ပါ ''

www.burmeseclassic.com

www.burmeseclassic.com



ဟုရှိုးမွမ်းပြောဆိုလေ၏။ ထိုအခါ ကိုရွှေဝန်က တဟားဟားရယ်မောပြီး

'' ဟားဟားဟား… ကျုပ်ကိုကျုပ်တောင် သူရဲကောင်းဆိုပြီး ဘဝင်မြင့်ချင်လာပြီ၊ ကျုပ်ကို တရားသူကြီးက သေဒဏ်ချမှတ်တာရ ကံကောင်းလို့ အယူခံလွှတ်ပြီး တစ်ကျွန်းမှာ အပြစ်ကျခဲ့ရတာပဲ ''

ဟုပြောလေ၏။ မြနန်းနွယ်က စိတ်ဝင်စားဟန်ဖြင့်

'' ကိုရွှေဝန်ဟာ တစ်ကျွန်းကိုရောက်ပြီး ဘာကြောင့် အလွန်ကြောက်စရာကောင်းတဲ့ ပင်လယ်ပြင်ကိုဖြတ်ပြီးပြေးလာခဲ့ရတာလဲ၊ တစ်ကျွန်းမှာ နေထိုင်ရတဲ့ဘဝဟာ အင်မတန်ခက်ခဲလွန်းလို့လား ''

ဟုမေးမြန်းလေ၏။

ကိုရွှေဝန်က အဝေးဆီသို့ငေးကြည့်၍

'' အက်ဒမန်ကျွန်းမှာနေရတဲ့ဘဝဟာ ထင်သလောက်ခက်ခဲ ကြမ်းတမ်းမှုမရှိပါဘူး၊ ကျွန်းပေါ်မှာ နေတတ်မယ်ဆိုရင် ပျော်စရာကောင်းပါတယ်၊ ဘာကြောင့်လဲဆိုတော့ နယ်ချဲ့အစိုးရဟာ ကျွန်းသားတွေကို ပျော်အောင်ထားတယ်၊ ကျွန်းပေါ်က ထွက်မပြေးဖို့ပဲ အဓိကထားပြီး အုပ်ချုပ်ခဲ့တယ်၊ ကျွန်းသားတွေဟာ ကျွန်းပေါ်မှာ အစိုးရအလုပ်ကို နေ့တစ်ဝက်လုပ်ပြီး ကျန်တဲ့အချိန်တွေမှာ ကိုယ်ပိုင်အလုပ်ကို လုပ်ကိုင်နိုင်တယ်၊ ကျွန်းကို မိန်းမခေါ်ပြီး အိမ်ရာထူထောင်ခွင့်ရှိတယ်၊ မိန်းမ မခေါ်နိုင်တဲ့ လူတွေကတော့ ကျွန်းပေါ်က အဆောင်တွေမှာ နေထိုင်ရတယ်၊ ကျွန်းပေါ်မှာ အသိအကျွမ်းများပြီး သတ္တိရှိမယ်၊ ကြံဖန်ရည်ကောင်းမယ်ဆိုရင်တော့ နေထိုင်ရတာ အလွန်အဆင်ပြေပါတယ် ''



ဟု ရှင်းလင်းပြလေ၏။ ထိုအခါ ကိုရဲခေါင်က ဝင်ရောက်၍

'' ကိုရွှေဝန်ဟာ ကျွန်းပေါ်မှာ မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးရှိတာပဲ၊ ဘာလို့ထွက်ပြေးရတာလဲ၊ မုန်တိုင်းထန်တဲ့ ပင်လယ်ပြင်မှာ သက်စွန့်ဆံဖျားထွက်ပြေးရတာ မကြောက်ဘူးလား ''

ဟုဝင်ရောက်မေးမြန်းလေ၏။

ကိုရွှေဝန်က သက်ပြင်းချ၍

'' ကျုပ်ဟာ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဦးသာလှအတွက် အနစ်နာခံပြီး ဝင်ရောက်ခဲ့ပေမဲ့ သေဒဏ်ကနေလွတ်ပြီး တစ်ကျွန်းကို ရောက်လာကတည်းက ထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်းပေါ်ရောက်လာကတည်းက ကျုပ်တို့ မြန်မာတွေ အဖိနှိပ်ခံနေရတာ၊ အနိုင်ကျင့်ခံနေရတာ မြင်တော့ မပျော်လင့်ဘဲ ကျွန်းကို ရောက်တုန်းရောက်ခိုက် အကူအညီပေးမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါကြောင့် ကျုပ်ဟာ ကျွန်းပေါ်မှာ နှစ်နှစ်လောက်နေထိုင်ခဲ့တာပဲ၊ ကျွန်းကနေ ထွက်မပြေးမီ ဘိုးမှန်ဆိုတဲ့ လူစွန့်စားတစ်ယောက်ဟာ သူရဲကောင်းတွေနဲ့ ကျွန်းကနေ ထွက်ပြေးလွတ်မြောက်ခဲ့တယ်၊ ကျွန်းပေါ်မှာ ဒါကြောင့် လုံခြုံရေးစနစ်တွေ တင်းကျပ်တည်းသွားတယ်၊ ဘိုးမှန်ထွက်ပြေးပြီးတော့ နောက်နှစ်နှစ်ကြာမှာ ကျုပ်ထွက်ပြေးခဲ့တယ်၊ ကျွန်းပေါ်မှာ ကျုပ်ကို ခင်မင်တဲ့ မိတ်ဆွေတွေ အများကြီးရှိတယ်၊ ကျုပ်ဟာ မိတ်ဆွေတွေအကူအညီနဲ့ သစ်တောက်ပြီး ပြန်ရောင်းတဲ့အလုပ်ကိုလုပ်တယ်၊ မှောင်ခိုစီးပွားရေး အလုပ်တွေလည်း လုပ်တယ်၊ ဒီလိုလုပ်ပြီး ကြွယ်ဝချမ်းသာဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်မှာ အေးအေးဆေးဆေးနေလို့ရခဲ့တယ်၊ ဒါပေမဲ့ ကျွန်းပေါ်
ထွက်ပြေးဖြစ်တဲ့အခါက အကြောင်းရင်းကတော့ စွန့်စားချင်လို့ပဲ ''

ဟုပြောလေ၏။

ကိုရဲခေါင်နှင့်မြနန်းနွယ်သည် ကိုရွှေဝန်၏စကားကို ပို၍ စိတ်
စားသွားလေ၏။

ကိုရွှေဝန်သည် အဝေးဆီသို့ငေးကြည့်ရင်း

'' ကျွန်းပေါ်မှာနေဖူးမှ ကျွန်းသားတွေရဲ့ခံစားချက်ကို နားလည်
လို့ရမယ်၊ အကပ်ဒမန်ကျွန်းမှာ နေထိုင်တဲ့ ကျွန်းသားတွေအတွ
ကြောက်စရာအကောင်းဆုံးက ပင်လယ်ပြင်ကို ဖြတ်သန်းပြီး အမိမြေ
ပြည်ကို ထွက်ပြေးရခြင်းပဲ၊ ကျွန်းသားအများစုဟာ ကျွန်းပေါ်က ထွ
ပြေးဖို့ကို အိပ်မက်တောင် မမက်ဝံ့ကြဘူး၊ ကျွန်းပေါ်ကထွက်ပြေး
ကျွန်းသားတစ်ယောက်ဟာ သေဒဏ်ကျခံရမယ်၊ ကျွန်းလုံခြုံ
အဖွဲ့ဟာ ပင်လယ်ပြင်မှာ ကျွန်းသားတစ်ယောက်ကို တွေ့ရင် အ
ပစ်သတ်ပိုင်ခွင့်ရှိလေ၏။ နယ်ချဲ့အစိုးရဟာ ကျွန်းသားတွေကို
အောင်ထားတယ်၊ ကျွန်းသားတွေ ထွက်မပြေးသရွေ့ ကျွန်းပေါ်
နေချင်သလို နေခွင့်ပေးထားတယ်၊ ကျွန်းပေါ်က အဆောင်ကြီးတွေ
ဆိုရင် ညဘက် တိတ်တခိုး ကျင်းပတဲ့လောင်းကစားဝိုင်းတွေဟာ မြ
မြကြီးတွေက လောင်းကစားဝိုင်းတွေအလား ထင်မှတ်ရတယ်၊ ကျွန်း
မှာ လူတစ်ယောက်ကို သတ်ပစ်ဖို့လည်း သိပ်လွယ်တယ်၊ ကျွန်း
ကျွန်းမင်းကြီး၊ ထောင်ပိုင်ကြီးနဲ့ ထောင်မှူးတွေဟာ အလွန်ပြ
အာဏာရှိတယ်၊ ကျွန်းသားတစ်ယောက်ရဲ့အသက်ဟာ သူတို့လက်





ထဲမှာရှိတယ်၊ သူတို့ မကျေနပ်တဲ့ အကျဉ်းသားတစ်ယောက်ဟာ ဥပဒေ
အမိန့်နဲ့ ကြိုးစင်ပြီး စီလူလာထောင်ကြီးကိုရောက်သွားတာပဲ ''

ဟုပြောလေရာ မြနန်းနွယ်က စိတ်ဝင်စားစွာဖြင့် ကိုရွှေဝန်၏
မျက် နှာကိုကြည့်၍

'' စီလူလာထောင်ဟုတ်လား၊ ဒီထောင်ကြီးဟာ ကျွန်းပေါ်မှာ
ရှိတာလား ''

ဟုမေးမြန်းလေ၏။

ကိုရွှေဝန်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ စီလူလာထောင်ဟာ အင်မတန် ရက်စက်ကြမ်း
ကြုတ်တဲ့ ထောင်ကြီးပဲ၊ ပြစ်မှုကျူးလွန်ခဲ့ရင် စီလူလာထောင်ကိုပို့ပြီး
အပြစ်ပေးတတ်ကြတယ်၊ ကျွန်းသားအများစုဟာ ကျွန်းပေါ်က ထွက်
ပြေးဝံ့ကြဘူး၊ ကျွန်းသားတစ်ယောက်ထွက်ပြေးပြီဆိုရင်တောင် ကျွန်း
သား အများစုဟာ မကျေမနပ်ဖြစ်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့
ကျွန်းသားတစ်ယောက် ထွက်ပြေးရင် သူတို့ရဲ့လွတ်လပ်ခွင့်တွေကို ကျွန်း
မင်းကြီးက ပိတ်ပင်နိုင်လို့ပဲ၊ ဒါကြောင့် ကျွန်းပေါ်က ထွက်ပြေးမယ်လို့
ရည်ရွယ်ချက်ရှိရင် ပါးစပ်လုံတာကောင်းတယ်၊ ကျွန်းပေါ်ကထွက်ပြေးတဲ့
ကျွန်းသားအတွက် ထောင်ဝါဒါတွေသာမက ကျွန်းသားအချင်းချင်း
လည်း အန္တရာယ်ပေးနိုင်ပါတယ်၊ ကျုပ်ဟာ ကျွန်းပေါ်မှာနေပြီး အဖိနှိပ်ခံ
ရတဲ့ လူမျိုးတွေဘက်က ရပ်တည်ခဲ့တယ်၊ နှစ်တွေကြာညောင်းလာ
တဲ့အခါ ကျွန်းပေါ်မှာ နေထိုင်ရတာ ငြီးငွေ့လာတယ်၊ ကျုပ်မှာ အပြစ်
မရှိတဲ့ အပြစ်ဒဏ်ခံခဲ့ရတာကိုလည်း မကျေမနပ်ဖြစ်လာတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသားအများစု အိပ်မက်တောင်မမက်ဝံ့တဲ့ အာဏာပိုင်တွေ
အံ့တုပြီး ထွက်ပြေးဖို့ ကြိုးစားခဲ့တယ်၊ ဒါဟာ ကြီးမားတဲ့
စွန့်စားခန်းကြီးတစ်ခုပါ၊ ပင်လယ်ပြင်မှာ သေသွားရင်တောင် ကျုပ်
ပါဘူး၊ ကျုပ်က စွန့်စားရတာကို အင်မတန်ကြိုက်တဲ့ လူတစ်ယောက်

ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။ ကိုရဲခေါင်က ဝင်ရောက်

" ကျွန်းပေါ်က ထွက်ပြေးတုန်းက ပင်လယ်ပြင်မှာ အန္တရာယ်
တွေ ကြုံခဲ့သေးသလား "

ဟုမေးမြန်းလေ၏။ ကိုရွှေဝန်က ခေါင်းညိတ်၍

" အန္တရာယ်တွေ အများကြီးနဲ့ကြုံတွေ့ရတာပေါ့၊ ကျုပ်
ပင်လယ်ပြင်မှာတင်မကဘူး၊ ကျွန်းသားလူပုလေးတွေရဲ့အန္တရာယ်
တာကိုတောင် ခံခဲ့ရတယ်၊ လူပုလေးအများစုဟာ ကျုပ်နဲ့ ခင်မင်ရင်း
ကြပေမဲ့ တချို့သော ရိုင်းစိုင်းတဲ့ လူပုလေးတွေဟာ ကျုပ်ကိုဒုက္ခ
ကြိုးစားခဲ့ကြတယ်၊ စွန့်စားခန်းတွေ၊ ရင်ခုန်မှုတွေ၊ စိတ်လှုပ်ရှားမှုတွေ
မက်မောတဲ့ ကျုပ်အတွက်တော့ ကျွန်းကထွက်ပြေးရတဲ့အရသာ
ဘာနဲ့မှ လဲမရနိုင်ဘူး "

ဟုပြောလေ၏။

ထိုနောက် ကိုရွှေဝန်က ဆက်လက်၍

" ကျွန်းမင်းကြီးဆီမှာ ပတ္တမြားကြီးရှိနေသေးတယ်ဆိုတာ
ချာရဲ့လား "

ဟုမေးမြန်းလေ၏။ ထိုအခါ ကိုရဲခေါင်က

" ပတ္တမြားကြီးဟာ ကျုပ်တို့အဖေရဲ့ အသက်နဲ့လဲပြီး ရယူ





ပတ္တမြားကြီးဖြစ်တဲ့အတွက် ဒီသတင်းကို ကျုပ်တို့အမြဲစုံစမ်းနေခဲ့တယ်၊
ဒါကြောင့် ကျွန်းမင်းကြီးဆီမှာ ပတ္တမြားကြီးရှိနေသေးတယ်ဆိုတာ
သေချာပါတယ်၊ လွန်ခဲ့တဲ့ သုံးလလောက်ကတော့ ကျွန်းမင်းကြီးဟာ
အိန္ဒိယက အလည်လာတဲ့ မဟာရာဇာကတော်ကို ပတ္တမြားကြီး ထုတ်
ပြခဲ့သေးတယ်၊ မဟာရာဇာကတော်ဟာ ကျွန်းမင်းကြီးရဲ့ပတ္တမြားကို
အလွန်သဘောကျတဲ့အတွက် ငွေဆယ်သိန်းပေးပြီး ဝယ်ယူဖို့ကြိုးစား
ခဲ့သေးတယ်၊ ကျွန်းပေါ်မှာ ကျုပ်တို့ရဲ့အဆက်အသွယ် လူတစ်ယောက်
ရှိတယ် "

ဟုပြောလေ၏။ ထိုအခါ ကိုရွှေဝန်က

" ဒါဆိုရင် ခင်ဗျားတို့ရဲ့ခြေလှမ်းကို ကျွန်းမင်းကြီးဘက်က
လည်း ရိပ်မိနေမှာသေချာတယ် "

ဟုပြောလေ၏။ ကိုရဲခေါင်က မျက်မှောင်ကြုတ်၍

" ကျုပ်တို့လူကတော့ ပိရိတဲ့အတွက် ကျွန်းမင်းကြီးရိပ်မိမယ်
လို့ မထင်ပါဘူး "

ဟုပြောလေ၏။ ကိုရွှေဝန်က ခေါင်းခါယမ်း၍

" ဘာပဲဖြစ်ဖြစ် ကျွန်းပေါ်က လူတွေက ယုံကြည်ရတာ မဟုတ်
ဘူး၊ ကျွန်းပေါ်မှာ နှစ်ဖက်ချွန်သူလျှိုတွေ အများကြီးရှိတယ်၊ ဒါနဲ့နေပါ
ဦး၊ ပတ္တမြားကြီးကို ကျုပ်ရဲ့အကူအညီနဲ့ ပြန်ယူမယ်ဆိုတာ ကျွန်းပေါ်က
ခင်ဗျားတို့အဆက်အသွယ် သိပြီးပြီလား "

ဟုမေးမြန်းလေ၏။ ထိုအခါ ကိုရဲခေါင်က

" ကျွန်းပေါ်ကို ကိုရွှေဝန်လာတဲ့အခါ အကူအညီပေးလို့ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျုပ်တို့ရဲ့အဆက်အသွယ်ကို ကြိုတင်ပြီး စာရေးပြီးမှ ကျုပ်တို့လူက စိတ်ချရပါတယ် ''

ဟုပြောလေ၏။

ကိုရဲခေါင်၏စကားကြောင့် ကိုရွှေဝန်က ခေါင်းခါယမ်းလိုက်ပြန်ပြီး

'' ခင်ဗျားတို့ သိပ်မှားသွားပြန်ပြီ၊ ကျွန်းအကြောင်းကို မသိဘဲ ဘယ်တော့မှ မယုံစားလိုက်နဲ့၊ ကျုပ်ရဲ့သတင်းကို ခင်ဗျားတို့လူကို အသိပေးလိုက်မိတာ အလွန်မှားသွားပြီ၊ ကျုပ်ရဲ့ခြေလှမ်းတွေကို ကျွန်းမင်းကြီးဘက်က စောင့်ကြည့်ဖို့ အခွင့်အရေးရသွားပြီ ''

ဟုစိတ်ပျက်လက်ပျက်ဖြင့်ပြောလေ၏။

မြနန်းနွယ်က ဝင်ရောက်၍

'' ကျွန်းပေါ်က လူတွေက ဒီလောက်တောင် သစ္စာမရှိကြဘူးလား ''

ဟုမေးလေ၏။ ကိုအခါ ကိုရွှေဝန်က အဝေးဆီသို့ကြည့်၍

'' ကျွန်းပေါ်မှာ နေရတဲ့ဘဝဟာ မြန်မာပြည်မှာနေရတဲ့ ဘဝထက် အများကြီးကွာခြားသွားပြီ၊ ကျွန်းပေါ်မှာ ကျွန်းရဲ့ဥပဒေသ တွေ၊ စည်းကမ်းတွေနဲ့ အများကြီးနေထိုင်ရတယ်၊ ဒါကြောင့် ကျွန်းပေါ်ကို ရောက်တဲ့ လူတွေဟာ ပြည်မကြီးမှာလို ကတိသစ္စာတွေ တည်ကြည်ဖို့၊ ရိုးရိုးသားသားနေထိုင်စားသောက်ဖို့၊ သူတစ်ပါးကို ကူညီဖို့ စတဲ့ ကောင်းမြတ်တဲ့ အရည်အချင်းတွေ ပျောက်ဆုံးခဲ့ရတယ်၊ ကျွန်းပေါ်မှာ အနေချောင်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်ရှိတဲ့လူတွေများတယ်၊ ဒါကြောင့် ပြည်မကြီးမှာ ရိုးသားတဲ့ လူ တစ်





ယောက်ဟာ ကျွန်းပေါ်ကို ရောက်ရင် တစ်ကိုယ်ကောင်းစိတ်တွေပိုများလာတယ်၊ ကတိသစ္စာတည်ကြည်မှုတွေလည်း နည်းပါးသွားတယ်၊ ကျုပ်ပြောတာဟာ ကျွန်းပေါ်က လူတွေအားလုံး အကျင့်စာရိတ္တမကောင်းဘူးလို့ ဝါးလုံးရှည်နဲ့သိမ်းရိုက်တာတော့ မဟုတ်ဘူး၊ ကတိသစ္စာတည်ကြည်ပြီး ရိုးရိုးကျင့် မြင့်မြင့်ကြံနေတဲ့လူတွေလည်း အများကြီးရှိပါတယ်၊ ဒါပေမဲ့ ကျွန်းပေါ်က လူအများစုကတော့ တစ်ကိုယ်ကောင်းဆန်တတ်တယ်၊ ကျွန်းအာဏာပိုင်တွေကို မျက်နှာလို မျက်နှာရလုပ်ပြီး သူတို့ရဲ့အခွင့်အရေးတွေကို ရအောင်ယူတတ်တယ်၊ ကျွန်းကထွက်ပြေးသူတစ်ယောက်ကြောင့် သူတို့ရဲ့လွတ်လပ်ခွင့်တွေ ရုပ်သိမ်းခံရမှာ အလွန်ကြောက်တယ်၊ ကျွန်းပေါ်က ထွက်ပြေးမယ့်လူတွေကို အာဏာပိုင်တွေက ခေါ်ပြီးအသိပေးလေ့ရှိတယ်၊ ခင်ဗျားတို့ဟာ ကျွန်းနဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိတဲ့တွက် ကျွန်းက လူကို ယုံစားသွားတာပါ၊ ဒီအချိန်ကစပြီး ခင်ဗျားတို့ရဲ့ အကြံအစည် အောင်မြင်ချင်တယ်ဆိုရင် ကျုပ်စကားကို နားထောင်ပါ၊ ကျုပ်တို့ရဲ့ သတင်းတွေကို ကျွန်းပေါ်က ခင်ဗျားတို့ရဲ့မိတ်ဆွေဆီကို လုံးဝမပို့ပါနဲ့တော့၊ နေပါဦး၊ အဲဒီလူက ကျွန်းပေါ်မှာ ဘာလုပ်သလဲ ''

ဟုမေးမြန်းလေ၏။

ထိုအခါ မြနန်းနွယ်က မျက်မှောင်ကြုတ်၍

'' အပြစ်ကျတဲ့ ကျွန်းသားတစ်ယောက်မဟုတ်ဘူး၊ အင်္ဂလိပ်ဒမန်ကျွန်းမှာ ဈေးရောင်းပြီး စီးပွားရှာတဲ့သူပဲ၊ သူဟာ အရင်တုန်းက မိုးကုတ်မှာ ကျောက်တူးခဲ့ဖူးတယ်၊ ကျွန်မအဖေရဲ့ ကျောက်တွင်းမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ဖူးတယ်၊ သူဟာ ကျွန်မတို့အပေါ် သစ္စာရှိမယ်လို့ ယုံကြည်ခဲ့တယ် ''

ဟုပြောလေ၏။ ကိုရွှေဝန်က လက်ကာပြ၍

'' ဒီအချိန်ကစပြီး ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက်အောင်မြင်ချင်တယ်ဆိုရင် အုက်ဒမန်ကျွန်းကကိစ္စတွေကို ကျုပ်ရဲ့သဘောတူညီချက်မပါဘဲ မလုပ်ပါနဲ့၊ ဘာကြောင့်လဲဆိုတော့ အက်ဒမန်ကျွန်းနဲ့ပတ်သက်ရင် ကျုပ်တို့လို ကျွန်းပေါ်မှာနေဖူးတဲ့လူတွေက ပိုပြီးသိလို့ပဲ ''

ဟုမှာကြားလေ၏။

ထိုအခါ ကိုရဲခေါင်နှင့်မြနန်းနွယ်တို့သည် အက်ဒမန်ကျွန်းနှင့်ပတ်သက်သည့်ကိစ္စများကို ကိုရွှေဝန် မသိဘဲ မပြုလုပ်ပါဟု ကတိပေးကြလေ၏။

ကိုရွှေဝန်က

'' ဒါဆိုရင် ကျုပ်အတွက် ပြင်ဆင်စရာလေးတွေ ပြင်ဆင်ဖို့အတွက် တစ်ပတ်လောက်အချိန်ပေးပါ ''

ဟုပြောလေ၏။ ထိုအခါ ကိုရဲခေါင်က

'' ကိုရွှေဝန် အက်ဒမန်ကျွန်း မသွားခင် ကျုပ်တို့ရဲ့အိမ်ကြီးမှာပဲနေနိုင်ပါတယ် ''

ဟုပြောလေ၏။ ကိုရွှေဝန်က ခေါင်းခါယမ်း၍

'' အက်ဒမန်ကျွန်းနဲ့ပတ်သက်ရင် ကျုပ်တို့မှာ ခါးသီးနားကျင်ဖို့ကောင်းတဲ့ အတိတ်ဇာတ်ကြောင်းတွေ အများကြီးရှိခဲ့တယ်၊ ဒါကြောင့် ကျွန်းကိုသွားဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီး





လုပ်ရမယ်၊ ကျွန်းမင်းကြီးဟာ ပတ္တမြားကြီးကို တကယ် အလေးအနက်ထားမယ်ဆိုရင် ကိုရဲခေါင်တို့ဆီမှာ ကျုပ်ခိုအောင်းနေတာ အန္တရာယ်တွေအများ ကြီးရှိနိုင်တယ်၊ သတိဆိုတာ ပိုတယ်လို့မရှိဘူး။ တစ်ပတ်ပြည့်တဲ့နေ့ကျမှ ကျုပ် ဒီအိမ်ကြီးကို ပြန်လာတော့မယ် ''

ဟုပြောလေ၏။

ထိုအခါ ကိုရဲခေါင်က ခေါင်းညိတ်၍

'' ကျွန်းနဲ့ပတ်သက်ပြီး ကိုရွှေဝန်က ကျုပ်တို့ထက်ပိုသိပါတယ်၊ ကျုပ်တို့ ကိုရွှေဝန်အတွက် လိုအပ်တာတွေ ဘာတွေ စီစဉ်ပေးရမလဲ ''

ဟုမေးမြန်းလေ၏။ ကိုရွှေဝန်က

'' ပတ္တမြားကြီးနဲ့ပတ်သက်ပြီး ကျုပ်ကို အခကြေးငွေပေးစရာမလိုဘူး၊ အက်ဒမန်ကျွန်းကို အောင်အောင်မြင်မြင်သွားဖို့အတွက် ငွေတွေအများကြီးလိုတယ်၊ အဲဒါကိုတော့ ကိုရဲခေါင်တို့ စီစဉ်ပေးပါ ''

ဟုပြောလေ၏။

ထိုအခါ မြနန်းနွယ်က

'' စိတ်ချပါ ကိုရွှေဝန်၊ ကိုရွှေဝန် ဘယ်လောက်လိုသလဲ၊ လိုသလောက်ကို ကျွန်မတို့ စီစဉ်ပေးပါ့မယ် ''

ဟုပြောလေ၏။ ထို့နောက် ကိုရွှေဝန်က

'' လောလောဆယ် ကျုပ်ကို ငွေတစ်သောင်းလောက်ပေးပါ ''

ဟုတောင်းလိုက်လေ၏။

ကိုရဲခေါင်က အိမ်ထဲသို့ဝင်ပြီး ငွေစက္ကူတစ်ထပ်ယူလာ၍ ကိုရွှေဝန်၏ လက်ထဲသို့ ထည့်လိုက်၏။

www.burmeseclassic.com

ကိုရွှေဝန်က ကိုရဲခေါင်၏လက်ထဲမှငွေများကို သိမ်းဆည်းလိုက်ပြီး

" ဒီပိုက်ဆံတွေဟာ ကျုပ်ကိုယ်ကျိုးအတွက် အသုံးမပြုပါဘူး။ အက်ဒမန်ကျွန်းကိုသွားဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေ အများကြီး ဝယ်ရမှာမို့ပါ "

ဟုပြောလေ၏။

ထို့နောက်တွင်မူ ကိုရွှေဝန်သည် မောင်နုမနှစ်ယောက်၏ ကန်တော်ကြီးစောင်းအိမ်ကြီးအတွင်းမှ ထွက်ခဲ့လေတော့၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



ကိုရွှေဝန်သည် ရန်ကုန်မြို့ လျှော်တန်းလမ်းရှိ လျှော်တန်းဇာတ်ရုံကြီးသို့ ထွက်ခဲ့လေ၏။

အချိန်မှာ ညနေစောင်းအချိန်ဖြစ်သဖြင့် လျှော်တန်းဇာတ်ရုံကြီး၌ ပြဇာတ်ကြည့်မည့်သူများနှင့် စည်ကားနေလေ၏။ ပြဇာတ်မှာ ဆင်းရဲသား အကြော်သည်လေးဘဝမှ ပိုက်ဆံချမ်းသာသော သူဌေးမကြီးဘဝသို့ ကြီးပွားတိုးတက်သွားသော ပြဇာတ်ဖြစ်သဖြင့် မြန်မာလူမျိုးတို့ အကြိုက်တွေ့ကာ ကြိတ်ကြိတ်တိုးစည်ကားနေလေ၏။

ကိုရွှေဝန်သည် လျှော်တန်းဇာတ်ရုံကြီး၏ အနောက်ပေါက်မှ သောတိုးကပ်သွားပြီး စစ်ဆေးမေးမြန်းနေသော အစောင့်အား ဆံပေးကာ ဝင်ရောက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်အပေါက်၌ ပြဇာတ်မင်းသား၊ မင်းသမီးများ၊ ဇာတ်ပို့ဇာတ်ရံများနှင့် ပြဇာတ်နှင့်သက်ဆိုင်သည့် လူများသာ ဝင်ထွက်ခွင့်ရှိ၏။

ကိုရွှေဝန်သည် ပြဇာတ်မင်းသမီး၊ မင်းသားများ နားနေသော အခန်းသို့ တစ်ခန်းပြီးတစ်ခန်း လိုက်လံကြည့်ရှုပြီး တစ်စုံတစ်ယောက်ကို ရှာဖွေနေ၏။

အခန်းတစ်ခန်းရှေ့သို့ရောက်သောအခါ ထူးခြားသောအသံကြောင့် တံခါးဝမှ ချောင်းကြည့်လိုက်လေ၏။

ထိုအခါ ပြဇာတ်မင်းသားအား မိတ်ကပ်ပြင်ပေးနေသော မိန်းမလျာတစ်ယောက်ကိုတွေ့ရ၏။

ထိုမိန်းမလျာက ပြဇာတ်မင်းသား၏ ထောင်နေသောဆံပင်များကို ဘီးဖြင့်ဖွဖွလေး ဖြီးသင်ပေးရင်း

" ဟင်းဟင်း… မင်းသားမျက်နှာ သိပ်လှသွားပြီ၊ ဟောဒီက မျိုးမြင့် တို့ ပြင်လိုက်ရင် မလှဘဲ ခံနိုင်ရိုးလား၊ ဒါကြောင့်လဲ ရန်ကုန်မြို့က နာမည်ကြီး မင်းသား မင်းသမီးတွေ မျိုးမြင့်ကို လက်မလွှတ်နိုင်ကြတာပဲပေါ့ "

ဟု ကနွဲ့ကလျ ပြောလေ၏။

ထိုအခါ မင်းသားက သဘောကျဟန်ဖြင့် ရယ်မောရင်း

" ခင်ဗျားဘာဖြစ်လို့ ဒီလောက်တောင် အလှပြင်တာကောင်းနေရတာလဲ "

ဟု ရယ်ကျဲကျဲ မေးမြန်းလေ၏။



ထိုအခါ မျိုးမြင့်ဆိုသော မိန်းမလျာက

" မျိုးမြင့်တို့က ကိုယ့်ဆီမှာ အလှပြင်တဲ့လူတွေကို စေတနာထားတယ်၊ ပိုက်ဆံရတာ မရတာထက် အလှပြင်တဲ့လူ လှပါစေတော့ဆိုပြီး စိတ်ကောင်းထားပြီး ပြုပြင်ပေးတယ်၊ မင်းသားတို့ကျတော့ မျိုးမြင့်တို့က ပိုပြီး မျက်နှာလိုက်ပြီး ပြင်ပေးတယ်၊ အဲဒါဘာကြောင့်လဲ သိရဲ့လား "

ဟု ဩတိတိ စပ်ဖြဲဖြဲအမူအရာဖြင့် မင်းသားကို ပြောလေရာ မင်းသားသည် အောင့်သက်သက်မျက်နှာဖြင့် မျိုးမြင့်ကိုကြည့်လိုက်ပြီး

" သိပါတယ်ဗျာ၊ သိပါတယ်၊ နောင်ကိုလည်း ကျုပ်ကို လှသထက်လှအောင် ပြင်ပေးပါ "

ဟုပြောလိုက်ရာ မိန်းမလျာမျိုးမြင့်သည် တခစ်ခစ်ရယ်မော၍

" ပြင်ပေးမယ်၊ ပြင်ပေးမယ်၊ ဟောဒီက မင်းသားကိုလေ မင်းသား အားလုံးထဲမှာ အလှဆုံးဖြစ်အောင် ပြင်ပေးမယ်၊ မင်းသားနိုင်ငံကျော်ကြီးဖြစ်သွားရင်သာ မျိုးမြင့်ကို မမေ့နဲ့နော်၊ အဲဒီအချိန်ကျမှ ငါ့မိန်းမြင်လို့ ဝါးကာဝ်ပစ်မယ်ဆိုရင်တော့ မင်းသားကို ဟောဒီက သိပ်စိတ်ဆိုးမှာပဲ "

ဟု ကနွဲ့ကလျပြောလေ၏။

ထိုအခါ မင်းသားသည် မိန်းမလျာ မျိုးမြင့်နှင့် နှစ်ယောက်တည်းရှိနေခြင်းကို ကျောချမ်းလာပြီး အခန်းတွင်းမှ ကမန်းကတန်း ထွက်ခွာသွားလေ၏။

ထိုရွှေဝန်သည် မင်းသားမမြင်အောင် တံခါးနောက်၌ ပုန်းကွယ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ မိန်းမလျှာမျိုးမြင့်သည် သူ၏အနီးမှ ကတိုက်ကရိုက်ထွက်ခွာသွားသော မင်းသားအား မကျေမချမ်းဖြင့် မျက်စောင်းထိုးပြီး

" မင်းသားကတော့ မျိုးမြင့်ဆိုရင် ဘယ်တော့မှ မကြင်နာချင်ဘူး။ ရက်စက်လိုက်တာ "

ဟု တစ်ကိုယ်တည်းပြောဆိုလေ၏။

ထိုအခိုက်မှာပင် ကိုရွှေဝန်သည် အခန်းထဲသို့ဝင်ရောက်သွားပြီး မိန်းမလျှာမျိုးမြင့်၏တင်ပါးကို ခြေဖြင့် တအားဆောင့်ကန်လိုက်ပြီး

" ဒီအရွယ်ကြီးရောက်မှ ဘာအရှုးထနေတာလဲ၊ ရှုးကြောင်ကြောင်အလုပ်တွေကို လုပ်နေတုန်းပဲလား "

ဟုအော်ဟစ်မေးမြန်းလိုက်ရာ မိန်းမလျှာမျိုးမြင့်သည်

" အောင်မလေးတော့ "

ဟု နာကျင်ဟန်ဖြင့် အော်ဟစ်လိုက်ပြီး ကိုရွှေဝန်ကို လှည့်ကြည့်လိုက်ကာ

" ဘယ်သူများအောက်မေ့တယ်၊ ရှာစားကြီးပါလား။ ကျုပ်ဆီကို ဘာကိစ္စရောက်လာရတာလဲ၊ ခင်ဗျားရောက်လာပြီဆိုရင်တော့ ပြဿနာတွေပါလာပြီမှတ်တယ် "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ရယ်မော၍

" ပြဿနာမဟုတ်ဘူးကွ၊ မင်းအတွက် မြိုးမြိုးမြက်မြက်လေး စားရမဲ့ဟာတွေ၊ မင်းကိုကြည့်ရတာ မင်းသားတွေကိုမြင်ပြီး ဘိုင်ကျနေရတယ်၊ တစ်ချီတည်းနဲ့ ငွေသုံးထောင်လောက်ရမဲ့အလုပ်ကို မင်း



လုပ်ချင်ဘူးလား "

ဟုပြောလိုက်လေရာ မိန်းမလျှာမျိုးမြင့်၏ မျက်နှာဝင်းပသွားပြီး

" ဘာ... ငွေသုံးထောင်လောက်ရမဲ့အလုပ်ဟုတ်လား။ တစ်ချီတည်းနဲ့ ငွေသုံးထောင်ဆိုရင် ကျုပ်က ဓားပြတိုက်ရမှာလား။ ဒီအလုပ်မျိုးကျတော့ မလုပ်နိုင်းနဲ့နော်၊ ဝါသနာမပါဘူး "

ဟုပြောလေ၏။

" ဓားပြမတိုက်ခိုင်းပါဘူးကွာ၊ မင်း ငါနဲ့ခဏလိုက်ခဲ့ပါ၊ အကျိုးအကြောင်းပြောပြမယ် "

ဟု ပြောလေရာ ကိုရွှေဝန်၏စကားကြောင့် မိန်းမလျှာမျိုးမြင့်က စိတ်လှုံ့ပြူးသွားပြီး

" ဘာ... ပြဇာတ်ကနေတုန်း ခင်ဗျားနောက်လိုက်ရမယ်ဟုတ်လား ကျုပ်မှာ အလှပြင်ပေးရမဲ့ လူတွေရှိသေးတယ် "

ဟုပြောလေ၏။

ကိုရွှေဝန်က လက်သုံးချောင်းကိုထောင်ပြ၍

" ငွေသုံးထောင်နော်၊ ငွေသုံးထောင်၊ မင်းအတွက် တစ်ချီတည်း ငွေသုံးထောင်ရမယ်ဆိုရင် မင်းသားမင်းသမီးတွေ အလှပြင်ရတဲ့အလုပ်ထက် အလကားပါကွာ၊ ဟုတ်တယ်မဟုတ်လား "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ မိန်းမလျှာမျိုးမြင့်က

" ခင်ဗျားရောက်လာရင် ဒီအတိုင်းပဲ၊ အမြဲတမ်း ဖုတ်သေးတိုက်ပြဇာတ်ထဲက အကောင်တွေ ကောင်မတွေကို အလှပြင်ပေးရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ငွေသုံးထောင် လက်ငင်းရမှာမဟုတ်ဘူး၊ ခင်ဗျားနဲ့လိုက်ခဲ့တော့မ ဗျာ''

ဟုပြောလေ၏။

ထို့နောက် သူ၏အလှပြင်ကိရိယာများကိုသိမ်းဆည်း၍ ကိုရွှေဝန်နောက်သို့ လိုက်ခဲ့လေ၏။

ကိုရွှေဝန်သည် မိန်းမလျာမျိုးမြင့်ကိုခေါ်၍ လျှောတန်းဇာတ် ကြီးထဲမှ ပြန်ထွက်မည်အပြုတွင် အနီးသို့အလှပြင်ဆင်ထားသောမိန်း များ ရောက်ရှိလာပြီး

'' ဟဲ့... မိမျိုး၊ နင်ဘယ်သွားမလို့လဲ ''

ဟုမေးမြန်းလေ၏။ ထိုအခါ မျိုးမြင့်က

'' ဟဲ့ကောင်မတွေ၊ ဘယ်သွားသွား နင်တို့နဲ့မဆိုင်ဘူး၊ ငါ သာ ငါ့လမ်းငါသွားတာ၊ ငါ့ကို ဘယ်သူမှ မစပ်စုနဲ့ ''

ဟုပြောလေရာ မိန်းကလေးများက မျက်စိမျက်နှာပျက်သွား

'' ဟင်... နင် ငါတို့ကို အလှပြင်ဦးမယ်လေ၊ နင်ဘယ်ကိုသွား သွားမလို့လဲ၊ ပြဇာတ်ကစတော့မယ် ''

ဟုပြောလေ၏။ ထိုအခါ မိန်းမလျာမျိုးမြင့်သည် ကိုရွှေဝ လက်ကိုဆွဲ၍

'' ဒီမှာ နင်တို့ဘာသာ ပြင်စရာလူမရှိရင် ကိုယ့်ဘာသာကိုယ် ပြင်ပေတော့၊ ငါကတော့ ဒီနေ့လုံးဝအလှမပြင်နိုင်ဘူး၊ သွားပြီ ကောင်မစုတ်တွေ ''

ဟုဆိုကာ ကိုရွှေဝန်၏နောက်သို့ လိုက်ခဲ့လေ၏။



မိန်းကလေးများသည် မိန်းမလျာမျိုးမြင့်ကို အော်ဟစ်ပြီးကျန်ရစ် သော၏။

ကိုရွှေဝန်သည် ရထားလုံးတစ်စင်းကိုငှား၍ မိန်းမလျာမျိုးမြင့် နေထိုင်ရာ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်းသို့ထွက်ခဲ့လေ၏။

မိန်းမလျာမျိုးမြင့်၏အိမ်သည် ဓမ္မဝိဟာရလမ်း၏ အစွန်ဆုံးရှိ တဲပုဂ္ဂိုလ်ထောင်အိမ်လေးဖြစ်၏။

မျိုးမြင့်သည် ထိုအိမ်၌ တစ်ကိုယ်တည်းနေထိုင်ပုံရ၏။

မိန်းမလျာမျိုးမြင့်က အိမ်တံခါးကိုဖွင့်ရင်း

'' ရှာစားကြီး၊ ဒီမှာတော့ ကျုပ်တစ်ယောက်တည်းနေတယ်၊ ပျင်းရင်တော့ ပျော်စရာလေးတွေ ဒီကိုခေါ်လာတာပေါ့ကွာ ''

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က မိန်းမလျာမျိုးမြင့်ကိုကြည့်၍

'' မင်းဘာဖြစ်လို့ မိန်းမလျာအလုပ်ကို လုပ်နေရတာလဲ ''

ဟုမေးမြန်းလေ၏။ ထိုအခါ မျိုးမြင့်က ခေါင်းညိတ်၍

'' ရန်ကုန်မှာ ပြဇာတ်တွေ ခေတ်စားနေတယ်ဗျ၊ ရန်ကုန်တစ် မြို့လုံး ပြဇာတ်တွေချည်းပဲ၊ ဒီအချိန်မျိုးမှာ မိတ်ကပ်လိမ်းတဲ့လူ အများ လိုတယ်၊ ငါဟာ ယောကျ်ားတစ်ယောက်အနေနဲ့ မိတ်ကပ်လိမ်းရင် ဘာတ်မအောင်မြင်နိုင်ဘူး၊ မိန်းကလေးတွေအနေနဲ့ ငါ့ဆီမှာ မိတ်ကပ် ရှာမဟုတ်ဘူးကွ၊ ဘာပဲဖြစ်ဖြစ် မိန်းမလျာတစ်ယောက် ယောင် ဆောင်ပြီး မိန်းကလေး ချောချောလှလှလေးတွေကို မိတ်ကပ်လိမ်းရ တာ ပျော်ဖို့ကောင်းတယ်ကွ၊ ငါကို မိန်းမလျာအစစ်ထင်ပြီး ပလူးပလဲ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့မိန်းကလေးတွေကိုမြင်တိုင်း ငါ့ရင်တွေ တဒိတ်ဒိတ်ခုန်နေရတယ်"

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ရယ်မော၍

" မိန်းကလေးတွေမြင်တိုင်း ရင်ခုန်တယ်ဆိုတာကတော့ လက်ခံပါတယ်၊ ဒါပေမဲ့ ပြဇာတ်မင်းသားတွေကိုဘာဖြစ်လို့ ပလူး သွားလုပ်နေရတာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ မိန်းမလျာမျိုးမြင့်က ရယ်မော၍

" ငါ့ဘဝက မိန်းမလျာဟန်ဆောင်နေရတာဆိုတော့ သဏ္ဌာ လုပ် သရုပ်တူအောင် လုပ်ရတာပေါ့ကွာ၊ လူတွေက ငါ့ကို ဒီလိုလုပ် မှ မိန်းမလျာအစစ်လို့ ထင်တော့မှာပေါ့ကွ "

ဟုပြော၍ ရယ်မောနေလေတော့၏။

ထို့နောက် မိန်းမလျာမျိုးမြင့်က ကိုရွှေဝန်ကိုကြည့်၍

" နေပါဦး၊ ကျုပ်ကို ငွေသုံးထောင်ရက်ရက်ရောရောကြီး တယ်ဆိုတာ အကြောင်းတစ်ခုခုတော့ ရှိမှာပါ။ ကျုပ်က ငွေသုံးထော ယူပြီး ဘယ်လိုအကူအညီပေးရမှာလဲ "

ဟုမေးလေ၏။ ထိုအခါ ကိုရွှေဝန်က

" ကျုပ် လိုရင်းပဲပြောမယ်၊ မင်းဆီက ရုပ်ပြောင်းရုပ်လွှဲနဲ့ သက်တဲ့ ပစ္စည်းတွေအားလုံး ကျုပ်လိုချင်တယ် "

ဟုပြောလေရာ မိန်းမလျာမျိုးမြင့်သည် မျက်လုံးပြူးသွား

" ဒါကြောင့် ကျုပ်ကို ဒီလောက်ထိ ရက်ရောနေတာကိုး





ပြောင်းရုပ်လွှဲပစ္စည်းတွေက ငွေသုံးထောင်ထက် အများကြီးပိုတန်တယ် "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က မျက်မှောင်ကြုတ်၍

" မင်းနဲ့ငါနဲ့ကြားမှာ ပိုက်ဆံစကားပြောစရာမလိုပါဘူးကွာ၊ ပေမဲ့ ငွေသုံးထောင်ထက် ပိုလိုချင်တယ်ဆိုရင်လည်း ငါပေးပါ့မယ်၊ ငွေ ထောင်ယူလိုက်ဟုတ်ပြီလား "

ဟုပြောလေ၏။

ထိုအခါ မိန်းမလျာမျိုးမြင့်က ခေါင်းညိတ်၍

" ကြိုက်သွားပြီ၊ ငွေငါးထောင်ဆိုတာ ကျုပ်တစ်နှစ်လုံးရှာရင် ဘာင် ရှာဖို့မလွယ်ဘူး၊ ဒါကြောင့် ခင်ဗျား လိုအပ်တဲ့အကူအညီတွေ ကို ကျေကျေနပ်နပ်ကြီး ပေးတော့မှာပါဗျာ "

ဟုပြောလေ၏။

ကိုရွှေဝန်က သက်ပြင်းချ၍

" အရင်တုန်းက ငါ့ဆီမှာ အဖိုးထိုက်တန်တဲ့ ရုပ်ပြောင်းရုပ်လွှဲ ပတ်သက်တဲ့ ပစ္စည်းတွေရှိတယ်ဆိုတာ မင်းသိမှာပါ။ ငါ အဲဒီပစ္စည်းတွေ ကို စွန့်လွှတ်ပြီး အေးအေးချမ်းချမ်းနေလာခဲ့တယ်၊ ဒါပေမဲ့ အခုတော့ ပစ္စည်းတွေဟာ ပြန်ပြီး အသုံးဝင်နေပြီ "

ဟုပြောလေ၏။

ထိုအခါ မိန်းမလျာမျိုးမြင့်က အဝေးဆီသို့ငေးကြည့်၍

" ရွာစားကြီးမှာ စွန့်စားခန်းဖွင့်ရဖို့ အကြောင်းအရာတွေ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



မြို့ထင်တယ် ''

ဟုမေးမြန်းလေ၏။

ကိုရွှေဝန်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ကျုပ်ကို လူတစ်ယောက်က အကူအညီကောင်းတဲ့အတွက် စွန့်စားခန်းဖွင့်ပေးရဦးမယ်၊ အဲဒီလူဟာ ကိုချိန်ခွင်ပဲ ''

ဟုပြောလေ၏။

ထိုအခါ မိန်းမလျာမျိုးမြင့်က သဘောကျဟန်ဖြင့်

'' ဟားဟားဟား... ကိုချိန်ခွင်က အကူအညီကောင်းတယ်ဆိုရင်တော့ ကျုပ်လည်း အချိန်မရွေး ကူညီမှာပါဗျာ၊ ကိုချိန်ခွင်ဟာ ကျုပ်ရဲ့ ဆောင်းရင်းကြီးပဲ မဟုတ်လား ''

ဟုပြောလေ၏။

ထို့နောက် မိန်းမလျာမျိုးမြင့်သည် အိမ်ခန်းထဲသို့ ဝင်ရောက်သွားပြီး ခဏကြာလျှင် လွန်စွာလှပသော ယွန်းသေတ္တာလေးတစ်လုံးကို ယူ၍ ပြန်ထွက်လာ၏။

ထို့နောက် မိန်းမလျာမျိုးမြင့်သည် ယွန်းသေတ္တာလေးကို ကိုရွှေဝန်၏ရှေ့၌ တရိုတသေချလိုက်ပြီး

'' ဒီပစ္စည်းလေးကို ကျုပ်သိပ်သဘောကျတယ်၊ ငွေဘယ်လောက်ပေးပေး ရောင်းဖို့ကြိုးစားမှာမဟုတ်ဘူး၊ ကိုချိန်ခွင်အတွက်ဆိုရင်တော့ ကျုပ်ဘက်က မငြင်းဆန်နိုင်ပါဘူး ''

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က





'' ပစ္စည်းတွေကို ဘယ်လိုသုံးရသလဲဆိုတာ ဒါ့ကိုပြပါဦး မင်း ည်းတွေဟာ ဒါ့မှာရှိတဲ့ ပစ္စည်းတွေထက်ပိုပြီး ခေတ်မီနေတယ် ''

ဟုပြောလေ၏။

ထိုအခါ မျိုးမြင့်က ခေါင်းညိတ်၍

'' ဒီပစ္စည်းတွေဟာ ဥရောပတိုက်သား ကြေးစားတွေသုံးတဲ့ ည်းကွ၊ အလွန်ခေတ်မီသလို အလွန်လည်း အဆင့်မြင့်တယ်၊ နှုတ်ခမ်း ပြုလုပ်ထားတဲ့ပုံကိုပဲ ကြည့်လေ၊ အစစ်နဲ့ခွဲလို့မရအောင်တူတယ်၊ တ်ပြီးတော့ တပ်ရတာလည်း အလွန်လွယ်တယ် ''

ဟုဆိုကာ နှုတ်ခမ်းမွေးကားကားကြီးတစ်ခုကိုယူ၍ နှုတ်ခမ်း၌ ပ်ပြလေ၏။

ထို့နောက် မိန်းမလျာမျိုးမြင့်က

'' နှုတ်ခမ်းမွေးတစ်ခုတပ်ဖို့အတွက် ကိုယ့်မှာရှိတဲ့နှုတ်ခမ်းမွေး တွေကို ရိတ်ထားဖို့တော့လိုတယ်၊ နှုတ်ခမ်းမွေးအတုမှာ တိပ်ပါတဲ့အ တ် ကိုယ့်နှုတ်ခမ်းမှာတပ်လိုက်ရုံပဲ၊ ဒါဆိုရင် အတုနဲ့အစစ် ခွဲလို့မရ အောင် တူတယ် ''

ဟု ရှင်းလင်းပြလေ၏။

ထိုအခါ ကိုရွှေဝန်က မိန်းမလျာမျိုးမြင့်၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ် များကိုယူကြည့်ရာ အမှန်ပင် အတုနဲ့အစစ် ခွဲရမအောင်တူကြောင်း ကို တွေ့ရ၏။

ထိုအခါ မိန်းမလျာမျိုးမြင့်က ဆံပင်တုအမျိုးမျိုးကိုပြလေ၏။

ထိုဆံပင်တုများမှာလည်း ဆံပင်အရောင်အမျိုးမျိုးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားခြင်းဖြစ်၏။

မိန်းမလျာမျိုးမြင့်က

“ ဆံပင်တုတပ်ပြီး ရုပ်ဖျက်တယ်ဆိုတာ အတော့်ကိုလွယ်လှတယ်၊ တော်ရုံလူတွေဟာ ဆံပင်တုနဲ့ နှုတ်ခမ်းမွှေးတပ်လိုက်ရင် ရုပ်ပြောင်းသွားလေ့ရှိတယ်၊ ဆံပင်တုအမျိုးမျိုးကို ကိုရွှေဝန်အတွက် ကျုပ်ပေးလိုက်တယ်၊ ဆံပင်တု တပ်မယ်ဆိုရင်တော့ ဆံပင်ကို တိုတိုညှပ်ထားဖို့လိုတယ်၊ ဆံပင်တုကို အပီပြင်ဆုံးတပ်ချင်ရင်တော့ ကတုံးတုံးထားတာအကောင်းဆုံးပဲ၊ ကတုံးတုံးထားတဲ့အတွက် ဆံပင်တုပုံစံအမျိုးမျိုးကို လဲလှယ်တပ်ဆင်နိုင်တယ်၊ တချို့ ဆံပင်တုတွေက ဆံပင်တိုပုံစံပြုလုပ်ထားတဲ့အတွက် သင့်တော်လိမ့်မယ် ”

ဟု ရှင်းလင်းပြလေ၏။

ထို့နောက် မျက်နှာပေါ်တွင် တပ်ဆင်ရမည့် မှဲ့အမျိုးမျိုးကို ပြသလေ၏။ ကိုရွှေဝန်က အလွန်ပါးလွှာသော ရောင်စုံပိုင်းလေးများကို နားမလည်ဟန်ဖြင့်ကြည့်ရှုလေရာ မိန်းမလျာမျိုးမြင့်က

“ ဒီပစ္စည်းလေးတွေဟာ အနောက်နိုင်ငံတွေမှာတော့ အတော်ခေတ်စားနေပြီ၊ ကျုပ်တို့ဆီမှာ သုံးတဲ့လူသိပ်မရှိသေးဘူး၊ မျက်လုံးအရောင်ကို ပြောင်းတဲ့နေရာမှာ အသုံးပြုတယ်၊ အလွန်သေးငယ်တဲ့ ဖန်ပြားလေးတွေကို မျက်လုံးမှာတပ်ဆင်ဖို့အတွက်တော့ အတော်လေ့ကျင့်ယူရမယ် ”

ဟုပြောလေရာ ကိုရွှေဝန်သည် ဖန်ပြားလေးများကို စိတ်ဝင်စားဟန်ဖြင့် ကြည့်ရှုလေ၏။





ထို့နောက် မိန်းမလျာမျိုးမြင့်သည် သွားအတုပုံစံအမျိုးမျိုးကို ထုတ်ပြလေ၏။

မျိုးမြင့်ကပင် ဆက်လက်၍

“ သွားအတုပုံစံ အမျိုးမျိုးကို အသုံးပြုပြီး ရုပ်ဖျက်တဲ့ပုံစံ အတော် ရှိနေပြီ၊ ကိုရွှေဝန်လည်း သိပြီးသားပဲ၊ ဒါပေမဲ့ ဒီနည်းက ဒီနေ့ထိ အဆင်ပြေနေတုန်းပဲ ”

ဟုပြောလေ၏။ ထို့နောက် မျိုးမြင့်က ရုပ်ဖျက်ရန် မိတ်ကပ် အမျိုးမျိုးကို ပြသပြန်၏။

မိန်းမလျာမျိုးမြင့်က

“ ဒီမိတ်ကပ်တွေအားလုံးဟာ အနောက်တိုင်းမှာ လက်ရှိအသုံးပြုနေတဲ့ မိတ်ကပ်တွေချည်းပါပဲ၊ ကျုပ်က ကိုရွှေဝန်ကို ရုပ်ဖျက်ရာမှာ အဓိကကျတဲ့ ပစ္စည်းတွေကို ပေးလိုက်ပြီ၊ ကျန်တဲ့အခြေခံ အချက်အလက်တွေကိုတော့ ကိုရွှေဝန်ဘာသာ ဆက်ပြီးတော့ ကြိုးစားပေတော့ ”

ဟုပြောလေ၏။

ထို့နောက်တွင်မူ ကိုရွှေဝန်သည် မိန်းမလျာမျိုးမြင့်အား ရုပ်ဖျက်သော ပစ္စည်းများအတွက် ငွေငါးထောင်ပေး၍ ထိုနေရာမှ ပြန်ခဲ့လေ၏။

ထို့နောက်တွင်မူ ကိုရွှေဝန်သည် ရုပ်ဖျက်သောပစ္စည်းများကို ယူဆောင်၍ စမ်းချောင်းဘက်ရှိ ဓာတ်ပုံဆိုင်တစ်ဆိုင်သို့သွားလေ၏။

ဓာတ်ပုံဆိုင်၏ပိုင်ရှင်မှာ ချောမောလှပသော မိန်းမငယ်တစ်ယောက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မိန်းမသားတစ်ယောက်ဖြစ်သော်လည်း ဓာတ်ပုံပညာကို ဝါသနာထုံလွန်းသဖြင့် ဘိလပ်၌ သွားရောက်ပြီး သင်ယူခဲ့သူဖြစ်၏။

ကိုရွှေဝန်သည် ထိုအမျိုးသမီး၏ ဓာတ်ပုံစတူဒီယိုသို့သွား၍

" ဒီမှာ မမြဝင်း၊ ကျုပ် ဓာတ်ပုံဆယ်ပုံလောက်ရိုက်ချင်တယ် "

ဟုပြောလေ၏။ ထိုအခါ မမြဝင်းဆိုသောအမျိုးသမီးက

" ရှင့်ဘာသာ ဆယ်ပုံမကလို့ ဘယ်လောက်ပဲရိုက်ရိုက်၊ ကျွန်မ ရိုက်ပေးနိုင်ပါတယ် "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းခါပြ၍

" ဒီမှာ မမြဝင်း၊ ကျုပ်ဓာတ်ပုံရိုက်ချင်တယ်ဆိုတာ ရိုးရိုးမဟုတ်ဘူး၊ ရုပ်ဖျက်ပြီး ပုံအမျိုးမျိုး ရိုက်မယ်လို့ပြောတာ၊ ကျုပ်ရိုက်တဲ့ပုံတွေကို ဒီနေ့ ဒီအချိန်ကစပြီး ခင်ဗျားကလွဲပြီး ဘယ်သူမှ မမြင်ရဘူး "

ဟုပြောလေ၏။

မမြဝင်းက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဒါလောက်ဆို သဘောပေါက်ပြီ ကိုရွှေဝန်၊ ကိုရွှေဝန် ကျွန်မဆီမှာ ဓာတ်ပုံလာရိုက်တယ်ဆိုတာ အထူးလျှို့ဝှက်ပြီး ဓာတ်ပုံရိုက်ချင်တာမဟုတ်လား။ စိတ်ချပါ၊ ကျွန်မဆီက ဒီသတင်းကို ဘယ်ကိုမှ မပေါက်ကြားစေရဘူး "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်သည် ရုပ်ဖျက်ပစ္စည်းအမျိုးမျိုးကို အသုံးပြု၍ ပုံစံအမျိုးမျိုးပြင်ကာ ဓာတ်ပုံများကို ရိုက်လေ၏။





ကိုရွှေဝန် ရုပ်ဖျက်ပုံကိုကြည့်၍ မမြဝင်းက

" ကိုရွှေဝန် ရုပ်ဖျက်တဲ့ပုံစံက အလွန်အဆင့်အတန်းမြင့်တယ်၊ ကျွန်မ ဘိလပ်မှာ ဓာတ်ပုံပညာသွားသင်တုန်းက မိတ်ကပ်ပညာကျွမ်းကျင်တဲ့ မိတ်ဆွေတစ်ဦးနဲ့ ခင်မင်ခဲ့ဖူးတယ်၊ ဒါကြောင့် ရှင့်ရဲ့ရုပ်ပြောင်းလုပ်ပညာက အလွန်အဆင့်မြင့်တယ်လို့ ကျွန်မပြောရဲတာပဲ "

ဟုပြောလေ၏။

ထို့နောက် ကိုရွှေဝန်သည် မမြဝင်းထံမှ ဓာတ်ပုံ နတ္တတစ်များကို ဆောင်းယူ၍ ထိုနေရာမှ ထွက်ခဲ့ပေတော့၏။

အက်ဒမန်ကျွန်းမှ ပြန်လာမှပင် မမြဝင်းအတွက် ပစ္စည်းများတစ်ထုပ်ကို ယူဆောင်လာမည်ဟု ဆုံးဖြတ်ထား၏။

ကိုရွှေဝန်သည် ကိုရဲခေါင်တို့ မောင်နှမရှိရာ ကန်တော်ကြီးစောင်း အိမ်ကြီးဆီသို့ ထွက်ခဲ့လေ၏။

အိမ်ကြီးသို့ရောက်သောအခါ မောင်နှမနှစ်ယောက်သည် ကိုရွှေဝန်အား အိမ်ကြီး၏အပေါ်ထပ်ဆီသို့ခေါ်ဆောင်သွား၏။

ထို့နောက် ကိုရဲခေါင်က အက်ဒမန်ကျွန်းနှင့်ပတ်သက်သောကိစ္စများကို မေးမြန်းလေ၏။

ကိုရွှေဝန်က

" အက်ဒမန်ကျွန်းကို သွားဖို့အတွက် ကျုပ်ဘက်က ပြင်ဆင်ရမှာရှိတာတွေကို ပြင်ဆင်ပြီးပါပြီ၊ ဒါပေမဲ့ အသေးစိတ်ကိစ္စတွေကို ကျုပ်ကို မမေးဖို့ မေတ္တာရပ်ခံချင်တယ် "

ဟုဆိုလိုက်ရာ မြနန်းရွယ်က မျက်မှောင်ကြုတ်၍

www.burmeseclassic.com



" ကိုရွှေဝန်က ဘာဖြစ်လို့ မေးမြန်းတာမကြိုက်တာလဲ "

ဟုပြောလေ၏။

ကိုရွှေဝန်က သက်ပြင်းချ၍

" အက်ဒမန်ကျွန်းနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ လျှို့ဝှက်ထားတာ အကောင်းဆုံးပဲ၊ မြနန်းနွယ်တို့မောင်နှမကို ကျုပ် မယုံကြည်လို့မဟုတ်ပါဘူး၊ ဒါပေမဲ့ နံရံတိုင်းမှာ နားတွေရှိတယ်ဆိုတဲ့ စကားကို ကြားဖူးတယ်မဟုတ်လား။ အက်ဒမန်ကျွန်းကို ရောက်ရင် ကျွန်းပေါ်မှာ အဆက်အသွယ်တွေ အများကြီးရှိပါတယ်၊ ကျွန်းပေါ်မှာရှိနေစဉ် ကျုပ်ဟာ လူတော်တော်များများကို ကူညီခဲ့ဖူးတယ်၊ ကျုပ်အတွက် လိုအပ်ပြီဆိုရင် မိတ်ဆွေတွေက အကူအညီပေးဖို့ ဝန်လေးမှာမဟုတ်ဘူး "

ဟု ရှင်းပြလေ၏။

ထိုအခါ မြနန်းနွယ်က သက်ပြင်းချ၍

" ကိုရွှေဝန်ဟာ အက်ဒမန်ကျွန်းနဲ့ပတ်သက်ရင် သိပ်အလေးအနက်ထားတယ်နော်၊ အက်ဒမန်ကျွန်းကို သွားမဲ့အချိန်ကိုတော့ ကျွန်မတို့ကို ပြောနိုင်မှာပါနော် "

ဟုပြောလေ၏။

ကိုရွှေဝန်က မျက်မှောင်ကြုတ်၍

" အက်ဒမန်ကျွန်းကို ဘယ်နေ့ဘယ်ရက်သွားမယ်လို့ ကျုပ် အတိအကျ မပြောနိုင်သေးဘူး၊ ဒီတစ်လအတွင်း အက်ဒမန်ကျွန်းကို အရောက်သွားမှာတော့ သေချာပါတယ် "

ဟုပြောလေ၏။ ထိုအခါ မြနန်းနွယ်က



" ကျွန်းကိုရောက်ရင် ကျွန်မတို့ကို ဘယ်လိုဆက်သွယ်မှာလဲ "

ဟု မေးမြန်းလေ၏။ ကိုရွှေဝန်က ခေါင်းခါယမ်း၍

" ဘယ်လိုမှ မဆက်သွယ်ဘူး၊ အက်ဒမန်ကျွန်းနဲ့မြန်မာပြည်ဘာ ဆက်သွယ်ဖို့အတွက် သင်္ဘောကြီးနဲ့စာပေးဖို့ပဲရှိတယ်၊ ဒီလို စာပေးတဲ့နည်းဟာ အင်မတန် လုံခြုံမှုနည်းပါတယ်၊ ဒါကြောင့် လုံခြုံစိတ်ချရတဲ့နည်းနဲ့တော့ မြနန်းနွယ်တို့ကို ကျုပ် ဆက်သွယ်မှာမဟုတ်ဘူး။ မြနန်းနွယ်တို့မောင်နှမကို ကျုပ်အခုကပြောချင်တာကတော့ ကျုပ်ကိုယုံကြည်ပါ၊ ကျုပ်ဟာ ပေးပြီးသား ကတိတစ်ခုကို ဘယ်တော့မှ မဖျက်တတ်ဘူး၊ ကျုပ်လုပ်မယ်ဆိုတဲ့ အလုပ်တစ်ခုအတွက်လည်း အသက်နဲ့လဲပြီးတော့ ဆောင်ရွက်လေ့ရှိတယ်၊ အဲဒါကို ယုံကြည်ပါ "

ဟုပြောလေ၏။

ကိုရဲခေါင်က ဝင်ရောက်၍

" ကိုရွှေဝန်ရဲ့အကြောင်းကို ကျုပ်တို့မောင်နှမ ကြားဖူးနားဝရှိပါတယ်၊ ကိုရွှေဝန်ကို မယုံကြည်လို့ ဒီလိုပြောတာ မဟုတ်ပါဘူး၊ ပတ္တမြားနဲ့ပတ်သက်လို့ ကျုပ်တို့ အလွန်စိတ်လှုပ်ရှားနေရပါတယ်၊ ဒါကြောင့် အခုလိုဇောနဲ့ မေးမြန်းမိတာ ခွင့်လွှတ်ပါ "

ဟု ပြောလေ၏။ ကိုရွှေဝန်က ခေါင်းညိတ်၍

" ခင်ဗျားတို့ရဲ့ခံစားချက်ကို ကျုပ် နားလည်ပါတယ်၊ ကျွန်းပေါ်မှာ အခြေအနေကောင်းပြီး ယုံကြည်စိတ်ချရတဲ့ လူယုံရှိမယ်ဆိုရင် ကျုပ်ရဲ့လုပ် တိုးတက်မှုကို အကြောင်းကြားပါ့မယ်၊ ကဲ... ကျုပ်သွားတော့မယ်၊ နောက်တစ်ကြိမ်ပြန်လာခဲ့ဦးမယ် "

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ မောင်နှမနှစ်ယောက်ကို နှုတ်ဆက်၍ ပြန်ခဲ့
တော့၏။

ကိုရွှေဝန် ပြန်သွားသောအခါ မြနန်းနွယ်က သက်ပြင်းချ၍

" သူဟာ အက်ဒမန်ကျွန်းနဲ့ပတ်သက်ပြီး အတော်အ
အနက်ထားတာပဲနော်၊ သူ ကျွန်မတို့ဆီက ငွေတွေယူသွားတယ်၊ သူ
ယုံကြည်စိတ်ချလို့ ရပါ့မလား "

ဟုမေးမြန်းလေ၏။ ထိုအခါ ကိုရဲခေါင်က သက်ပြင်းချ၍

" ကိုရွှေဝန်ဟာ ပေးပြီးတဲ့ကတိတစ်ခုနဲ့ပတ်သက်ပြီး အ
စောင့်ထိန်းတတ်တယ်လို့ ကြားဖူးတယ်၊ ကျုပ်တို့ဆီက ယူတယ်ဆို
ငွေဟာ မဖြစ်စလောက်ပါဘူး။ သူ့ကို ဒီထက်ပိုပြီး အများကြီးပေးခဲ့
တောင် ကျုပ်တို့ ရည်ရွယ်ထားတာပဲ၊ ကျုပ်တို့ပေးတဲ့ငွေကို သူ လက်
ခဲ့ဘူးလေ၊ ကိုရွှေဝန်ရဲ့ ဘဝမှာ ငွေဟာ ဘယ်တော့မှမရှားဘူး၊ သူ
ငွေတွေအများကြီး ပိုင်ဆိုင်ခဲ့ဖူးတယ်၊ သူ့ရဲ့ ထူးခြားတဲ့အကျင့်က
တွေကို လိုချင်ရင် လိုက်ရှာတယ်၊ မလိုချင်တော့ရင်လည်း တစ်ပြိုင်
တစ်ပြားမကျန်အောင် စွန့်လွှတ်ပစ်တတ်တယ်၊ ကျုပ်တို့နဲ့ရို
ရန်ကုန်မြို့ကို တက်လာကာနီးမှာ သူပိုင်တဲ့ အိမ်တွေ၊ ပစ္စည်းဥစ္စာတွေ
ဆရာတော်နဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို လှူဒါန်းခဲ့တယ် "

ဟုပြောလေရာ မြနန်းနွယ်က စိတ်ဝင်စားဟန်ဖြင့်

" ကိုရွှေဝန်ရဲ့အကြောင်းတွေကို ကျွန်မထက် အစ်ကိုက
တယ်၊ အစ်ကိုသိသလောက်ပြောပြပါဦး "

ဟုပြောလေ၏။ ထိုအခါ ကိုရဲခေါင်က



" ကိုရွှေဝန်နဲ့ပတ်သက်ပြီးတော့ ဆားပုလင်းမင်းအောင်ရဲ့ပြော
က်တွေအရ သူ့အကြောင်းတွေကို အတော်လေးသိခွင့်ရခဲ့တယ်၊
ရွှေဝန်ဟာ လူထူးလူဆန်းတစ်ယောက်ပဲ၊ သူ့ကို အကြောင်းသိတဲ့
တွေက ရှာစားကြီးလို့ခေါ်ကြတယ်၊ သူဟာ ရှာစားကြီးလို လက်သံ
င်တယ်၊ သူနဲ့ရင်ဆိုင်တွေ့တဲ့လူမှန်သမျှ သူ့ရဲ့လှည့်ကွက်ထဲမှာ ကျ
ရတာချည်းပဲ၊ သူ့ရဲ့ငယ်ဘဝဟာ ကြမ်းတမ်းခက်ထန်ခဲ့တယ်၊ သူ့
တာ လယ်တွေအများကြီးပိုင်တဲ့ လယ်ပိုင်ရှင်ကြီးတစ်ယောက်ရဲ့
ပဲ၊ သူ့အဖေဟာ မျိုးနဲ့ရိုးနဲ့ လိမ်ညာစားသောက်နေတဲ့ လူလိမ်
ယောက်ပဲ၊ သူ့အဖေကို လူအများက ပွဲစားကြီးငွေဝန်ဆိုပြီး သိကြ
၊ သူ့အဖေဟာ တစ်ခါတစ်ရံ လေ့သူကြီးတစ်ယောက်လို ဝိုက်ဖမ်း
း အောက်ပြည်အောက်ရွာက ပွဲရုံတွေကို လိမ်ညာတယ်၊ အညာက
သည်တွေနဲ့တွေ့ရင်လည်း အောက်ပြည်အောက်ရွာက ပွဲရုံပိုင်ရှင်ကြီး
မ်းတယ်၊ နောက်ပြီးတော့ သူဟာ စိန်ပွဲစားယောင်ယောင်၊
တ်ပွဲစားယောင်ယောင်နဲ့ လူကုံထံအသိုင်းအဝိုင်းတွေမှာ လှည့်
ပြီး လက်တစ်လုံးခြား လိမ်လည်လှည့်ဖျားလေ့ရှိတယ်၊ ဦးငွေဝန်
ရောက်လေရာမှာ မိန်းမတွေ ယူဖို့ကြိုးစားခဲ့တယ်၊ သူယူခဲ့တဲ့
တွေဟာလည်း အားလုံး ဒိတ်ဒိတ်ကျဲတွေချည်းပဲ၊ မိန်းမတွေနဲ့
သက်ပြီး အလွန်စွံတဲ့နေရာမှာတော့ သူတို့သားအဖ နှစ်ယောက်
တူညီကြတယ်၊ သူ့အဖေဟာ မိန်းမတွေအများကြီးယူခဲ့ပေမဲ့
သမီးမရခဲ့ဘူး၊ ကိုရွှေဝန်ရဲ့အမေနဲ့တွေ့မှပဲ သားသမီးရခဲ့တယ်၊
ကြောင့် သူဟာ ကိုရွှေဝန်ကို အလွန်ချစ်တယ်၊ သူငယ်စဉ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်ကို သွားလေရာခေါ်သွားခဲ့တယ်၊ ကိုရွှေဝန်ရဲ့ မိခင်က
လင်ကံမကောင်းရှာတဲ့အတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးခဲ့ရှာ
ကိုရွှေဝန်ဟာ ဖခင်နောက်ကို တကောက်ကောက်လိုက်ပြီး သူ့
ကလိမ်ကျတဲ့အမှုတွေမှာ လိုက်ပြီးကူညီပေးခဲ့တယ်၊ ကိုရွှေဝန်ရဲ့
ဟာ နယ်ချဲ့အစိုးရ အရာရှိကြီးတွေကိုတောင် မရှောင်ဘဲ လိမ်
လှည့်ဖျားခဲ့တယ်၊ ရန်ကုန် ပုလိပ်မင်းကြီးကတော်ဆီတောင်မရှော
အင်မတန်ညံ့တဲ့ကျောက်တစ်လုံးကို အဖိုးတန်ပတ္တမြားဆိုပြီး လိမ်
လှည့်ဖျားပြီးရောင်းချခဲ့တယ်၊ ပြတုန်းကတော့ အဖိုးတန်ပတ္တမြား
ပြတယ်၊ ရောင်းကာနီးကျတော့ အင်မတန်ညံ့တဲ့ ကျောက်တစ်
အစားထိုးပေးခဲ့တယ်၊ ဒီလိုပဲ ရှမ်းပြည်နယ်က စော်ဘွားတွေ၊ စော်
ကတော်တွေကိုလည်း အောက်ပြည်အောက်ရွာကကုန်သည်
ယောင်ဆောင်ပြီး လိမ်လည်လှည့်စားခဲ့သေးတယ်၊ ဒါပေမဲ့ သူ့အဖေ
လှုပ်းပုလင်းကွဲထိတယ်လို့ဆိုရမယ်၊ သူဟာ မော်လမြိုင်မြို့မှာ
လည် တစ်ယောက်နဲ့ပျော်ပါးရင်း အဲဒီမိန်းမလည်ရဲ့ ပစ္စည်း
သတ်ဖြတ်ခြင်းကို ခံလိုက်ရတယ်၊ လူတွေအများကြီးရဲ့ မျက်ခုံး
စကြီးလျှောက်လာတဲ့ ကိုရွှေဝန်ရဲ့အဖေဟာ ဘာမဟုတ်တဲ့ မိန်းမ
တစ်ယောက်ရဲ့လက်ထဲမှာ အသက်ဆုံးခဲ့ရတယ်၊ အဲဒီတုန်းက ကိုရွှေ
ရဲ့အသက်ဟာ ဆယ့်သုံးနှစ်အရွယ်လောက်ပဲရှိသေးတယ်၊ ကိုရွှေ
ရန်ကုန်မြို့က ပွဲရုံပိုင်ရှင် လင်မယားနှစ်ယောက်က မွေးစားခဲ့
သူတို့ဟာ သားသမီးမရှိတဲ့အတွက် ကိုရွှေဝန်ကို သားတစ်ယော
သဘောထားပြီး ပညာသင်ပေးခဲ့တယ်၊ ကိုရွှေဝန်ဟာ သူ့ အဖေ





ယ်ထင်ပါရဲ့၊ ဘမျိုးဘိုးတူဆိုတာ ကိုရွှေဝန်လိုလူမျိုးပဲ၊ ကိုရွှေဝန်ဟာ
အဖေထက်သာတာတစ်ခုက သူ့မှာလိမ်လည်လှည့် ဖျားတတ်တဲ့
ုပ်အပြင် စွန့်စားခန်းဖွင့်ဖို့၊ လောင်းကစားလုပ်ဖို့လည်း ဝါသနာ
ယ်၊ ကိုရွှေဝန်ဟာ သူ့အဖေထက်သာလွန်တာ တစ်ခုရှိသေးတယ်၊
ါတာ သူ့အဖေဟာ ကိုယ့်ကျိုးစီးပွားအတွက် လိမ်လည်လှည့်ဖျား
ယ်၊ ကိုရွှေဝန်ကတော့ လိမ်လည်လှည့်ဖျားပြီးရရှိတဲ့ ငွေကြေး ဥစ္စာတွေ
အများအကျိုးအတွက် ခွဲဝေလှူဒါန်းလေ့ရှိတယ်၊ ကိုရွှေဝန်ဟာ
င်မတန်ဉာဏ်ရည်ထက်မြက်တယ်၊ ဒါကြောင့် အရှေ့တိုင်းက
ာသာစကားတော်တော်များများကို သူပြောတတ်တယ်၊ ကိုရွှေဝန်
ာ ဥပဓိရုပ်ကောင်းသလောက် မိန်းမတွေလည်း အတော်စွဲတယ်လို့
ရတယ်၊ ရောက်လေရာနေရာမှာ မိန်းမတွေ မှိုလိုပေါက်အောင်
ဖြစ်ခဲ့တယ် ''

ဟုပြောလေရာ မြနန်းနွယ်က

'' ဒါဆိုရင်တော့ ဒီလူရဲ့အကျင့်စာရိတ္တဟာ တော်တော်ညံ့ဖျင်း
ာပဲ ''

ဟုဝေဖန်လိုက်လေ၏။

ကိုရဲခေါင်က သက်ပြင်းချ၍

'' လူတစ်ယောက်မှာ အားနည်းချက်တစ်ခုတော့ ရှိနေမှာပါ
ရွှေဝန်ဟာလည်း သူ့အဖေလိုပဲ တွဲလိုက်တဲ့မိန်းမတွေဟာလည်း ဒိတ်
ာ်တဲ့တွေပဲများတယ်၊ သူ့အဖေထက် သာလွန်တဲ့အချက်က ခေတ်
ညာတတ်တယ်၊ ဘာသာစကား အမျိုးမျိုးကို ပြောဆိုနိုင်တယ်၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ငယ်စဉ်-ကျောင်းနေစဉ်အချိန်ကတည်းက အတန်းတူသူငယ်ချင်း… တွေကို လက်တစ်လုံးကြား လိမ်ညာလှည့်ဖျားခဲ့တယ်၊ ငယ်စဉ်… အတန်းထဲမှာ ပထမရချင်တဲ့အတွက် သူ့ထက်စာတော်တဲ့ကျောင်းသား… တွေရဲ့စာအုပ်တွေကို ဖျောက်ဖျက်ပစ်ခဲ့ဖူးတယ်၊ ပြီးတော့ စည်းကမ်း… တဲ့ ကျောင်းအုပ်ကြီးနဲ့ ဆရာမတွေကို ရန်တိုက်ပေးပြီး ကျောင်းတ… လုံး ပြောင်းဆန်အောင်လုပ်ခဲ့တယ်၊ နောက်တော့ သူ ကျောင်း… အထုတ်ခံရပြီး မွေးစားမိဘတွေရှိတဲ့အိမ်က ထွက်ပြေးခဲ့တယ်၊ လူကုံ… တွေရဲ့ မျက်ခုံးမွှေးပေါ်မှာ စကြီးလျှောက်နေခဲ့တယ်၊ ကိုရွှေဝန်… မကောင်းမှု ဒုစရိုက်ဘက်မှာအလွန်ကျွမ်းကျင်တဲ့လူပဲ၊ သူဟာ … ထွင်းဝိဇ္ဇာတစ်ဦးဖြစ်သလို၊ လိမ်ညာတဲ့နေရာမှာလည်း စံတင်လော… တယ်၊ ဘုရင်ခံရဲ့ဒါဘာပွဲမှာ ဘုရင်ခံကတော်ရဲ့အလှပြင်သမားယော… ဆောင်ပြီး အဖိုးတန်ရတနာတွေကို အများကြီးခိုးယူသွားတယ်၊ အိန္ဒိ… က မဟာရာဇာကြီးတစ်ဦးကိုလည်း အလွန်အဖိုးတန်တဲ့စိန်ဝယ်… ပြီး စိန်တွေပြခိုင်းတယ်၊ နောက်တော့ မဟာရာဇာကြီးရဲ့အဖိုးတန်… ကြီးကို စိန်အတုတွေနဲ့လဲပြီး အရယူသွားတယ်၊ သူ့အဖေ ဦးရွှေ… အစဉ် အမြဲသုံးစွဲခဲ့တဲ့ နည်းပဲဖြစ်တယ်၊ သူဟာ မြန်မာပြည်ထဲ… လိမ်ညာလှည့်ဖျားရတာ အားမရလို့ အိမ်နီးချင်းနိုင်ငံတွေမှာလည်း… လိမ်ညာလှည့်ဖျားခဲ့တယ်၊ အိန္ဒိယကို စိတ်စွမ်းအင်ပညာရှင်အ… သွားပြီး လူတွေရဲ့ အနာဂတ်ကို ကြိုတင်ဟောပြောနိုင်တယ်ဆို… လိမ်ညာခဲ့တယ် ''

ဟုပြောလေရာ မြနန်းနွယ်က စိတ်ဝင်စားဟန်ဖြင့်ကြည့်…



'' ဒီလူဟာ အတော်ဥာဏ်နီဥာဏ်နက်များတာပဲနော်၊ သူဟာ …သာယ်ပဲ ဂမ္ဘီရပညာတွေကို တတ်ကျွမ်းလို့လား ''

ဟုမေးမြန်းလေ၏။ ကိုရဲခေါင်က ခေါင်းခါယမ်း၍

'' သူဟာ ဂမ္ဘီရပညာလည်း မတတ်ကျွမ်းဘူး၊ စိတ်စွမ်းအင် …ညာရှင်လည်း မဟုတ်ဘူး၊ သူဟာ လူတွေရဲ့သဘောသမနောကို …ကောင်းကောင်းနားလည်တယ်၊ သူဟာ အိန္ဒိယကိုမရောက်မီမှာ …သွားကျော်ကြားတဲ့ လူကုံထံအသိုင်းအဝိုင်းက အကြောင်းအရာတွေ …ကြိုတင်ပြီး စုံစမ်းထားတယ်၊ သူဟာ စိတ်စွမ်းအင်ကို တကယ် …ကျွမ်းကျင်ပေမဲ့ လူတွေရဲ့သဘောသဘာဝကို ရိပ်စားမိတဲ့အတွက် …ရဲ့ ခန့်မှန်းပြီးဟောပြောချက်တွေက သွေးထွက်အောင် မှန်နေခဲ့တယ်၊ …သူဟာ စိတ်စွမ်းအင်မရှိပေမဲ့ လူတွေရဲ့စိတ်ပညာကို ကောင်းကောင်းကြီး …သည်ခဲ့တယ်၊ ဒါ့ကြောင့် သူဟာ အိန္ဒိယကလူတွေ ဘာကိုအလိုရှိ …ဆိုတာ သူရိပ်မိတယ်၊ သူ့ရဲ့ဟောပြောချက်တွေမှာ လူတွေရဲ့ …ချက်တွေကို ပြည့်စုံစေရမယ်ဆိုတဲ့အကြောင်းအရာတွေ ရှန်းရှန်း …အောင် ပါဝင်ခဲ့တယ်၊ ဒါ့ကြောင့် လူကုံတန်အသိုင်းအဝိုင်းက သူ့ဒွေး …ကြိုက်တွေဟာ သူ့မှသူဆိုပြီးဖြစ်ခဲ့ကြတယ်၊ အိန္ဒိယကို ရောက်တုန်း …ကြီး ဗေဒပညာရှင်ကြီးတွေတောင် သူ့ကို မျက်လုံးပြူးခဲ့ကြတယ်၊ …ဟာ အစစ်အမှန်လား၊ အတုအယောင်လားဆိုတာ ခွဲခြားရ အလွန် …ယ်၊ ဘာကြောင့်လဲဆိုတော့ သူဟာ ဗေဒင်ပညာကို ဗေဒင်ပညာ …ထွ လက်မြှောက်အရှုံးပေးရလောက်အောင် သူကျွမ်းကျင်တယ်၊ …ဝတ်သက်တဲ့ကျင့်စဉ်တွေကိုလည်း ကြားဖူးနားဝရှိသမျှ အကုန်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောတတ်တဲ့အတွက် မသိတဲ့လူတွေက အထင်ကြီးကြတယ်
ကိုရွှေဝန်ရဲ့အရည်အချင်းတွေက အများကြီးပဲ၊ သူဟာ ဂီတအနုပညာ
ကိုလည်း အတော်တီးမိခေါက်မိတယ်၊ တယောနဲ့ စန္ဒရားတီး အလွန်
ကောင်းတဲ့အတွက် ညှော်ခံပွဲတွေမှာဆိုရင် သူ့အနားမှာ မိန်းမလှလေး
တွေ ဝိုင်းဝိုင်းလည်နေတတ်တယ်၊ သူဟာ အိန္ဒိယကိုရောက်တုန်း
မဟာရာဇာကြီးတစ်ဦးရဲ့သမီးကို ချစ်ဟန် ဆောင်ပြီး ရွှေငွေရတနာတွေ
အများကြီး လိမ်ညာလှည့်ဖျားသွားခဲ့တယ် ''

ဟုပြောလေရာ မြနန်းနွယ်က မျက်နှာရှုံ့မဲ့ပြီး

'' မိန်းမသားတွေကို မုယာမာယာသုံးပြီး ချူစားတဲ့ယောကျ်ား
တွေကိုတော့ ကျွန်မ အင်မတန်ရွံမုန်းတယ်၊ ကိုရွှေဝန်ဟာ ကျွန်မ လေး
စားတဲ့ယောကျ်ားတစ်ယောက် မဟုတ်တော့ဘူး ''

ဟုပြောလေ၏။

ကိုရဲခေါင်က သက်ပြင်းချ၍

'' ကိုရွှေဝန်ဟာ အိန္ဒိယမှာ စိတ်စွမ်းအင်လိုလို၊ ဗေဒင်ပညာ
လိုလိုနဲ့ ကျင်လည်ခဲ့ဖူးတယ်၊ တရုတ်ပြည်ကိုရောက်တော့ သူဟာ
အလွန်ကျွမ်းကျင်တဲ့ ရတနာကုန်သည်ကြီးဖြစ်သွားခဲ့တယ်၊ တရုတ်
သူဌေးသူကြွယ်ကြီးတွေရဲ့ ရတနာပစ္စည်းတွေကို ရောင်းဝယ်ပေးမယ်
ဆိုပြီး လိမ်လည်လှည့်ဖျားခဲ့တယ်၊ အချို့သောရတနာတွေကို
တတ်ကျွမ်းတဲ့ လက်လှည့်ပညာနဲ့ယူဆောင်ခဲ့တယ်၊ သူ့ရဲ့လိမ်လည်
လှည့်ဖျားမှုတွေ ပေါ်တဲ့အခါ ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး လက်တစ်လုံးခြား
လှည့်ဖျားနိုင်ခဲ့တယ်၊ သူဟာ ရုပ်ပြောင်းရုပ်လွှဲပညာမှာလည်း အတော်





ကျင်တယ်၊ သူ့ရဲ့ထူးခြားတဲ့ အတတ်ပညာတစ်ခုကတော့
ပြောင်းရုံတင်မဟုတ်ဘူး၊ အသံပါ ပြောင်းနိုင်တယ်၊ သူဟာ
ယောကျ်ားတစ်ယောက်အသံ၊ မိန်းမ တစ်ယောက်အသံ စသည်ဖြင့်
အမျိုးမျိုးပြုလုပ်နိုင်တယ်၊ ဒါ့ကြောင့် သူ့ရဲ့ရုပ်ပြောင်းရုပ်လွှဲ မညာ
ပြီးတော့ အံ့ဆင့်မြင့်တာပေါ့၊ သူဟာ တိဘက်ကိုရောက်တော့
ပြည်က မြို့စားကြီးတစ်ယောက်ဟန်ဆောင်ပြီးသွားခဲ့တယ်၊
တ်နန်းတွင်းမှာ ဂမ္ဘီရနဲ့စိတ်စွမ်းအင်ပညာ တွေကို သင်ယူခဲ့တယ်၊
တ်လူမျိုးတွေ အများဆုံးကျွမ်းကျင်တဲ့ အကြောကိုင်ပညာကို
တတ်မြောက်ခဲ့တယ်လို့ဆိုတယ်၊ ကိုရွှေဝန်ဟာ လက်နက်
ဆောင်လေ့မရှိဘူး၊ ဒါပေမဲ့ သူ့ရဲ့လက်နက်မဲ့တိုက်ခိုက်ရေးပညာဟာ
သူမှမခန့်မှန်းနိုင်အောင် အစွမ်းထက်တယ်၊ ဆားပုလင်းမင်းအောင်
တိုင် ကမ္ဘာပေါ်မှာ သူအကြောက်ဆုံး တိုက် ခိုက်ရေးပညာရှင်တွေ
မှာ ပန်းကိုးပွင့်ဒေဝီဆိုတဲ့မိန်းမနဲ့ ကိုရွှေဝန် အပါအဝင်ပဲလို့ဆိုတယ်၊
ရွှေဝန်ရဲ့ ထူးခြားချက်က ပညာရပ်မျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင်
မြောက်တယ်၊ သူ့ရဲ့ရင်းနှီးတဲ့အပေါင်းအသင်းများက ဥာဏ်ရည်
သွေးအလွန်ထက်တယ်လို့ဆိုကြတယ်၊ ကိုရွှေဝန်ဟာ စာမျက်နှာ
ရှိတဲ့ စာအုပ်တစ်အုပ်ကို တစ်ကြိမ်ဖတ်ပြီး အလွတ်ရွတ်ပြနိုင်တယ်
သတင်းကြီးခဲ့ဖူးတယ်၊ ကိုရွှေဝန်ဟာ မိန်းမတော်တော်များများကို
လောက်အောင် စကားပြောဆိုတတ်တယ်၊ ဇာတ်ရှင်ထဲက မင်းသား
ယောက်လို ရွှံတယ်၊ အိန္ဒိယမဟာရာဇာရဲ့ အိမ်တော်ကို ဝင်ပြီး
နန်းက ကံဆိုးမိုးမှောင်ကျပြီး လက်ပူးလက်ကျပ် မိသွားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်ကို လက်ပူးလက်ကျပ် ဖမ်းဆီးမိသူဟာ အိန္ဒိယ ၊ဟာရာဂျာရဲ့ အချစ်ဆုံးသမီးလေးပဲ၊ ကိုရွှေဝန်ဟာ မဟာရာဂျာရဲ့သမီးကို ဘယ်လို စည်းရုံးလိုက်လဲမသိဘူး၊ အဲဒီညမှာ မဟာရာဂျာရဲ့သမီးဟာ ကိုရွှေဝန် နောက်ကို လိုက်လာခဲ့တယ်၊ ဒီအချိန်ကစပြီး ကိုရွှေဝန်ဟာ မိန်းမ တစ်ယောက်ကို အတည်တကျ ပေါင်းသင်းယူခဲ့တာပဲ၊ နောက်တော့ မဟာရာဂျာရဲ့သမီးဟာ ချောင်းဆိုးသွေးပါရောဂါနဲ့ အသက်ဆုံးခဲ့ တယ်၊ ဒီလိုနဲ့ ကိုရွှေဝန်ဟာ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူခဲ့တယ်၊ ဒါပေမဲ့ ဘယ်သူမှမမြဲပါဘူး၊ သူဟာ လွတ်လွတ်လပ်လပ် နေတတ်သူဖြစ်ပြီး ဘယ်မိန်းမနဲ့မှ သားသမီးမယူခဲ့ပါဘူး၊ ကိုရွှေဝန် အကြောင်းကို ပြောရရင်တော့ စာတစ်စောင် ပေတစ်ချပ်ဖြစ်အောင် ပြောရမလိုပဲ၊ အိန္ဒိယနဲ့ စာရှတ်ပြည်မှာ သူ့ကို အသေရရ အရှင်ရရ လိုချင်သူတွေအများကြီးရှိတယ်၊ တိဘက်ပြည်က လားမားအချို့ တောင် ကိုရွှေဝန်ကို မကျေနပ်ကြဘူး၊ ဘာကြောင့်လဲဆိုတော့ တိဘက် က လျှို့ဝှက်ဆေးကျမ်းတွေကို ကိုရွှေဝန် ခိုးယူသွားခဲ့လို့ပဲ ”

ဟုရှည်လျားစွာပြောဆိုလေရာ မြနန်းနွယ်က သက်ပြင်းချ၍

“ အစ်ကိုက သူနဲ့ပတ်သက်ပြီး အတော်လေ့လာထားတာပဲ နော်၊ ဒီအကြောင်းတွေကို ဆားပုလင်းမင်းအောင်ဆီက သိရတာလား ဆားပုလင်းမင်းအောင်လို ဥပဒေဘောင်အတွင်းကလူနဲ့ ကိုရွှေဝန်လို အင်မတန် ဆိုးမိုက်တဲ့လူနဲ့ ရင်းနှီးကျွမ်းဝင်နေတာ အံ့သြစရာပဲ ”

ဟုပြောလေ၏။

ထိုအခါ ကိုရဲခေါင်က သက်ပြင်းချ၍





“ ဆားပုလင်းမင်းအောင်ဟာ ကိုရွှေဝန်ကို ဘယ်တော့မှ ဒုစရိုက်သမားတစ်ယောက်လို မဆက်ဆံခဲ့ဘူး၊ သူဟာ ကိုရွှေဝန်ကို သစ္စာရှိရောင်းရင်းကြီးတစ်ယောက်လိုပဲဆက်ဆံတယ်၊ ဒါကြောင့် ကိုရွှေဝန်နဲ့ ဆားပုလင်းမင်းအောင်ကြားမှာ ဆက်ဆံမှုတစ်ခုတော့ရှိမှာ သေချာတယ် ”

ဟုပြောလေ၏။

မြနန်းနွယ်က အဝေးဆီကိုငေးကြည့်ရင်း

“ သူဟာ ပစ္စည်းဥစ္စာနေတွေ ချမ်းသာကြွယ်ဝဖူးတယ်လို့ဆို တယ်၊ ဒါပေမဲ့ ကျွန်မတို့ရဲ့ ပတ္တမြားကြီးတာ အဖိုးထိုက်တန်တဲ့အတွက် သူ့ကို ယုံကြည်စိတ်ချလို့ရပ့်မလား၊ သူဟာ ကျွန်းမင်းကြီးဆီက ပတ္တမြား ကြီးကိုလုယူပြီး ကျွန်မတို့ဆီကို လာမအပ်ဘဲ တစ်ကိုယ်တည်းအပျော် နှိတ်ရင်ရတာပဲ ”

ဟုပြောလေ၏။

ကိုရဲခေါင်က သက်ပြင်းချ၍

“ ကိုရွှေဝန်ဟာ တစ်သက်လုံးငွေတွေအများကြီးရှာဖွေခဲ့တယ်၊ ဒါပေမဲ့ စည်းစိမ်ဥစ္စာတွေကို ကိုယ်ကျိုးအတွက် အသုံးမပြုခဲ့ဘူး၊ လောင်း ကစားအတွက် သုံးစွဲပြီးရင် အများအကျိုးရှိတဲ့နေရာတွေမှာ အသုံးပြု လိုက်တာများပါတယ်၊ ဒါကြောင့် ပတ္တမြားကြီးနဲ့ပတ်သက်ပြီး သူ့ကို တော့ ယုံကြည်စိတ်ချမှုရှိပါတယ်၊ ဆားပုလင်းမင်းအောင်ကိုယ်တိုင် ကိုရွှေဝန်ဟာ ယုံကြည်စိတ်ချရမှုရှိတယ်လို့ အာမခံပြီးသားပါ ”

ဟုပြောလေ၏။

www.burmeseclassic.com



ထိုအခါ မြနန်းနွယ်က

" ဘာပဲဖြစ်ဖြစ် အက်ဒမန်ကျွန်းဆိုတာ အဝေးကြီးပါ။ သူ ကျွန်မတို့အပေါ်မှာ သစ္စာရှိပါစေလို့ ဆုတောင်းရတော့မှာပဲ "

ဟုရေရွတ်လိုက်လေတော့၏။

မင်းသိင်္ခ ကျွန်းမျှော်

စေတနာစာပေ



ကျွန်းမင်းကြီး လော့ဒ်မေရိုးသည် ဆူညံသော တယ်လီဖုန်းအသံ ကြောင့် အိပ်ပျော်နေရာမှ လန့်နိုးလာ၏။ ကျွန်းမင်းကြီးသည် အိပ်ချင် မူးတူးဖြစ်နေသဖြင့် တယ်လီဖုန်းကို မကိုင်သေးဘဲ ဘာစ်ချက်သန်းစေလိုက် ၏။

တယ်လီဖုန်းသံမှာ မရပ်မနားဘဲ ဆက်လက်ထွက်ပေါ်နေသဖြင့် နားဆက်သူကို ကျိန်ဆဲလိုက်ပြီး အိပ်ရာမှထလိုက်လေ၏။

သူ၏နံဘေးတွင် အလွန်ချောမောလှပသော တရုတ်မလေးသည် အိပ်ပျော်နေလေ၏။ ထိုမိန်းကလေးသည် သူ၏သမီးအရွယ်သာရှိ၏။

လွန်ခဲ့သောရက်ကမှ အက်ဒမန်ကျွန်းသို့ရောက်ရှိလာခြင်းဖြစ်၏။ ကျွန်းမင်းကြီးသည် အက်ဒမန်ကျွန်း၌ မိန်းမအလွန်ရှားသဖြင့် ထိုကလေး ကလေးနှင့်တွေ့ဆုံခြင်းကိုကျေနပ်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးသည် မလေးရှားမှ ရောက်ရှိလာပြီး အက်ဒမန်ကျွန်း၌ အဖိုးတန်ပုလဲများကိုဝယ်ယူရန် ဆန္ဒရှိသည်ဆို၏။

ထိုသို့ ပုလဲဝယ်ရန်ရောက်ရှိလာသော ကလေးမလေးကို သူ၏အိပ်ခန်းထဲသို့ရောက်ရှိလာအောင် ပို့ဆောင်ပေးသူမှာ ကျွန်းမင်းကြီးအလွန်အားထားရသော ထောင်မှူးဘဦးဖြစ်၏။

ဘဦးသည် မြန်မာလူမျိုးထောင်မှူးတစ်ယောက်ဖြစ်ပြီး ကျွန်းမင်းကြီးအတွက် အစစအရာရာ အလိုက်သိသဖြင့် အလွန်အားကိုးရသောထောင်မှူးဖြစ်၏။

ကျွန်းမင်းကြီးသည် မနက်စောစောမြည်လာသော တယ်လီဖုန်းကို ဒေါသတကြီး ကောက်ကိုင်လိုက်ပြီး

'' ဘယ်သူလဲဟေ့ ''

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ တယ်လီဖုန်းထဲမှ လေသံပျော့ပျော့ဖြင့်

'' ထောင်မှူးဘဦးပါ၊ ကျွန်းမင်းကြီးအိပ်ရာက လန့်နိုးသွားပြီထင်တယ် ''

ဟုပြောလေ၏။

ကျွန်းမင်းကြီးသည် ထောင်မှူးဘဦးဆိုသဖြင့် လေသံကိုလျှော့လိုက်ပြီး

'' ဘာကိစ္စလဲကွ၊ ငါအခုပဲ အိပ်ရာကနိုးတယ်၊ ညက ကောင်မလေးနဲ့အတော်စကားလက်ဆုံ ကျသွားတယ် ''

ဟုပြောလေ၏။





ထောင်မှူးဘဦးက

'' မြည်မကြီးကနေ အလွန်အရေးကြီးတဲ့သတင်းတစ်ခုရလို့ ကျွန်းမင်းကြီးဆီမှာ အစီရင်ခံချင်လို့ပါ ''

ဟုပြောလေ၏။

ကျွန်းမင်းကြီးသည် ထောင်မှူးဘဦး၏စကားကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

'' မြည်မကြီးကသတင်း ဟုတ်လား၊ ဘာသတင်းလဲ၊ ကျွန်းကို မြည်မကြီးက အကျဉ်းသားတွေ ထပ်ပို့မယ်ဆိုတဲ့သတင်းလား ''

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ ထောင်မှူးဘဦးက

'' ကျွန်းမင်းကြီးရဲ့ အဖိုးတန်ပတ္တမြားကြီးနဲ့ပတ်သက်တဲ့သတင်းပါ ''

ဟုပြောလေ၏။

လော့ဒ်မေရီးသည် ပတ္တမြားနှင့်ပတ်သက်သောသတင်းဟူ၍ စိတ်လှုပ်ရှားသွားပြီး

'' ဘာ... ပတ္တမြားနဲ့ပတ်သက်တဲ့သတင်းဟုတ်လား၊ ဘာသတင်းထူးသေးလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ဘဦးက

'' သူတို့မှာ ကျွန်းမင်းကြီးရဲ့ပတ္တမြားကို စောင့်ကြည့်ရုံမက တော့ဘူး၊ ကျွန်းကိုလာပြီး လုယက်ဖို့တောင် ကြံစည်နေပြီ ''

www.burmeseclassic.com



ဟုပြောလေ၏။

ထိုအခါ ကျွန်းမင်းကြီးက မျက်မှောင်ကြုတ်၍

" ဒီလူတွေ ရူးနေလား။ အက်ဒမန်ကျွန်းမှာ ငါဘုရင်ပဲ၊ ဘယ်လို လူက ငါ့ဆီလာပြီး လုယက်လို့ရမှာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ထောင်မှူးဘဦးက

" ဟုတ်တယ်၊ ဒီလူတွေ ရူးနေတာသေချာပြီ၊ ဒါပေမဲ့ ကျွန်းကို လာပြီး ပတ္တမြားကြီးကို လုယက်ယူမဲ့သတင်းဟာ သေချာတယ်၊ ဒီသတင်းကို ကျွန်တော်တို့ရဲ့လူကပဲ သတင်းပေးတာ "

ဟုပြောလေ၏။

ကျွန်းမင်းကြီးသည် သူ၏ပတ္တမြားနှင့်ပတ်သက်၍ လွန်စွာဒေါသ ဖြစ်သွားပြီး

" အဲဒီအကောင်ကို ခေါ်လာခဲ့ပေတော့၊ ငါနဲ့အမြန်ဆုံးတွေ့ချင်တယ်၊ ဒီကောင့်ဆီက သတင်းကို တိတိကျကျ သိရမှဖြစ်မယ် "

ဟုပြောကာ တယ်လီဖုန်းကို ခွပ်ခနဲ ချလိုက်လေ၏။

ထိုအခါ ချောမောလှပသော မိန်းမလှလေးသည် အိပ်ရာမှ လန့် နိုးလာလေ၏။

သူမ၏ ပိုးသားကဲ့သို့ပျော့ပျောင်းသော ဆံပင်များသည် ခေါင်း အုံးပေါ်တွင် ပြန့်ကျဲနေလေ၏။

တရုတ်မလေးသည် ကျွန်းမင်းကြီးကို မျှဆွယ်သောမျက်လုံး များ ဖြင့်ကြည့်၍





" ရှင်အစောကြီး နိုးနေတာလား "

ဟုမေးမြန်းလိုက်လေ၏။

ကျွန်းမင်းကြီးသည် မိန်းမလှလေးကို အလွန်စွဲမက်သော်လည်း ဒေါသဖြစ်စရာသတင်းကို ကြားထားရသဖြင့် မိန်းကလေး၏ အနားသို့ မကပ်တော့ဘဲ

" ငါအရေးကြီးတဲ့ကိစ္စရှိလို့ ဒီနေ့အစောကြီး ရုံးကိုသွားရမယ်၊ မင်း ပြန်ချင်ပြန်တော့လေ၊ ဒါမှမဟုတ် ဒီအိမ်မှာပဲဆက်နေချင်နေပါလား"

ဟုပြောလိုက်လေတော့၏။

တရုတ်မလေးသည် ကျွန်းမင်းကြီးထံမှ မမျှော်လင့်သောစကား ကို ကြားရသဖြင့် မသိမသာ အောင့်သက်သက်ဖြစ်သွားလေ၏။

သူမသည် အသက်ငယ်သော်လည်း နိုင်ငံတကာလှည့်လာသူ ဖြစ်သူဖြင့် အတွေ့အကြုံများသူဖြစ်၏။

ကျွန်းမင်းကြီးနှင့် တွေ့ဆုံစဉ်တွင် သူမကို အစွဲကြီးစွဲသွားလိမ့်မည် ဟု ယုံကြည်၏။

အက်ဒမန်ကျွန်း၌ ပုလဲဝယ်ရင်း အရေးပါသော ယောကျာ်းများ နှင့် ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားခဲ့သူဖြစ်၏။

သူမသည် ကျွန်းမင်းကြီးကို ပြန်လည်၍ လက်စားချေသည့် သဘောဖြင့်

" ကျွန်မပြန်တော့မယ်လေ၊ နောက်များကျမှပဲ တွေ့ကြသေး တာပေါ့ "

ဟုဆိုကာ အဝတ်အစားများကို လဲလှယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမင်းကြီးသည် တရုတ်မလေးကို မစောင့်နိုင်တော့ဘဲ ရှေ့အခန်းထဲသို့ ဆင်းခဲ့လေ၏။

ပြီးနောက် အသင့်စောင့်ကြိုနေသော သူ၏ ကားဒရိုင်ဘာအား

" ရုံးကိုအမြန်မောင်းယော့ "

ဟု အမိန့်ပေးလိုက်၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊





ကျွန်းမင်းကြီးကား ရုံးရှေ့သို့ရောက်သောအခါ အသင့်စောင့်ကြိုနေသော ထောင်မှူးဘဦးကိုတွေ့ရ၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီးကို ခရိုင်ဦးကြီးပြု၍ ရုံးခန်းထဲသို့ခေါ်ဆောင်သွား၏။

ရုံးခန်းထဲသို့ရောက်သောအခါ ဘဦးသည် အခန်းထဲသို့ ပိန်လှီသောလူတစ်ယောက်ကို ခေါ်ဆောင်လာ၏။

ထိုသူကား လှဖေဆိုသူဖြစ်ပြီး ကျွန်း၌ စောင်နှင့် ခြင်ထောင်များကို ရောင်းချသူဖြစ်၏။

ထောင်မှူးဘဦးက ထိုလူကိုကြည့်၍

" ခင်ဗျားသိသမျှ ကျွန်းမင်းကြီးကို ပြောပြလေ "

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ လှဖေဆိုသူက ခေါင်းငုံ့၍

" အင်္ဂလိပ်လို မပြောတတ်ဘူးဗျ "

ဟုပြောလေ၏။

ထောင်မှူးဘဦးက လက်ကာပြ၍

" ကျွန်းမင်းကြီးဟာ မြန်မာစကားကို အတော်အသင့်နားလည် တယ်၊ ကျုပ်ကလည်း ကျွန်းမင်းကြီးနားလည်အောင် ဘာသာပြန် မှာဖြစ်တယ် "

ဟုပြောလေ၏။

ထိုအခါ လှဖေဆိုသူက

" တကယ်တော့ ကိုရဲခေါင်နဲ့ မြနန်းနွယ်ဟာ ကျုပ်ရဲ့ကျေး ရှင်ပါ၊ ကျုပ်ဟာ မြန်မာပြည် မိုးကုတ်မှာနေတုန်းက ကိုရဲခေါင်ရဲ့ပတ္တ တွင်းမှာ အလုပ်လုပ်ဖူးပါတယ်၊ ဒါပေမဲ့ ကျွန်းပေါ်မှာတော့ ကျွန်းမင်း ဟာ ကျုပ်တို့ရဲ့ကျေးဇူးရှင်ပဲ၊ ကျေးဇူးရှင်အစစ်ကို ကျေးဇူးပြုဖို့ဖဲ ဖြတ်ထားပါတယ် "

ဟုပြောလေ၏။

အမှန်စင်စစ် လှဖေဆိုသူသည် ကျွန်းမင်းကြီးအား ကိုရဲခေါ် ၏ သတင်းကိုပေး၍ မျက်နှာလို မျက်နှာရလုပ်ကာ ကျွန်းပေါ်တွင် အ အရေး ယူလိုသောကြောင့်ဖြစ်၏။

ကျွန်းမင်းကြီးက ခေါင်းညိတ်၍

" အခုလို ကျုပ်ကို အရေးကြီးတဲ့သတင်းပေးတာ သိပ်တော် တယ်၊ ရန်ကုန်က မောင်နှမနှစ်ယောက်ဟာ ကျုပ်ရဲ့ပတ္တမြားကြီး



ဘယ်လိုမကောင်းကြံဖို့ ရည်ရွယ်ချက်တွေရှိသလဲ၊ ကျုပ်ကို ပြည့်ပြည့်စုံစုံ ပြောပြစမ်း "

ဟု အမိန့်ပေးလိုက်လေ၏။

ထိုအခါ လှဖေက မျက်မှောင်ကြုတ်၍

" သူတို့ဟာ အရင်တုန်းက ကျွန်းမင်းကြီးရဲ့သတင်းကို ကျုပ်ဆီ စုံစမ်းခဲ့ပါတယ်၊ ကျွန်းမင်းကြီးဆီက ပတ္တမြားကို အရယူဖို့ သူတို့ ကြံစည်နေပါပြီ "

ဟုပြောလေရာ ကျွန်းမင်းကြီးက မယုံနိုင်ဟန်ဖြင့်

" သူတို့ဟာ ဒီလောက်ဝေးလံတဲ့ကျွန်းကိုလာပြီး ပတ္တမြားကြီး ဘယ်လိုယူဖို့ကြိုးစားမှာလဲ၊ မင်းရဲ့သတင်းဟာ သေချာလို့လား "

ဟုပြောလိုက်လေ၏။

ထိုအခါ လှဖေက ကမန်းကတန်းခေါင်းညိတ်၍

" သေချာပါတယ် ကျွန်းမင်းကြီး၊ မောင်နှမနှစ်ယောက်စလုံး ာ ကျွန်တော်မျိုးကို လူယုံလို သဘောထားပြီး အကူအညီတောင်း ရှိပါတယ်၊ အက်ဒမန်ကျွန်းနဲ့ပတ်သက်ပြီး သူတို့ရဲ့ ရင်းနှီးတဲ့လူဟာ န်တော်မျိုးတစ်ယောက်ပဲရှိပါတယ်၊ ဒါကြောင့် အရင်တုန်းက န်းမင်းကြီးဆီမှာ ပတ္တမြားရှိကြောင်း စုံစမ်းနိုင်ခဲ့တယ်၊ အခုတော့ င်နှမနှစ်ယောက်ဟာ ကြေးစားတစ်ယောက်ကို ကျွန်းပေါ်ကို ပြီး ကျွန်းမင်းကြီးရဲ့ပတ္တမြားကို ခိုးယူဖို့ကြံစည်နေပါတယ်၊ သူတို့ ကျွန်းမင်းကြီးရဲ့ပတ္တမြားကို မရရအောင်ယူဖို့ ဆုံးဖြတ်ပြီး ပါ "

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက ဝင်ရောက်၍

" အက်ဒမန်ကျွန်းဆိုတာ တော်ရုံတန်ရုံလူ လာဝံ့တဲ့နေရာ မတွေ့ရဘူး။ ကျွန်းပေါ်ကို ဘယ်ကြေးစားက လာဝံ့မှာလဲ "

ဟု မယုံကြည်ဟန်ဖြင့်ပြောဆိုလေ၏။

လှဖေက မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြုလိုက်ပြီး

" မောင်နှမနှစ်ယောက်ရဲ့စာထဲမှာ ရေးထားတာကတော့ အဲ ကြေးစားဟာ အက်ဒမန်ကျွန်းကို ကျွမ်းကျင်တယ်လို့ဆိုတယ်၊ သူ့ အသိအကျွမ်းတွေ အများကြီးရှိတယ်လို့ဆိုတယ် "

ဟုပြောလေ၏။

လှဖေ၏စကားကြောင့် ကျွန်းမင်းကြီးက လက်သီးဆုပ်၍

" ဒါဆိုရင်တော့ ကျွန်းပေါ်ကိုလာပြီး စီးပွားရှာဖူးတဲ့သူဖြစ် တယ်၊ ဒီလိုမှမဟုတ်ရင်လည်း ကျွန်းကနေ မဲပေါက်ပြီး လွတ်ငြိမ်း သာခွင့်ပေးတဲ့ တရားခံထဲကဖြစ်နိုင်တယ် "

ဟုပြောလေ၏။

ထို့နောက် ကျွန်းမင်းကြီးကပင် ဆက်လက်၍

" အက်ဒမန်ကျွန်းဟာ လုံခြုံစိတ်ချရတဲ့နေရာတစ်ခုဖြစ်တ ကျွန်းပေါ်ကိုရောက်ပြီးရင် ငှက်လိုအတောင်ပေါက်ပြီး ထွက်ပြေးမှလွ မြောက်နိုင်မယ်၊ ဒါကြောင့် ပတ္တမြားကို လာပြီးခိုးယူမဲ့လူကို ကြော စရာ မလိုဘူး။ ဒါပေမဲ့ ဒီမောင်နှမနှစ်ယောက်ရဲ့ခြေလှမ်းတွေကို ငါတို့ ကြိုတင်ပြီး သိရှိထားဖို့လိုတယ်၊ သူတို့ဆီက နောက်ထပ်စာလာ



ငါတို့ကို အရင်ဆုံးသတင်းပို့ပါ "

ဟုပြောလေရာ လှဖေက ကမန်းကတန်းခေါင်းညိတ်၍ မောင်နှမ နှစ်ယောက်ထံမှ စာရလျှင် အမြန်ဆုံးလာရောက် သတင်းပို့မည်ဟု ကတိပြုလေ၏။

လှဖေပြန်သွားသောအခါ ကျွန်းမင်းကြီးက ထောင်မှူးဘဦးဘက် သို့လှည့်၍

" ဒီကောင့်စကားတွေက အမှန်တွေလို့ထင်သလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ထောင်မှူးဘဦးက ခေါင်းညိတ်၍

" ဒီလူဟာ ကျုပ်တို့ကို မျက်နှာလို မျက်နှာရလုပ်ဖို့ကြိုးစားနေ တဲ့လူပဲ၊ သူ့စကားတွေဟာ အမှန်ဖြစ်ဖို့များပါတယ်၊ ကျွန်းမင်းကြီး ဘယ် လိုထင်လို့လဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ ကျွန်းမင်းကြီးက အဝေးဆီသို့ငေး ကြည့်၍

" အက်ဒမန်ကျွန်းဟာ လုံခြုံစိတ်ချရတဲ့နေရာတစ်ခုပဲ၊ ဒါကြောင့် အဲဒီအဖိုးတန်ရတနာကို စိုးရိမ်စရာမရှိဘူး။ ဒါပေမဲ့ ဒီမောင်နှမနှစ်ယောက် ဟာ ပတ္တမြားနဲ့ပတ်သက်ပြီး အလွန်အလေးအနက်ထားတယ်၊ ပတ္တမြား ကို ငါ့ဆီက ငွေဆယ်သိန်းတောင်ပေးပြီး ဝယ်ယူဖို့ကြိုးစားခဲ့တယ်၊ ဒါကြောင့် ဒီမောင်နှမကို လျှော့တွက်လို့တော့မရဘူး။ ငါတို့ဘက်က ပေါ့ဆလို့ လုံးဝမဖြစ်နိုင်ဘူး "

ဟုပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက ဆက်လက်၍

www.burmeseclassic.com

www.burmeseclassic.com



" မောင်နှမနှစ်ယောက် လွှတ်လိုက်တဲ့သူဟာ ဘယ်လောက်စွမ်းပါစေ၊ ကျုပ်နဲ့တွေ့ရင် ဘယ်သူမှ မခံနိုင်ဘူး၊ ကျုပ်ဘယ်လောက်လက်စွမ်းထက်သလဲဆိုတာ ကျွန်းမင်းကြီးအသိပါပဲ "

ဟုပြောလေ၏။

ထိုအခါ ကျွန်းမင်းကြီးက ခေါင်းညိတ်၍

" ကျွန်းပေါ်က လူတိုင်းကမင်းကို ဖိန့်ဖိန့်တုန်အောင်ကြောက်ကြတယ်ဆိုတာ ငါသိပါတယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ပတ္တမြားကြီးအတွက် အစွမ်းကုန် ကာကွယ်ဖို့ကြိုးစားပါ၊ ငါတို့ဘက်က ပေါ့ဆလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဒီအချိန်ကစပြီး ကျွန်းပေါ်ကို အဝင်အထွက်လုပ်မဲ့လူကို အထူးသတိပြုပြီးစောင့်ကြည့်ပါ "

ဟုပြောလိုက်လေတော့၏။

ပန်းထိမ် ကျွန်းမျှော

အခန်း(၇) မှော်ဆရာတော်နှင့် ကျိုက္ကလဲလမ်း လျှောက်ခြင်းမှ တရား





ကိုရွှေဝန်သည် အက်ဒမန်ကျွန်းသို့သွားရန် အစစအရာရာ ပြင်ဆင်ပြီးနောက် ကန်တော်ကြီးစောင်းအိမ်ကြီးသို့ သွားရောက်တွေ့ဆုံလေ၏။

မောင်နှမနှစ်ယောက်သည် ကိုရွှေဝန်ကိုမြင်သောအခါ အက်ဒမန်ကျွန်းနှင့်ပတ်သက်၍ သိချင်စိတ်များဖြစ်ပေါ်နေပြီး ကိုရဲခေါင်က

" အက်ဒမန်ကျွန်းကိုသွားဖို့ အသင့်ဖြစ်နေပြီလား "

ဟုမေးမြန်းလေ၏။ ထိုအခါ ကိုရွှေဝန်က

" ကျုပ် အက်ဒမန်ကျွန်းကို ရက်ပိုင်းအတွင်းသွားတော့မယ်၊ ဒါကြောင့် ခင်ဗျားတို့ဆီကိုလာပြီး အသိပေးတာပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မြနန်းနွယ်က မျက်မှောင်ကြုတ်၍

" ရှင် အက်ဒမန်ကျွန်းကိုသွားဖို့ ဘာတွေလိုအပ်ဦးမှာလဲ "

ဟုမေးလေ၏။ ကိုရွှေဝန်က ခေါင်းခါယမ်း၍

" ကျုပ် အက်ဒမန်ကျွန်းကိုရောက်ရင် ဘာမှမလိုတော့ပါဘူး ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ ကျုပ်မိတ်ဆွေတွေ အများကြီးရှိနေလို့ ပဲ၊ သူတို့ဟာ ကျုပ်ပြန်လာပြီဆိုရင် အစစအရာရာ ပြင်ဆင်ပေးမှာ ခင်ဗျားတို့မောင်နှမကို နောက်ဆုံးအနေနဲ့ မှာချင်တာက ကျုပ်နဲ့ပတ် သက်တဲ့သတင်းကို ကျွန်းကို လုံးဝမရောက်ပါစေနဲ့၊ အက်ဒမန်ကျွန်းမှာ ခင်ဗျားတို့ရဲ့လူယုံရှိတယ်ဆိုတာ မမေ့ထားလိုက်ပါ။ တကယ်တော့ အဲ လူယုံဟာ ကျုပ်ကို ဒုက္ခအကြီးအကျယ်ပေးနိုင်တယ်၊ ကျွန်းပေါ်က တွေ အကြောင်းကို ကျွန်းပေါ်မှာနေဖူးတဲ့လူတွေပဲသိတယ်၊ ခင်ဗျား ရဲ့ပတ္တမြားကြီးကို ပြန်ရဖို့အတွက် ကျုပ်ဘက်က အစွမ်းကုန်ကြိုး သွားမှာပါ၊ ခင်ဗျားတို့မောင်နှမနှစ်ယောက် စိုးရိမ်သောကရှိနေမယ် တာ ကျုပ် ကိုယ်ချင်းစာပါတယ်၊ ကျွန်းပေါ်မှာ အခွင့်အရေးရမယ်ဆို တော့ ပတ္တမြားနဲ့ပတ်သက်တဲ့သတင်းကို ကျုပ်ပို့ပေးမှာပါ "

ဟုပြောလေ၏။ ထိုအခါ ကိုရဲခေါင်က ခေါင်းညိတ်၍

" ဒါဆိုရင်တော့ သွားပေဦးတော့ ကိုရွှေဝန်၊ ကျွန်းပေါ် အန္တရာယ်ကင်းပြီး ပတ္တမြားကြီးကို အောင်အောင်မြင်မြင်နဲ့ရရှိလာ စေလို့ ကျုပ်ဆုတောင်းလိုက်ပါတယ် "

ဟုပြောလေ၏။

မြနန်းနွယ်ကလည်း ကိုရွှေဝန်ကိုကြည့်၍ သက်ပြင်းချလိုက်



" တကယ်တော့ ကျွန်းကထွက်ပြေးလာတဲ့လူတစ်ယောက်ဟာ ကျွန်းကို ပြန်သွားရတာ အန္တရာယ်များလွန်းပါတယ်၊ ရှင်အစစအရာရာ သတိထားပြီးသွားပါနော် "

တစိုးရိမ်တကြီး သတိပေးလေ၏။

ကိုရွှေဝန်က ခေါင်းညိတ်၍

" စိတ်ချပါ မြနန်းနွယ်၊ ကျုပ်အတွက် အန္တရာယ်ဆိုတာ အမြဲ ကြုံနေရလို့ ရိုးနေပါပြီ၊ ဘာပဲဖြစ်ဖြစ် ကျုပ်အမြဲတမ်း သတိရှိစေလို့ အသက်နဲ့ခန္ဓာမြဲနေတာပဲပေါ့ "

ဟုပြောလိုက်လေတော့၏။

ထို့နောက်တွင်မူ ကိုရွှေဝန်သည် မြနန်းနွယ်တို့မောင်နှမကို နှုတ် ဆက်၍ အိမ်ကြီးပေါ်မှ ဆင်းခဲ့လေတော့၏။

ကိုရွှေဝန်ထွက်ခွာသွားသောအခါ မြနန်းနွယ်က

" ဒီလူ ကျွန်းပေါ်ကိုပြန်သွားတာ သားရဲတွင်းထဲကို ပြန်ခုန်ချ လိုက်သလိုပဲ၊ သူ့အတွက်တော့ အန္တရာယ်တွေ အများကြီးကြုံရမှာ သေချာတယ် "

ဟုပြောလေ၏။

ကိုရဲခေါင်က သက်ပြင်းချ၍

" ဒီလူဟာ အန္တရာယ်ကြားမှ အနေများလို့ ကြောက်ရွံ့ရမှန်း တောင် မသိတော့ပါဘူးကွာ၊ သူအောင်မြင်ပါစေလို့ ပဲကို့အိမ်ကပဲ ဆု

www.burmeseclassic.com



တောင်းပေးရတော့မှာပဲ ''

ဟုပြောလေ၏။

ထိုအခါ မြနန်းနွယ်က သက်ပြင်းချ၍

'' ကိုရွှေဝန်ဟာ ကျွန်းပေါ်မှာရှိနေတဲ့ ကျွန်မတို့လူနဲ့ပတ်သက်ပြီး စိုးရိမ်ကြီးလွန်းတယ်လို့ ကျွန်မထင်တယ်၊ ကျွန်းပေါ်မှာ ခါးသီးမှုတွေ အများကြီးကြုံလာခဲ့တဲ့အတွက် သူတို့အချင်းချင်းယုံကြည်ဖို့ အတော်ကင်းမဲ့နေပုံရတယ်၊ တကယ်ဆိုရင် သူ့ရဲ့ခရီးကို ကျွန်မတို့လူ ကိုလှဖေ သိရင် အများကြီးအကူအညီပေးနိုင်တယ်၊ ကိုရွှေဝန်နဲ့ပတ်သက်ပြီး ကိုလှဖေကို အသိမပေးဘဲနေမိတာ ကျွန်မရင်ထဲ တစ်မျိုးပဲခံစားရတယ်၊ ကိုလှဖေဟာ အဖေရှိစဉ်ကတည်းက ကျောက်တွင်းမှာ သစ္စာရှိတယ်၊ ကျွန်းမင်းကြီးလက်ထဲမှာ ပတ္တမြားကြီးရှိနေတဲ့သတင်းကိုလည်း ကိုလှဖေပဲ သတင်းပေးခဲ့တာပါ ''

ဟုပြောလေ၏။

ထိုအခါ ကိုရဲခေါင်က ခေါင်းညိတ်၍

'' ကိုရွှေဝန်ဟာ ကျွန်းပေါ်မှာ ကိုလှဖေရဲ့အကူအညီကိုရရင် အများကြီး အကျိုးကျေးဇူးရှိနိုင်တယ်၊ ကိုလှဖေဟာ ကျုပ်တို့အပေါ်မှာ သစ္စာရှိလိမ့်မယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် ကိုရွှေဝန်ရဲ့သတင်းကို အမြန်ဆုံး ပို့ပေးလိုက်ပေတော့ ''

ဟုပြောလေ၏။





ထိုအခါ မြနန်းနွယ်က အဝေးဆီသို့ငေးကြည့်၍

'' ကိုရွှေဝန်ဟာ ဒီသတင်းသာသိရင် အတော်မကျေမချမ်းဖြစ်မှာပဲ၊ ဒါပေမဲ့ ကျွန်းပေါ်ကိုရောက်ရင် ကိုလှဖေရဲ့အကူအညီကိုရရင် ကျွန်မတို့ကို ကျေးဇူးတင်မှာပဲ ''

ဟုပြောလေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညသ၌ ထောင်မှူးဘဦးသည် အဘာဒင်ဈေးအတွင်း ကွမ်းဆေး ပစ္စည်းများကိုရောင်းသော တင်တင်ရီဆိုသည့် မိန်းမတစ်ယောက်ကိုခေါ်ယူ၍ ညစာစားသောက်လေ၏။

တင်တင်ရီသည် လွန်ခဲ့သော သုံးနှစ်ခန့်က ယောကျ်ားသေဆုံးပြီးနောက် ပြည်မကြီးမှလာ၍ အဘာဒင်ဈေး၌ စီးပွားရှာနေသော မိန်းမတစ်ယောက်ဖြစ်၏။

သူမသည် မြန်မာ–အိန္ဒိယ ကပြားဖြစ်သဖြင့် ကိုယ်လုံးကိုယ်ပေါက် အလွန်လှပြီး ညို့ဝင်အားအလွန်ကောင်းသဖြင့် အက်ဒမန်ဈေးရှိ ယောကျ်ားများ၏ ပစ်မှတ်လည်းဖြစ်၏။



ဤကျွန်းသို့ ရောက်သော ယောကျ်ားများအားလုံး၏ ပါးစပ်များတွင် တင်တင်ရီသည် မင်းသမီး ဖြစ်နေလေ၏။

သူမသည် အပျိုတစ်ယောက်မဟုတ်သော်လည်း ကျွန်းပေါ်ရှိ ထောင်အရာရှိများ၊ ကုန်စည်ပွဲစားများ စသော ပုရိသများ၏ ချစ်ခွင့်ပန်ခြင်းကို အမြဲပင် ခံရသူဖြစ်၏။

တင်တင်ရီသည် အလွန်လိမ္မာပါးနပ်သော မိန်းမတစ်ယောက်ဖြစ်သဖြင့် မည်သူကိုမှ သူမ၏အလှရတနာကို မပေးအပ်ဘဲ ရှိလေ၏။

တင်တင်ရီသည် အက်ဒမန်ကျွန်း၌ သူမကို အကာအကွယ်ပေးနိုင်မည့် ယောကျ်ားတစ်ယောက်ကိုသာ ရွေးချယ်၍ နဖားကြိုးထိုးထားလို၏။

ထို့ကြောင့် အက်ဒမန်ကျွန်း၏ ဩဇာအာဏာရှိသော ယောကျ်ားသားများကိုသာ တန်းစီ၍ စာရင်းချကြည့်သောအခါ ထောင်မှူးဘဦးသည် ထိပ်ဆုံးကဖြစ်နေလေ၏။

ထောင်ပိုင်ကြီးသည် အလွန်အေးဆေးပြီး ဘာသာတရားကိုင်းရှိုင်းသူဖြစ်သဖြင့် ထောင်မှူးဘဦး၏ လုပ်ရပ်များကို ဝင်ရောက်စွက်ဖက်မှု အလွန်နည်းပါး၏။

ထောင်မှူးဘဦးသည် မတရားမှုအမျိုးမျိုး၊ ကောက်ကျစ်ယုတ်မာမှု အမျိုးမျိုးတို့ကို ဦးဆောင်ပြီး လုပ်လေ့ရှိသူဖြစ်၏။ သူသည် ဘိန်းဆိုင်များ၊ အရက်ဆိုင်များ စသည့် မကောင်းမှုလုပ်ငန်းများမှ အမြတ်ငွေကို ရယူ၏။ ထို့ပြင် မကောင်းမှု မှောင်ခိုလုပ်ငန်းများမှလည်း နည်းအမျိုးမျိုးဖြင့် ရယူတတ်၏။

www.burmeseclassic.com



ရင်း မကျေနပ်သောလူကို အပြစ်ရှာ၍ ဖမ်းဆီးတတ်၏။ အနှောင့်အယှက်ပေးတတ်၏။

ထို့ကြောင့် ထောင်မှူးဘဦးအား မည်သူမျှ ရဲရဲ ဝံ့ဝံ့ မဆန့်ကျင်ရဲကြချေ။ ထောင်မှူးဘဦးသည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး လူတစ်ယောက်၏အသက်ကို ဖက်ရွက်မျှပင် တန်ဖိုးမထားတတ်သူဖြစ်၏။

လွန်ခဲ့သောနှစ်က အဘာဒင်ဈေးအတွင်းရှိ လက်ဖက်ရည်ဆိုင်ဖွင့်သော လူတစ်ဦးသည် ထောင်မှူးဘဦးကို ဆန့်ကျင်သဖြင့် အပြစ်မရှိ အပြစ်ရှာပြီး စီလူလာထောင်ကြီးထဲတွင် ဖမ်းဆီးနှိပ်စက်ခြင်းခံခဲ့ရ၏။

ထိုလူသည် အသက်ယဲ့ယဲ့ ကျန်သောအခါမှပင် စီလူလာထောင်မှ အပြင်သို့ပြန်ရောက်ရ၏။

များမကြာမီ ထိုလူ သေဆုံးသွား၏။ တစ်ခါကလည်း ပုလဲငုပ်သော လူငယ်တစ်ဦးသည် ထောင်မှူးဘဦး၏ မတရားခေါင်းပုံဖြတ်မှုကို မခံနိုင်၍ ဆန့်ကျင်မိရာ ထိုလူငယ်၏အလောင်းကို ပင်လယ်အတွင်းမှ ပြန်လည်ရရှိခဲ့၏။

ထောင်မှူးဘဦးအား ရင်းနှီးစွာမဆက်ဆံသော လုပ်ငန်းရှင်များသည် နည်းအမျိုးမျိုးဖြင့် ဒုက္ခပေးခြင်းကိုခံရ၏။ အက်ဒမန်ကျွန်းတွင် နေထိုင်သူတိုင်း ထောင်မှူးဘဦးဆိုလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြ၏။

တင်တင်ရီသည် လူမ၏နှလုံးသားကို ပေးအပ်ရမည့်လူမှာ ထောင်မှူးဘဦးဖြစ်ကြောင်း ဆုံးဖြတ်လိုက်၏။

ထောင်မှူးဘဦးမှာလည်း တက်မက်ဖွယ်ကောင်းသော တင်တင်



ရီနှင့် တွေ့ဆုံရန် စိတ်အားထက်သန်နေသူဖြစ်၏။

ထို့ကြောင့် ညတစ်ညတွင် တင်တင်ရီအား ထောင်မှူးဘဦးက သူ၏အိမ်ကြီးတွင် ညစာစားသောက်ရန် ဖိတ်ခေါ်လိုက်၏။

ထိုနေ့ညက တင်တင်ရီမှာ အလှဆုံးပြင်ဆင်ပြီး ညစာစားပွဲတက်ရောက်ခဲ့၏။ ထောင်မှူးဘဦးသည် တင်တင်ရီအား အလွန်စွဲမက်သွားပြီး ထိုနေ့ည သူ၏အိမ်ကြီး၌ပင် အိပ်စက်စေခဲ့၏။

ထိုညတစ်ညလုံး မမောနိုင် မပန်းနိုင် စကားဖောင်ဖွဲ့နေကြ၏။ တင်တင်ရီသည် ထောင်မှူးဘဦး ထင်ထားသည်ထက်ပင် ယဉ်ကျေးသိမ်မွေ့ပြီး လိမ္မာ၏။ ထောင်မှူးဘဦးနှင့် တစ်ညလုံး ရောက်တတ်ရာရာများကို ပြောဆိုခဲ့၏။

သူမကိုယ်တိုင်လည်း ထောင်မှူးဘဦးကဲ့သို့ မမောနိုင် မပန်းနိုင် စကားဖောင်ဖွဲ့ရခြင်းကို နှစ်သက်နေမိ၏။

သူမယောက်ျား သေဆုံးသွားပြီးနောက် သုံးနှစ်ကျော်မျှ ကာလအတွင်း သူမ၏ရင်ဖွင့်ချက်များကို နားထောင်ပေးမည့် ယောက်ျားမရှိသဖြင့် ထောင်မှူးဘဦးနှင့် ဆက်ဆံစကားပြောဆိုရခြင်းကို အလွန်ကျေနပ်နေလေ၏။

ဤသို့ဖြင့် ထောင်မှူးဘဦးသည် တင်တင်ရီအား သူ၏စံအိမ်သို့ မကြာခဏ ဖိတ်ခေါ်၍ ညစာကျွေးလေ့ရှိ၏။

ထိုသို့ ညစာကျွေးပြီးနောက်တစ်နေ့တွင် အက်ဒမန်ကျွန်း အနီး ပတ်ဝန်းကျင်ရှိ ပင်လယ်ပြင်သို့ မော်တော်ဖြင့် လှည့်လည်ကြည့်ရှုကြ၏။ ထိုသို့ လှည့်လည်သည့်အခါတိုင်း မော်တော်ပေါ်သို့ အကောင်းဆုံး

www.burmeseclassic.com



အစားအသောက်များ တင်ဆောင်၍ စားသောက်လေ့ရှိ၏။

ထောင်မှူးဘဦးနှင့် ရင်းနှီးမှုမရှိစဉ်က အဘာဒင်ဈေးအတွင်းရှိ ဆေးနှင့်ကွမ်းကိုသာ ရောင်းချခဲ့သော်လည်း နောက်ပိုင်းတွင် ထောင်မှူး ဘဦး၏အကူအညီဖြင့် အထည်ဆိုင်ကြီးများ၊ စောင်နှင့်ခြင်ထောင်ဆိုင် ကြီးများကိုပါ ဖွင့်လှစ်နိုင်ခဲ့၏။

ယနေ့ညတွင် ထောင်မှူးဘဦးသည် တင်တင်ရီနှင့် တွေ့ဆုံလို သဖြင့် ညစာစားသောက်ရန် ဖိတ်ခေါ်ပြန်၏။

တင်တင်ရီသည် အလွန်ပါးလျှာသော ပိုးသားဝတ်စုံကို ဝတ်ဆင် ထားသဖြင့် သူမ၏ကိုယ်ခန္ဓာကို ပိုမို၍ပေါ်လွင်စေ၏။

ထောင်မှူးဘဦးက အရက်တစ်ခွက်ကို သောက်လိုက်ရင်း တင်တင်ရီ၏ မျက်နှာကိုကြည့်၍

" ကိုယ်တို့ အလုပ်မအားလို့ မတွေ့ရတာအတော်ကြာပြီ၊ စိတ် ရောက်ိုယ်ပါ အပန်းဖြေမှ ဖြစ်မယ် "

ဟုပြောလေ၏။

ထိုအခါ တင်တင်ရီက ခေါင်းညိတ်၍

" ကျွန်မလည်း ရှင်နဲ့တွေ့ချင်နေတာကြာပြီ၊ အဘာဒင်ဈေးထဲ မှာ ဈေးရောင်းရတာကြာတော့ ငြီးငွေ့လာပြီ၊ ဒါကြောင့် မြို့ထဲမှာပဲ စားသောက်ဆိုင်တစ်ဆိုင်လောက် ဖွင့်ချင်တယ်၊ ရှင် ကျွန်မကို နေရာရှာ ပေးပါ "

ဟုပြောလေ၏။

ထောင်မှူးဘဦးက မျက်မှောင်ကြုတ်၍





" စားသောက်ဆိုင်ဖွင့်ဖို့ဆိုတာ မလွယ်ဘူးနော်၊ ဆိုင်နဲ့ သက်ပြီး ကျွမ်းကျင်မှုရှိဖို့လိုတယ်၊ အရင်းအနှီးတွေ အများကြီး ပြီး အရှုံးပေါ်လိမ့်မယ် "

ဟုပြောလေ၏။

ထိုအခါ တင်တင်ရီက မျက်လုံးထောင့်ကပ်၍

" ကျွန်မဆိုင် အရှုံးမပေါ်အောင် ရှင်လုပ်ပေးလို့ရပါတယ်၊ ရှင် ဆိုင်နဲ့ပတ်သက်နေတယ်ဆိုရင် ကျွန်းပေါ်မှာ ကျွန်မဆိုင် ရောင်းရမှာ များနေပါတယ် "

ဟုပြောလေ၏။

ထောင်မှူးဘဦးက ရယ်ကျဲကျဲဖြင့်

" ဟဲဟဲ... ဒါဆိုရင်လည်း တို့နှစ်ယောက်အခုလို နိုးကြောင်နိုး တွေ့မနေရတော့ဘူး၊ အတိအလင်း လက်ထပ်လိုက်ကြမယ်လေ "

ဟုပြောလေ၏။

တင်တင်ရီနှင့် ထောင်မှူးဘဦးသည် နှစ်ယောက်စလုံး လိမ္မာပါး ပြီး အိမ်ထောင်ရေးတွင် အတွေ့အကြုံရှိသူများဖြစ်သဖြင့် တစ်ယောက်နှင့်တစ်ယောက် အမြတ်ထုတ်ရန်သာ ကြိုးပမ်းနေကြ၏။ ထောင်မှူးဘဦးသည် ညစာကို လက်စသတ်အောင် စားသောက်လိုက် ပြီးနောက် တင်တင်ရီကိုကြည့်ကာ

" မင်းကို အရေးကြီးတဲ့စကားတစ်ခုတော့ ပြောချင်သေး တယ် "

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်တင်ရီက မျက်မှောင်ကြုတ်ကြည့်၍

" ဘာစကားပြောမှာလဲ "

ဟုမေးလေး၏။

ထိုအခါ ထောင်မှူးဘဦးက

" ဒီရက်ပိုင်းမှာ ကျွန်းပေါ်ကိုရောက်လာတဲ့လူတွေကို သ[illegible] ထားပြီးတော့သာ ကြည့်ပေတော့၊ အက်ဒမန်ကျွန်းရဲ့လုံခြုံရေးကို ထိ[illegible] မဲ့ လူတစ်ယောက် ရောက်လာလိမ့်မယ်လို့ သတင်းရထားတယ် "

ဟုပြောလေ၏။

ထိုအခါ တင်တင်ရီက

" အက်ဒမန်ကျွန်းရဲ့လုံခြုံရေးကို ထိပါးမဲ့သူဟုတ်လား၊ ဒီ[illegible] ကရော ဘာလို့ အက်ဒမန်ကျွန်းကိုလာပြီး လူစွမ်းကောင်းလုပ်ချင်ရ[illegible] လဲ၊ အက်ဒမန်ကျွန်းလို နေရာမျိုးမှာ လူတွင်ကျယ်လာလုပ်ရင်[illegible] သူ့ အသက်ကို မနေခြောလို့ဖြစ်မှာပဲ "

ဟုမှတ်ချက်ချလေ၏။

ထောင်မှူးဘဦးက တင်တင်ရီကို စကားမတုံ့ပြန်တော့ဘဲ သူ[illegible] တပ်မက်ဖွယ်ကောင်းသော ကိုယ်လုံးကိုငေးကြည့်၍

" ကိုယ်တို့နှစ်ယောက် အေးအေးဆေးဆေးအနားယူဖို့ အ[illegible] တန်ပြီ "

ဟုပြောလိုက်လေ၏။

ထို့နောက်တွင်မူ သူ၏အိမ်စေများအား ထမင်းဝိုင်းသိမ်းရန်[illegible] ကြားလိုက်ပြီး တင်တင်ရီနှင့်အတူ အိပ်ခန်းအတွင်းသို့ ဝင်ခဲ့လေ၏။





ထောင်မှူးဘဦး၏ အိမ်စေများသည် တင်တင်ရီရောက်လာ[illegible]သော ညများတွင် လွန်စွာပျော်ရွှင်ကြ၏။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ညစာစားပွဲရှိ စားသောက်[illegible]ဖွယ်ရာလက်ကျန်များကို အဝတပြဲ စားသောက်ကြရသောကြောင့် ဖြစ်၏။

၃ ၃ ၃

မင်းသိမ် ကျွန်းမျှော

အပိုင်း(၇) [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် အက်ဒမန်ကျွန်းသို့သွားရောက်ရန် လိုအပ်သော ပစ္စည်းကိရိယာများ စုံလင်သောအခါ ခရီးထွက်မည့်နေ့ကို သတ်မှတ်လိုက်၏။

အက်ဒမန်ကျွန်းမှ အသက်လု၍ပြေးလာသော အကျဉ်းသား တစ်ယောက်သည် ထိုကျွန်းသို့ ပြန်မရောက်လိုချေ။

သို့သော် မိမိကား အက်ဒမန်ကျွန်းသို့ ပြန်လည်ဝင်ရောက်ရန် ကြိုးစားမိ၏။

မိမိဘဝတစ်လျှောက်လုံး စွန့်စားခြင်းကို နှစ်သက်လှသဖြင့် စိတ် လှုပ်ရှားဖွယ်ရာ အလုပ်များကို လုပ်ကိုင်ခဲ့၏။



သူသည် ငယ်ရွယ်စဉ်က ပြုလုပ်ခဲ့သော စွန့်စားမှုများကို ပြန်လည် သုံးသပ်ကြည့်လျှင် အများအကျိုးနှင့်ဆက်နွယ်သော အလုပ်များကို ပြုစေကာမူ ရံဖန်ရံခါ ဥပဒေနှင့်ငြိစွန်းနေကြောင်းတွေ့ရ၏။

ယခု အသက်အရွယ် ရရှိလာသောအခါ ဥပဒေနှင့်မလွတ်ကင်းသော အလုပ်များကို မလုပ်ကိုင်လိုတော့ချေ။

ကိုရွှေဝန်သည် အက်ဒမန်ကျွန်းမှ ထွက်ပြေးလာပြီးနောက် အင်းဆိပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်းဖြစ်၏။

ယခုတစ်ကြိမ် အက်ဒမန်ကျွန်းသို့ ပြန်ဝင်ရခြင်းမှာ သားရဲတွင်းသို့ ပြန်ဝင်ရခြင်းနှင့်တူ၏။

ကျွန်း၌ သူ့ကို ကူညီနိုင်မည့် မိတ်ဆွေအပေါင်းအသင်းများ များစွာရှိ၏။ သို့သော် ဒုက္ခပေးမည့်သူများလည်း ရေတွက်မရအောင်ရှိ၏။

အက်ဒမန်ကျွန်း၌ ရောက်ရှိနေသော ပတ္တမြားကို အမိမြန်မာနိုင်ငံသို့ ပြန်ရောက်အောင် ကြိုးပမ်းရပေတော့မည်။

အက်ဒမန်ကျွန်းသို့ ရန်ကုန်မှသွားမည့် သင်္ဘောနှင့်မလိုက်ဘဲ ကုန်းလမ်းခရီးဖြင့် ကော့သောင်းသို့ ဦးစွာသွားရောက်ခဲ့၏။

ကော့သောင်းသို့ ရောက်သောအခါမှပင် အက်ဒမန်ကျွန်းသို့ ဆက်ရန်ကြံစည်၏။ ကော့သောင်းမြို့၏ တစ်နေရာတွင် သူ၏ မိတ်ဆွေတစ်ဦးဖြစ်သူ အုတ်လှ၏အရက်ဆိုင်ရှိ၏။

အုတ်လှသည် တစ်ကြိမ်က ပင်လယ်ဓားပြတစ်ဦးဖြစ်ပြီး ဓားပွဲနှင့် ဒဏ်ရာရရှိရာမှ လက်တစ်ဖက် ဖြတ်ခဲ့ရ၏။

ထို့ကြောင့်ပင် အရက်ဆိုင်လေးဖွင့်၍ အေးအေးချမ်းချမ်း ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်လေတော့၏။

ကိုရွှေဝန်သည် အုတ်လှ၏အရက်ဆိုင်သို့ရောက်သောအခါ ဥ
မှောင်ရီသန်းစအချိန်ပင် ရောက်ရှိနေပြီး ဆိုင်ထဲတွင် အရက်သောက်
သူများလည်း စည်ကားနေလေ၏။

ထိုအရက်ဆိုင်၏ ထောင့်တစ်နေရာတွင် လူအများ ဝိုင်းအုံကြည့်
ရှုနေပြီး လက်မောင်းလှဲ ပြိုင်နေကြောင်းတွေ့ရ၏။

လက်မောင်းအားလှဲသူနှစ်ဦးကိုကြည့်၍ ကြည့်ရှုနေသူများသည်
ဆူညံစွာအော်ဟစ်၍ လောင်းကြေးငွေများ ထပ်နေလေ၏။

ကိုရွှေဝန်သည် လက်မောင်းအားလှဲသူကို ကြည့်လိုက်သော
အခါ ဆိပ်ကမ်းအလုပ်သမားများဖြစ်ဟန်တူပြီး နှစ်ယောက်စလုံး သန်မာ
ထွားကျိုင်းသူများဖြစ်ကြ၏။

ထိုလူနှစ်ဦးသည် အကြိတ်အနယ် လက်မောင်းအားလှဲနေပြ
ပြီး ခဏကြာလျှင် တစ်ဦးက ရှုံးနိမ့်သွားလေ၏။

ထိုအခါ အနိုင်ရသူများက ဆူညံစွာအော်ဟစ်၍ လောင်းကြေး
ငွေများကို ယူဆောင်ကြ၏။

အနိုင်ရသော လူထွားကြီးသည် ဂုဏ်ယူဝံ့ကြွားဟန်ဖြင့် စားပွဲ
လက်သီးဖြင့် တဒိုင်းဒိုင်းထုကာ

" ဟား ဟား ဟား... ဒီဆိုင်မှာ ငါ့ကို ဘယ်သူယှဉ်ပြိုင်ရဲ
သေးလဲ "

ဟု အော်ဟစ်ကြုံးဝါးလိုက်လေ၏။

ထိုအခါ လူထွားကြီး၏အဖော်များက ဆူညံစွာအော်ဟစ်၍





ရှိ အရက်ပုလင်းများဖြင့် နံရံကို ပစ်ပေါက်ကြလေ၏။

နံရံတွင် အလှချိတ်ဆွဲထားသော မီးအိမ်ကို ပစ်ခွဲလေရာ မီးများ
တောက်နေလေ၏။

ထိုအခါ ဆိုင်၏အနောက်တွင်ရှိသော လက်တစ်ဖက်ပြတ်နှင့်လူ
ည် အပြေးအလွှားရောက်ရှိလာပြီး မီးကိုငြိမ်းသတ်လေ၏။

လက်တစ်ဖက်ပြတ်၏အပြုအမူကိုကြည့်၍ လူထွားကြီးတို့သည်
အညီမပေးဘဲ ဝိုင်းဝန်းရယ်မောကြလေ၏။

လက်တစ်ဖက်ပြတ်သည် သူ၏ဆိုင် မီးစွဲလောင်မည်စိုးသဖြင့်
ကို စိုးရိမ်ကြီးစွာ ငြိမ်းသတ်နေ၏။

လူထွားကြီးသည် လက်တစ်ဖက်ပြတ်လူကိုကြည့်၍ တဟား
ား ရယ်မောကာ

" ဟေ့ကောင် ငြိမ်းမနေနဲ့၊ မရတော့ဘူး၊ နောက်ထပ်ဆိုင်တစ်
ထပ်ဆောက်လိုက် "

ဟုပြောကာ လက်တစ်ဖက်ပြတ်ကို ဆောင့်တွန်းလိုက်လေ၏။
သည် ရေပုံးနှင့်အတူ မြေပေါ်သို့ ဖင်ထိုင်လျက်လဲကျသွားလေ၏။

ကိုရွှေဝန်သည် အရက်ဆိုင်ကို လောင်ကျွမ်းနေသော မီးတောက်
အချိန်မီငြိမ်းသတ်ရန်အတွက် ရေပုံးကိုယူကာ ဆိုင်၏အနောက်သို့
ဝင်သွားလေ၏။ ထို့နောက် မီးလျှံများကို ကမန်းကတန်း ငြိမ်းသတ်
ရာ မီးများငြိမ်းသတ်နိုင်လေ၏။

ကိုရွှေဝန်က မီးငြိမ်းသွားသောအခါ လူထွားကြီးဘက်သို့ကြည့်၍
သည့်စကားကိုမျှမဆိုဘဲ လူထွားကြီး၏မျက်နှာကို လက်သီးဖြင့်

www.burmeseclassic.com



ခွပ်ခနဲမြည်အောင် ထိုးလေရာ လူထွားကြီးသည် အလစ်အငိုက်မိသွား ပြီး ဖင်ထိုင်လျက် လဲလေ၏။

လူထွားကြီး၏ အပေါင်းအဖော်များသည် ရုတ်ရုတ်သဲသဲ သွားပြီး လူထွားကြီးက မြေပေါ်မှ လူးလဲထပြီး

" ဟေ့လူ... ကျုပ်ကိုဘာလို့ထိုးရတာလဲ "

ဟုမေးလေ၏။ ထိုအခါ ကိုရွှေဝန်က

" ကျုပ်ရှေ့မှာ မတရားအနိုင်ကျင့်တာမြင်ရင် အခုလိုပဲ တတ်တယ်၊ အခုတ်လှဟာ ငါ့သူငယ်ချင်းကွ၊ မင်းတို့ငါ့သူငယ်ချင်း အနိုင်ကျင့်တာ လွန်လွန်းနေပြီ "

ဟုပြောလေ၏။

ထိုအခါ လူထွားကြီးသည် ကိုရွှေဝန်ကို မကျေမချမ်းဖြစ်သွား လဲနေရာမှ ရုန်းလဲထကာ လက်သီးဖြင့်ဆင့်ကာဆင့်ကာထိုးလေ၏။

သို့သော် ကိုရွှေဝန်သည် လူထွားကြီး၏လက်သီးများ ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီး လူထွားကြီး၏ ရင်ဝကို လက် ဖြင့် အားကုန်ထိုးလေရာ လူထွားကြီးသည် အွတ်ခနဲအော်၍ လဲ သွားလေ၏။

ထိုအခါမှပင် ကိုရွှေဝန်က လူထွားကြီး၏အပေါင်းအဖော်များ ဘက်သို့လှည့်၍

" မင်းတို့ထဲက မကျေနပ်တဲ့လူရှိရင် ထွက်လာခဲ့လေကွာ၊ ဘာ ကြောင်ကြည့်နေတာလဲ "

ဟုဖိတ်ခေါ်လိုက်လေ၏။





လူထွားကြီး၏ အပေါင်းအဖော်များသည် သတ္တိရှိသူများမဟုတ် သဖြင့် ဆိုင်ထဲမှ ကမန်းကတန်းထွက်ပြေးသွားကြ၏။

ထိုအခါမှပင် လက်တစ်ဖက်ပြတ် အခုတ်လှက လဲကျနေရာမှထ၍

" ရှာစားကြီး တွေ့ရတာကြာပြီနော်၊ ဝမ်းသာလိုက်တာဗျာ၊ အခု ခင်ဗျားဘာတွေလုပ်နေလဲ၊ ကျုပ်ဆီကိုရောက်လာတာ အကြောင်း ကိစ္စရှိမယ်ထင်တယ် "

ဟုပြောလေ၏။

ကိုရွှေဝန်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ ငါ့မှာ အလွန်လျှို့ဝှက်တဲ့အကြောင်းကိစ္စတစ်ခု ရှိတယ်၊ ဒီည မင်းရဲ့ဆိုင်ကိုပိတ်လိုက်တော့ကွာ၊ ငါတို့ အေးအေးဆေး ဆေး စကားပြောရအောင် "

ဟုပြောလေ၏။

ထိုအခါ လက်တစ်ဖက်ပြတ် အခုတ်လှကသူ၏တပည့်လေး တစ်ယောက်ကို ဆိုင်ပိတ်ရန် ညွှန်ကြားလိုက်၏။

ထို့နောက် ကိုရွှေဝန်နှင့်အတူဆိုင်အပေါ်ထပ်သို့ တက်ခဲ့လေ၏။ တပည့်နှစ်ယောက်သည် ကိုရွှေဝန်အတွက် အရက်များကို ယူဆောင် လာလေရာ ကိုရွှေဝန်က ခေါင်းခါယမ်း၍

" ငါမသောက်တော့ဘူးကွ၊ လောကမှာသတိရှိဖို့ အရေးကြီး တယ်၊ အရက်ဟာ သတိကို ဖျက်ပြားစေတက်တဲ့ သတ္တိတွေများကြီး ရှိတယ် "

ဟု ပြောလေရာ အခုတ်လှက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" သိပ်ဟုတ်တာပေါ့ဗျာ၊ ကျုပ် ဒုက္ခိတဘဝရောက်တော့မှ၊ ဘုရား တရားကို လိုက်စားမိတော့တယ်၊ ဒီတော့မှ သတိဆိုတာ အင်မတန်အရေးကြီးကြောင်း သိလာရတယ်၊ အရက်သောက်တဲ့လူဟာ သတိကိုချုပ်ထိန်းဖို့ အတော်ခက်ခဲတာပဲ "

ဟု ပြောရင်း ကိုရွှေဝန်ကိုကြည့်ကာ

" ခင်ဗျားမှာ ဘယ်လိုရည်ရွယ်ချက်ရှိလို့ ဒီမြို့ကို ရောက်လာတာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ကိုရွှေဝန်က

" ငါ အက်ဒမန်ကျွန်းကို ပြန်သွားချင်တယ် "

ဟု ပြောလေ၏။

ကိုရွှေဝန်၏စကားကြောင့် လက်တစ်ဖက်ပြတ် အုတ်လှသည် မယုံနိုင်ဟန်ဖြင့်

" ဘာ… ခင်ဗျားက အက်ဒမန်ကျွန်းကို ပြန်သွားမယ်ဟုတ်လား၊ ကိုရွှေဝန် ရူးများရူးနေပြီလား၊ ကျွန်းပေါ်က ထွက်ပြေးလာတဲ့ အကျဉ်းသားတစ်ယောက်ဟာ ကျွန်းပေါ်ကိုပြန်သွားရင် တစ်ခုတည်းသော အပြစ်ဒဏ်ပဲရှိတယ်၊ အဲဒါဟာဘာလဲဆိုတာ ခင်ဗျားအသိဆုံးပဲ "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းညိတ်၍

" အက်ဒမန်ကျွန်းဟာ ငါ့အတွက် အသက်အန္တရာယ်ရှိတယ်ဆို





တာ ငါသိပါတယ်၊ အက်ဒမန်ကျွန်းက အာဏာပိုင်တွေ ငါ့ကို ပြန်မိသွားရင် ငါ့အတွက် သေဒဏ်ပဲရှိတယ်ဆိုတာ ကြိုပြီးတွက်ထားပြီးသားပါ၊ ဒါပေမဲ့ အက်ဒမန်ကျွန်းကို ဘာကြောင့်သွားတာလဲလို့ ကျေးဇူးပြုပြီး မေးပါနဲ့ကွာ၊ ငါလိုချင်တာ ဘာလဲဆိုတာ မင်းသိပြီပဲ "

ဟု ပြောလေ၏။

ထိုအခါ လက်တစ်ဖက်ပြတ် အုတ်လှက ခေါင်းညိတ်၍

" ကောင်းပြီ ရှာစားကြီး၊ ခင်ဗျားကို ကျုပ်မမေးတော့ပါဘူး၊ တားလို့လည်းမရတော့ မတားတော့ပါဘူး၊ ခင်ဗျားအတွက် အန္တရာယ်ကြီးတယ်ဆိုတာသိတယ်၊ ခင်ဗျားရဲ့ မျက်နှာကိုနောက်ဆုံးအနေနဲ့တော့ ကြည့်ထားချင်တယ် "

ဟု ပြောလေရာ ကိုရွှေဝန်က တဟားဟားရယ်မော၍

" ဟား ဟား ဟား… အဲဒီအတွက်တော့ မပူနဲ့၊ ငါမသေနိုင်သေးဘူးဆိုတာ ငါကိုယ်ငါသိနေတယ်၊ ငါသေမဲ့အချိန်ကို ငါဟာ အလိုလို ခံစားကြည့်နိုင်တယ်လို့ယုံတယ် "

ဟု ပြောလေ၏။

ထိုအခါ အုတ်လှက

" အက်ဒမန်ကျွန်းကို သွားမဲ့ ကျုပ်ရဲ့ အဆက်အသွယ်တွေရှိပါတယ်၊ ပိုက်ဆံတော့သူတို့တောင်းသလောက် ပေးရမယ်နော် "

ဟုပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းညိတ်၍

" ပိုက်ဆံက အရေးမကြီးပါဘူး၊ ယုံကြည်စိတ်ချရဖို့ပဲလိုတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝါက အက်ဒမန်ကျွန်းကို တိုက်ရိုက်မသွားချင်ဘူး၊ အက်ဒမန်ကျွန်းနဲ့ အနီးဆုံးမှာရှိတဲ့ ကျွန်းမှာ ငါ့ကိုချထားစေချင်တယ် ''

ဟုပြောလေ၏။

ထိုအခါ လက်တစ်ဖက်ပြတ်အုတ်လှက ခေါင်းခါယမ်း၍

'' ကိုရွှေဝန် ခင်ဗျားလုပ်သမျှ အန္တရာယ်တွေချည်းပါပဲလား။ ရစ်ချီကျွန်းစုထဲက ကျွန်းငယ်လေးတွေမှာ အန္တရာယ်တွေ အများကြီးရှိတယ် ဆိုတာ ခင်ဗျားက ကျုပ်ထက်ပိုပြီး သိပါတယ် ''

ဟုပြောလေ၏။

ကိုရွှေဝန်က သက်ပြင်းချ၍

'' ရစ်ချီကျွန်းစုထဲမှာ အန္တရာယ်တွေရှိတယ်ဆိုတာ ကျုပ်သိတယ်၊ အက်ဒမန်ကျွန်းကို ဒီအတိုင်းဝင်ရင် တွေ့ကြုံရမဲ့အန္တရာယ်တွေက ဒီထက်များတယ်ဗျာ၊ ရစ်ချီကျွန်းတွေပေါ်မှာ ကျုပ်နဲ့သိကျွမ်းတဲ့ အဆက်အသွယ်တွေ ရှိနေတတ်တယ်၊ ကပ္ပလီလူပုလေးတွေနဲ့ တွေ့ရင်လည်း ကိုယ့်နည်းကိုယ်ဟန်နဲ့ ရင်ဆိုင်ဖြေရှင်းရမှာပဲ၊ ဒါကြောင့် ကျွန်းပေါ်ကိုရောက်ရင် ဖြေရှင်းဖို့အတွက် အများကြီးကြိုတင်ပြင်ဆင်ထားရတယ် ''

ဟုပြောလေ၏။

ထိုအခါ လက်တစ်ဖက်ပြတ်အုတ်လှက

'' ဒီမှာ ကိုရွှေဝန်၊ ခင်ဗျားမှာ ပိုက်ဆံအများကြီးပါလို့လား ''

ဟုပြောလေ၏။ ကိုရွှေဝန်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အက်ဒမန်ကျွန်းမှာ စွန့်စားခန်းဖွင့်ဖို့အတွက်





ဒါ့မှာ ငွေကြေးပြည့်ပြည့်စုံစုံ ယူဆောင်လာရတယ်၊ အက်ဒမန်ကျွန်း ရောက်ရင်ငွေလမ်းခင်းရမဲ့ကိစ္စတွေ အများကြီးရှိတယ်၊ အက်ဒမန် ကျွန်းကို ဒုတိယအကြိမ်ပြန်သွားဖို့အတွက် ငါ့မှာပိုက်ဆံ လုံလုံလောက် လောက် ရှိနေဖို့လိုတယ် ''

ဟု ပြောလေ၏။

ကိုရွှေဝန်ကခေါင်းညိတ်၍

'' အရေးကြီးဆုံးက နှုတ်လုံပြီး ကျုပ်ကိုမစပ်စုဖို့လိုတယ် ''

ဟု ပြောလေ၏။

လက်တစ်ဖက်ပြတ် အုတ်လှကဆက်လက်၍

'' ခင်ဗျားကို ပို့ပေးမဲ့ လှေသူကြီးနာမည်က ဦးမောင်မြင့်တဲ့၊ သူဟာကြောင်သူတော် ကြွက်သူခိုးတစ်ယောက်ပဲဗျ၊ ငွေရမယ်ဆိုရင် ဘာမဆိုလုပ်မဲ့လူဘဲ၊ မနက်ဖြန်ညနေ ကျုပ်ရဲ့ဆိုင်ကို အရောက်လာခဲ့ပါ၊ အဲဒီကျမှ ခင်ဗျားတို့ နှစ်ယောက် အလုပ်စကားပြောကြတာပေါ့ ''

ဟု ပြောလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ လက်တစ်ဖက်ပြတ် အုတ်လှသည် မျိုတ်လုံချည်နှင့် ပိုးခေါင်းပေါင်းပေါင်းကာ မြန်မာဆန်ဆန် ဝတ်ဆင်ထားသော အလွန်အသားမည်းလှသည့် လူကြီးတစ်ဦးကို ခေါ်ဆောင်လာ၏။

ထိုလူကြီးက ကိုရွှေဝန်ကို သေချာစွာကြည့်ရှု၍

'' အက်ဒမန်ကျွန်းဆိုတာ အလွန်အန္တရာယ်များတယ်၊ ရောက်ပြီးရင် ပြန်လမ်းမရှိတဲ့နေရာပဲ၊ အက်ဒမန်ကျွန်းမှာ မဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့တော့ မကြိုးစားနဲ့ ''

ဟု ပြောလေ၏။

ကိုရွှေဝန်က လူကြီး၏စကားကို မည်သည့်စကားမှ မဆိုဘဲ နားထောင်နေလိုက်၏။

ထိုအခါ လှေသူကြီးက

'' အက်ဒမန်ကျွန်းကို ရိုးရိုးသားသား အလုပ်သွားလုပ်မဲ့လူကို ကျုပ်က ငွေတစ်ဆယ်ယူပြီးပို့ပေးတယ်၊ ကျွန်းပေါ်မှာ အလုပ်ရဖို့ အတွက် တာဝန်ယူပြီးလုပ်ပေးရမယ်ဆိုရင် ငွေနှစ်ဆယ်ယူတယ်၊ အက်ဒမန်ကျွန်းကို ရိုးရိုးသားသားမသွားဘဲ ဆန်းဆန်းပြားပြားသွားမဲ့ လူကိုတော့ ငွေသုံးဆယ်ယူတယ်၊ ကိုယ့်လူ ငွေသုံးဆယ်ပေးနိုင်ရင် ကျုပ်ရဲ့ လှေမှာလိုက်နိုင်တယ်၊ ပိုက်ဆံကိုတော့ တစ်ပြားမှဈေးဆစ်ဖို့ မကြိုးစားနဲ့၊ မောင်မြင့်တဲ့ သိတယ်မှတ်လား။ ပိုက်ဆံရရင် မိန်းမကို တောင် ရောင်းစားပစ်လိုက်မယ် ''

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က လှေသူကြီးကို တစ်ပြားမှ ဈေးဆစ်ရန်မကြိုး စားဘဲ ၎င်းတောင်းဆိုသောငွေကြေးကို ပေးအပ်ရန် သဘောတူလိုက် ၏။

လှေသူကြီး ဦးမောင်မြင့်က ကိုရွှေဝန်ထံမှပိုက်ဆံကို ဦးစွာ တောင်းယူ၍

'' မောင်ရင်တို့ လူတွေက သိပ်ခက်တယ်၊ ဘာမှမသိဘဲ ကြားဖူး နားဝနဲ့ စွန့်စားချင်ကြတယ်၊ ကျွန်းပေါ်မှာ အလုပ်လုပ်တဲ့လူတွေဟာ



လွယ်တယ်များမှတ်လို့လား။ ကျွန်းပေါ်မှာ ကျွန်းသားတွေရော ထောင် အမှုထမ်းတွေရော သူ့နည်းသူ့ဟန်နဲ့ အာဏာရှိတဲ့လူတွေချည်းပဲ၊ နောက်ပြီးတော့ ကျွန်းပေါ်မှာ ကြောက်စရာအကောင်းဆုံးက ကပ္ပလီ လူပုလေးတွေပဲ၊ ကျွန်းပေါ်ရောက်လာတဲ့ လူတွေအားလုံးကို သူတို့ဟာ ရန်သူလို့ သတ်မှတ်လေ့ရှိတယ်၊ ကျွန်းပေါ်ကနေထွက်ပြေးနိုင်တဲ့ လူဆိုလို့၊ လွန်ခဲ့တဲ့ ခြောက်နှစ် ခုနစ်နှစ်လောက်က ဘိုးမှန်ဆိုတဲ့ လူစွန့်စားတစ်ယောက် ထွက်ပြေးခဲ့ဖူးတယ်၊ ဘိုးမှန်ထွက်ပြေးပြီးနောက် ရွှေဝန်ဆိုတဲ့ လူစွန့်စားကလည်း စွန့်စွန့်စားစား ထွက်ပြေးခဲ့ဖူးတယ်၊ ဒီလူနှစ်ယောက်ရဲ့ အကြောင်းကတော့ အက်ဒမန်ကျွန်းရဲ့ သမိုင်းမှာ စံတင်လောက်တယ်၊ မောင်ရင်တို့လို ဘာမဟုတ် ညာမဟုတ် အရည် အချင်းလေးနဲ့၊ ကျွန်းမှာ သွားမစမ်းနဲ့ ဒုက္ခရောက်သွားမယ်၊ ကျွန်းပေါ် လာရင် အေးအေးလာ၊ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားအကျိုးဖြစ် ထွန်းလီမှ်မယ်၊ မဟုတ်တဲ့ ရည်ရွယ်ချက်နဲ့ကတော့ လာဖို့မကြိုးစားနဲ့၊ ကျွန်းပေါ်မှာ မောင်ရင်အတွက် သေမင်းတွေချည်းပဲ ''

ဟု တက်သိနားလည်သော အမူအရာဖြင့် ပြောပြလေ၏။

ကိုရွှေဝန်က

'' ဒါတွေအားလုံးကို ကျုပ်ကြားဖူးနားဝရှိဖူးပါတယ်၊ လှေသူကြီး ကို ကျုပ်ပြောချင်တာကတော့၊ ကျုပ်ရဲ့ ရေးနဲ့ ပတ်သက်လို့ နှုတ်ပိတ် စေချင်တယ်၊ သူတစ်ပါးကို မပေါက်ကြားစေချင်ဘူး၊ ဟောဒီမှာ ငွေ တစ်ဆယ်၊ နှုတ်လုံအတွက် ထပ်ပြီးပေးတဲ့ ပိုက်ဆံပဲ ''

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လှေသူကြီးဦးမောင်မြင့်သည် ငွေမက်သူပီပီ ကိုရွှေဝန်လှမ်းပေးသောပိုက်ဆံတစ်ဆယ်ကို လှမ်းယူလိုက်ပြီး

" ကျုပ်ရဲ့ ပါးစပ်ကိုခုချိန်ကစပြီး၊ အပ်ချည်ကြိုးနဲ့ ပိတ်ထားလိုက်ပြီလို့သာ မှတ်ပေတော့၊ ဘယ်သူ့ကိုမှ မပေါက်ကြားစေရဘူး "

ဟု ကတိပြုလိုက်လေ၏။

အမှန်စင်စစ် ဦးမောင်မြင့်သည် အလွန်ပါးစပ်ဖွာသူဖြစ်ပြီး သူ၏လှေပေါ်ကိုရောက်လျှင် လှေထိုးသားအားလုံးအား သတင်းကို ဖြန့်ဝေတော့မည်ဖြစ်၏။

လှေသူကြီးဦးမောင်မြင့်ထွက်ခွာသွားသောအခါ လက်တစ်ဖက်ပြတ် အုတ်လှကခွက်ထိုးခွက်လန်ရယ်မောလိုက်ပြီး

" ရယ်ရတယ်ဗျို့ ကျွန်းပေါ်က ထွက်ပြေးနိုင်တဲ့ လူစွန့်စားနှစ်ယောက်ပဲရှိဖူးတယ်တဲ့ မောင်ရင်တို့လို ဘာမဟုတ်ညာမဟုတ် လူတွေကျွန်းပေါ်လာပြီး မစွန့်စားနဲ့၊ အသက်ကို ဖက်နဲ့ထုပ်ပြီး ပြန်သွားရမယ်တဲ့ ဘယ်လောက်ရယ်ရသလဲ "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က

" ဒါကျွန်းက ထွက်ပြေးတာ ဒီလောက်တောင် နာမည်သတင်းကြီးသွားမယ်လို့ မမျှော်လင့်ဘူးကွ၊ ဒါဆိုရင်တော့ ကျွန်းကို ပြန်သွားဖို့ ငါအတွက်ပိုပြီး အန္တရာယ်ကြီးနေပြီ "

ဟု ပြောလေတော့၏။





လှေသူကြီး ဦးမောင်မြင့်သည် နောက်တစ်နေ့တွင် သူ၏လှေအတွက် ကုန်ပစ္စည်းများ ရရှိပြီးဖြစ်ကြောင်း လာရောက်ပြောဆိုပြီး ထိုနေ့ ညနေမှာပင် အက်ဒမန်ကျွန်းသို့ သွားရောက်မည်ဖြစ်ကြောင်း ပြောလေ၏။

ထို့ကြောင့် ကိုရွှေဝန်သည် အထုပ်အပိုးများကို ပြင်ဆင်၍ လှေသူကြီး၏ လှေပေါ်သို့ တက်ခဲ့လေတော့၏။

လက်တဖက်ပြတ် အုတ်လှက ကိုရွှေဝန်ကို လှေပေါ်အထိ လိုက်လံပို့ဆောင်ပေးလေ၏။ လှေသူကြီးသည် လူစုံပြီဖြစ်သောကြောင့် ကော့သောင်းဆိပ်ကမ်းမှ စတင်ထွက်ခွာလေတော့၏။

လှေသူကြီး ဦးမောင်မြင့်သည် ကော့သောင်းမှ စတင်ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ပင်လယ်ခရီးအကြောင်းကို ကိုရွှေဝန်အား ပြောပြလေ၏။

" အက်ဒမန်ကျွန်းဟာ ရန်ကုန်နဲ့ မိုင်လေးရာဝေးတယ်... ပုသိမ်နဲ့က မိုင်သုံးရာလောက်ဝေးတယ်၊ ထားဝယ်၊ မောင်းမကန်... ဒီကျွန်းနဲ့တည့်တည့် လောက်မှာရှိတယ်၊ ကျွန်းဟာ မြောက်နဲ့တော... ကျယ်ဝန်းပြီး တောင်ဘက်အကျယ်အဝန်းကတော့ အတော်ကျဉ်းတယ်... သုံးဆယ့်နှစ်မိုင်ပဲရှိတယ်၊ ကျွန်းပေါ်မှာ မြစ်ချောင်း အင်းအိုင် ... သလောက်ဘဲ၊ တောင်ထူထပ်ပြီး စိမ့်စမ်းရေတွေပဲရှိတယ်၊ ကျွန်း... စက်လှေနဲ့သွားရင် လေးရက်ခရီးလောက်သွားရတယ်၊ ရာသီဥ... ကောင်းရင်တော့ ကျွန်းကို သွားရတာ ဘာအခက်အခဲမှမရှိပါဘူး "

ဟု ရှင်းလင်းပြလေ၏။

ကိုရွှေဝန်သည် မိမိသိပြီးသား အကြောင်းအရာများကို ... သူကြီးက ပြောပြနေသဖြင့် စိတ်ထဲတွင် ရယ်ချင်စိတ်ဖြစ်ပေါ်လာနေမိ၏။

ကိုရွှေဝန်သည်ခရီးတစ်လျှောက်လုံး မည်သည့် လှေထိုးသား... မှ ရောရောနှောနှောမနေဘဲ အက်ဒမန်ကျွန်းပေါ်တွင် ကြုံတွေ့ရမည့် အခက်အခဲများအကြောင်းကို တွေးတောနေမိ၏။

အက်ဒမန်ကျွန်းပေါ်တွင် အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့... ပေဦးမည်။ သို့သော် ယုံကြည်စိတ်ချရသော မိတ်ဆွေများရှိနေသဖြင့်... ကျားပါးစပ်ထဲပြန်ဝင်ရမှာ ကြောက်ရွံ့ခြင်းမရှိချေ။





ထောင်မှူးဘဦးသည် ဂျစ်ကားကို ကိုယ်တိုင်မောင်းနှင်၍ စီလူလာထောင်ကြီးရှိရာသို့ ရောက်ခဲ့၏။

စီလူလာထောင်၏ အက်ဒမန်ကျွန်းသို့ ရောက်ရှိပြီးမှ အပြစ်ကျူးလွန်သူအကျဉ်းသားများကိုထားရှိ၏။

စီလူလာထောင်သို့ ထောင်မှူးဘဦးရောက်ရှိလာခြင်းမှာ အကျဉ်းသားများအား ကြိမ်ဒဏ်ရိုက်နှက်ရန်ဖြစ်၏။

အက်ဒမန်ကျွန်း၌ အပြစ်ကျူးလွန်လေ့ရှိသော အကျဉ်းသားများကို စီလူလာထောင်၌ ထည့်သွင်းလေ့ရှိသော်လည်း ထောင်မှူးဘဦးသည် ရက်စက်ကြမ်းကြုတ်သူ တစ်ဦးဖြစ်သဖြင့် အကျဉ်းသားများအား ကြိမ်ဒဏ်ပေးရခြင်းကို အလွန်ဝမ်းသာ ကျေနပ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ပတ်လျှင် တစ်ကြိမ်မျှ ကြိမ်ဒဏ်မပေးရလျှင် အိပ်မပျော်သလိုရှိ၏။

လွန်ခဲ့သောနှစ်က အကျဉ်းသားများကို ကြိမ်ဒဏ်မပေး၍ ထောင်ပိုင်ကြီးက အမိန့်ချမှတ်သဖြင့် ထောင်မှူးဘဦးသည် အိပ်မပျော် သလို ဖြစ်ခဲ့ရ၏။

နောက်ပိုင်းတွင် ထောင်မှူးဘဦးသည် အကျဉ်းသားများ ကြိမ်ဒဏ်ပေးချင်လွန်းသဖြင့် အက်ဒမန်ကျွန်းတွင် ဖြစ်မှုကျူးလွန်သူများ အလွန်များပြားလာကြောင်း ကျွန်းမင်းကြီးထံသို့ ချဲ့ကား၍ အစီရင်ခံစာ ရေးလိုက်၏။

ကျွန်းမင်းကြီး၏ တစ်ချက်လွှတ်အမိန့်အရ အက်ဒမန်ကျွန်းတွင် ကြိမ်ဒဏ်ပြန်လည်ပေးအပ်ခွင့်ပြုလေ၏။

ထောင်မှူးဘဦးသည် ထိုအခါမှပင် အိပ်ပျော်သလိုရှိပြီး ကျန်းမာရေး တိုးတက်ကောင်းမွန်လာ၏။

ယနေ့လည်း ကျွန်း၌ ရန်ဖြစ်သူနှစ်ဦးနှင့် သူတစ်ပါးပစ္စည်းကို ခိုးယူသူတစ်ဦးကို ကြိမ်ဒဏ်ပေးရန်ရှိ၏။

ထောင်မှူးဘဦးသည် အကျဉ်းသားများကို ကြိမ်ဒဏ်ပေးရန် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ပြီး ကြိမ်ဒဏ်ပေးသော ကွက်လပ် ရှိရာသို့ ထွက်ခဲ့လေ၏။

ထိုကွက်လပ်သို့ ရောက်လျှင် အကျဉ်းသားသုံးဦးမှာ ကြိမ်ဒဏ် ပေးရန် ပြုလုပ်ထားသော သစ်သားစင်၌ ရောက်ရှိနေကြပြီ ဖြစ်၏။ ထိုသုံးယောက်အနက် သူခိုးမှာ ထောင်မှူးဘဦးအား ကြိမ်ဒဏ်





လျော့ပေါ့ရိုက်ရန် လာဘ်ထိုးထားပြီး ဖြစ်၏။

ရန်ဖြစ်သူနှစ်ဦးမှာ လာဘ်ထိုးရန် ငွေမရှိသဖြင့် ယနေ့ ပယ်ပယ် နယ်နယ် အရိုက်ခံမည့်သူများ ဖြစ်လေ၏။

ထောင်မှူးဘဦးသည် လက်အိတ်ကို စွပ်၍ ထောင်ဝန်ထမ်းပေး သော ကြိမ်လုံးကို လှမ်းယူလိုက်၏။

ထိုကြိမ်လုံးမှာ အက်ဒမန်ကျွန်းမှထွက်သော အလွန်ကောင်းမွန် သည့် ကြိမ်လုံးဖြစ်၏။ ထောင်ဝါဒါတစ်ဦးက ထောင်မှူးဘဦးရှိရာသို့ ရောက်ရှိလာကြပြီး

" ဆရာ ဘယ်ကောင့်ကို အရင်ရိုက်မှာလဲ "

ဟု မေးမြန်းလေ၏။

ထို့နောက် ထောင်မှူးဘဦးသည် လက်အိတ်ကိုစွပ်၍ သူခိုး အား တရှမ်းရှမ်းရိုက်နက်ပြန်၏။ သူခိုးသည် နာကျင်လွန်းသဖြင့် အမယ် လေး အဘလေးဟု ကျယ်လောင်စွာ အော်ဟစ်လေ၏။

ထောင်မှူးဘဦးသည် လာဘ်ငွေယူထားသဖြင့် လျော့ပေါ့ရိုက် သည် ဆိုသော်လည်း ကြိမ်လုံး၏ဒဏ်မှာ ပြင်းထန်လွန်းသဖြင့် သူခိုးမှာ နာမြောလုမတတ်ခံရ၏။

ထောင်မှူးဘဦးသည် သူခိုးကိုရိုက်နက်ပြီးနောက် ကျန်သော အကျဉ်းသားနှစ်ယောက်အား ခပ်ကြမ်းကြမ်း ရိုက်နက်သွားလေ၏။

ထောင်မှူးဘဦး၏ရိုက်ချက်ပြင်းထန်လှသောကြောင့် ရန်ဖြစ် သော အကျဉ်းသားနှစ်ဦးအနက် တစ်ဦးမှာ မေ့မြောသွားလေတော့၏။

ထောင်မှူးဘဦးသည် ယနေ့နံနက် အကျဉ်းသားသုံးဦးကို အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ပေးရသော အမှုပြီးဆုံးသွားသဖြင့် ထောင်မှပြန်ရန် ပြင်ဆင်လေ၏။

ထိုစဉ်သူ၏အနီးသို့ ကျွန်းလုံခြုံရေး တပ်သားတစ်ဦး အပြေး အလွှားရောက်ရှိလာပြီး

" ဆရာ့ကို အဘာဒင်ဈေးက လှဖေဆိုတဲ့လူ အရေးတကြီးတွေ့ ခွင့်တောင်းနေတယ်၊ စီလူလာထောင်ရဲ့အပြင်ဘက်မှာ စောင့်နေတယ် "

ဟု ပြောလေ၏။

ထောင်မှူးဘဦးသည် လှဖေဆိုသော အသံကိုကြားသည်နှင့် သူ၏ခေါင်းထဲတွင် အချက်ပေးခေါင်းလောင်းသံမြည်သွားပြီး ထောင်ပြင် သို့ ပြေးထွက်ခဲ့လေ၏။

စီလူလာထောင်၏ အုတ်ရိုး အပြင်ဘက်၌ လှဖေဆိုသူသည် ထောင်မှူးဘဦးကို စောင့်နေလေ၏။ ထောင်မှူးဘဦးသည် လှဖေအား

" ဟေ့လူ... ခင်ဗျားဘာစကားမှမပြောနဲ့ အခုကားပေါ်တက် "

ဟု ဆိုကာ ဂျစ်ကားပေါ်သို့တက်၍ ထိုနေရာမှ မောင်းနှင် ထွက်ခွာခဲ့လေ၏။

ကမ်းခြေတစ်နေရာသို့ ရောက်သောအခါ သူ၏ဂျစ်ကားကိုရပ်၍

" ဘာသတင်းထူးသေးလဲ၊ ကျုပ်ကိုမြန်မြန်ပြောစမ်း "

ဟု မေးမြန်းလေ၏။

ထိုအခါ လှဖေက

" သတင်းတော့ထူးပြီဗျို့၊ အက်ဒမန်ကျွန်းကို သူတို့ ဘက်က လူတစ်ယောက်လွှတ်လိုက်ပြီ အခုလောက်ဆို ပင်လယ်ထဲကို ရောက် လောက်ပြီ "



ဟု ပြောလေရာ ထောင်မှူးဘဦးက စိတ်ဝင်စားဟန်ဖြင့်

" ဟင်... ဟုတ်လား၊ ဒီလူဟာ ဘယ်သူလဲ၊ သူဟာကျွန်းကို အကြောက်အလန့်မရှိဘဲ လာနေတာ ဘယ်လောက်များသတ္တိကောင်း သို့လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လှဖေက

" ကိုရွှေဝန်ဆိုတဲ့လူပဲ "

ဟု ပြောလေ၏။

ထောင်မှူးဘဦးသည် အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

ကျွန်းမင်းကြီးသည် သူ၏ရုံးခန်းအတွင်းသို့ ကတိုက်ကရိုက်ဝင် လာသော ထောင်မှူးဘဦးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

" ဘာအကြောင်းထူးရှိလို့လဲဟေ့ "

ဟု မေးမြန်းလေ၏။

ထိုအခါ ထောင်မှူးဘဦးက လွန်စွာအရေးကြီးသော အမူ အရာဖြင့်

" မောင်နှမနှစ်ယောက်ကတော့ ကျွန်းကို ဒိတ်ဒိတ်ကျဲ လူတစ် ယောက်တော့ ပို့လိုက်ပြီ "

ဟု ပြောလေ၏။

ထောင်မှူးဘဦး၏ စကားကြောင့် ကျွန်းမင်းကြီးက မျက်မှောင် ကြုတ်လိုက်ပြီး

" ဘာ... ကျွန်းကို ဒိတ်ဒိတ်ကျဲ လူတစ်ယောက်လွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ် ဟုတ်လား၊ ဘယ်သူလဲ ''

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ထောင်မှူးဘဦးက တည်ငြိမ်သောပုံစံဖြင့်

'' ရွှေဝန်ဆိုတဲ့လူပဲ ''

ဟု ပြောလိုက်ရာ ကျွန်းမင်းကြီးသည် ခေါင်းခါယမ်း၍ ပါးစ
အဟောင်းသားဖြစ်သွားပြီး

'' အိုးမိုင်ဂေါ့ဒ် ''

ဟု ရေရွတ်လိုက်ကာ ခေါင်းခါယမ်း၍

'' မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး၊ ဒီလူဟာ ကျွန်းကို ဘယ်နည်း
နဲ့မှ ပြန်လာမှာမဟုတ်ဘူး။ မင်းရဲ့သတင်းဟာ သေချာရဲ့လား ''

ဟု မေးမြန်းလေ၏။

ထိုအခါ ထောင်မှူးဘဦးက ခေါင်းညိတ်၍

'' ပြည်မက မောင်နမနှစ်ယောက်ရဲ့ အဆက်အသွယ်
ကျွန်တော်တို့ကို သေသေချာချာ ပြောပြပြီးပါပြီ၊ နှလောက်ဆို ပင်လယ်
ထဲတောင် ရောက်နေလောက်ပြီ ''

ဟု ပြောလေ၏။

ကျွန်းမင်းကြီးသည် စားပွဲခုံကို လက်သီးဖြင့်ဒိုင်းကနဲထု၍

'' ဒီလူသိပ်သတ္တိကောင်းတယ်၊ အက်ဒမန်ကျွန်းက ထွက်ပြေး
တဲ့လူဟာ၊ ကျွန်းကိုပြန်လာလေ့မရှိဘူး။ သူဘာဖြစ်လို့ ဒီလောက်တော
ရဲဝံ့နေရတာလဲ၊ ကျွန်းပေါ်မှာ သူ့အတွက် အသက်အန္တရာယ်များတာ
သူမသိဘူးလား ''



ဟု မေးမြန်းလေ၏။

ထိုအခါ ထောင်မှူးဘဦးက မျက်မှောင်ကြုတ်၍ ကျွန်း၏မြေပုံကို
သွားရောက် ကြည့်ရှုလေ၏။

ထောင်မှူးဘဦးက

'' ကျွန်တော် ဒီကျွန်းကို ရောက်မလာမီမှာ ရွှေဝန်ဆိုတဲ့လူ
ကျွန်းကလွတ်သွားတဲ့သတင်း ဟိုးဟိုးကျော်နေတာ ကြားရတယ်၊
ဒါကြောင့် သူနဲ့ကျွန်တော်နဲ့ ထိပ်တိုက်မတွေ့ခဲ့ရဘူး။ သူ့သတင်းကြားရ
တာတော့ လူစွမ်းကောင်းတစ်ယောက်လိုပါပဲ၊ ဘာပဲဖြစ်ဖြစ် ရွှေဝန်နဲ့
ကျုပ်ထိပ်တိုက်တွေ့ပြီပေါ့ ''

ဟု ပြောလိုက်လေ၏။

ကျွန်းမင်းကြီးက ထောင်မှူးဘဦး၏ စကားကြောင့် ခေါင်း
တဆတ်ဆတ်ညိတ်ရင်း

'' ကောင်းတယ်၊ ဒီပွဲဟာ ကြည့်ကောင်းမဲ့ပွဲပဲ၊ မင်းဟာ ကျွန်းကို
ရောက်တဲ့ ငါးနှစ်တာကာလအတွင်း ထောင်မှူးတွေအားလုံးထဲမှာ
မြင်ဘက်ကင်းအောင် ကျော်ကြားတဲ့လူပဲ၊ ဒီကျွန်းမှာ ငါကလွဲရင် မင်းရဲ့
ဩဇာ အကြီးမားဆုံးဆိုတာ ငါရိပ်စားမိတယ်၊ ရွှေဝန်ဟာ ကျွန်းကို
ပြန်လာဝံ့တယ်ဆိုတော့ ငါတို့သတ္တိကို စမ်းတဲ့သဘောပဲ၊ ဒါကြောင့်
ဒီကောင် ကျွန်းကိုခြေချတာနဲ့ မရရအောင်ဖမ်းဆီးဖို့ ကြိုးစား မြန်မာ
လူမျိုး ဘိုးမှန်နဲ့ ရွှေဝန်ဆိုတဲ့ လူနှစ်ယောက်ကြောင့် ငါရဲ့ဂုဏ်သိက္ခာတွေ
ထိခိုက်ခဲ့ရတယ်၊ ဒီအချိန်မှာ အက်ဒမန်ကျွန်းမှာ နံပါတ်တစ် အရေးကြီး
ဆုံးအရာက ရွှေဝန်ကိုဖမ်းဖို့ပဲ၊ ရွှေဝန်ကိုဖမ်းဖို့အတွက် လိုအပ်တဲ့

www.burmeseclassic.com



အမိန့်အာဏာတွေငါ့ဆီက ရယူနိုင်တယ် ''

ဟု ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက ခေါင်းညိတ်၍

'' ရွှေဝန်ကိုဖမ်းဆီးဖို့အတွက် အစွမ်းကုန်ကြိုးစားပါ့မယ်၊ အက်ဒမန်ကျွန်းက ထွက်ပြေးတဲ့ လူတစ်ယောက်ဟာ၊ ကျွန်းကနေ ပြန်လွတ်ရိုးထုံးစံမရှိဘူး။ ရွှေဝန်ကိုဖမ်းမဲ့ကိစ္စမှာ အက်ဒမန်ကျွန်းမှာရှိတဲ့ ထောင်ပိုင်ကြီးဟာလည်း အဓိက အရေးပါတယ်၊ ထောင်ပိုင်ကြီးရဲ့ သဘောတူညီချက်မရဘဲ ရွှေဝန်ကို ဖမ်းဆီးမယ်ဆိုရင်၊ အခက်အခဲရှိနိုင်ပါတယ် ''

ဟု ပြောလေ၏။

ထိုအခါ ကျွန်းမင်းကြီးက ခေါင်းရှုပ်သွားဟန်ရှိပြီး

'' ထောင်ပိုင်ကြီးက အင်မတန် အေးတိအေးစက်နိုင်တယ်၊ သူဟာ ထောင်ပိုင်ကြီးလုပ်ဖို့၊ မကောင်းဘူး၊ ဘုရားလူကြီးလုပ်ဖို့ ကောင်းတယ်၊ သူ့ဆီကအကူအညီတွေရဖို့အတွက် ငါတို့မှာ ပြောရဆို ရ အတော်ခက်လိမ့်မယ် ''

ဟု ပြောလေ၏။

ထောင်မှူးဘဦးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' ကျွန်းမင်းကြီးရဲ့ ပုဂ္ဂလိကပစ္စည်းဖြစ်တဲ့ ပတ္တမြားကြီးကို လာရောက်လုယူမဲ့ ကိုရွှေဝန်ကို ကျွန်းလုံခြုံရေးတပ်ဖွဲ့တွေနဲ့ တားဆီးမယ်ဆိုရင် သူများကြားလို့ သင့်တော်မှာမဟုတ်ဘူး၊ မင်းကြီးရဲ့ ပတ္တမြားကိစ္စကို ကျွန်တော်တို့ လျှို့ဝှက်ထားရင် ကောင်းမယ် ''



ဟု ပြောလေရာ ကျွန်းမင်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' မင်းရဲ့အကြံကောင်းတယ်၊ ငါ့ရဲ့ပတ္တမြားကို လျှို့ဝှက်ပြီး ကျွန်းက ထွက်ပြေးတဲ့ ရွှေဝန်ဆိုတဲ့လူဟာ၊ ကျွန်းကို တစ်ခေါက်ပြန်လာပြီး ရန်စပိုင်လုပ်နေတယ်လို့၊ သတင်းလွှင့်လိုက်ရင်၊ ကျွန်းတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားမှာဘဲ၊ ဒါမှ ဘုရားလူကြီးကို အေးတိအေးစက်နိုင်တဲ့ ထောင်ပိုင်ကြီး အေးတိအေးစက် မနေနိုင်တော့မှာ ''

ဟု ပြောလေရာ ထောင်မှူးဘဦးက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ဒါမှ ထောင်ပိုင်ကြီးဆီက အကူအညီတွေရမှာ ''

ဟု ပြောလေ၏။ ကျွန်းမင်းကြီးက ခေါင်းညိတ်၍

'' အမြန်ဆုံးလွှင့်လိုက်ပေတော့၊ ဒီကိစ္စမှာ မင်းဟာငါရဲ့ အားအကိုးရဆုံးလူပဲ ''

ဟု လေးနက်သော အမူအရာဖြင့် ပြောဆိုလိုက်လေရာ ထောင်မှူးဘဦး၏ ရင်ထဲတွင် ဂွမ်းဆီတီသလိုခံစားရ၏။

သူသည် အက်ဒမန်ကျွန်းသို့ ရောက်ရှိပြီး ငါးနှစ်အတွင်း သူ၏ ဩဇာအာဏာကို ကြီးမားအောင် အစွမ်းကုန်ကြိုးစားခဲ့၏။

အက်ဒမန်ကျွန်းသို့ ရောက်ရှိပြီး တစ်လအတွင်း ထောင်ပိုင်ကြီးမှာ လွန်စွာတည်ငြိမ်အေးဆေးပြီး ဘုရားလူကြီးဂိုက်ရှိသော်လည်း ကျွန်းမင်းကြီးမှာ လွန်စွာ အလိုလောဘကြီးကြောင်း ရိပ်စားမိခဲ့၏။

ကျွန်းမင်းကြီးသည် အက်ဒမန်ကျွန်း၌ မှောင်ခိုလုပ်ငန်းများ စားသောက်ဆိုင်လုပ်ငန်း၊ အရက်ဆိုင်လုပ်ငန်းများ၊ ဘိန်းခန်းများမှ ငွေများရယူနေကြောင်း တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ စရိုက်ကို ရိပ်စားမိသွားသောအခါ ကျွန်းမင်းကြီး အကြိုက်ဖြစ်ရန် အလိုက်တသိ ကြိုးစား၍ လုပ်ဆောင်ပေး၏။

ကျွန်းမင်းကြီးအတွက် လာဘ်ငွေများကို နှစ်ဆ၊ သုံးဆ ဖြစ်အောင် စွမ်းဆောင်ပေး၏။ ထို့ကြောင့် ကျွန်းမင်းကြီးသည် ထောင်မှူးဘဦးကို တဖြည်းဖြည်း အရေးပေးလာ၏။

ထိုသို့အရေးပေးလာသည်နှင့် ထောင်မှူးဘဦး၏ ဩဇာအာဏာသည် တဖြည်းဖြည်းကြီးမားလာ၏။ သူသည် အခြားသော ထောင်မှူးငယ်များအားလုံးကို ကျော်ဖြတ်၍ ကျွန်းမင်းကြီး၏ အနီးကပ်ဆုံးလူတစ်ယောက်ဖြစ်လာ၏။

ထို့ပြင် ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ ဝါသနာတစ်ရပ်ကို ရိပ်စားမိထား၏။ ကျွန်းမင်းကြီးသည် မိန်းမချော မိန်းမလှလေးများနှင့် တွေ့ဆုံရန် စိတ်အားထက်သန်သူဖြစ်၏။

ထို့ကြောင့် အက်ဒမန်ကျွန်းသို့ ရောက်ရှိလာသော အိန္ဒိယနှင့် တခြားနိုင်ငံများမှ မိန်းမလှများကို ကျွန်းမင်းကြီးအတွက် ဆက်သပေးခဲ့၏။

ကျွန်းမင်းကြီးသည် သူ၏အကြိုက်ဖြစ်အောင် အဘက်ဘက်မှ စွမ်းဆောင်နိုင်သော ထောင်မှူးဘဦးကို သူ၏ညာလက်ရုံးအဖြစ် သတ်မှတ်လိုက်လေတော့၏။

ထောင်မှူးဘဦးသည် အလွန်အကြံကြီးသူဖြစ်၏။ သူသည် ကျွန်း၌ ဩဇာအာဏာရရှိရန် ကျွန်းမင်းကြီးအကြိုက် လိုက်လုပ်ပေးရင်း



တဖြည်းဖြည်းကျွန်း၌ အရှိန်အဝါကြီးလာသောအခါ မသမာသောနည်းလမ်းဖြင့် ရရှိသောငွေများကို ကျွန်းမင်းကြီး၏အိတ်ထဲကို သာမက သူ၏အိတ်ထဲကိုပါ ထည့်လေ၏။

ကျွန်းမင်းကြီးသည် ထောင်မှူးဘဦး၏ အပြုအမူကိုရိပ်စားမိတန်ရှိသော်လည်း သူ၏လက်ကိုင်တုတ်အဖြစ် ထားလိုသဖြင့် တားဆီးခြင်းမရှိခဲ့ချေ။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီးက မသိမမြင်ဟန်ဆောင်နေသောအခါ တဖြည်းဖြည်း အတင့်ရဲလာပြီး အက်ဒမန်ကျွန်း၌ ဩဇာအာဏာကြီးသထက် ကြီးအောင် ဆောင်ရွက်ခဲ့၏။

သူသည် ကောလိပ်၌ ပညာသင်ကြားရင်း ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းမှထွက်ခဲ့ရ၏။

သူ၏မွေးစားမိဘများမှာ တောနယ်များသို့ သွားလာရင်း ဓားပြများ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရ၏။

ထောင်မှူးဘဦးသည် ထိုအချိန်မှစ၍ ကြီးပွားတိုးတက်ရန် နည်းလမ်းအမျိုးမျိုးကို စဉ်းစားဆင်ခြင်၏။

မိမိ၌ ငွေကြေးဥစ္စာမရှိသောကြောင့် ကုန်သည်ပွဲစားလုပ်ကိုင်၍ မဖြစ်နိုင်ချေ။ သူသည် ကြီးပွားအောင်မြင်လိုသူဖြစ်သဖြင့် အစိုးရအလုပ်ဝင်လုပ်လျှင် မြို့အုပ်၊ အရေးပိုင် စသော ရာထူးရာခံကြီးများကို လိုချင်တပ်မက်၏။

သို့သော် သူ၏ ပညာတစ်ပိုင်းတစ်စဖြင့် မြို့အုပ်၊ အရေးပိုင်ဖြစ်ရန် လမ်းမရှိချေ။ ထိုသို့ လမ်းပျောက်နေရာမှ သူ၏သူငယ်ချင်းတစ်ဦး

www.burmeseclassic.com



၏ ဖျားယောင်းမှုကြောင့် ထောင်မှူးသင်တန်းတက်ရန်ဖြစ်လာ၏။

သူသည် ထောင်မှူးလုပ်ရန် ဝါသနာမရှိချေ။ ထောင်မှူးသင်တန်းကို အင်းစိန်ထောင်ကြီးတွင် စတင်တက်ရောက်ကာစက ထောင်မှူးသင်ခန်းစာများကို ပျင်းရိငြီးငွေ့လွန်းလှသဖြင့် နောင်တကြီးစွာရခဲ့၏။

နောက်ပိုင်းတွင် ထောင်မှူးဘဝရောက်လာသောအခါ မြန်မာပြည်အရပ်ရပ်ထောင်များတွင် လှည့်လည်၍နေထိုင်ရ၏။

ထောင်မှူးဘဦး၏ ပင်ကိုယ်စရိုက်မှာ ရက်စက်ကြမ်းကြုတ်သူဖြစ်၏။ သူသည် ငယ်စဉ်က လက်ဝှေ့ထိုးခြင်း၊ လက်မောင်းအားလုံခြင်း ကိုယ်ခံပညာသင်ယူခြင်း စသည်တို့ကို ဝါသနာထုံသူဖြစ်၏။

ထိုသို့ ထောင်မှူးအဖြစ် လှည့်လည်တာဝန်ထမ်းဆောင်ရင်း တဖြည်းဖြည်း ထောင်မှူးအလုပ်ကို ဝါသနာပါမှန်းမသိ ပါလာ၏။

ယခင်က အင်းစိန်ထောင်ကြီးတွင် ထောင်မှူးသင်တန်းတက်ကာစက အကျဉ်းသားများအား အိပ်ဆောင်များတွင် စတင်ထုတ်သော အချိန်တွင် ပျော်ရွှင်နေသော ခံစားမှု ဖြစ်ပေါ်နေသလောက် နေ့လယ်ပိုင်း အကျဉ်းသားများအား ထောင်ထဲသို့ ပြန်လွှတ်ပေးရသောအခါ ရင်ထဲတွင် ဝမ်းနည်းမှုတစ်မျိုး ဖြစ်ပေါ်မိ၏။

ထိုခံစားမှုမှာ အချုပ်နှောင်၌နေထိုင်ရသော အကျဉ်းသားများအတွက် သနားကရုဏာသက်သော ခံစားမှုဖြစ်၏။

သူသည် ထောင်မှူးလုပ်သက် ဝါရင့်လာသောအခါ အကျဉ်းသားများကို သနားကရုဏာသက်စိတ်မရှိတော့ဘဲ အကျဉ်းသားများထံမှ လာဘ်ငွေအမျိုးမျိုးရရှိရန်သာ စိတ်ထက်သန်တော့၏။





ထိုသို့ မြန်မာပြည်အရပ်ရပ်လှည့်လည်၍ အမှုထမ်းရင်း နောက်ဆုံးတွင် အက်ဒမန်ကျွန်းသို့ ရောက်ရှိလာ၏။

အက်ဒမန်ကျွန်းသို့ ထောင်မှူးအများစု မသွားလိုကြသော်လည်း ထောင်မှူးဘဦးကမူ ကျွန်းသို့သွားရန် စိတ်ထက်သန်၏။

အဘယ်ကြောင့်ဆိုသော် အကျဉ်းသားများထံမှ အခွင့်အရေးရလျှင် ယူတတ်သလို စီးပွားဖြစ်သောကြောင့်ဖြစ်၏။

ထောင်မှူးဘဦးတစ်ယောက် ကျွန်းသို့ရောက်ပြီး များမကြာမီ သူရည်မှန်းထားသည့်အတိုင်း ကျွန်းမင်းကြီးအကြိုက် လုပ်ကိုင်ပေးရင်း ကြာအကြီးဆုံးထောင်မှူးတစ်ယောက်အဖြစ်သို့ ရောက်ရှိလာ၏။

ထောင်မှူးဘဦးသည် ထိုအချိန်မှစ၍ သူမျှော်လင့်သော ကြီးပွားအောင်မြင်သောဘဝကို ရရှိခဲ့ပြီဟု ယူဆလိုက်လေ၏။

ထောင်မှူးဘဦးသည် ကျွန်း၌ အရှိန်အဝါကြီးသထက် ကြီးလာသောအခါ ပိုမို စိတ်အားထက်သန်လာပြီး ကျွန်း၌နေထိုင်သော ကျွန်းသားများသာမက ကုန်သည်ပွဲစားနှင့်အရောင်းအဝယ်သမားများပါ မိမိသို့ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရန်အတွက် လုပ်ဆောင်ခဲ့၏။

သူသည် ကြမ်းကြုတ်ရက်စက်ပြီး ဉာဏ်ရည်ဉာဏ်သွေးထောင်းမွန်သူတစ်ဦးဖြစ်သဖြင့် ကျွန်း၌ အရေးကြီးဆုံးမှာ ခက်ထန်ကြမ်းကြုတ်မှုဖြစ်ကြောင်း ရိပ်စားမိ၏။

အက်ဒမန်ကျွန်းလို နေရာမျိုး၌ ရှေ့ပြည်အေးတရားဟောနေ၍ မဖြစ်နိုင်ပေ။ ထို့ကြောင့် ထောင်မှူးများအားလုံးထက် ပိုမို၍ကြမ်းကြုတ်ရက်စက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် လည်ဝယ်သူတစ်ဦးဖြစ်သဖြင့် ကျွန်း သို့ရောက်ကာစက ကျွန်းသားများ မိမိကို ကြောက်ရွံ့ရန်အတွက် ဖြစ် များကို ကြမ်းကြမ်းတမ်းတမ်း နှိမ်နင်း၏။

ကြိမ်ဒဏ်စနစ်ကို ထောင်မှူးဘဦးက စတင်၍ တီထွင်သူဖြစ်ခဲ့၏

ကိုလိုနီအစိုးရ အုပ်ချုပ်သောအချိန်ကာလဖြစ်သဖြင့် တရား ဥပဒေမှာ လိုသလို ပြောင်းလဲယူနိုင်၏။

အက်ဒမန်ကျွန်းကဲ့သို့ ကျွန်းမင်းကြီးတစ်ယောက်သာ အုပ်ချုပ် သောနေရာဒေသ၌ ကျွန်းမင်းကြီးသာ အုပ်ချုပ်ရေးအာဏာများ တည် ရှိမည်ဖြစ်ကြောင်း အလွန်လိမ္မာပါးနပ်သော ထောင်မှူးဘဦးက ရိပ်စား မိ၏။

ထို့ကြောင့် ကျွန်းမင်းကြီး၏စိတ်ဓာတ်ကို ခန့်မှန်းပြီး ကျွန်းမင်း ကြီးအကြိုက် ဆက်ဆံခဲ့သောအခါ ကျွန်းမင်းကြီးသည် ထောင်မှူးဘဦး အား သူ၏ညာလက်ရုံးတစ်ဆူကဲ့သို့ အားကိုးကာ အာဏာကုန် အပ်ထားခြင်းဖြစ်၏။

ကိုလိုနီအစိုးရသည် ကျွန်း၌ အကျဉ်းသားများ ထွက်မပြေး သာ အဓိကထားပြီး တရားဥပဒေစိုးမိုးရေးကို အလေးအနက်ထား မရှိချေ။

ထောင်မှူးဘဦးသည် ကျွန်း၌ မိမိလုပ်ချင်ရာ လုပ်နိုင်ရန်အတွက် အရည်အချင်းရှိသော ထောင်မှူးများကို ကျွန်းမင်းကြီး မနှစ်သက် အတွက် အမျိုးမျိုးချောက်တွန်း၍ အက်ဒမန်ကျွန်းမှ လွင့်သွားအောင် ပြုလုပ်ခဲ့၏။





အရည်အချင်းရှိ၍ စိတ်ဓာတ်မှန်ကန်သော ထောင်မှူးများသည် ထောင်မှူးဘဦး၏ ချောက်တွန်းမှုကြောင့် ကျွန်းမှ ထွက်ခွာရရှာ၏။

အက်ဒမန်ကျွန်း၌ စီးပွားရှာနေသော လုပ်ငန်းများ၏ အားနည်း ချက်များကို နိုက်နိုက်ချွတ်ချွတ် သိကျွမ်းအောင် ကြိုးစား၏။ သူ၏ ကျွန်း လုံခြုံရေးတပ်သားများထဲမှ ထောင်သားများ၏ လျှို့ဝှက်ချက်များကို စုဆောင်း၏။

ထို့နောက် ကျွန်းပေါ်ရှိ စီးပွားရှာနေသူများကို အခွင့်အာဏာကို အသုံးပြု၍ ခြိမ်းခြောက်ပြီး ငွေတောင်းခြင်း၊ အခြားသောအခွင့်အရေး များကို ရယူခြင်း စသည့် မသမာသောအပြုအမူတို့ကို ပြုလုပ်၏။

ကျွန်း၌ စားသောက်ဆိုင်၊ လောင်းကစားဝိုင်း စသည်ဖြင့် ဖွင့်လှစ် သူများသည် ထောင်မှူးဘဦး မနှောင့်ယှက်ရန် ၎င်းအား ကျေနပ် လောက်အောင် ပေးကမ်းထားရ၏။

ထောင်မှူးဘဦးသည် ငွေကိုသာမက လူကိုပါယူသော အကျင့် ဆိုးရှိ၏။ ထောင်မှူးဘဦး နှစ်သက်လျှင် ကျွန်းပေါ်ရှိ မိန်းကလေး များစုမှာ အန္တရာယ်ရှိသည်ဟူ၍ပင် ဆိုနိုင်၏။

တစ်ခါက ထောင်မှူးဘဦးသည် အဘာဒင်ဈေးအတွင်း ထမင်း ဆိုင်ဖွင့်သော မိန်းမလှတစ်ယောက်ကို ရယူရန်ကြိုးစား၏။ သို့သော် သူမသည် ထောင်မှူးဘဦးကို မုန်းတီးသူဖြစ်သဖြင့် ၎င်း၏နောက်ပိုးပြု လုပ်ခြင်းကို လက်သင့်မခံခဲ့ချေ။

ထိုအခါ ထောင်မှူးဘဦး၏ တပည့် ကျွန်းလုံခြုံရေးတပ်သားများ က မိန်းကလေး၏ ဆိုင်မဖွင့်နိုင်အောင် ဒုက္ခပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် နောက်ဆုံးတွင် ဆိုင်ကိုပိတ်၍ အက်ဒမန်ကျွန်း မှ ပြောင်းပြေးရသောအဖြစ်ကို ရောက်လေ၏။

ထောင်မှူးဘဦးသည် အက်ဒမန်ကျွန်းရှိ မိန်းမချော မိန်း တော်တော်များများကို အပေါစားအာဏာသုံး၍ သိမ်းပိုက်ရန် ကြိုး ၏။

အက်ဒမန်ကျွန်း၌ စီးပွားရှာနေသော မိန်းမများသည် ထောင် ဘဦးနှင့် ကင်းကင်းနေရန် မဖြစ်နိုင်သဖြင့် လူယုတ်မာ၏ အလိုကို ဆန်ခံ့ပေ။ ထောင်မှူးဘဦးသည် အက်ဒမန်ကျွန်း၌ စီးပွားရှာနေသူ ထံမှ အခွင့်အရေး အမျိုးမျိုးကို ရယူ၏။

ကျွန်းမင်းကြီးအား ရရှိသောငွေများမှ တစ်ဝက်တိတိ ဆက် ကာ ကျန်သောအရာများကို မိမိအတွက် ရယူ၏။

ထို့ကြောင့် ထောင်မှူးဘဦးသည် ကျွန်း၌ ကျွန်းမင်းကြီးပြီး ဩဇာအာဏာအရှိဆုံးဖြစ်လာ၏။

ကျွန်း၏ ဒုတိယအကြီးဆုံးအာဏာပိုင်ဖြစ်သော ထောင်ပိုင် မှာ ဘာသာတရား ကိုင်းရှိုင်းပြီး အေးဆေးသူဖြစ်သဖြင့် ထောင်မှူး ၏ မတရားလုပ်ဆောင်မှုများကို သိမြင်နိုင်ခြင်းမရှိပေ။

မေတ္တာတရားကို ရှေ့ထား၍ ကျွန်း၌ အေးအေးဆေးဆေး လိုသူဖြစ်၏။ ထောင်မှူးဘဦးသည် ကျွန်း၌ ဩဇာအာဏာကြီး စေရန် လက်မရွံ့လူမိုက်များကို မွေးလေ၏။

ထိုလူမိုက်များကိုလည်း အလိုလိုက် အကြိုက်ဆောင်၍ ခါးပိုက်၌ ထည့်ထား၏။





ထို့ကြောင့် ထောင်မှူးဘဦး၏ လူယုံ ကျွန်းလုံခြုံရေးတပ်သား သည် လက်မရွံ့လူမိုက်များသာဖြစ်၏။

ထောင်မှူးဘဦးအား ရန်ငြိုးဖွဲ့သူသည် ၎င်း၏ လက်မရွံ့လူမိုက် ၏ လက်ချက်ဖြင့် လူ့လောကမှ ထွက်ခွာသွားရသည်သာဖြစ်၏။

သူသည် ကျွန်းမင်းကြီး၏ အမိန့်သဘောကို အသုံးပြု၍ ကျွန်း သင်ရာစိုင်းကာ အုပ်ချုပ်ချင်တိုင်း အုပ်ချုပ်နေ၏။

လွန်စွာလိမ္မာပါးနပ်သော ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ အဖိုးတန်ပတ္တမြားကြီးကို အကူအညီပေးခြင်းဖြင့် နာမည်ကောင်းရရန် ကြံသမ်း၏။

ကျွန်းမင်းကြီးသည် သူ၏အဖိုးတန်ပတ္တမြားကြီးအတွက် လွန်စွာ နှမြောသောကာဖြစ်နေပုံရ၏။

ထောင်မှူးဘဦးသည် ကျွန်းမှထွက်ပြေးသွားသော ကိုရွှေဝန်ဆို သူကို ဖမ်းဆီးရန် စိတ်အားထက်သန်ရခြင်းမှာ ထောင်မှူးကြီးအား မြှော်မှာကောင်းရရန် သက်သက်မဟုတ်ဘဲ သူ၏စွမ်းရည်သတ္တိကို ပြသ ခြင်းသည်းဖြစ်၏။

အက်ဒမန်ကျွန်းကဲ့သို့ ကြမ်းတမ်းခက်ထန်လှသောနေရာမှ ထွက် ပြေးနိုင်သူများသည် လူစွမ်းကောင်းများဟု အများက သတ်မှတ်ထား ၏။

ထိုကဲ့သို့ ကျွန်းသားများအထင်ကြီးသော လူစွမ်းကောင်းတစ် ဦးကို မိမိ၏အစွမ်းဖြင့် ဖမ်းဆီးနိုင်ခြင်းဖြင့် ကျွန်းပေါ်၌ ဩဇာအာဏာ ကြီးမားလာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အက်ဒမန်ကျွန်း၌ မိမိတစ်ဦးတည်းသော လူစွမ်းကော
ဖြစ်လို၏။ ကျွန်းမှထွက်ပြေးသွားသော ကျွန်းသား ဘိုးမှန်နှင့် ရွှေဝ
သည့် ကျွန်းသားများကို အားလုံးက လူစွမ်းကောင်းများအဖြစ် အထ
ကြီးနေခြင်းကို လိုလားခြင်းမရှိပေ။

ကျွန်းသားများအထင်ကြီးသော လူစွမ်းကောင်း ရွှေဝန်ဆိုသူ
မိမိက ဖမ်းဆီးလိုက်ခြင်းဖြင့် မိမိ၏ဩဇာအာဏာ ပိုမိုကြီးမားလာ

ထိုအခါ မိမိ၏ဂုဏ်သတင်း ပိုမိုကျော်ကြားပြီး ကျွန်းပေါ်၌
အများ၏ ကြောက်ရွံ့ရိုသေမှု၊ အထင်ကြီးလေးစားမှုများကို ရရှိရန် ကျွ
မှထွက်ပြေးလွတ်မြောက်သွားသော ရွှေဝန်ဆိုသူကို ဖမ်းဆီးရယူလို

ထောင်မှူးဘဦးသည် အရည်အချင်းရှိသူဖြစ်ပြီး သူ၏ရန်သူအ
အဖက်ဖက်မှ ပိတ်ဆို့ထားနိုင်သောအရည်အချင်းရှိ၏။

ထို့ကြောင့် လူစွန့်စားရွှေဝန်ဆိုသူ၏ နောက်ကြောင်းရာဇဝင်
သိအောင်လုပ်မည်ဟု ဆုံးဖြတ်လိုက်၏။

ထောင်မှူးဘဦးသည် ကျွန်းလုံခြုံရေးအဖွဲ့၏ မှတ်တမ်းများထား
ရှိသော ရုံးကို ကားကို ကိုယ်တိုင်မောင်းနှင်သွားလေ၏။

ထိုရုံး၌ မှတ်တမ်းများထိန်းသိမ်းသော တပ်ကြပ်ကြီးတစ်ဦးရှိ
တပ်ကြပ်ကြီးသည် ၎င်း၏ရုံးသို့ မရောက်စဖူး အရောက်ထူးလာသော
ထောင်မှူးဘဦးကို ကြည့်၍ အံ့ဩသွားပြီး အကျိုးအကြောင်းကို
မြန်းလေ၏။

ထိုအခါ ထောင်မှူးဘဦးက

" လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကျွန်းကထွက်ပြေးတဲ့ ရွှေ





ထောင်ရဲ့ မှတ်တမ်းအပြည့်အစုံကို ကျုပ်လိုချင်တယ် "

ဟုပြောလိုက်ရာ ကျွန်းလုံခြုံရေးအဖွဲ့၏ မှတ်တမ်းထိန်းအရာရှိ
သည် အံ့ဩသွားပြီး

" အကျဉ်းသားရွှေဝန်ရဲ့မှတ်တမ်း၊ ဟုတ်လား၊ ဒီလူက ကျွန်း
မှာမှ မရှိတော့တာ၊ ထောင်မှူးဘာလုပ်မလို့လဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ထောင်မှူးဘဦးက စားပွဲခုံကိုလက်သီးဖြင့် နင်းကန်ထု
၏

" ဟေ့လူ စကားမရှည်နဲ့၊ မှတ်တမ်းကိုသာ ကျုပ်ကိုအမြန်ဆုံး
ပေးစမ်း။ ဒီမှာ အရေးကြီးတာ မှာထားရဦးမယ်၊ ဒီအကြောင်းတွေ
တွေ လုံးဝမသိပါစေနဲ့ "

ဟုပြောလေရာ ကျွန်းလုံခြုံရေးတပ်ဖွဲ့မှ တပ်ကြပ်ကြီးသည်
ထိတ်ထိတ် အလန့်လန့်ဖြင့်

" ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ "

ဟုပြောရင်း ရွှေဝန်ဆိုသူ၏ ဖိုင်တွဲကို ယူ၍ အခန်းထဲသို့ ဝင်ခဲ့
လေ၏။

ခဏကြာလျှင် တပ်ကြပ်ကြီးသည် အနီရောင်ဖိုင်တွဲတစ်ခုကို ယူ
၍ ထောင်မှူးဘဦး၏ရှေ့သို့ ချပေးလိုက်၏။

အနီရောင်ဖိုင်တွဲ၏အပေါ်တွင် "ရွှေဝန်" ဟူသောအမည်မှာ
ထင်းထင်းကြီးပေါ်နေလေ၏။

ထိုအခါထောင်မှူးဘဦးက

www.burmeseclassic.com

www.burmeseclassic.com



" နေပါဦး၊ ဒီကောင့်ရဲ့ ဖိုင်တွဲက ဘာလို့အနီရောင် ဖြစ်နေရ... လဲ "

ဟု မေးမြန်းလေရာ တပ်ကြပ်ကြီးက သက်ပြင်းချ၍

" ဒီကျွန်းပေါ်မှာ အနီရောင်ဖိုင်တွဲရှိတဲ့ အကျဉ်းသား နှ... ယောက်ပဲရှိပါတယ်၊ အဲဒါကတော့ ဘိုးမှန်နဲ့ ရွှေဝန်ဆိုတဲ့ အကျဉ်းသား နှစ်ယောက်ပါဘဲ "

ဟု ပြောလေရာ ထောင်မှူးဘဦးသည် မည်သည့်စကား... မဆိုတော့ဘဲ ဖိုင်တွဲကို ဆတ်ခနဲယူ၍ အခန်းထဲမှ ထွက်ခွါသွားလေ တော့၏။

ထောင်မှူးဘဦးသည် ရုံးခန်းထဲသို့ ရောက်လာသော... ကိုရွှေဝန်နှင့် ပတ်သက်သော မှတ်တမ်းကြီးကိုစတင်ဖတ်ရှုလေ... သူသည်ဖိုင်တွဲကို ဖတ်ရှုလိုက်ပြီး ခဏအကြာတွင် ဘုရားတလိုက်...

" ဗုဒ္ဓေါ ဒီလူဟာတကယ့် လူစွမ်းကောင်း တစ်ယောက်... လား"

ဟု အထိတ်တလန့် ရေရွတ်လိုက်လေ၏။

ကိုရွှေဝန်၏ စွန့်စားခန်းများသည် သူ့အတွက်အားကျစရာ... ပင်ဖြစ်၏။ အနီရောင်ဖိုင်တွဲတွင် ကိုရွှေဝန်နှင့်ပတ်သက်ပြီး ပြည့်... စုံစုံဖော်ပြထား၏။

သူသည် ကိုလိုနီအရာရှိကြီးများကို လက်တစ်လုံးခြား လှည့်... ရခြင်းကို နှစ်သက်ဟန်ရှိ၏။ မြို့တစ်မြို့၏ အိမ်ကိုထိုနေ့ည မရရအောင် ဖောက်ထွင်းမည်ဟု ကြိုးဝါးကာ ပြောသည့်အတိုင်း ဖြစ်အောင်ပြု...



...၏။

ရွှေဝန်ဆိုသူသည် အာဂသတ္တိခဲပင်ဖြစ်၏။ မြန်မာပြည်တွင်သာ ... အိန္ဒိယပြည်၊ တရုတ်ပြည်၊ တိဘက်ပြည်များတွင်ပါ သွားလာ၍ ...များ၏ မျက်ခုံးမွေးများပေါ်တွင် စကြံလျှောက်ခဲ့၏။

သူဌေးသူကြွယ်ကြီးများ အစိုးရအရာရှိများ ထိပ်တန်းပုဂ္ဂိုလ် ...များ အားလုံးကို နည်းအမျိုးမျိုးသုံး၍ လိမ်လည်လှည့်ဖျားခဲ့၏။ ကိုရွှေဝန် ...သည် ဖိုင်တွဲထဲတွင် ဖော်ပြချက်အရ အလုပ်အမျိုးမျိုး လုပ်တက်၏။

ဖောက်ထွင်းမှုကို ကျူးလွန်သည့်အခါ ကျူးလွန်၏။ ဓားပြမှုကို ...လွန်သည့်အခါ ကျူးလွန်၏။ သူသည် ပြစ်မှုများကို များပြားစွာ ...လွန်ခဲ့သော်လည်း အံ့ဩဖွယ်ကောင်းလောက်အောင် တစ်ကြိမ်မှ ...ခံရခြင်းမရှိချေ။

ထောင်မှူးဘဦးသည် ဤမျှထူးချွန်သည့် လူစွမ်းကောင်းတစ် ...ကို သူ၏တစ်သက်တွင် မြင်တွေ့ဖူးခြင်းမရှိ ကိုရွှေဝန်ကဲ့သို့ ...ဖက်၌ထူးချွန်သော လူတစ်ယောက်သည် နောက်ဆုံး၌ လူသတ်မှု ...ကျွန်းသို့ရောက်လာရ၏။

ထိုလူသတ်မှုကလည်း ကိုရွှေဝန်နှင့် ပတ်သက်ခြင်းမရှိဘဲ အများ ...အတွက် သယ်ပိုးလိုစိတ်ဖြင့် မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက် ...ကြောင့် အပြစ်ဒဏ်ကျခံခြင်းဖြစ်ကြောင်း သိရ၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်အကြောင်းကို အထိတ်တလန့် ...ရင်း မျက်လုံး ပြူးသထက်ပြူးလာ၏။ ကိုရွှေဝန်သည် ဒုစရိုက်သမား ...ယောက်ဖြစ်သော်လည်း လူများကအချစ်ချင်းလေးစားကြသည်။

www.burmeseclassic.com



သူဌေးသူကြွယ်များကို တိုက်ခိုက်ကာ ဆင်းရဲသားများအတွက် ဝေငှပေး၏။

ကိုရွှေဝန်မှာလည်း ချမ်းသာကြွယ်ဝသူများကို အမျိုးမျိုး ဒုက္ခပေး၍ဆင်းရဲသားများဘက်သို့ ပြန်လည်ဝေငှပေး၏။ ကိုရွှေဝန်ကဲ့သို့ ရဲဝံ့သောပုဂ္ဂိုလ်မျိုး တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့ချေ။

ထို့ပြင် ကိုရွှေဝန်၏ အသွင်သဏ္ဌာန်မှာလည်း ယောက်ျား ပီသပြီး မိန်းကလေးတိုင်းစွဲမက်ကြသည် ဆို၏။ မှတ်တမ်းထဲတွင် ဖတ်ရှုချက်များအရ ကိုရွှေဝန်သည် ခါတ်ရှင်မင်းသားတစ်ဦးလို အစွမ်းထက်လှ၏။

ဤမျှထူးချွန်သောလူ လက်တွေ့ဘဝတွင် ရှိပါမည်လား။ မှတ်တမ်းထဲတွင် ရေးသားချက်များသည် အပိုချဲ့ကား၍ ရေးသားထားခြင်းပေလော။

မဟုတ်မဟတ် လုပ်ဇာတ်တွေ အများကြီးပါနိုင်၏။ မိန်းမများအားလုံး ချစ်ခင်စွဲမက်လောက်အောင် စန်းပွင့်သောလူသည် အဘယ်မှာ တည်ကြည်ခန့်ငြားလေသံနည်း။

ထောင်မှူးဘဦးသည် ဗိုင်တွဲထဲတွင် တွေ့ရသော ကိုရွှေဝန်၏ ဓါတ်ပုံကို သေချာစွာကြည့်ရှုလေ၏။ ဓါတ်ပုံထဲတွင် တွေ့ရသော ကိုရွှေဝန်၏ ရုပ်ရည်သည် မိန်းမများကျလောက်သော အဆင်းသဏ္ဌာန်မျိုးဖြစ်ကြောင်း တွေ့ရလေ၏။

ကိုရွှေဝန်၏ ညို့ငင်နိုင်သောအကြည့်မှာ ယောက်ျားချင်းပင် မနာလို ဖြစ်ရလောက်အောင် ဆွဲဆောင်အားကောင်း၏။ ထောင်မှူးဘဦးသည် ကိုရွှေဝန်၏ ဗိုင်တွဲကြီးကို ညနေစောင်းသည်အထိ ဖတ်ရှုထေ



သာ၏။

သူသည် ဖတ်ရှုရင်း ဖတ်ရှုရင်း ကိုရွှေဝန်၏အကြောင်းများကို ပို၍သိလာရ၏။ ထိုသို့ဖတ်ရှုရင်း သူ၏ကျောထဲတွင် စိမ့်သွားပြီး အားစားစိတ်များ ဖြစ်လာ၏။

မနာလိုစိတ်များလည်း ဖြစ်ပေါ်လာ၏။ ကိုရွှေဝန်၏ဘဝသည် ငယ်စဉ်က မုဆိုးကြီးများနှင့်အတူ ရိုးမတောကြီးထဲသို့လိုက်၍ မုဆိုးထိတ်ရင်ဖို့အရသာကို ခံယူရ၏။

သူသည် ဆယ့်သုံးနှစ်သားအရွယ်ကပင် ကျားနှင့် ရင်ဆိုင်တွေ့ရ၏ မိချောင်းဖမ်းသော မုဆိုးများနှင့် တောထဲသို့ လိုက်ပါဖူး၏။ ထို့ပြင် လက်ဝှေ့သမား အဖိုးကြီးတစ်ဦးထံတွင် လက်ဝှေ့ပညာသင်ယူပြီး အလံပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့၏။

အနီးအနားရွာများရှိ အလံလုပွဲများတွင် ဝင်ရောက်ထိုး၏။ ထိုသို့ ထိုးသတ်သည့်အခါတိုင်း မိမိအနိုင်ရသည့်ပွဲက များပြား၏။

ကောလိပ်ကျောင်းသို့ရောက်သောအခါမှပင် ကျောင်း၏ လက်ရွေးစင် ဘောက်စင်သမားတစ်ယောက် ဖြစ်ခဲ့၏။ ထောင်မှူးဘဦးသည် စွန့်စားခြင်းကို ဝါသနာထုံ၏။

သို့သော် သူ၏ရင်ထဲတွင် ကြီးပွားတိုးတက်ချင်သောစိတ်သာ ကြီးမားနေသဖြင့် စွန့်စားသောအမှုများကို မပြုလုပ်ရဲဘဲ ရှိနေ၏။

ယခု ကိုရွှေဝန်၏ဖိုင်တွဲကို ဖတ်ရှုသောအခါ သူ၏စိတ်ကူးယဉ် အိပ်မက်များအားလုံးကို ကိုရွှေဝန်က အကောင်အထည်ဖော်သွားကြောင်းသိရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်စဉ်က ဖြစ်ချင်သောအရာများကို လူစွန့်စား ကိုရွှေဝန်က လုပ်ပြသွား၏။ ဤမျှထူးချွန်သော လူကြီးအကြောင်းကို ဖတ်ရှုရင်း လေးစားစိတ်များ ဖြစ်ပေါ်လာ၏။

လေးစားစိတ်နှင့်အတူ မနာလိုစိတ်များ ဖြစ်ပေါ်လာ၏။ အက်ဒမန်ကျွန်း၌ ထောင်မှူးဘဦးသည် ရဲစွမ်းသတ္တိအရှိဆုံးနှင့် အာဏာအရှိဆုံးဖြစ်၏။

အက်ဒမန်ကျွန်းရှိ လူအားလုံး ကျွန်းမင်းကြီးထက်ပင် မိမိကို ပိုမိုကြောက်ရွံ့ကြ၏။ ထောင်မှူးဘဦးသည် သူ၏ဩဇာများကို ကြီးသထက် ကြီးအောင် ချဲ့ထွင်ထားသည် မဟုတ်ပါလား။

ထောင်မှူးဘဦးသည် အက်ဒမန်ကျွန်း၌ သူ့နည်းသူ့ဟန်နှင့် လူစွမ်းကောင်းဖြစ်၏။ ယခု ကိုရွှေဝန်၏ အနီရောင်ဖိုင်တွဲကို ဖတ်ရှုသောအခါ သူ၏လူစွမ်းကောင်းလုပ်ရပ်များ မှေးမှိန်သွားသယောင်ရှိ၏။

ကိုရွှေဝန်၏လုပ်ရပ်များက မိမိထက် အဆပေါင်းများစွာ သာလွန်ပြီး စိတ်လှုပ်ရှားဖွယ်ကောင်းကြောင်း တွေ့ရ၏။ ထို့ကြောင့် ကိုရွှေဝန်ကို မနာလိုစိတ်များ ဖြစ်ပေါ်လာ၏။ ထောင်မှူးဘဦးက လက်သီးဆုပ်၍

“ ဒီမှာ ကိုရွှေဝန်။ ခင်ဗျားဟာ လူစွန့်စားတစ်ယောက်ပါ။ ဒီကျွန်းရဲ့ ရာဇဝင်မှာ စာတင်ရလောက်အောင် ခင်ဗျားရဲ့ ဂုဏ်သတင်း ကျော်ကြားတယ်၊ ခင်ဗျား ဘယ်လောက်ထူးချွန်နိုင်မလဲ၊ ကျုပ်ကလည်း အရည်အချင်းရှိတဲ့ ထောင်မှူးတစ်ယောက်ပါ၊ ခင်ဗျားကို အမိဖမ်းပြီး ကျုပ်ရဲ့ဂုဏ်သိက္ခာတက်အောင် လုပ်ရမယ်၊ အက်ဒမန်ကျွန်းက ဩဇာအာဏာအရှိဆုံး ထောင်မှူးက လူစွန့်စားကိုရွှေဝန်ကို ဖမ်းဆီးလိုက်နိုင်



တယ်ဆိုရင် ကျုပ်ဟာ ခင်ဗျားထက် ပိုပြီးစွမ်းတယ်ဆိုတာ လူအများက သိကြမှာပဲ၊ ဟား ဟား ဟား... ဒါဆို ထောင်မှူးဘဦးဟာ လူစွမ်းကောင်းဖြစ်ပြီပေါ့ ”

ဟု ကြွေးဝါးကာ သူ၏ စိတ်ကူးရှင်အိပ်မက်များကို အကောင်အထည် ဖော်နေလေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် လှေသူကြီး၏ စက်လှေနှင့် လိုက်ပါခဲ့ပြီး လေးရက်မြောက်သောနေ့တွင်အက်ဒမန်ကျွန်းနှင့်တဖြည်းဖြည်းနီးကပ်လာလေ၏။

ထိုအခါ လှေသူကြီးက ကိုရွှေဝန်၏အနီးသို့ ရောက်လာပြီး

" ဟိုးရှေ့မှာ မြင်ရတဲ့ မှိုင်းညို့ညို့ကျွန်းကြီးက အက်ဒမန်ကျွန်းကြီးပဲ၊ အဲဒီမှာ ကျွန်းကျအကျဉ်းသားတွေကိုထားတယ်၊ မောင်ရင် ဘယ်မှာဆင်းမှာလဲ "

ဟု မေးလေ၏။ ထိုအခါ ကိုရွှေဝန်က မျက်မှောင်ကြုတ်၍

" အက်ဒမန်ကျွန်းနဲ့ အနီးဆုံးမှာ ကျုပ်ဆင်းမယ်လို့ ကြိုပြောပြီးသားပါ၊ ဟိုးအရှေ့မှာမြင်ရတဲ့ ကျွန်းငယ်လေးမှာဆင်းမယ် "

ဟု ပြောလေရာ လှေသူကြီးသည် ကိုရွှေဝန် ညွှန်ပြသော နေရာ



ကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" ဟာ... ဒီကျွန်းနားမှာ ကျောက်တောင်တွေ သိပ်ပေါတယ်၊ စက်လှေကပ်လို့မရဘူး "

ဟု ပြောလေ၏။ ထိုအခါ ကိုရွှေဝန်က ခေါင်းခါယမ်း၍

" ကျွန်းနားထိ ရောက်စရာမလိုပါဘူး၊ ကျွန်းနဲ့အနီးဆုံးရောက်တဲ့အထိ စက်လှေကပ်ပေးပါ၊ ကျုပ် အဲဒီကို ရေကူးပြီးသွားမယ် "

ဟု ပြောလေ၏။

ကိုရွှေဝန်၏စကားကြောင့် လှေသူကြီးသည် မျက်လုံးပြူးသွားလေ၏။ ထို့နောက် လှေသူကြီးက

" မောင်ရင့်ကို ခင်မင်လို့ သတိပေးရဦးမယ်၊ အက်ဒမန်ကျွန်းရဲ့ ဒေသခံတွေက ပြည်မကြီးနဲ့ လုံးဝမတူဘူး၊ ကျွန်းမှာ ကျွန်းမင်းကြီးနဲ့ ဆောင်ပိုင်ကြီးကသာ အဓိက ဩဇာရှိတယ်၊ ကျွန်းမှာ မဟုတ်တာ သွားလုပ်လို့မရဘူး၊ ကျွန်းမှာ လူတစ်ယောက်ကို အစဖျောက်ပစ်ရတာ အိပ်လွယ်တယ်၊ ကျွန်းမှာဖြစ်တဲ့ လူသတ်မှုတွေဟာ လက်သည်မပေါ်တာ များတယ်၊ ဒါကြောင့် မောင်ရင် ကိုယ့်အန္တရာယ်ကို ရှောင်ပြီးနေနိုင်ရင် ကောင်းမယ် "

ဟု ပြောလေ၏။

ကိုရွှေဝန်က လှေသူကြီးကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်အတွက် စိတ်မပူပါနဲ့၊ ကျုပ်ဟာ အက်ဒမန်ကျွန်းကို မကောင်းတဲ့ရည်ရွယ်ချက်နဲ့ ရောက်လာတာ မဟုတ်ဘူး၊ ခင်ဗျားတောင်းတဲ့ အခကြေးငွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျုပ်ပေးပြီးပြီ၊ ကျုပ်နဲ့တွေ့ဆုံခဲ့တယ်ဆိုတာ လှေသူကြီး မှ လိုက်ပါ၊ လှေသူကြီးရဲ့ လှေထိုးသားတွေအားလုံးကိုလည်း နှုတ်လုံ သေသေချာချာ သတိပေးလိုက်ပါ ''

ဟု ပြောကာ ရေလုံအိတ်ထဲသို့ သူ၏အသုံးအဆောင်များ ထည့်ကာ လှေပေါ်မှခုန်ချလိုက်လေ၏။

ထို့နောက် ကမ်းရှိရာသို့ ကျွမ်းကျွမ်းကျင်ကျင် ကူးခတ်သွား သော ကိုရွှေဝန်ကို လှေသူကြီးက ကြည့်ကာ

'' သူ့မှာ အစွမ်းအစတော့ ရှိပုံရတယ်၊ သူဟာ ဘယ်လိုလူ လဲ၊ အကြောင်းအလန့်လည်းမရှိဘူး၊ ကျွန်းနဲ့ပတ်သက်လို့ ငါပြောသ သူ့အတွက် ထူးဆန်းတာ ဘာမှမရှိဘူး၊ ဒါတွေအားလုံးကို သူကြိုး သိပြီးသားလား၊ သူ့ကို လျှော့တွက်လို့မရဘူး ''

ဟု တစ်ကိုယ်တည်းရေရွတ်၍ ကျန်ရစ်ခဲ့လေ၏။

ကိုရွှေဝန်သည် ရစ်ချိုကျွန်းစုတွင် ပါဝင်သော ကျွန်းငယ်လေး ဦးတည် ကူးခတ်လာခြင်းဖြစ်၏။ ထိုကျွန်းသည် အလွန်သေးငယ်ပြီး ကျောက်ဆောင်ကျောက်တန်းများ ပေါများ၏။

ထို့ကြောင့် ကျွန်းအနီးသို့ လှေသမ္ဗန်များကပ်ရန် မလွယ်ကူ ချေ။ ကိုရွှေဝန်သည် သတိထား၍ ကူးခတ်သွားရာ မကြာမီ ကမ်းခြေ ရောက်သွား၏။

သူသည် ရေလုံအိတ်ကို ကမ်းပေါ်သို့ ဦးစွာပစ်တင်လိုက်ပြီး ကျောက်တုံးများကို နိုဆွဲ၍ ကမ်းပေါ်သို့ တက်လိုက်၏။ ထိုကျွန်း စိမ်းစိမ်းစိုစိုရှိပြီး သီးပင်စားပင်များနှင့် ဝေဝေဆာဆာ ရှိနေ၏။





ထိုအခိုက်မှာပင် သူ၏အနောက်မှ ခြေသံကြားသဖြင့် လှည့် ကြည့်လိုက်ရာ လှံရှည်တစ်လက်ကို ကိုင်ထားသော ပိန်ရှည်ရှည် လူ ထင်ဦးကို တွေ့ရလေ၏။

ထိုသူသည် မပြောမဆိုဖြင့် ကိုရွှေဝန်အား လှံရှည်ဖြင့် ဝင်ရောက် တိုက်ခိုက်၏။ ထိုလူ၏ တိုက်ခိုက်မှုများသည် အလွန်ကြောက်မက်ဖွယ် ကောင်းပြီး ပြင်းထန်လှ၏။

ထိုကြောင့် ကိုရွှေဝန်သည် သူ၏တိုက်ကွက်များကို သတိထား ပြီး အပြင်းအထန် ရှောင်တိမ်းနေရ၏။ ထိုသူသည် လှံရှည်ရှိုးကို လက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ကိုရွှေဝန်အား တစ်ချက်ပြီးတစ်ချက် လှဲကိုက်လေ၏။

ကိုရွှေဝန်သည် သောင်ပြင်တွင် ကျွမ်းကိုတစ်ပတ်ပြီးတစ်ပတ် လှိမ့် ကာ ရှောင်တိမ်းရလေ၏။ ထိုသူသည် ကိုရွှေဝန်၏ ကျွမ်းကျင်စွာ ရှောင် တိမ်းပုံကို ကြည့်၍ အံ့ဩနေပုံရ၏။

လှံရှည်နှင့်လူသည် အံကိုကြိတ်၍ ကိုရွှေဝန်အား လှံဖြင့် အား ထိုးစိုက်လိုက်၏။ ကိုရွှေဝန်သည် ကိုယ်ကိုယိမ်းရှောင်၍ ရှောင်လိုက်ပြီး လှံရှည်ကို လက်တစ်ဖက်ဖြင့် ပြန်လည်ဆုပ်ကိုင်လိုက်၏။

ထိုသူသည် သူ၏လှံရှည်ကို ပြန်လည်ရရှိအောင် ကြိုးပမ်း၏။ ကိုရွှေဝန်က ခွန်အားစိုက်ထုတ်၍ ဆုပ်ကိုင်ထားပြီး

'' ဒီမှာ လောရှည်ကြီး၊ ခင်များရဲ့တိုက်ခိုက်မှုတွေက အလွန် ကြောက်စရာကောင်းနေပါလား၊ ကျွန်းပေါ်မှာ တစ်ယောက်တည်း နေထိုင်းလေ့ကျင့်တာ အတော်တိုးတက်နေပြီထင်တယ် ''

ဟု ပြောလေရာ ထိုသူသည် ကိုရွှေဝန်ကို နားမလည်နိုင်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍

'' ဟင်... ခင်ဗျား ကျုပ်ကိုသိနေတယ် ဟုတ်လား၊ ခင်ဗျား ဘယ်သူလဲ ''

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ကိုရွှေဝန်က သူ၏မျက်နှာတွင် ရေကူးစဉ်က တပ်ဆင်ထားသော မျက်မှန်ကိုချွတ်လိုက်လေ၏။ ကိုရွှေဝန်၏မျက်နှာကို မြင်သောအခါ လောရှည်ဆိုသူသည် မျက်လုံးများ ပြူးဝိုင်းသွားပြီး

'' ခင်ဗျား... ခင်ဗျား... ကိုရွှေဝန် မဟုတ်လား၊ ဟာ... ကျုပ်မျက်လုံးတောင် ကျုပ်မယုံနိုင်ဘူး ခင်ဗျား အက်ဒမန်ကျွန်းကို ပြန်လာသေးတယ်နော် ''

ဟု တအံ့တဩ မှတ်ချက်ချလေ၏။

ကျွန်းပေါ်တွင် နေထိုင်သော လောရှည်ကြီး ကိုရွှေဝန်၏ မိတ်ဆွေဟောင်းကြီး ဖြစ်၏။

သူသည် ကျွန်း၌ လွန်စွာရှားပါးသော ပျားရည်၊ ငှက်သိုက်စသော သယံဇာတပစ္စည်းများကို ရှာဖွေ၍ အက်ဒမန်ကျွန်း၌ ပြန်လည်ရောင်းချ၏။

အက်ဒမန်ကျွန်းသို့ တခြားနေရာမှ ကုန်သည်များရောက်ပြီး သူ့ထံမှ ငှက်သိုက်၊ ငါးကြီးအံဖတ် စသည်တို့ကို ဝယ်ယူလေ့ရှိ၏။ ကိုရွှေဝန်က လောရှည်ဆိုသူကို ကြည့်၍

'' နေပါဦး... ခင်ဗျားက ကျုပ်ကိုမြင်တာနဲ့ ဘာလို့မပြောဘဲ ဝင်ပြီး တိုက်ခိုက်ရတာလဲ ''





ဟု မေးလေ၏။

ထိုအခါ လောရှည်က

'' ကျုပ်ကို ရန်ရှာမဲ့လူတွေရှိနေတယ်၊ ကျွန်းပေါ်မှာ မောင်ပိုင်စီးထားတဲ့ ရှားပါးဆေးမြစ် ဆေးဥတွေမှာတာကို မနာလိုတဲ့လူတွေရှိတယ်၊ အဲဒါကြောင့် ကျုပ်ကို လုလှတ်ပြီး လုပ်ကြံမဲ့သတင်းထွက်နေတယ်၊ ခင်ဗျားကို မမြင်မိချင်း ကျုပ်ရဲ့ရန်သူလို့ထင်ပြီး တိုက်ခိုက်လိုက်တာပဲ၊ ဒါနဲ့ နေပါဦး ဒီလောက်အန္တရာယ်များတဲ့ကျွန်းကို ခင်ဗျား ဘာလို့ ပြန်လာတာလဲ ''

ဟု စိတ်ဝင်စားဟန်ဖြင့် မေးမြန်းလေ၏။ ထိုအခါ ကိုရွှေဝန်က မျက်မှောင်ကြုတ်၍

'' အက်ဒမန်ကျွန်းကိုပြန်လာတာ ကျုပ်ရင်ထဲမှာ အမြဲကိန်းအောင်းနေတဲ့ စွန့်စားလိုတဲ့စိတ်ကြောင့်ပဲ၊ ဒါပေမဲ့ ဒီတစ်ကြိမ်စွန့်စားခန်းဟာ ကျုပ်တစ်ယောက်တည်းအတွက် ဆန္ဒကြောင့် မဟုတ်ဘူး၊ ကျုပ်တို့တိုင်းပြည်နဲ့ လူမျိုးအတွက် အများကြီးပတ်သက်နေတယ်၊ ဒါပေမဲ့ ဒီအကြောင်းကို ကျုပ် ခင်ဗျားကို မရှင်းပြနိုင်တဲ့အတွက် ခွင့်လွှတ်ပါ ''

ဟု ပြောလေ၏။

ထိုအခါ လောရှည်ဆိုသောလူက

'' ဒီလောက်ပြောရင်ပဲ ကျုပ်ကျေနပ်ပါပြီ ကိုရွှေဝန်၊ ကျုပ်တို့ဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ ကိုရွှေဝန် ဘာအကူအညီလိုသလဲ၊ ကျုပ် ဘာလုပ်ပေးရမလဲ ''



www.burmeseclassic.com

ဟု မေးမြန်းလေ၏။

ထိုအခါ ကိုရွှေဝန်က

" အက်ဒမန်ကျွန်းပေါ်ကို ကျုပ် ဒီအတိုင်းတက်သွားလို့ မဖြစ်နိုင်ဘူး။ ဒီလိုသွားရင် ကျုပ်ရဲ့သတင်းဟာ ကျွန်းမင်းကြီးဆီကို ရောက်သွားနိုင်တယ်၊ ကျွန်းပေါ်ကိုရောက်သွားတာနဲ့ ကျွန်းလုံခြုံရေးတွေရဲ့ လက်ထဲမိသွားမှာပဲ၊ ဒါကြောင့် ကျွန်းကို လူမသိ သူမသိ ဝင်ချင်တယ် "

ဟု ပြောလေ၏။

ထိုအခါ လောရှည်က အဝေးဆီသို့ ထွက်သွားပြီဖြစ်သော စက်လှေကို ကြည့်၍

" ခင်ဗျားရဲ့ လှေသူကြီးက ဘယ်လောက်များစိတ်ချရလို့လဲ ဒီလူကြီးဟာ ပါးစပ်ဖွာတဲ့လူကြီးပဲ "

ဟု ပြောလေ၏။

ကိုရွှေဝန်က ခေါင်းညိတ်၍

" ဒီလူကြီး ပါးစပ်မလုံဘူးဆိုတာ ကျုပ်သိတယ်၊ ကျွန်းပေါ်ကို ရောက်တာနဲ့ ကျုပ်ရဲ့သတင်းကို ကျွန်းလုံခြုံရေးလက်ကို အပ်လိုက်မှာပဲ ကျုပ်က ဒီကျွန်းပေါ်မှာ ဟန်ပြဆင်းပြီး တခြားတစ်နေရာမှာ သွားဖို့ဆုံးဖြတ်ထားတယ်၊ လောလောဆယ် ခင်ဗျားနဲ့ကျုပ် ထိပ်တိုက်တွေ့တာ သိပ်ကောင်းတယ်၊ ကျုပ်ကို အက်ဒမန်ကျွန်းနဲ့ အနီးဆုံးကျွန်းတစ်ခုကို ရောက်အောင်ပို့ပေးပါ "

ဟု ပြောလေ၏။ ထိုအခါ လောရှည်က

" စိတ်ချ ကိုရွှေဝန်၊ ကိုရွှေဝန် ဘယ်ကျွန်းကိုသွားချင်လဲ၊ ကျုပ်





ရောက်အောင်ပို့ပေးမယ်၊ ကျွန်းပေါ်ရောက်ရင်သာ ကိုယ့်ဟာကိုယ် သတိထားပြီး နေပေတော့ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ လောရှည်သည် ကိုရွှေဝန်အား သူ၏လှေငယ်ဖြင့် အက်ဒမန်ကျွန်းနှင့် အနီးဆုံးကျွန်းငယ်လေးသို့ ပို့ပေးလေ၏။

ကိုရွှေဝန်သည် လှေငယ်လေးပေါ်တွင် လိုက်ပါသွားပြီး သူ၏ ရှေ့ခရီးအတွက် အစီအစဉ်များကို ရေးဆွဲလေ၏။

၁ ၁ ၁

# ယမ်းအိမ် ကျွန်းမျှော

[illegible]

www.burmeseclassic.com



ထောင်မှူးဘဦးတို့သည် အက်ဒမန်ကျွန်းသို့ ဆိုက်ကပ်လာသော လှေများကို ပိုက်စိပ်တိုက်ရှာဖွေကြလေ၏။

ထောင်မှူးဘဦးတို့ သဲကြီးမဲကြီး ရှာဖွေမှုကြောင့် အက်ဒမန်ကျွန်းတစ်ခုလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။

ထောင်မှူးဘဦးက ဂျပန်စပိုင်တစ်ဦး အက်ဒမန်ကျွန်းသို့ လွှတ်ထားကြောင်း သတင်းဖြန့်ထား၏။ ထို့ကြောင့် ဂျပန်စပိုင်နှင့်ပတ်သတ်သော ကောလဟာလများ ကျွန်း၌ ပျံ့လွင့်နေ၏။

တချို့က ဂျပန်များ ကျွန်းကိုသိမ်းပိုက်တော့မည်ဖြစ်ကြောင်း ပြောဆိုကြ၏။





တချို့ကလည်း ထောင်မှူးဘဦး၏ သတင်းဖြန့်မှုကို ယုံကြည်မှုမရှိဘဲ ဂုဏ်းစားပေါက်ချောင်စေရန် သတင်းဖြန့်သည်ဟု ထင်မြင်ကြ၏။

ထောင်မှူးဘဦးတို့သည် အက်ဒမန်ကျွန်းသို့ ဆိုက်ကပ်လာသော လှေများအား နည်းအမျိုးမျိုးဖြင့် ဒုက္ခပေးလိုသော ရည်ရွယ်ချက်ရှိ၏။

ကျွန်းလုံခြုံရေးတပ်သားများသည် အက်ဒမန်ကျွန်းသို့ ဆိုက်ကပ်လာသော သင်္ဘောများကို သဲကြီးမဲကြီး ရှာဖွေနေလေ၏။ သို့သော် ကိုရွှေဝန်၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

ထောင်မှူးဘဦးသည် ကိုရွှေဝန်ကို မတွေ့ရသဖြင့် စိတ်အယောက်ကယက် ဖြစ်လာ၏။ ဒီလူ မိုးပျံ၍ အက်ဒမန်ကျွန်းသို့ ရောက်နေပြီလော။

ယခုလောက်ဆိုလျှင် ကျွန်းမင်းကြီး၏ အပိုးတန်ပတ္တမြားကြီးကို ရရှိနေပြီလော။ ထောင်မှူးဘဦးသည် အက်ဒမန်ကျွန်းသို့ရောက်လာသော သင်္ဘောများကို စစ်ဆေး၍ သူ၏နည်းလမ်းဟောင်းကြီးကို ပြန်လည်အသုံးပြုရန် ဆုံးဖြတ်လိုက်၏။

ထိုနည်းလမ်းမှာ အလွန်သင့်တော်သော နည်းလမ်းဖြစ်သည်ဟု သူ ထင်မြင်၏။ အက်ဒမန်ကျွန်း၌ နနယ်သိမ်မွေ့လို့မရ။

ပညာမဲ့ပုံစံနှင့် ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံမှသာ အဆင်ပြေနိုင်သော ထိုနည်းလမ်းကို အသုံးပြု၍ ထောင်မှူးများအားလုံး၏ရှေ့သို့ သူ ရောက်ရှိလာခြင်းဖြစ်၏။

ထို့ကြောင့် ရောက်ရှိလာသော လှေသူကြီးများ၊ သင်္ဘောမာလိန်



www.burmeseclassic.com

www.burmeseclassic.com



မှူးများ အားလုံးကို မသင်္ကာဟူသော ဆွဲချက်တင်၏။

● ထိုအခါ ကိုရွှေစန်ကို သယ်ဆောင်လာသော လှေသူကြီးသည် စိတ်ခါက်ကြုံခိုင်သူမဟုတ်သဖြင့် ကျွန်းလုံခြုံရေးအဖွဲ့ကို မျက်နှာလုပ် ဖြစ်၏။ သူတို့လှေပေါ်တွင် လိုက်ပါလာသည့် မသင်္ကာဖွယ်လူ ယောက် အကြောင်းကို ပြောပြလေ၏။

ထောင်မှူးဘဦးသည် ထိုသတင်းကိုကြားသောအခါ စိတ်လှုပ်ရှားသွားပြီး စားပွဲခုံကို လက်သီးဖြင့် ဒိုင်းခနဲထုကာ

" ဟာ... ငါဘာလို့ ဒီလိုမတွေးမိပါလိမ့်၊ ကိုရွှေစန်ဆိုတဲ့လူ အလွန်လိမ္မာပါးနပ်တဲ့လူတစ်ယောက်ပဲ၊ သူဘာလို့ ကျွန်းကို သမာရိုး နည်းနဲ့ ဝင်ရောက်ရမှာလဲ၊ သူ ဒီလိုဝင်ရင် ကျွန်းခံတွင်းထဲကို သက်ဆင် မှာပေါ့၊ ဒါကို သူတွေးမိလိမ့်မယ်၊ ဒါကြောင့် အက်ဒမန်ကျွန်းကို လမ်းက ခိုးဝင်တာ ဖြစ်လိမ့်မယ် "

ဟု ဆိုကာ လှေသူကြီး၏မျက်နှာကို ဒေါသတကြီးကြည့်၍

" ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို ဒီသတင်း အရင်ဆုံးမပြော လဲ၊ ဒီလူဟာ ရိုးရိုးလူမဟုတ်ဘူး၊ ဂျပန်စပိုင်၊ နားလည်လား၊ ခင်ဗျား ဂျပန်စပိုင်ကို ကျွန်းကိုပို့မှုနဲ့ တရားစွဲခံချင်လား "

ဟု ကြိမ်းမောင်းလိုက်ရာ လှေသူကြီးသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး

" မလုပ်ပါနဲ့ ထောင်မှူးရယ်၊ ဒီကောင့်သတင်းကို ကျုပ် ထိန်ချန်မထားပါဘူး၊ မယုံရင် ဒီကောင်ဆင်းသွားတဲ့ကျွန်းကို ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ် "



ဟု ပြောလေ၏။ ထိုအခါ ထောင်မှူးဘဦးက ကျွန်းလုံခြုံရေး တပ်သားများဘက်သို့လှည့်၍

" ဟေ့ကောင်တွေ... မော်တော်ကို အသင့်ပြင်ထား၊ အခုချက်ချင်း အဲဒီကျွန်းကိုထွက်မယ်၊ ကဲ... လှေသူကြီး၊ အဲဒီလူတက်သွားတဲ့ ကျွန်းကို ခင်ဗျား သေသေချာချာ ပြပေတော့၊ မှားယွင်းပြီးပြရင်တော့ အလိုတူ အလိုပါအနေနဲ့ တရားစွဲခံရမယ် မှတ်ပေတော့ "

ဟု ပြောလေရာ လှေသူကြီးသည် အလွန်ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

ထို့နောက် လှေသူကြီးသည် ထောင်မှူးဘဦးတို့နှင့်အတူ လိုက်ပါသွားပြီး ကိုရွှေစန်ဆင်းခဲ့သောကျွန်းကို လိုက်လံပြသလေ၏။ ထောင်မှူးဘဦးသည် သူ၏ခါးတွင်ချိတ်ထားသော ပစ္စတိုသေနတ်ကို မောင်းတင်လိုက်ပြီး

" ဒီကောင့်မှာ လက်နက်တွေပါသေးလား "

ဟု မေးမြန်းလေ၏။ လှေသူကြီးက

" ဘာလက်နက်မှပါတာ မတွေ့ပါဘူး၊ ကျွန်းပေါ်ကို ရေကူးပြီး ဆင်းသွားတာပဲ "

ဟု ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက ကျွန်းလုံခြုံရေး တပ်သားများအား အသက်ကယ်လှေပေါ်သို့တင်၍ ကျွန်းအနီးသို့ လှော်ခတ်စေလိုက်၏။

လှေသူကြီးကိုပါ ၎င်းတို့၏လှေပေါ်တွင် အဖော်အဖြစ် ခေါ်ဆောင်သွား၏။ ထိုကျွန်း၌ ကျောက်တောင်ခွယ်များ ပေါများလှသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်လှေကို သတိကြီးစွာထား၍ လှော်ခတ်ရ၏။

ငင်းတို့သည် ကျွန်းပေါ်သို့ ခြေချမိသောအခါ ခြေရာလက်ရာ
ကို ရှာဖွေ၍ ထောင်မှူးဘဦးက သောင်ပြင်၏တစ်နေရာသို့ ကြည့်

" ဟောဒီမှာ ဆေးလိပ်တိုလေးတစ်ခုပါလား "

ဟု ဆိုကာ ဆေးလိပ်တိုကို ကောက်ကိုင်လိုက်၏။

ထိုဆေးလိပ်တိုမှာ အဘာဒင်ဈေးအတွင်း ရောင်းချသော
တံဆိပ်ဆေးလိပ်တို ဖြစ်ကြောင်း သိရ၏။ ထိုဆေးလိပ်တိုကိုကြည့်
ထောင်မှူးဘဦးက

" ဒါဟာ ရွှေဝန်ဆိုတဲ့လူရဲ့ ဆေးလိပ်မဖြစ်နိုင်ဘူး၊ အက
ကျွန်းနဲ့ ပတ်သက်နေတဲ့ ဆေးလိပ်တိုပဲ ဖြစ်လိမ့်မယ်၊ သူဟာ ဘ
ဖြစ်မယ် ထင်သလဲ "

**ဟု အနီးရှိ ကျွန်းလုံခြုံရေး တပ်သားတစ်ယောက်ကို မေး**
လေ၏။ ကျွန်းလုံခြုံရေးတပ်သားတစ်ယောက်က

" ဒီအနီးအနားက ကျွန်းတွေမှာ ငှက်သိုက်တွေ၊ ငါးကြီး
တွေ လှည့်ပတ်ရှာပြီး ကျွန်းမှာပြန်သွင်းနေတဲ့ လူတစ်ယောက်
တယ်၊ သူ့နာမည် လောရှည်လို့ခေါ်တယ်၊ ဒါဟာ လောရှည်ရဲ့ ဆေး
တို ဖြစ်နိုင်တယ် "

ဟု ပြောလေ၏။ ထိုအခါ ထောင်မှူးဘဦးက ပတ်ဝန်းကျ
မျက်စိကစား၍

" ဒါဆိုရင် ရွှေဝန်ဆိုတဲ့ကောင်ဟာ ကျွန်းပေါ်မှာရှိနိုင်
ဒီကောင့်ကို လူစုခွဲပြီး ရှာဖွေကြမယ်၊ တွေ့ရင် အသေပစ်မသတ်နဲ့



ခြေပြီး ဘယ်လိုမှမရတော့ဘူးဆိုမှ အသေသာပစ်သတ်ပေတော့ "

ဟု အမိန့်ပေးလိုက်လေ၏။

ထို့နောက် ထောင်မှူးဘဦးနှင့် ကျွန်းလုံခြုံရေးတပ်သားများ
သည် ကျွန်းပေါ်တွင် လှည့်လည်ရှာဖွေကြ၏။ သို့သော် ကိုရွှေဝန်၏
အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

ထောင်မှူးဘဦးသည် ကိုရွှေဝန်ကို မတွေ့ရသောအခါ လှေ
သူကြီးဘက်သို့ လှည့်၍

" ဟေ့လူကြီး... ခင်ဗျားလူ ဘယ်မှာလဲ၊ ဒီကျွန်းမှာ သူ့ကို
ချထားခဲ့တယ်ဆို "

ဟု မေးမြန်းလေ၏။

လှေသူကြီးက ခေါင်းငုံ့၍

" ဟုတ်ပါတယ်၊ ဒီကျွန်းမှာ သူ့ကိုချထားခဲ့တာ အမှန်ပါပဲ၊
ထောင်မှူးတို့ သေသေချာချာ ရှာကြည့်ပါဦး "

ဟု ပြောလေ၏။

ထိုအခါ လုံခြုံရေးတပ်သားများသည် သတိကြီးစွာထား၍ ကျွန်း
ကို အထပ်ထပ်ရှာဖွေပြန်၏။

သို့သော် ကျွန်းတစ်ခုလုံး အထပ်ထပ် ရှာဖွေ ပြီးသည်အထိ
ကိုရွှေဝန်ကို မတွေ့ရသောအခါ ထောင်မှူးဘဦးသည် ဒေါသပုန်
ထလာပြီး တက်ခေါက်ကာ

" တောက်... ဟေ့လူကြီး၊ ဒီလူကို ကျွန်းပေါ်မှာချထားခဲ့တာ
မှန်ရင် ကျွန်းပေါ်မှာတွေ့ရမှာပေါ့၊ အခု ဘာလို့မတွေ့ရတာလဲ၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ကို လိမ်ညာပြီး ကျွန်းကိုလွှဲပြောတာ မဟုတ်လား ''

ဟု ဆိုကာ လှေသူကြီးကို သေနတ်ဖြင့် ချိန်ထားလေ၏။ လှေသူကြီးသည် အထိတ်ထိတ်အလန့်လန့်ဖြင့် လက်ကာ၍

'' တကယ်ပါ ထောင်မှူးရယ်၊ ကျုပ် မလိမ်ညာဝံ့ပါဘူး၊ ဒီကျွန်းပေါ်မှာဆင်းသွားတာ သေသေချာချာပါ၊ ကျုပ်နဲ့အတူပါလာတဲ့ လှေထိုးသားတွေလည်း သိပါတယ်၊ မယုံရင် သူတို့ကို စစ်ဆေးကြည့်ပါ ''

ဟု ပြောလေ၏။

ထောင်မှူးဘဦးသည် လှေသူကြီး၏စကားကြောင့် ကျွန်းပေါ်သို့ မျက်လုံးဝေ့ကြည့်၍

'' ခင်ဗျားရဲ့စကားမှန်ရင် ဒီလူဟာ ဒီကျွန်းမှာ ရှိရမှာပေါ့၊ အခု ဒီကောင်ဘယ်ရောက်သွားသလဲ၊ မြေလျှိုးပြီး မိုးပျံသွားသလား ''

ဟု မကျေမနပ် ပြောဆိုလေ၏။

ထို့နောက် ထောင်မှူးဘဦးနှင့် လုံခြုံရေးတပ်သားများသည် ကျွန်းတစ်ခုလုံး ပိုက်စိပ်တိုက်ရှာဖွေပြီး ညနေစောင်းသောအခါ ထိုကျွန်းမှ မကျေမချမ်း ပြန်ခဲ့လေ၏။

ကျွန်းသို့ပြန်ရောက်သော် ထောင်မှူးဘဦးသည် လှေသူကြီးကို မကျေမနပ်ဖြစ်ကာ လှေထိုးသားများကို ခေါ်ယူ၍ မေးမြန်းလေ၏။ လှေထိုးသားများသည် ထိုကျွန်း၌ပင် ကိုရွှေဝန်ဆင်းသွားကြောင်း တညီတညွတ်တည်း ပြောကြ၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်ပျောက်ဆုံးသွားသည့်ကိစ္စ၌ တွေးမရနိုင်အောင် ရှိလေ၏။ ထို့နောက် ကျွန်းပေါ်သို့ဆင်းသွားသူမှာ



ကိုရွှေဝန် ဟုတ်မဟုတ်ကို ခွဲခြားသိရန် သတိရလိုက်၏။

ထောင်မှူးဘဦးသည် လှေသူကြီးနှင့် လှေထိုးသားများကို ခေါ်ယူ၍ ကိုရွှေဝန်၏ဓါတ်ပုံနှင့် အခြားလူများ၏ ဓါတ်ပုံများကို ရောနှော၍

'' ဒီမှာ လှေသူကြီး၊ ခင်ဗျားတို့လှေပေါ်ကို လိုက်လာတဲ့လူကို ဓါတ်ပုံတွေထဲမှာ ရှာကြည့်စမ်း၊ တွေ့ရင် ကျုပ်ကိုပြောစမ်း ''

ဟု အမိန့်ပေးလိုက်ရာ လှေသူကြီးသည် ဓါတ်ပုံများကို အနှောက် ရှာဖွေပြီး ကိုရွှေဝန်၏ဓါတ်ပုံကို မြင်သောအခါ

'' တာ... ကျုပ်တို့လှေနဲ့လိုက်လာတာ သူပဲ၊ သူမှသူအဲ့စစ်ပဲ၊ အခုတော့ သူ့ဆံပင်တွေဟာ ဓါတ်ပုံထဲကလိုမဟုတ်ဘူး၊ အများကြီး ရှည်နေပြီ ''

ဟု ပြောလေ၏။

ထောင်မှူးဘဦးသည် လှေသူကြီး၏စကားကြောင့် သက်ပြင်းရှည်ကြီးကို မသိမသာချလိုက်ပြီး လှေထိုးသားများကို အခန်းထဲသို့ ခေါ်ယူလိုက်၏။

ထို့နောက် လှေထိုးသားများကို ဓါတ်ပုံများထဲမှ ကိုရွှေဝန်၏ပုံကို ရွေးထုတ်စေ၏။ လှေထိုးသားများသည် ကိုရွှေဝန်၏ပုံကိုမြင်သောအခါ ၎င်းတို့လှေနှင့်လိုက်ပါလာသူဖြစ်ကြောင်း ပြောကြလေ၏။

ထောင်မှူးဘဦးသည် စနက်တံတရှဲရှဲတောက်လောင်နေသော ဗုံးကြီးပေါ်တွင် ဖင်ခုထိုင်ထားရသလို ခံစားရ၏။

ကိုရွှေဝန်ဆိုသော လူစွန့်စားသည် အမှန်တကယ်ပင် ကျွန်းသို့

www.burmeseclassic.com



နောက်တစ်ကြိမ် ရောက်ရှိလာချေပြီ။

ကျွန်းမင်းကြီးသည် သူ၏ အိမ်တော်အတွင်းရှိ ပတ္တမြားကြီး သိမ်းဆည်းထားသော အခန်းထဲ၌ ရှိနေလေ၏။

သူသည် မိုးကုတ်ရတနာမြေမှရရှိသော ပတ္တမြားကြီးကို ထ ထားသဖြင့် သီးသန့်အခန်းတွင်းရှိ ရွှေကာလပ်တစ်ခုပေါ်တွင် ထားရှိ ၏။

သူသည် ဤမျှတန်ဖိုးကြီးမားလှသော မိုးကုတ်ပတ္တမြားကြီး မြန်မာငွေငါးသိန်းတည်းနှင့် ရရှိခဲ့ခြင်းဖြစ်၏။ ထိုပတ္တမြားကြီးကို အ ၌ ရောင်းချလျှင် ပေါင်ငွေဆယ်သိန်းအထက်တွင်တွင် ရရှိမည်ဖြစ်

သို့သော် သူသည် ပတ္တမြားကြီးအား ပေါင်ငွေဆယ်သိန်းခန့် သူမရောင်းနိုင်ချေ။ ပတ္တမြားကြီးသည် ပေါင်ငွေ သိန်းသုံးဆယ် တန်ဖိုးရှိသည်ဟု သူထင်၏။

သူသည် ပတ္တမြားကြီးကို တန်ဖိုးထားရသဖြင့် သီးသန့်ခန်း တွင် မကြာခဏ ထုတ်ကြည့်လေ့ရှိ၏။

ထိုအခိုက်မှာပင် သီးသန့်ခန်းထဲရှိ တယ်လီဖုန်းထံမှ အသံ လာ၍ ကောက်ကိုင်လိုက်ရာ ထောင်မှူးဘဦးရောက်ရှိနေကြော သိရ၏။

ကျွန်းမင်းကြီးသည် ထောင်မှူးဘဦးရှိရာ အောက်ထပ်သို့ ခဲ့လေ၏။ ထောင်မှူးဘဦးသည် ကျွန်းမင်းကြီးနှင့် တွေ့သော ကျွန်းပေါ်သို့ ကိုရွှေဝန်ရောက်ရှိနေပြီဖြစ်ကြောင်း ပြောပြလေ၏

ကျွန်းမင်းကြီးသည် ထောင်မှူးဘဦး၏စကားများကို အ



ထောင်ပြီးသောအခါ အံကိုကြိတ်ကာ

" ဒါဆိုရင်တော့ ရွှေဝန်ဆိုတဲ့ကောင် ကျွန်းကိုပြန်လာတာ ရာသွားပြီပေါ့၊ မင်း သူ့ကို လျော့တွက်မိလို့ အခုလိုလွတ်မြောက် ရတာပေါ့၊ ရွှေဝန်ဟာ ဘယ်နည်းနဲ့မှ အပေါ်လမ်းက ဝင်လာမှာ တ်ဘူး "

ဟု ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက ခေါင်းငုံ့၍

" ဟုတ်ပါတယ်၊ သူ့ကို ကျွန်တော် လျော့တွက်လိုက်မိတယ်၊ ရှိန်လောက်ဆို သူဟာ သူ့နည်းသူ့ဟန်နဲ့ ကျွန်းပေါ်ကို ရောက်နေ ာက်ပြီ "

ဟု ပြောလေ၏။

ကျွန်းမင်းကြီးက လက်သီးဆုပ်၍

" ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ပတ္တမြားကြီးကို လုံးဝအဆုံးအရှုံးခံလို့ မဖြစ် ကျွန်းပေါ်မှာ ဂျပန်စပိုင်ရောက်နေတယ်ဆိုပြီးတော့ ကျွန်းလုံခြုံရေး ကို တပ်လှန့်ထားလိုက်ပေတော့၊ ငါလည်း အခုပဲ ထောင်ပိုင်ကြီးကို ကြောင်းကြားထားလိုက်မယ်၊ ဒီကောင်ကြီး ခုချိန်မှာ အေးတိ က်လုပ်နေလို့ မဖြစ်တော့ဘူး၊ ဒီမှာဘဦး... မင်းကိုငါ လုပ်ပိုင်ခွင့်တွေ နိုင်လုံး ပေးထားမယ်၊ ရွှေဝန်ဆိုတဲ့ကောင်ကို မင်းရအောင်ဖမ်း ဲဖြစ်ဖြစ် ငါ အားလုံးကိုတာဝန်ယူတယ် ကြားလား "

ဟု အမိန့်ပေးလိုက်ရာ ထောင်မှူးဘဦးက

" စိတ်ချပါ ကျွန်းမင်းကြီး၊ ဒီကောင် အတောင်ပေါက်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



တောင် ကျွန်းက လွတ်မပြေးစေရဘူး ''

ဟု တတိပေးလိုက်လေတော့၏။

ထိုအချိန်၌ ကိုရွှေဝန်သည် ကျွန်း၏အနောက်မြောက်ဘက် လူသူ ကင်းရှင်းသောကြိမ်တောသို့ ရောက်ရှိနေလေ၏။ ထိုနေရာသို့ သူ၏မိတ်ဆွေ လောရှည်၏လှေငယ်လေးဖြင့် ပို့ဆောင်ပေးခြင်းဖြစ်၏။

လောရှည်က ကိုရွှေဝန်အား ကမ်းစပ်၌ ဆင်းခိုင်းရင်း

'' ကျွန်းကို ဒီနေရာကသွားရင် လူသူအကင်းရှင်းဆုံးပဲ၊ ခင်ဗျား မှာ အထောက်အထား စာရွက်စာတမ်းပါရင်တော့ ကျွန်းလုံခြုံရေး တပ်သားတွေ ရိပ်မိမှာမဟုတ်ဘူး ''

ဟု ပြောလေ၏။ ကိုရွှေဝန်က လက်ကာပြ၍

'' ဘာမှမပူနဲ့၊ ကျုပ် အားလုံးစီစဉ်ပြီးသွားပြီ၊ ဒီကောင်တွေကို ကောင်းကောင်း လှည့်စားနိုင်မှာပါ၊ ခင်ဗျား ဒီနေရာကနေ အမြန်သာ ပြန်ပေတော့၊ ကျွန်းပတ်ဝန်းကျင်မှာရှိနေရင် အန္တရာယ်နဲ့ တွေ့နိုင်တယ်''

ဟု ပြောကာ သူ၏မိတ်ဆွေ လောရှည်ကြီးအား ပြန်လွှတ်လေ၏။

ထို့နောက် ကိုရွှေဝန်သည် သူ၏အိတ်အတွင်း၌ပါသော လက် ပြတ် အင်္ကျီနှင့် ဒူးဆစ်မျှရှည်လျားသော ကာကီဘောင်းဘီကို ထုတ်၍ ဝတ်ဆင်လိုက်လေ၏။

အက်ဒမန်ကျွန်း၌ စီးပွားရှာနေသော ပုလဲငုပ်သမားတစ်ဦး ဖြစ် သွားချေလေပြီ။ သူ၏အမည်မှာလည်း အောင်ဘဟူ၍ ပြောင်းလဲသွား ချေပြီ။



အောင်ဘဟူသောအမည်ဖြင့် လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံအစုံပါရှိ၏။

ထိုပစ္စည်းများကို ရန်ကုန်မြို့၌ အတုလုပ်ရာတွင် အလွန် ကျော်ကြားသော ဦးကြည်သိန်းဆိုသည့် အဖိုးကြီးထံတွင် ပြုလုပ် ခြင်းဖြစ်၏။

ဦးကြည်သိန်းသည် မက်ဆိုပိုတေးမီးယား စစ်ပြန်တစ်ဦးဖြစ်၍ အရှေ့တောင်အာရှတွင် စာရွက်စာတမ်းများ အတုပြုလုပ်ရာတွင် …တော်ဆုံးလူပင် ဖြစ်၏။

ဦးကြည်သိန်း၌ အရှေ့တောင်အာရှ နိုင်ငံပေါင်းစုံမှ စည်းတံဆိပ် အမျိုးမျိုးရှိ၏။ ထိုစည်းတံဆိပ်အမျိုးမျိုးကို လိုလျှင်လိုသလို ပြုလုပ်၍ စာရွက်စာတမ်းများ အတုပြုလုပ်ရာ၌ အသုံးပြု၏။

ကိုရွှေဝန်သည် ပုလဲငုပ်သူများ လွယ်လေ့ရှိသော လေအိတ် …ကို လွယ်၍ ကျွန်းပတ်ဝန်းကျင်၌ လှည့်လည်သွားလာနေလေ၏။

ကျွန်းလုံခြုံရေးတပ်သားများ သူ့ကိုမြင်လျှင် မည်သူမျှ သံသယ …ကြမည်မဟုတ်။ အက်ဒမန်ကျွန်း၌ ပုလဲငုပ်သောလူများအားလုံး …ပင် သွားလာနေကြ၏။

ပုလဲငုပ်သောအလုပ်ကို ကျွန်းကျတာရာခံများလုပ်ကိုင်သကဲ့သို့ …သောအရပ်ဒေသများမှ လူများလည်း လုပ်ကိုင်ကြ၏။ အက်ဒမန် …၌ ပုလဲအရောင်းအဝယ် ဈေးကွက်ကြီးကြီးမားမား ရှိ၏။

ထိုဈေးကွက်ကို ချုပ်ကိုင်ကြသူများမှာ တရုတ်လူမျိုးများနှင့် …သလူမျိုးအများစု ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်၏ သားရေအိတ်ထဲ၌ အရည်အသွေးကောင်းသော ပုလဲလုံးငယ်လေးများ ပါရှိ၏။

သူသည် ကျွန်း၏အပြင်ပိုင်းမှ အတွင်းပိုင်းသို့ တဖြည်းဖြည်း ဝင်ခဲ့ရာ ခဏကြာလျှင် ကျွန်းလုံခြုံရေးတပ်သားများ၏ စစ်ဆေးရေး ဂိတ်ကို တွေ့ရ၏။

ထိုစစ်ဆေးရေးဂိတ်၌ ကျွန်းလုံခြုံရေးတပ်သားနှစ်ဦး အိပ်ငိုက်နေ လေ၏။ ကိုရွှေဝန်သည် ၎င်းတို့ထံတွင် အောင်ဘဟူသော ပုလဲငုပ် သမားအဖြစ် အစစ်ဆေးခံ၏။

ကျွန်းလုံခြုံရေးတပ်သားများသည် ကိုရွှေဝန်ထံမှ ပိုက်ဆံတောင်း နေသဖြင့် ငွေအကြွေစေ့လေးများကို ပေးခဲ့ရ၏။ ကိုရွှေဝန်သည် အတန် ကြာသောအခါ မြို့ပေါ်သို့ ရောက်ခဲ့လေ၏။

အက်ဒမန်ကျွန်းသည် လွန်ခဲ့သောငါးနှစ်ကအတိုင်း ပြောင်းလဲမှု မရှိသေးချေ။ ကိုရွှေဝန်သည် ပုလဲငုပ်သမားတစ်ယောက်အဖြစ် မြို့ထဲ လှည့်လည်ကြည့်ရှုလေ၏။

ပုလဲကောက်မည့်ဆိုင်များမှ လူငယ်လေးများသည် ကိုရွှေဝန်၏ အနောက်သို့ တကောက်ကောက်လိုက်ပါရင်း ၎င်းတို့ထံတွင် ပုလဲများ ရောင်းရန် ပြောဆိုကြလေ၏။

ကိုရွှေဝန်အား အက်ဒမန်ကျွန်းရှိ ပုလဲကောက်သမားများသည် လူစိမ်းတစ်ယောက်ဖြစ်သော် အံ့သြခြင်းမရှိကြချေ။

အဘယ်ကြောင့်ဆိုသော် အက်ဒမန်ကျွန်းနှင့် အနီးပတ်ဝန်းကျင် ကျွန်းစုများတွင် လှည့်လည်၍ ကိုယ့်နည်းကိုယ့်ဟန်နှင့် ပုလဲရောင်း





သူများလည်းရှိ၏။

ကိုရွှေဝန်သည် အက်ဒမန်ကျွန်းတစ်နေရာသို့ ရောက်သောအခါ ရွှေခြင်္သေ့ဟုအမည်ပေးထားသော လက်ဖက်ရည်ဆိုင်ရှေ့တွင်ရပ်၍ ဆိုင် အတွင်းသို့ အကဲခတ်ကြည့်လိုက်၏။

ရွှေခြသေ့်၏ပိုင်ရှင် မသီဂီသည် ကိုရွှေဝန်နှင့် အလွန်ရင်းနှီး ခဲ့သူဖြစ်၏။ သူမသည် အက်ဒမန်ကျွန်းရှိ အချောလှဆုံး မိန်းမများ အနက် တစ်ယောက်အပါအဝင် ဖြစ်၏။

သူမသည် ကြံ့ခိုင်သန်စွမ်းသော ကိုယ်ဟန်ရှိပြီး ယောကျ်ားဆန် ဆန် ချောမောလှပသူဖြစ်၏။ သူမသည် ထောင်ပိုင်ကြီး၏ တူမအရင်း လည်း ဖြစ်၏။

ကိုရွှေဝန် ကျွန်းပေါ်မှထွက်ပြေးရန် သူမ များစွာအကူအညီပေး ခဲ့၏။ ကိုရွှေဝန် ကျွန်း၌နေစဉ်က သူမဆိုင်နှင့်အပြိုင်ရောင်းချနေသော ဆိုင်ရှင်များ၏ ဆိုင်များကို ကောင်းကောင်းဒုက္ခပေးခဲ့ဖူး၏။

ထို့ကြောင့် သီဂီသည် ကိုရွှေဝန်အား ကျေးဇူးရှင်တစ်ယောက် အဖြစ် မှတ်ယူထား၏။ ကိုရွှေဝန်သည် သီဂီ၏လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်၍ ဟောင်းနွမ်းစုတ်ချာသော စားပွဲငယ်လေး၌ ဝင်ထိုင်လိုက်လေ၏။

ခဏကြာလျှင် စားပွဲထိုးလေးတစ်ဦး ရောက်ရှိလာပြီး

" ဘာသောက်မလဲ အစ်ကို "

ဟု မေးမြန်းလေ၏။

ထိုအခါ ကိုရွှေဝန်က လက်ကာပြ၍ ဆိုင်အနောက်ဘက်သို့ ဝင်သွား ပြီး လက်ဖက်ရည်ဖျော်နေသော သီဂီ၏အနီးတွင် သွားရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီသည် သူမ၏အနီးသို့ ပုလဲငုတ်သမားတစ်ဦး ရောက်ရှိလာ သဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး

'' ဘာကိစ္စရှိလို့လဲ ''

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ကိုရွှေဝန်က လေသံတိုးတိုးဖြင့်

'' ကျုပ်မျက်နှာကို သေသေချာချာကြည့်ပါဦး၊ ကျုပ် ဘယ်သူ ဆိုတာ ခင်ဗျားမမှတ်မိဘူးလား ''

ဟု ဆိုကာ သူ၏မျက်နှာပေါ်တွင် ဝဲကျနေသော ဆံပင်များကို သပ်တင်လိုက်၏။

သိင်္ဂီသည် ကိုရွှေဝန်ကို မှတ်မိဟန်မရှိဘဲ ခေါင်းခါယမ်း၍

'' ကျွန်မ မမှတ်မိဘူး၊ ရှင် ဘယ်သူလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ကိုရွှေဝန်က ရယ်မော၍

'' ခင်ဗျားနဲ့ ကုလားလက်ဖက်ရည်ဆိုင်နဲ့ ယှဉ်ပြိုင်နေတာ မဟုတ် လား၊ အဲဒီတုန်းက ကျုပ်ရှိနေတဲ့အတွက် ကုလားတွေ ခင်ဗျားဆိုင်ကို အနိုင်မကျင့်ရဲတော့ဘူးလေ ''

ဟု ပြောလိုက်ရာ သိင်္ဂီသည် ကိုရွှေဝန်ကို သေချာစွာကြည့်ပြီး အလွန်အံ့ဩထိတ်လန့်ဟန်ဖြင့်

'' ဟင်... ကိုရွှေဝန်၊ ရှင် ဒီကိုပြန်လာတယ်၊ အို... ရှင်ရှုံး နေလား၊ အက်ဒမန်ကျွန်းကထွက်ပြေးတဲ့ လူတစ်ယောက်ဟာ ကျွန်း ပြန်လာတယ်၊ ရှင့်သေတွင်းကို ရှင်ပြန်တူးနေတာလား ''



ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းခါယမ်း၍

'' အက်ဒမန်ကျွန်းကထွက်ပြေးတဲ့လူဟာ အက်ဒမန်ကျွန်းကို ပြန်လာရဘူးလို့ ဥပဒေရှိလို့လား၊ ကျုပ်ကတော့ ဘယ်လိုအန္တရာယ်ပဲ ရှိရှိ ကျုပ်သွားချင်တဲ့နေရာကို ကျုပ်သွားမယ်၊ လာချင်တဲ့နေရာကို လာမယ်လို့ ဆုံးဖြတ်ထားတယ်၊ ကျုပ်ကို ဘယ်သူမှတားမြစ်လို့ မရဘူး ''

ဟု ပြောလေ၏။

ထိုအခါ သိင်္ဂီက တံခါးကိုပိတ်လိုက်ပြီးနောက်

'' နေပါဦး... ရှင်ဘာလို့ ကျွန်းကိုပြန်လာတာလဲ၊ ကျွန်မကို ပြောပါ ''

ဟု ပြောလေ၏။ ကိုရွှေဝန်က

'' ဒီအကြောင်းတွေရှင်းပြရင် အရှည်ကြီးပဲ၊ ကျုပ် နောက်မှ အေးအေးဆေးဆေး ရှင်းပြမယ်၊ အက်ဒမန်ကျွန်းကိုပြန်လာတာ ကျုပ်ရဲ့ ပြန်လာချင်တဲ့စိတ်ဓါတ်ကြောင့်ပဲ၊ ဒါပေမဲ့ ဒီတစ်ခါစွန့်စားခန်းဖွင့်ရတာ ကျုပ်တစ်ကိုယ်တည်းကောင်းကျိုးကြောင့် မဟုတ်ဘူး၊ တိုင်းပြည်နဲ့လူမျိုး အတွက် အလွန်အရေးပါတဲ့ ကိစ္စတစ်ခုကြောင့် စွန့်စားခန်းဖွင့်ရတာပဲ ''

ဟု ပြောလေ၏။

ထိုအခါ သိင်္ဂီက ခေါင်းညိတ်၍

'' ဘာပဲဖြစ်ဖြစ်... ကျွန်းလုံခြုံရေးတပ်သားတွေ ရှင်းကိုတွေ့ ရင် သိပ်အန္တရာယ်များတယ် ''

www.burmeseclassic.com

ဟု ပြောလေရာ ကိုရွှေဝန်က

" ကျွန်းလုံခြုံရေးတပ်သားတွေ သိဖို့နေနေသာသာ ကျ…
အင်မတန်ရင်းနှီးတဲ့ မသီဂီတောင် ကျုပ်ကိုမမှတ်မိဘူး မဟုတ်လ…
ကျုပ်ဟာ ကျွန်းပေါ်မှာ ပုံစံအမျိုးမျိုးနဲ့ နေသွားဖို့ဆုံးဖြတ်ထားတ…
အခုလောလောဆယ် ပုလဲငုတ်သမားအောင်ဘဆိုတဲ့လူအနေနဲ့ ကျွ…
ပေါ်မှာနေမယ်၊ ဒီအတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေအားလုံး ကျ…
ဆီမှာ ပါတယ် "

ဟု ပြောလေ၏။

သီဂီက ကိုရွှေဝန်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" ရှင်ဟာ အရာရာကို ပိပိရိရိလုပ်တတ်တယ်ဆိုတာ ကျွ…
သိပါတယ်၊ ဒါကြောင့်လည်း အက်ဒမန်ကျွန်းရဲ့ရာဇဝင်မှာ စာတင်…
တာကိုး။ ရှင်ဟာ သိပ်ပြီးလိမ္မာပါးနပ်တယ်၊ အလွန်လည်းပိရိသေ…
တယ်၊ သတိဝီရိယလည်းကြီးတယ်၊ ဘာပဲဖြစ်ဖြစ် ရှင့်လိုလူမျိုး…
ကျွန်းလုံခြုံရေးအဖွဲ့ကလူတွေ ဖမ်းမိဖို့မလွယ်ပါဘူး "

ဟု ပြောလေ၏။ ထိုအခါ ကိုရွှေဝန်က

" ကျွန်းလုံခြုံရေးအဖွဲ့က လူတွေဟာ ကျုပ် ကျွန်းပေါ်ကို ပြ…
ရောက်မယ်ဆိုတာ ရိပ်စားမိလောက်ပြီ "

ဟု ပြောလေရာ မသီဂီသည် အထိတ်တလန့်ဖြစ်သွားပြီး

" ဘာ… ရှင် ကျွန်းကို နောက်တစ်ကြိမ်ပြန်လာမယ်ဆို…
သိနေကြယ်ဟုတ်လား။ ဒါဆိုရင် ရှင့်အတွက် အန္တရာယ်တွေ သိပ်ကြ…
ပြီ၊ ဘာဖြစ်လို့ ဒီလောက်တောင် စိန်ခေါ်မှုများတဲ့အလုပ်ကို လုပ်…



…ာလဲ "

ဟု မေးလေရာ ကိုရွှေဝန်က ပြတင်းပေါက်မှတစ်ဆင့် အဝေးဆီ…
သို့ လှမ်းကြည့်၍

" ကျုပ်ဘဝ တလျှောက်လုံး စိန်ခေါ်မှုတွေနဲ့ပဲ နပန်းလုံးခဲ့ရတယ်၊
…ာ ကျုပ်ကိုယ်တိုင်ပဲ ကြုံတွေ့ချင်တာလား၊ ကံကြမ္မာကပဲ ကြုံတွေ့…
…ချင်တာလား မသိပါဘူးဗျာ "

ဟု ပြောလိုက်လေ၏။ ထိုအခါ မသီဂီက

" ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မတွေ့လိုက်ရင် စိန်ခေါ်မှုတွေနဲ့ပဲ
…နပန်းလုံးနေရတာပဲ၊ လောလောဆယ် ကျွန်မရဲ့ဆိုင်မှာပဲ ခဏလောက်
…နားယူလိုက်ပါ။ အန္တရာယ်တွေကြားမှာ …ဆိုင်ရှိုးမယ်ဆိုတာ
…ကျွန်မ သိတယ် "

ဟု ဆိုကာ ကိုရွှေဝန်အား ဆိုင်အနောက်ဘက်ရှိ အခန်းငယ်
…အတွင်းသို့ ခေါ်ဆောင်သွားလေ၏။

◡ ◡ ◡

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် အက်ဒမန်ကျွန်းသို့ ပုလဲကော[illegible] ရောက်ရှိလာသော တရုတ်မလေးနှင့် နေ့လည်စာစားသော[illegible] အစည်ကားဆုံး ထမင်းဆိုင်သို့ ရောက်ရှိလာ၏။

တရုတ်မလေးသည် အလွန်လှပပြီး စွဲဆောင်အားကောင်း[illegible] သဖြင့် သူမနှင့် တစ်ချိန်မှ ရင်းရင်းနှီးနှီးနေလို၏။

တရုတ်မလေးသည် အက်ဒမန်ကျွန်း၌ ထောင်မှူးဘ[illegible] ဩဇာအာဏာကြီးမားပုံကို သိထား၏။

သူမသည် ထောင်မှူးဘဦးကို များစွာအရေးပေးပြီး လို[illegible] သော အမူအရာရှိလှ၏။ သူမ၏အသားအရေမှာ လွန်စွာဖြူ[illegible] ဘာသာစကားသုံးမျိုး တတ်မြောက်သည်ဟု သိရ၏။





သူမ၏ မြန်မာစကားပြောဆိုဟန်မှာ လွန်စွာပီသ၏။ မလေး [illegible]ားနှင့် တရုတ်စကားကိုလည်း ကျွမ်းကျင်စွာပြောဆိုတတ်သည်ဟု [illegible]၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီးကို ဦးထိပ်ပန်ဆင်သည့် [illegible] အစဉ်အလာအတိုင်း တရုတ်မလေးအား ပို့ဆောင်ပေးခဲ့ပြီး ဖြစ်၏။

ယခုတစ်ဖန် အေးအေးဆေးဆေး တရုတ်မလေးနှင့် တွေ့ဆုံချင် [illegible]များ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် တရုတ်မလေးကိုတွေ့ရန် ချိန်းဆိုရန် [illegible]လိုက်၏။

ထိုအခိုက်မှာ နေ့လယ်စာစားသောက်နေသော သူ၏အနီးသို့ [illegible]လုံခြုံရေးတပ်သားတစ်ဦး ရောက်ရှိလာပြီး

" အခြေအနေမထူးသေးဘူး ဆရာ၊ ကျွန်းကိုဝင်လာတဲ့ [illegible]သင်္ဘောတွေအားလုံး စစ်ပြီးပြီ၊ မသင်္ကာဆရာ ဘာမှမတွေ့ဘူး "

ဟု ပြောလေ၏။

ထောင်မှူးဘဦးသည် အက်ဒမန်ကျွန်းသို့ ကိုရွှေဝန် အောက်လမ်း [illegible] ဝင်ရောက်လာပြီဖြစ်မှန်း ရိပ်စားမိသွား၏။ သို့သော် ပိုပိုလိုလို [illegible]သောဖြင့် ကျွန်းသို့ဝင်လာသော သင်္ဘောများကို စစ်ဆေးခိုင်းထား [illegible]ဖြစ်၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်အကြောင်းကို စဉ်းစားမိပြီး [illegible]ရုတ်မလေးကို ချိန်းဆိုရန်အချိန်မရှိတော့ဘဲ နေ့လယ်စာကိုရှင်းပြီး

" ကိုယ်တို့ပြန်ကြရအောင် "

ဟု တရုတ်မလေးကို လောဆော်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် သူ၏ရုံးခန်းသို့ရောက်သောအခါ ကိုရွှေ
နှင့် ပတ်သက်သောဖိုင်တွဲများကို လှန်လှောဖတ်ရှုနေလေ၏။
ရက်ပိုင်းအတွင်း သူ၏ခေါင်းထဲတွင် ကိုရွှေဝန်နှင့်ပတ်သက်သော
အကြောင်းအရာများသာ ရှိ၏။

ကိုရွှေဝန်သည် လူထူးလူဆန်းတစ်ယောက်ဖြစ်၏။ အ
အင်မတန်ရဲရင့်စွန့်စား၏။ အများသူငါမလုပ်နိုင်သောအလုပ်များကို စွန့်
စားစား လုပ်တတ်၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်၏ဖိုင်တွဲကို ဖတ်ရှုနေစဉ်အ
ထူးချွန်ချက်များကို တွေ့ရှိနေရ၏။ ဤမျှထူးချွန်ထက်မြက်
အက်ဒမန်ကျွန်း၌ မိမိလက်ရမ်းဆီးရန် လွယ်ကူပါ့မလားမသိ။

ထောင်မှူးဘဦးသည် အက်ဒမန်ကျွန်း၌ မိမိအသုံးပြုနေ
နည်းဟောင်းကိုသာ ပြန်လည်အသုံးပြုရန် ဆုံးဖြတ်လိုက်၏။ အက်
ကျွန်းလိုနေရာမျိုး၌ ထိုနည်းသည် အကောင်းဆုံးဖြစ်၏။

ထိုနည်းကိုအသုံးပြုလျှင် လူများက ကြမ်းကြုတ်ရက်စက်
ဟု ဝေဖန်ခံရမည်မှာ သေချာ၏။ မည်သို့ပင်ဖြစ်စေ မိမိ အကြံ
အောင်ပွဲတွေ့သော နည်းလမ်းကိုသာ အသုံးပြုရပေမည်။

ထောင်မှူးဘဦးသည် သူ၏အတွေးဆုံးသည်နှင့် ကျွန်းလုံ
တပ်သားတစ်ယောက်ကိုခေါ်၍ အမိန့်များကို ဆက်တိုက်ပေးချလို

ကျွန်းလုံခြုံရေးတပ်သားသည် ထောင်မှူး၏အမိန့်ပေး
အသိတလေးနှင့်နားထောင်၍ ကမန်းကတန်း ပြန်ထွက်သွားလေ

ခဏကြာလျှင် ကျွန်းလုံခြုံရေးတပ်သားများသည် အက်



ကျွန်းသို့ အခကြေးငွေယူ၍ ပို့ဆောင်ပေးသော ပွဲစားများကို ဖမ်းဆီး၍
ခေါ်ဆောင်လာလေ၏။

ထိုပွဲစားများသည် ထောင်မှူးဘဦး၏ရုံးခန်းသို့ မျက်နှာငယ်လေး
များနှင့် ရောက်ရှိလာလေ၏။ ပွဲစားများအားလုံး ရှစ်ဦးတိတိရှိ၏။

ထိုပွဲစားများသည် နှစ်ပေါင်းများစွာ အက်ဒမန်ကျွန်း၌ အလုပ်
လုပ်လိုသူများကို ခေါ်ဆောင်လာသောလူများဖြစ်၏။ ထောင်မှူးဘဦး
သည် ပွဲစားရှစ်ဦးကို မျက်လုံးဝေ့ကြည့်၍

" ခင်ဗျားတို့ကို ကျုပ် ရှည်ရှည်ဝေးဝေး မပြောနိုင်ဘူး၊ တိုတိုပဲ
ပြောမယ်၊ အက်ဒမန်ကျွန်းကို ဂျပန်စပိုင်တစ်ယောက်ရောက်နေတယ်၊
ဒီလူကို ခင်ဗျားတို့ ပွဲစားရှစ်ဦးထဲက တစ်ယောက်ယောက် ခေါ်ဆောင်
လာတာပဲ ဖြစ်မယ်၊ ဒါကြောင့် ခင်ဗျားတို့အမှန်အတိုင်းပြောကြပါ၊ ကျုပ်
တို့ ကျွန်းလုံခြုံရေးအဖွဲ့နဲ့ ပူးပေါင်းပြီး အမှန်အတိုင်းထွက်ဆိုတဲ့လူက
သက်သာမယ်၊ ဒီလူနဲ့ပတ်သက်ပြီး အခကြေးငွေယူပြီး ထိန်ချန်ထားတဲ့
လူကတော့ မသက်သာဘူး၊ ဒီအချိန်ကစပြီး ခင်ဗျားတို့ကို စစ်ဆေးဖို့
ဖမ်းဆီးလိုက်ပြီ "

ဟု ဆိုလိုက်ရာ ပွဲစားများသည် အထိတ်တလန့်ဖြင့် ထောင်မှူး
ဘဦးအား တောင်းပန်ကြလေ၏။

အချို့လည်း ထောင်မှူးဘဦးအား လာဘ်ငွေပေး၍ လွတ်
မြောက်ရန် ကြိုးစားကြ၏။

သို့သော် ထောင်မှူးဘဦးသည် ပွဲစားများထံမှ လာဘ်ငွေယူရန်
ဆန္ဒမရှိသဖြင့် အင်္ဂလိပ်အလိုတော်ရိတို့၏ထုံးစံအတိုင်း အားလုံးကို

www.burmeseclassic.com



ဖမ်းဆီး၍ စစ်ဆေးရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်မှစ၍ ကျွန်းလုံခြုံရေးတပ်သားများသည် ပွဲစားများကို ဖမ်းဆီး၍ စစ်ဆေးမေးမြန်းလေ၏။ အနုနည်းနှင့်မရသောအခါ အကြမ်းနည်းဖြင့် စစ်ဆေးမေးမြန်းကြ၏။

ခဏကြာလျှင် စီလူလာထောင်၌ ပွဲစားများ၏ အော်ဟစ်တောင်းပန်သံများနှင့် ပွက်ပွက်ညံသွားတော့၏။ ကျွန်းပေါ်သို့ ဂျပန်ရောက်ရှိနေသောသတင်းနှင့် ပွဲစားများကို ဖမ်းဆီးစစ်ဆေးနေသော သတင်းသည်လည်း ပျံ့နှံ့သွားလေတော့၏။

ကိုရွှေဝန်သည် ထိုနေ့ညက မသိဂီ၏လက်ဖက်ရည်ဆိုင်၌ အိပ်စက်ခဲ့၏။ ကိုရွှေဝန် အိပ်ရာမှနိုးလာသောအခါ မသိဂီသည် လျှို့ဝှက်အခန်းလေးအတွင်းသို့ ရောက်ရှိလာပြီး

" ရှင်ရောက်နေတာကို ကျွန်းအာဏာပိုင်တွေ သိသွားပြီ သူတို့ဟာ ကျွန်းပေါ်မှာ ဂျပန်စပိုင်တွေရောက်နေတယ်လို့ သတင်းလွှင့်ကြတယ်၊ ကျွန်းကို အလုပ်သမားတွေပို့ပေးတဲ့ အလုပ်သမားခေါင်း တွေကိုတောင် ထောင်မှူးဘဦးက ခေါ်ပြီးဖမ်းဆီး စစ်ဆေးနေတယ်လို့ သိရတယ်၊ ဒီအတိုင်းဆိုရင်တော့ ရှင့်အတွက် အခြေအနေမကောင်းဘူး ကိုရွှေဝန်၊ မကြာမီမှာ အန္တရာယ်နဲ့ နီးကပ်လာမှာပဲ "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းညိတ်၍

" ကျုပ်ထင်တဲ့အတိုင်း ကျွန်းပေါ်မှာ ကျုပ်နဲ့ပတ်သက်တဲ့ သတင်းတွေ ကြိုသိနေတယ်ဆိုတာ သေချာသွားပြီ "





ဟု ပြောရင်း ရန်ကုန်တွင်ကျန်ရှိသော ကိုရဲခေါင်တို့မောင်နှမကို သတိရလိုက်၏။

မောင်နှမနှစ်ယောက်သည် သူ၏စကားကို နားထောင်ခြင်းမရှိဘဲ ကျွန်း၌ရှိသော ၎င်းတို့၏လူယုံကို သတင်းပို့လိုက်ပုံရ၏။

ထိုလူယုံသည် နှစ်ဖက်ချွန်သူလျှိုတစ်ဦးဖြစ်ခြင်းကို မောင်နှမနှစ်ယောက် ရိပ်စားမိခြင်းမရှိချေ။

မသိဂီက ကိုရွှေဝန်ကိုကြည့်၍

" လောလောဆယ်တော့ ကျွန်မဆိုင်မှာ ဒီအတိုင်းပဲ ပုန်းအောင်းနေလိုက်ပါဦး၊ ရှင့်အတွက် အန္တရာယ်တွေရှင်းမရှင်း ကျွန်မစုံစမ်းလာမယ်၊ ဒါပေမဲ့ သိပ်ကော့ ပူပန်စရာမရှိပါဘူး၊ ဒီကျွန်းမှာ ကိုရွှေဝန်ရဲ့အဆက်အသွယ်တွေ အများကြီးပဲရှိတာပဲ "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က အဝေးဆီသို့ ငေးကြည့်၍

" ဒီကျွန်းမှာ အသစ်ရောက်လာတဲ့ထောင်မှူးဘဦးဟာ အလွန်တန်ခိုးထွားနေတယ်လို့ သိရတယ်၊ သူနဲ့ကျုပ်ဟာ အခုတစ်ချိန်မှာ ထိပ်တိုက်တွေ့ပြီပေါ့ "

ဟု ပြောရင်း တစ်စုံတရာကို အလေးအနက် စဉ်းစားနေလေတော့၏။

အက်ဒမန်ကျွန်းတစ်ခုလုံး ထောင်မှူးဘဦး၏ သောင်းကျန်းမှုကြောင့် အထိတ်တလန့် ဖြစ်နေကြ၏။ ကျွန်းပေါ်တွင် ဂျပန်စပိုင်ရောက်ရှိနေသည်ဟူသော သတင်းကို တချို့ကယုံကြ၏။

www.burmeseclassic.com



ကျွန်းသားများသည် အစပိုင်းတွင် ဂျပန်စပိုင်ရောက်ရှိနေခြင်းကို ထောင်မှူးဘဦး၏ ထွင်လုံးဟု ထင်ကြ၏။

နောက်ပိုင်းတွင် ထောင်မှူးဘဦးတို့လူစု အကြီးအကျယ် ပိုက်စိပ်တိုက်ရှာဖွေနေခြင်းကို ထောက်ရှု၍ ကျွန်းပေါ်သို့ တစ်စုံတစ်ဦး ရောက်ရှိနေခြင်းမှာ သေချာကြောင်း မှတ်ချက်ချကြ၏။

ကျွန်းပေါ်တွင် ညစဉ်ဖွင့်လှစ်နေသော အရက်ဆိုင်များ၊ ထမင်းဆိုင်များ အနည်းငယ်ခြောက်သွေ့သွား၏။ ကျွန်းလုံခြုံရေးတပ်သားများ တင်းတင်းကြပ်ကြပ် ဖမ်းဆီးစစ်ဆေးနေခြင်းကြောင့် ကျွန်းပေါ်တွင် အနေအစား ခက်ခဲလာခြင်းဖြစ်၏။

တစ်ကျွန်းနှင့် လွတ်လွတ်လပ်လပ်နေလိုသော အကျဉ်းသားများသည် ကျွန်းသို့ရောက်လာပြီး ၎င်းတို့၏ လွတ်လပ်ခွင့်ကို ပိတ်ပင်သူကို ဒေါသူပုန်ထကြ၏။

ထောင်မှူးဘဦးသည် ကျွန်းပေါ်သို့ အလုပ်သမားများ တင်သွင်းလာသော အလုပ်သမားခေါင်းရှစ်ဦးကို ခေါ်ယူ၍ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ပြီးနောက် ထိုလူများကို ပြန်လွှတ်လိုက်ရာ ကျွန်းတစ်ခုလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

ထိုကျွန်းရှိ ထောင်ပိုင်ကြီးသည် ရိုးသားအေးဆေးပြီး ဘာသာတရား ကိုင်းရှိုင်းသူဖြစ်၏။ သို့သော် ထောင်ပိုင်ကြီးကိုယ်တိုင် ဂျပန်စပိုင်ဆိုသဖြင့် အထိတ်တလန့်ဖြစ်သွား၏။

ဂျပန်ဖက်ဆစ်စနစ်သည် အရှေ့တိုင်းနိုင်ငံများတွင် တနံ့နံ့ထွားနေသည် မဟုတ်ပါလား။ ထောင်မှူးဘဦးသည် တစ်ရက်ခြားဆိုသလို





ကျွန်းမင်းကြီးထံတွင် ဝင်ရောက်၍ ကိုရွှေဝန်နှင့်ပတ်သက်သည့် သတင်းကို အစီရင်ခံရ၏။

ထိုသို့အစီရင်ခံသည့်အခါတိုင်း သူ့စိတ်ထဲတွင် မလုံမလဲ ခံစားရ၏။ အဘယ်ကြောင့်ဆိုသော် ကိုရွှေဝန်နှင့်ပတ်သက်သော အကြောင်းအရာများသည် တိုးတက်မှုမရှိသောကြောင့် ဖြစ်၏။

ကျွန်းမင်းကြီးက ထောင်မှူးဘဦးကို ကြည့်၍

" ဒီကျွန်းမှာ မင်းဟာ အရည်အချင်းအရှိဆုံး ထောင်မှူးပဲ၊ ဒါကြောင့် မင်းကို ငါ့ရဲ့ဩဇာအာဏာတွေ အကုန်လွှဲထားတယ်၊ ရွှေဝန်ဆိုတဲ့ကောင်ကို ငါ့ရဲ့ပတ္တမြားကြီးကို ကာကွယ်တဲ့အတွက်ရော၊ ကျွန်းက ထွက်ပြေးတဲ့ ကျွန်းသားတစ်ယောက်ကို ဖမ်းဆီးတဲ့အတွက်ရော မရရအောင်ဖမ်းရမယ်၊ ငါ ကျွန်းမင်းကြီးလုပ်တဲ့နှစ်မှာ ဒီကောင်ထွက်ပြေးတဲ့အတွက် ငါ့ရဲ့ဂုဏ်သိက္ခာတွေ အကြီးအကျယ်ကျဆင်းရတယ်၊ ဒါကြောင့် ဒီကောင့်ကို မရ,ရအောင် ဖမ်းပါ "

ဟု တစ်ချက်လွှတ်အမိန့် ထုတ်ပြန်လိုက်လေ၏။

ထောင်မှူးဘဦးသည် ထိုရက်ပိုင်းအတွင်း စိတ်ရှုပ်လွန်းသဖြင့် သူ၏ချစ်သူ တင်တင်ရီနှင့်ပင် မတွေ့နိုင်ချေ။

တင်တင်ရီကလည်း ထောင်မှူးဘဦးနှင့်တွေ့ဆုံသည့်အခါတိုင်း စားသောက်ဆိုင်ဖွင့်မည့်အကြောင်းကို မကြာခဏ ပူဆာနေလေ၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်ကိုဖမ်းဆီးရန် အလုပ်ရှုပ်နေမိ၍ သူမ၏ တောင်းဆိုချက်များကို လိုက်လျောရန် မဖြစ်နိုင်ပေ။ ထောင်မှူးဘဦးသည် တင်တင်ရီအကြောင်းတွေးနေစဉ် သူ၏ရုံးခန်းဝ၌ တင်တင်ရီ

www.burmeseclassic.com



ရောက်ရှိနေကြောင်း ကျွန်းလုံခြုံရေးအဖွဲ့သားများက သတင်းပို့၏။

ထောင်မှူးဘဦးက တင်တင်ရီကိုမြင်သည်နှင့်

" ကိုယ် အလုပ်များနေတယ်ကွာ၊ ဒီရက်ပိုင်းအတွင်း မင်းတို့ မတွေ့နိုင်သေးဘူး "

ဟု ပြောလေ၏။ ထိုအခါ တင်တင်ရီက မျက်မှောင်ကြုတ်၍

" ဒီမှာ ရှင့်ကိုလည်း တွေ့ချင်လို့လာတွေ့တယ် မမှတ်နဲ့၊ ရှင့် အတွက် ဝမ်းသာစရာသတင်းတစ်ခုရလို့ လာတွေ့တာ "

ဟု ပြောလေ၏။ ထောင်မှူးဘဦးက အလောတကြီးဖြင့်

" ဘာသတင်းပေးမှာလဲ "

ဟု မေးမြန်းလေ၏။ တင်တင်ရီက ထောင်မှူးဘဦးအနားသို့ တိုးကပ်၍

" ရှင်တို့ရှာနေတဲ့ ဂျပန်စပိုင်ဆိုတဲ့လူဟာ ဘယ်သူလဲဆိုတာ ကျွန်မသိတယ်၊ အဲဒီလူဟာ ကိုရွှေဝန်မဟုတ်လား "

ဟု မေးမြန်းလိုက်လေရာ ထောင်မှူးဘဦးသည် အထိတ်တလန့် ဖြစ်သွားပြီး တင်တင်ရီ၏မျက်နှာကို ကြည့်လိုက်လေ၏။

ပြီးနောက်

" ဟင်... မင်း ဒါကို ဘယ်လိုလုပ်သိလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ တင်တင်ရီက

" အဘာဒင်ဈေးထဲမှာ ဒီသတင်းဟာ သဲ့သဲ့လေးပြန့်နေတယ် အဘာဒင်ဈေးက လူဟောင်းတွေအားလုံး ကျွန်းပေါ်ကို ကိုရွှေဝန် ပြန် ရောက်နေတယ်ဆိုပြီး သိနေပြီ၊ ရှင်တို့ကျွန်းလုံခြုံရေးအဖွဲ့တွေ



ဘော်တော်ညံ့တာပဲ၊ ရှင်တို့ကလွဲရင် ဈေးထဲက လူတွေအားလုံး သိကုန် ပြီ "

ဟု ပြောလေရာ ထောင်မှူးဘဦးသည် မခံချိမခံသာဖြစ်သွားပြီး သက်သီးကိုဆုပ်၍

" တောက်... ဒီအကြောင်းတွေကို မင်းတို့ ဘာလို့သိနေကြတာ သဲ၊ ကျွန်းလုံခြုံရေးအဖွဲ့က ခွေးကောင်တွေ သတင်းဖြန့်တာပဲ ဖြစ်ရမယ်၊ ကျွန်းကထွက်ပြေးတဲ့လူတစ်ယောက် ကျွန်းကိုပြန်ရောက်တယ်ဆို တာတည်းက ငါတို့ရဲ့သိက္ခာတွေ ရေစုန်မျောနေပြီကွ "

ဟု ဒေါသတကြီး အော်ဟစ်လိုက်ပြီး

" ဒီလောက်လည်း ဒေါသမဖြစ်ပါနဲ့ရှင်၊ အဘာဒင်ဈေးထဲမှာ ကျွန်မရဲ့ မျက်စိနဲ့နားတွေ အများကြီးရှိပါတယ်၊ ရှင့်အတွက် ကျွန်မ အများကြီး အကူအညီပေးနိုင်ပါတယ်၊ ရှင့်ရဲ့လုံခြုံရေးတပ်သားတွေဟာ ညံ့ဖျင်းများတယ်ရှင့်၊ ဒါကြောင့် သူတို့ကို ဘယ်သူမှ အကူအညီပေးမှာ မဟုတ်ဘူး၊ အဲဒါကို သဘောပေါက်ရင် ရှင် ကျွန်မကို ကောင်းကောင်း မွန်မွန် ဆက်ဆံသင့်တယ် "

ဟု ပြောလိုက်ရာ ထောင်မှူးဘဦးသည် စိတ်ကိုလျှော့ချလိုက်ပြီး

" မင်း သိပ်တော်တယ်ကွာ၊ ဒါကြောင့် မင်းကိုအားကိုးနေရ တာ၊ ဒီနေ့ည တို့နှစ်ယောက် ညစာ အတူတူစားရအောင် "

ဟု ပြောလိုက်ရာ တင်တင်ရီက တခစ်ခစ်ရယ်မော၍

" ရှင်နဲ့ကျွန်မ မတွေ့ရတာကြာပြီ၊ စကားတွေ အများကြီး ပြောချင်တယ်၊ ရှင်နဲ့ကျွန်မနဲ့ မမောနိုင်မပန်းနိုင် စကားတွေပြောနိုင်မယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ မျှော်လင့်ပါတယ် ''

ဟု ဆိုကာ ထောင်မှူးဘဦး၏ ရုံးခန်းမှ ဆင်မယဉ်သာခြေလှမ်းများဖြင့် ပြန်လည်ထွက်ခွာသွားလေတော့၏။

ကိုရွှေဝန်သည် နောက်တစ်နေ့နေ့လည်သို့ရောက်သောအခါ မသီဂီ၏ဆိုင်တွင် ကြွက်တစ်ကောင်လို မပုန်းချင်သောကြောင့် အဘာအင်ဈေးဘက်သို့ ထွက်ခဲ့၏။

သူသည် မသီဂီတို့ဆိုင်အနောက်ရှိ လျှို့ဝှက်အခန်းလေးထဲတွင် ပုန်းအောင်းနေခြင်း ဖြစ်၏။

ကိုရွှေဝန်သည် ဆိုင်အနောက်ရှိ လူသူအရိပ် အခြေကိုကြည့်၍ ရေချိုးရန်ထားသော ရေစည်ကြီးများကို အကာအကွယ်ပြုကာ ထွက်ခဲ့၏။

ဆိုင်အနောက်၌ လူသူကင်းရှင်းနေ၍ သူ့ကို မည်သူမျှ မမြင်နိုင်ဟု ယုံကြည်နေမိ၏။

သို့သော် မသီဂီ၏လက်ဖက်ရည်ဆိုင်မှ ထမင်းကျန်ဟင်းကျန်များကို လာရောက်စားသောက်လေ့ရှိသော သူတောင်းစားတစ်ယောက်သည် ကိုရွှေဝန်ကို မြင်တွေ့သွားလေ၏။

အဘယ်ကြောင့်ဆိုသော် သူတောင်းစားသည် ဆိုင်အနောက်ရှိ သေတ္တာဟောင်းကြီးတစ်လုံးအတွင်း၌ အိပ်စက်နေသောကြောင့် ဖြစ်၏။

ကိုရွှေဝန်သည် အက်ဒမန်ကျွန်းတစ်နေရာရှိ ခေါက်ဆွဲဆိုင်လေးတစ်ဆိုင်ထဲသို့ ရောက်သွားလေ၏။ ထိုဆိုင်လေးအတွင်း၌ လူသူကင်းရှင်းနေ၏။





ကိုရွှေဝန်သည် ထိုဆိုင်လေးအတွင်းသို့ ဝင်ရောက်သွားပြီး ဆေးသီးတဒေါက်ဒေါက်ခေါက်နေသော တရုတ်ရှေ့တွင် ရပ်တန့်လိုက်၏။ တရုတ်သည် ပေသီးခေါက်နေရာမှ မော့မကြည့်ဘဲ

'' ဘာကိစ္စလဲ ကိုယ့်လူ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ကိုရွှေဝန်က စားပွဲပေါ်တွင် တင်ထားသော ရေနွေးကြမ်းခွက်ကို မော့လိုက်ပြီး ...

'' ကျုပ်နဲ့ခင်ဗျားဟာ အလွန်ခင်မင်တဲ့မိတ်ဆွေတွေပါ။ ငါးနှစ်တာကာလအတွင်းမှာ ခင်ဗျား ကျုပ်ကို ဘာလို့ ဒီလောက်ပြောင်းလဲသွားရတာလဲ ''

ဟု မေးမြန်းလိုက်ရာ ထိုတရုတ်သည် နားမလည်နိုင်ဟန်ဖြင့် ကိုရွှေဝန်ကို ကြည့်လိုက်လေ၏။

ထိုအခါ ကိုရွှေဝန်က

'' ကျုပ်မျက်နှာကို မမှတ်မိဘူးဆိုရင်တောင်မှ ကျုပ်ရဲ့အသံကို ခင်ဗျားမှတ်မိသင့်ပါတယ်၊ ကျုပ်တို့ဟာ နှစ်ပေါင်းများစွာ အတူတူတွဲပြီး အရက်သောက်ခဲ့ကြဖူးတယ်လေ ''

ဟု ပြောလိုက်ရာ တရုတ်သည် ကိုရွှေဝန်ကိုကြည့်၍ အလွန်အံ့ဩဟန်ဖြင့်

'' ဟင်... ခင်ဗျား... ခင်ဗျား ကျွန်းကိုပြန်လာတယ် ဟုတ်လား။ ကျုပ်မျက်စိကိုတောင် ကျုပ်မယုံနိုင်ဘူး၊ တကယ်ပါပဲဗျာ၊ သိပ်အံ့ဩဖို့ကောင်းတယ်၊ ကျွန်းကထွက်ပြေးတဲ့လူတစ်ယောက် ကျွန်းကို ပြန်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သတင်းတော့ သဲ့သဲ့ကြားရတယ်၊ ကိုရွှေဝန်လား၊ ကိုဘိုးမှန်လား
ဘူး၊ လက်စသတ်တော့ ကျုပ်ရဲ့မိတ်ဆွေကြီး ကိုရွှေဝန်ဖြစ်နေတာ
ကျွန်းပေါ်မှာ ခင်ဗျားအတွက် အန္တရာယ်တွေသိပ်များတယ်၊ ဘာဖြစ်
အရဲစွန့်ပြီး ပြန်လာရတာလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ကိုရွှေဝန်က

'' ဒီအကြောင်းတွေကို ကျုပ် နောက်တော့ပြောပြပါ့
လောလောဆယ် ကျုပ်ရဲ့မိတ်ဆွေတွေနဲ့ အမြန်ဆုံးတွေ့ချင်တယ်၊
အတွက် အခုအချိန်မှာ အပူတပြင်းတွေ့ချင်တာကတော့ အော
ပင်လယ်ပဲ ''

ဟု ပြောလေ၏။

ကိုရွှေဝန်၏စကားကို ကြားသောအခါ ခေါက်ဆွဲဆိုင်ရှိ တရု
သည် ခေါင်းတဆတ်ဆတ်ညိတ်၍

'' အခုလိုအချိန်မှာ ခင်ဗျားနဲ့အောင်ပင်လယ်ကြီးနဲ့ သိပ်
သင့်တာပေ့ါ၊ ဒါပေမဲ့ လောလောဆယ် အောင်ပင်လယ်နဲ့တွေ့ဖို့
နည်းနည်းခက်ဦးမယ်၊ အောင်ပင်လယ်ကိုတွေ့ချင်ရင်တော့ ကျွန်းပေါ်
ရှိတဲ့ ဘုန်းကြီးကျောင်းမှာ ဥပုသ်နေ့လူစုံတတ်တယ်၊ အဲဒီကိုရော
အောင် သွားပါ၊ ကိုရွှေဝန်ရဲ့မိတ်ဆွေကြီးနဲ့ တွေ့မှာသေချာပါတယ် ''

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က

'' ကျုပ် ဒီမှာရှိတုန်းက ဘုန်းကြီးကျောင်းက သိပ်မစည်ပင်သေး





ဘူး အခုတော့ ကျွန်းပေါ်က ဘုန်းကြီးကျောင်းတောင် အတော်
စည်ကားနေပုံရတယ်၊ ကျွန်းက မြန်မာတွေ ဘာသာတရား ကိုင်းရှိုင်း
လာပြီကိုး ''

ဟု ပြောလိုက်လေ၏။

ခေါက်ဆွဲဆိုင်ရှိ တရုတ်က တဟားဟား ရယ်မော၍

'' ကျွန်းပေါ်ကလူတွေက မကောင်းမှုတွေများများလုပ်လေ
ဘာသာတရားတွေ များများလုပ်လေပါပဲ ''

ဟု ပြောလေတော့၏။

မင်းအိမ် ကျွန်မျှော

အမှတ်(၇) [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးအဦးသည် ယနေ့ည တင်တင်ရီနှင့် ညစာစားသောက်ရင်း သူမထံမှ အဘာဒင်ဈေးနှင့်ပတ်သက်သော သတင်းကို စုံစမ်းမည်ဟု ဆုံးဖြတ်ထား၏။

ခဏကြာလျှင် တင်တင်ရီသည် အလှဆုံးပြင်ဆင်၍ ရထားလုံးပေါ်မှ ဆင်းလာ၏။ သူမ အသက်ခုံ့ဆယ်ကျော်ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် ဖွဲ့ဆောင်အားကောင်းနေဆဲ ဖြစ်၏။

ထောင်မှူးအဦးသည် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသော ဟင်းလျာများနှင့်အတူ တင်တင်ရီနှင့် ညစာစား၏။ ညစာစားပြီးသောအခါ ထုံးစံအတိုင်း အိပ်ခန်းထဲ၌ အချိန်ကုန်၏။

———— စောတနာတာပေ ————



သန်းခေါင်ယံအချိန်သို့ရောက်သောအခါ နှစ်ယောက်စလုံး အိပ်စက်နိုင်တော့ဘဲ အိပ်ခန်းထဲမှထွက်၍ လေသာဆောင်သို့ သွားထိုင်ကြ၏။

ထောင်မှူးအဦးသည် လေသာဆောင်သို့ရောက်သောအခါ တင်တင်ရီထံမှ အဘာဒင်ဈေးနှင့်ပတ်သက်သော သတင်းအမျိုးမျိုးကို နှိုက်ယူလေ၏။

တင်တင်ရီသည် လိမ္မာပါးနပ်သောမိန်းမဖြစ်သဖြင့် ထောင်မှူးအဦး၏ ရည်ရွယ်ချက်ကို သိနားလည်၏။ ထို့ကြောင့် ရယ်မော၍

" ရှင် ဒီနေ့ည ကျွန်မကိုတွေ့ချင်တယ်ဆိုတာ ကျွန်မကိုတွေ့ချင်လို့ထက် အဘာဒင်ဈေးနဲ့ပတ်သက်တဲ့ သတင်းတွေကိုသိချင်တာ များတယ် ထင်တယ် "

ဟု ပြောလေရာ ထောင်မှူးအဦးသည် မျက်နှာကွက်ခနဲပျက်သွားပြီး

" မင်းကိုတွေ့ချင်လို့ ချိန်းလိုက်တာပါကွာ၊ အဘာဒင်ဈေးနဲ့ ပတ်သက်ပြီးမေးရတာက မင်းဟာ ကျွန်းလုံခြုံရေးတပ်သားတွေထက် ပိုနီးစပ် ပိုသိတယ်လေ "

ဟု ပြောလေ၏။ ထိုအခါ တင်တင်ရီက

" ဒီမှာ... ရှင့်ကို ကျွန်မ အကြံတစ်ခုပေးမယ်၊ ရှင်တို့ရှာနေတဲ့သူဟာ နယ်နယ်ရရလူမဟုတ်ဘူး ကျွန်းလုံခြုံရေးတပ်သားတွေ တပတ်ရိုက်ပြီး ကျွန်းကလွတ်အောင် ပြေးနိုင်တယ်ဆိုကတည်းက အင်မတန် ဉာဏ်ရည်ဉာဏ်သွေးကောင်းမှာ သေချာတယ်၊ သူ့ပုံလူကို လွယ်လွယ်

www.burmeseclassic.com

www.burmeseclassic.com



လေး လျှော့တွက်လို့မရဘူး၊ သူဟာ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပြန်ပြီးဆက်သွယ်မယ်ဆိုတာ ရှင်မစဉ်းစားမိဘူးလား၊ ရှင်တို့လူတွေ တစ်ကျွန်းလုံးမျက်စိနှောင့်အောင် လှည့်ပတ်ပြီး ရှာဖွေနေတာထက် သူ့ရဲ့မိတ်ဆွေဟောင်းတွေဆီမှာ စောင့်ပြီးဖမ်းရင် သေချာနိုင်တာပေါ့ ''

ဟု အကြံပေးလေရာ ထောင်မှူးဘဦးသည် သူ၏နဖူးကိုသူ ဖြန်းခနဲရိုက်လိုက်ရင်း

'' ဟုတ်တာပေါ့၊ ဒါကို ငါဘာလို့ မစဉ်းစားမိပါလိမ့်၊ ဒီအချက်မှာ တော့ မင်းက ငါ့ထက်တော်သွားပြီ ''

ဟု ပြောလိုက်လေ၏။

တင်တင်ရီက အမှောင်ထဲသို့ကြည့်၍

'' တကယ်တော့ ရှင်ဟာ ထူးချွန်ထက်မြက်တဲ့လူတစ်ယောက် ပါ၊ ကိုရွှေဝန်နဲ့ပတ်သက်ပြီးတော့ ရှင့်ရဲ့တွေးခေါ်မြော်မြင်မှုတွေဟာ တုန့်ဆိုင်းဆိုင်းဖြစ်နေတာ တွေ့ရတယ်၊ ဒါဟာ ကိုရွှေဝန်ကို ရှင် သိ သတိထားနေလို့ ဖြစ်လိမ့်မယ်၊ တကယ်တော့ ရှင်းရှင်းလေးပါ၊ သူလည်း လူသားတစ်ယောက်ပဲ၊ လူသားတစ်ယောက်လိုပဲ တွေးတောပြီးလှုပ်ရှား တော့မှာပေါ့၊ ရှင်တို့လည်း ဒီအချက်ကိုမိအောင်ဖမ်းကိုင်ပြီး လှုပ်ရှား လိုက်ရင် ကိုရွှေဝန်ကို မိနိုင်ပါလိမ့်မယ်၊ ဟင်း... ဟင်း... ကိုရွှေဝန်ကို မိအောင်ဖမ်းနိုင်တယ်ဆိုရင် ကျွန်မ ရှင့်ကိုတောင်းထားတဲ့ မြို့လယ် ဆိုင်ခန်းကိစ္စကို ရှင်လုပ်ပေးရမယ် ''

ဟု ပြောလေရာ ထောင်မှူးဘဦးက ခေါင်းညိတ်၍

'' ကောင်းပြီ... ကျုပ်ကတိပေးတယ်၊ ကိုရွှေဝန်ကိုသာ လ



နိုင်ခဲ့ရင် မြို့လယ်က အကောင်းဆုံးနေရာမှာ မင်းအတွက် ဆိုင်ခန်း ခန်းရအောင် ငါစီစဉ်ပေးမယ် ''

ဟု ပြောလေ၏။

ထိုအခါ တင်တင်ရီက ခေါင်းညိတ်၍

'' ရှင်ဟာ ကတိတည်မယ်လို့ ကျွန်မယုံတယ်၊ ရှင့်ကို နောက် အဖိုးတန်တဲ့ အကြံအစည်တစ်ခု ကျွန်မပေးလိုက်ဦးမယ်၊ ကျွန်း မှာရှိတဲ့ မြန်မာအများစုဟာ ဥပုသ်နေ့ရောက်ရင် ဘုန်းကြီးကျောင်း ဆုံလေ့ရှိတယ်၊ ရှင်တို့လူစု အဲဒီမှာသွားပြီးတော့ ကိုရွှေဝန်ကို ကြည့်သင့်တယ်၊ ကိုရွှေဝန်လည်း မြန်မာဘုန်းကြီးကျောင်းကို ရောက်လာမှာသေချာတယ် ''

ဟု ပြောလိုက်ရာ ထောင်မှူးဘဦးသည် တင်တင်ရီ၏ ခေါင်းထဲမှ အဖိုးထိုက်တန်တဲ့ အကြံအစည်များကိုရသဖြင့် မယုံနိုင်လောက် ဖြစ်သွားလေ၏။

ဤမိန်းမ အဘယ်ကြောင့် ဉာဏ်ရည်ဉာဏ်သွေးကောင်းနေ၍ မှာ အဘယ်ကြောင့် ဉာဏ်တုံးနေသည် မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် ဥပုသ်နေ့သို့ရောက်သောအခါ မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းသို့ရောက်ရှိသွားလေ၏။

ဘုန်းကြီးကျောင်းသည် လွန်စွာကျယ်ဝန်းပြီး ကျောင်း အနောက်ဘက်တွင် စေတီငယ်လေးတစ်ဆူရှိလေ၏။

ထိုစေတီငယ်လေး၏အနီး၌ ဗုဒ္ဓဘာသာ မြန်မာများ စည်ကားနေလေ၏။ ကိုရွှေဝန်သည် ဘုန်းကြီးကျောင်းကြီးအတွ လှည့်လည်ပြီး မိမိနှင့်ရင်းနှီးကျွမ်းဝင်သောသူများကို ရှာဖွေလေ၏။

တစ်နေရာသို့ရောက်သောအခါ အာဘောင်အာရင်းသန်သ တရားဆွေးနွေးနေသော လူဝကြီးတစ်ဦးကို တွေ့လိုက်ရ၏။

ထိုလူကြီး သည် သူ၏မိတ်ဆွေ ပေါက်စကြီးဖြစ်၏။



ပေါက်စကြီးသည် ကျွန်းသို့ရောက်ရှိလာပြီးသည်အထိ ကောင်းမှုဒုစရိုက်မျိုးစုံကို လုပ်ကိုင်နေဆဲဖြစ်၏။ ယခု တရားဟော ရိပ်တွင်ထိုင်၍ ဗုဒ္ဓ၏တရားတော်များကို ကျယ်လောင်စွာ အော်ဟစ် ဆွေးနွေးနေလေ၏။

ဤလူကြီး သူတော်ကောင်းများဖြစ်သွားလေသလားမသိ။

ကိုရွှေဝန်သည် တစ်နေရာသို့ရောက်သောအခါ အဖိုးကြီးများ ၏တရားဝိုင်းတွင် ဝင်ရောက်ငြင်းခုန်နေသော သူ၏မိတ်ဆွေတစ်ဦးဖြစ်သူ ရိုးသိန်း ကို တွေ့ရပြန်၏။

စိုးသိန်းသည် လိမ်လည်မှုများစွာ ကျူးလွန်ပြီး လူသတ်မှုဖြစ်ရာမှ တစ်ကျွန်းသို့ ရောက်ရှိလာခြင်းဖြစ်၏။ သူလည်း ကျွန်း၌ သူတော် ကောင်း ဖြစ်သွားပုံရ၏။

ကိုရွှေဝန်သည် စေတီငယ်လေး၏ မလှမ်းမကမ်းတွင် တရားမှတ် နေသော လူတစ်ဦးကို တွေ့ရပြန်၏။ ထိုသူသည် သူ၏မိတ်ဆွေ မိုးပျံ ဖြစ်၏။

မိုးပျံမှာလည်း ဓါးပြမှု၊ လူသတ်မှုများဖြင့် ကျွန်းသို့ ရောက်ရှိလာ သူ ဖြစ်၏။ ကိုရွှေဝန်သည် မိုးပျံနှင့် မနီးမဝေးတွင် သွား၍ထိုင်လိုက်ပြီး င်အား နှုတ်ဆက်လိုက်လေ၏။

မိုးပျံသည် တရားမှတ်နေရာမှ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကိုရွှေဝန်ကို မြင်တွေ့သွားပြီး အံ့ဩဟန်ဖြင့်

" ဟင်... ကိုရွှေဝန် ခင်ဗျားတကယ်ပြန်လာပြီနော်၊ ကျွန်းပေါ်မှာ ခင်ဗျားရဲ့သတင်းတွေ ပျံ့နှံ့နေတယ်၊ ခင်ဗျား ကျွန်းကို ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်လို့ ကြားတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ မယုံဘူး၊ အခု မျက်မြင် ကိုယ်ရံတွေ့ကြုံရတော့မှ ယုံမိတယ်၊ ခင်ဗျား ကျွန်းကို ဘာဖြစ်လို့ ပြန်လာတာလဲ၊ အန္တရာယ်တွေ ဒီလောက်များတာ သိရဲ့သားနဲ့ဗျာ ''

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က

'' ကျုပ်မှာ အလွန်အရေးကြီးတဲ့ကိစ္စတစ်ခု လုပ်စရာရှိလို့ပါ လောလောဆယ် ကျုပ် အောင်ပင်လယ်နဲ့တွေ့ချင်တယ်၊ သူ ဘယ်မှာ ရှိနိုင်မလဲ ''

ဟု မေးမြန်းလိုက်လေ၏။

မိုးပျံက ကိုရွှေဝန်ကိုကြည့်၍ တစ်စုံတစ်ရာကို ပြောဆိုယန် ပြင်ပြီးမှ မျက်မှောင်ကြုတ်လိုက်ပြီး

'' ကိုရွှေဝန် ခင်ဗျားအတွက် အန္တရာယ်ရှိနေပြီ၊ ဘုန်းကြီး ကျောင်းအဝမှာ ကျွန်းလုံခြုံရေးတပ်သားတွေ ရောက်နေတယ်၊ ဒီကောင်တွေဟာ ခင်ဗျား ကျောင်းဝန်းထဲရောက်နေတာ သံသယရှိပုံရ တယ် ''

ဟု ပြောလေ၏။

ကိုရွှေဝန်သည် နောက်သို့ မသိမသာလှည့်ကြည့်၍ သက်ပြင်းချ လိုက်ပြီး

'' ဟုတ်တယ်၊ ကျုပ်ဒီမှာရှိနေမယ်လို့ မသင်္ကာဖြစ်ပြီး ဝင်ရှာတာ ဖြစ်မယ်၊ ကျုပ်အတွက်ကြောင့် တရားဘာဝနာပွားများနေတဲ့လူတွေ စိတ်အနှောင့်အယှက်ဖြစ်တာ စိတ်မကောင်းဘူးဗျာ ''



ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ကျွန်းလုံခြုံရေးတပ်သားများ ဝင်ရောက်ရှာဖွေ ခြင်းကြောင့် ဘုန်းကြီးကျောင်းတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။

ထိုအခါ မိုးပျံက ကိုရွှေဝန်ကို ကြည့်၍

'' ကိုရွှေဝန်၊ ဟိုးမှာမြင်နေရတဲ့ တောလမ်းအတိုင်း လျှောက် သွားပါ၊ တောလမ်းလေးအဆုံးမှာ လိုဏ်ဂူလေးတစ်လုံးတွေ့ရလိမ့်မယ်၊ လိုဏ်ဂူအမိုးပေါ်မှာ သစ်သားတံခါးကို ဂျက်ချထားတယ်၊ တံခါးကိုဖွင့်ပြီး တော့ အထဲကိုဝင်သွားပါ၊ အထဲမှာ ဆရာတော်တရားကျင့်တဲ့ လိုဏ်ဂူ ရှိတယ် ''

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က

'' လိုဏ်ဂူထဲမှာ ကျုပ်ပိတ်မိနေရင် ဘယ်လိုလုပ်မလဲ၊ ထွက်လမ်း ရှိလို့လား ''

ဟု မေးလေ၏။

ထိုအခါ မိုးပျံက

'' ကိုရွှေဝန် မပူပါနဲ့၊ လိုဏ်ဂူအဆုံးမှာ ကျောင်းအပြင်ကို ထွက် တဲ့ ထွက်ပေါက်ရှိပါတယ်၊ အဲဒီအပေါက်ကထွက်လိုက်ရင် ကျောင်း အနောက်က ခြံစည်းရိုးကိုရောက်မယ်၊ အဲဒီခြံစည်းရိုးကကျော်ပြီး ထွက် လိုက်ရင် ကိုရွှေဝန် ကျောင်းအပြင်ကိုရောက်ပြီပေါ့၊ တစ်ခုတော့ သတိ ထားရလိမ့်မယ်၊ ကျောင်းအပြင်မှာ ကင်းပုန်းချထားတဲ့ လုံခြုံရေး အစောင့်တပ်သားတွေ ရှိမရှိ ဂရုစိုက်ရမယ် ''

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအချိန်တွင် ကျွန်းလုံခြုံရေးတပ်သားများသည် ဇရပ်ပေါ်သို့ တက်၍ တရားဆွေးနွေးနေသူများကို စစ်ဆေးမေးမြန်းလေ၏။

ကျန်သော ကျွန်းလုံခြုံရေးတပ်သားများကလည်း စေတီရှိရာသို့ ဦးတည်လျှောက်လှမ်းလာ၏။

ကိုရွှေဝန်သည် မိမိအတွက် အချိန်မရှိတော့သဖြင့် တောလမ်း လေးအတိုင်း လျှောက်လှမ်းလာလေ၏။

တောလမ်းအဆုံးသို့ရောက်သောအခါ လိုဏ်ဂူတစ်လုံးကို တွေ့ ရလေ၏။

ထိုလိုဏ်ဂူ၏အဆုံး၌ သစ်သားတံခါးတစ်ချပ်ရှိ၏။ တံခါး ဖွင့်လိုက်သောအခါ အတွင်း၌ အလင်းရောင်အနည်းငယ်ရှိကြောင်း တွေ့ရ၏။

ကိုရွှေဝန်သည် သစ်သားတံခါးကို အတွင်းမှပိတ်လိုက်လေ၏။ ထို့နောက် အတွင်းသို့လျှောက်လှမ်းသွားလေ၏။ လိုဏ်ဂူအဆုံး အတန်ကြာအောင် လျှောက်ရ၏။

ဘုန်းကြီးကျောင်းဝန်းအတွင်း၌ သဘာဝအလျောက်ဖြစ်ပေါ် သော လိုဏ်ဂူငယ်လေးကို ပြုပြင်ထားခြင်းဖြစ်၏။

လိုဏ်ဂူအဆုံးသို့ရောက်သောအခါ သေးငယ်သော သစ်သား တံခါးလေးတစ်ချပ်ကို တွေ့ရ၏။ ထိုတံခါးလေးသည် လူ့ခါးလယ်မျှသာ ရှိ၏။

ကိုရွှေဝန်သည် သစ်သားတံခါးငယ်လေးကို အသာအယာဖွင့်၍



င်ဂူဝသို့ထွက်လိုက်၏။

ထိုအခါ မိမိသည် ဘုန်းကြီးကျောင်း၏ အနောက်ဘက် အုတ် တိုင်းအနီးသို့ ရောက်နေကြောင်းတွေ့ရ၏။

ကိုရွှေဝန်သည် အုတ်တံတိုင်းကို ခိုတွဲ၍ တက်လိုက်၏။ အုတ် တိုင်းပေါ်သို့ရောက်သောအခါ လူသူအရိပ်အခြေကိုကြည့်၍ အောက် ခုန်ချလိုက်၏။

ကိုရွှေဝန် အုတ်တံတိုင်းအပြင်သို့ရောက်သည်နှင့် အုတ်တံတိုင်း တက်စွန်းမှလျှောက်လာသော ကျွန်းလုံခြုံရေးတပ်သားများကို တွေ့ရ ၏။

လုံခြုံရေးတပ်သားများသည် ကိုရွှေဝန်အား မသင်္ကာဖြစ်သွားပြီး

" ဟေ့လူ... နေဦး "

ဟု ဆိုကာ စစ်မေးရန် လျှောက်လာကြ၏။

ကိုရွှေဝန်သည် ၎င်းတို့၏ မေးမြန်းခြင်းကိုမခံတော့ဘဲ အနောက် သို့ ခြေကုန်သုတ်၍ပြေးလေ၏။

ထိုအခါ ကျွန်းလုံခြုံရေးတပ်သားများသည် ကိုရွှေဝန်ကို ရိပ်စား ပြီး အနောက်မှ သေနတ်ဖြင့် တဒိုင်းဒိုင်း ပစ်လေ၏။

သို့သော် ကိုရွှေဝန်သည် လမ်းကြိုလမ်းကြားများကို ဝင်ရောက် တ်ကွယ်သွားပြီဖြစ်၏။

ထောင်မှူးဘဦးသည် ကျောင်းအနောက်ဘက်မှ သေနတ်သံ ကြောင့် ကျောင်းကိုပတ်၍ အပြေးအလွှား ရောက်ရှိလာ၏။ ထိုအခါ ဝန် လွတ်မြောက်ထွက်ပြေးသွားပြီဖြစ်ကြောင်း သိလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် ကျွန်းလုံခြုံရေးတပ်သားများကို ဒေါသ[illegible]
သွားပြီး အနီးသို့ခေါ်ယူ၍ ဆူပူကြိမ်းမောင်းလိုက်လေ၏။

" မင်းတို့ သိပ်ညံ့တယ်၊ ကိုယ့်ရှေ့ကထွက်ပြေးတဲ့လူကို[illegible]
ထိအောင်မပစ်နိုင်ကြဘူး။ ဒီကောင် လက်မတင်ကလေး လွတ်သွား[illegible]
ဖို့အတွက် သိပ်ပြီးနာတယ် "

ဟု ဒေါသတကြီး အော်ဟစ်လိုက်လေ၏။

၂၂၂

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊





ထိုအချိန်တွင် ကိုရွှေဝန်သည် သူ၏မိတ်ဆွေရှိရာ ခေါက်ဆွဲဆိုင်
[illegible]သို့ ရောက်ရှိလာ၏။

ခေါက်ဆွဲဆိုင်ရှင်တရုတ်သည် ဘုန်းကြီးကျောင်းဝင်းအတွင်း
[illegible]ပွားခဲ့သော ကိုရွှေဝန်၏သတင်းကို ကြိုတင်၍ သိရှိထားပြီးဖြစ်၏။
[illegible]ကြောင့်

" ခင်ဗျား လောလောဆယ် ငြိမ်ငြိမ်သက်သက်လေးပဲ နေလိုက်
[illegible]ဗျာ၊ ဒီတစ်ခါ ကျွန်းပေါ်မှာ လုံခြုံရေးတွေ သိပ်ကြမ်းတယ်၊ ကျွန်း
[illegible]ရေးတပ်သားတွေ ဖိနှိပ်လာရင် ကျွန်းသားတွေ မငြိမ်မသက်ဖြစ်မှာ
[illegible]တယ်၊ ကျွန်းသားအများစုက သူတို့ရဲ့လွတ်လပ်ခွင့်ကို ပိတ်ပင်မှာ
[illegible]ကြောက်တယ်၊ ခင်ဗျားကြောင့် သူတို့ရဲ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးလာ
[illegible]အခါ ခင်ဗျားကို ဒုက္ခပေးလာကြလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က

" ဟုတ်တယ်၊ ဒီတစ်ကြိမ် ကျုပ်ကို သူတို့ သဲကြီးမဲကြီး ရှာ နေတာ အတော်ကြောက်စရာကောင်းတယ် "

ဟု ပြောကာ ခေါက်ဆွဲဆိုင်၏အနောက်ဘက်ရှိ အခန်းလေး သို့ ဝင်၍ တရေးတမော အိပ်စက်ရန် ပြင်လေ၏။

ကိုရွှေဝန်သည် တစ်နေကုန် ပြေးလွှားလာရသဖြင့် ပင်ပန်း နွမ်းနယ်နေပြီ ဖြစ်၏။ ကိုရွှေဝန်သည် တရေးတမောအိပ်စက်ပြီး သော အခါ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။

သူသည် တရုတ်လေး၏ခေါက်ဆွဲဆိုင်မှ အမြန်ဆုံးထွက်ခွာ ဆုံးဖြတ်လိုက်၏။ ထိုအကြောင်းကို တရုတ်လေးအား ပြောပြလိုက်သော အခါ

" ကျုပ်ဆီမှာ လုံခြုံမှုရှိပါတယ်၊ ဘာဖြစ်လို့လဲ၊ ခင်ဗျား ဒီမှာ တာ ဘယ်သူမှမရိပ်မိပါဘူး "

ဟု ပြောလေရာ ကိုရွှေဝန်က ခေါင်းခါယမ်း၍

" ဘာပဲဖြစ်ဖြစ် ဒီဆိုင်ဟာ လူရှုပ်တဲ့နေရာမှာရှိနေတဲ့အတွက် ကျုပ်ကိုစောင့်ကြည့်ပြီး တွေ့မြင်သွားနိုင်တယ်၊ ဒါကြောင့် ကျုပ် ဒီနေ ကနေ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်ပြီ၊ ကျုပ် ဘယ်ကိုသွားရင် ကော မလဲ "

ဟု မေးလေ၏။

ထိုအခါ တရုတ်လေးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်





" ကျွန်းရဲ့မြောက်ဘက်မှာ လောင်းကစားဝိုင်းတွေရှိတယ်၊ အဲဒီ တွေကို ခင်ဗျား ရုပ်ဖျက်ပြီးတော့သွားရင် ဖြစ်နိုင်တယ်၊ ခင်ဗျားရဲ့ သမားယောင်ဆောင်တဲ့အလုပ်ကိုတော့ ရပ်လိုက်ပါတော့၊ ဘာ လို့လဲဆိုတော့ ပုလဲငုပ်သမားတွေဟာ လောင်းကစားဝိုင်းတွေဆီကို လာမှမရှိဘူး၊ လောင်းကစားဝိုင်းတွေမှာ လှည့်လည်တဲ့လူတွေဟာ ဒေါ်ကိုရောက်လာတဲ့ ကုန်သည်တွေပဲ၊ ဒီတော့ ခင်ဗျားဟာ သည်တစ်ယောက် ဟန်ဆောင်ရမယ် "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က သဘောတူဟန်ဖြင့် သူ၏ရုပ်ကို ကုန်သည် ယောက်ဟန်ဆောင်ရန် ပြင်လိုက်၏။

ထို့ကြောင့် သူသည် နှုတ်ခမ်းမွေးတု၊ မုတ်ဆိတ်မွေးတုများနှင့် အရောင်မှာလည်း ပြောင်းလဲသွားလေ၏။

သူ၏ ဝတ်စား ဆင်ယင်မှုကြောင့် မြန်မာကုန်သည်တစ်ယောက် တော့ဘဲ လူမျိုးခြားကုန်သည် တစ်ဦးဟန် ပြောင်းသွားလေ၏။

နှုတ်ခမ်းမွေးအတုတပ်ထားသောကြောင့် သူ၏သွားမှာလည်း ခေါ်နေလေ၏။ ခေါက်ဆွဲဆိုင်ရှင်တရုတ်က ကိုရွှေဝန်၏ပုံစံကို ကြည့်၍

" ခင်ဗျားကိုကြည့်ရတာ အခုမှ သွားစိုက်တဲ့တရုတ်ပေါက်ဖော် တော့တယ်၊ ဝတ်ထားတဲ့အင်္ကျီကလည်း တရုတ်အင်္ကျီ တရုတ် ဘောင်းဘီနဲ့ "

ဟု ချီးမွမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် ထိုနေ့ညနေမှာပင် တရုတ်လေး၏ခေါက်ဆွဲဆိုင်
တရုတ်လူမျိုးတစ်ဦး၏ပုံစံဖြင့် ထွက်ခွာသွားလေတော့၏။ ကိုရွှေဝန်
အနီးပတ်ဝန်းကျင်ရှိလူများ ရိပ်စားမိဟန်မတူချေ။

ကိုရွှေဝန်သည် ညမှောင်ရီသန်းစပြုသောအခါ လောင်းကစား
ဝိုင်းများရှိရာ ကျွန်း၏မြောက်ဘက်သို့ ရောက်ရှိသွားလေ၏။

ထိုနေရာ၌ အလွန်လူစုပြီး လောင်းကစားဝိုင်းများ၊ အရက်ဆိုင်
များ၊ ဘိန်းခန်းများ ရှိလေ၏။ ကျွန်းသို့ ရံဖန်ရံခါရောက်လာသော
ဘိန်းခန်းများလည်း ရှိ၏။

ကိုရွှေဝန်သည် တရုတ်လူမျိုးတစ်ဦးအသွင်ဖြင့် လောင်းကစား
ဝိုင်းများသို့ ရောက်ရှိသွားလေ၏။

ထိုနေ့ညနေမှာပင် တရုတ်လေး၏ ခေါက်ဆွဲဆိုင်သို့ ကျွန်း
လုံခြုံရေးတပ်သားများရောက်ရှိလာပြီး တရုတ်လေးကို ဖမ်းဆီးလိုက်

တရုတ်လေးက ကျွန်းလုံခြုံရေးတပ်သားများကို မျက်မှောင်
ကြုတ်၍ ကြည့်လိုက်ပြီး

" ကျုပ်မှာ ဘာအပြစ်ရှိလို့ဖမ်းတာလဲ "

ဟု မေးမြန်းလိုက်လေ၏။

လုံခြုံရေးတပ်သားများက

" စကားမရှည်နဲ့... စီလူလာထောင်ကျမှရှင်း "

ဟု ပြောကာ တရုတ်လေးအား ဂျစ်ကားဖြင့် ခေါ်ဆောင်သွား
လေ၏။

တရုတ်လေးသည် မိမိအတွက် ဂြိုဟ်ဆိုးဝင်သည်ဟုတွေး





ခေါ်ဆောင်ကျသွားလေ၏။ ကိုရွှေဝန် မိမိဆိုင်၌ ဝင်ထွက်သွားလာခြင်းကို
တစ်ဦးက ရိပ်စားမိသွားပုံရ၏။

မည်သို့ပင်ဖြစ်စေ ကိုရွှေဝန်အပေါ် ကတိသစ္စာတည်ကြည်ရမည်
ဆုံးဖြတ်ထား၏။ အဘယ်ကြောင့်ဆိုသော် ကိုရွှေဝန်သည် သူ၏
ဆွေကောင်းတစ်ဦး ဖြစ်၏။

သူ ကျွန်းသို့ရောက်ခါစက ကျွန်းပေါ်၌ အခက်အခဲတွေ့နေစဉ်
ရွှေဝန်က အကူအညီပေးခဲ့ဖူး၏။ ယခု ကိုရွှေဝန် အန္တရာယ်နှင့်ကြုံသော
အခါတွင် မိမိဘက်မှ သစ္စာရှိဖို့လို၏။

စီလူလာထောင်သို့ရောက်သောအခါ ထောင်မှူးဘဦးသည်
တရုတ်လေးကိုခေါ်၍ စစ်ဆေးမေးမြန်း၏။

တရုတ်လေးက ထောင်မှူးဘဦး၏ စကားများကို နားထောင်၍
ကိုရွှေဝန် မိမိဆိုင်၌ရောက်နေသည် ကို အတိအကျမသိသေးကြောင်း
စားမိသွား၏။

တရုတ်လေးသည် ထောင်မှူးဘဦး၏ မေးခွန်းများကို မသိ
ကြောင်းသာ အတန်တန်ငြင်းဆန်ခဲ့၏။

ထိုအခါ ထောင်မှူးဘဦးက

" အနုနည်းနဲ့မေးလို့မရရင် အကြမ်းနည်းနဲ့ မေးတာပေါ့ "

ဟု ဆိုကာ လုံခြုံရေးတပ်သားများထဲမှ နှိပ်စက်ညှဉ်းပန်းရာတွင်
ကျင်သောလူနှစ်ယောက်ကို ရွေးထုတ်ပြီး တရုတ်လေးအား
မြန်းစေ၏။

တရုတ်လေးသည် လုံခြုံရေးတပ်သားများ၏ နှိပ်စက်ညှဉ်းပန်းမှု

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကို အလူးအလဲခံနေရရှာ၏။

သို့သော် သူသည် သစ္စာကတိတည်ကြည်သူဖြစ်သဖြင့် ကိုရွှေ[illegible] နှင့် ပတ်သက်၍ နှုတ်လုံအောင်ကြိုးစား၏။

အတန်ကြာသောအခါ သူ၏ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ၊ သွေးစေးများ၊ ခြစ်ရာ ရှရာများနှင့် မြင်မကောင်းအောင်ရှိနေ[illegible]

ထောင်မှူးဘဦးသည် တရုတ်လေး၏အနီးသို့ ရောက်လာပြီး

“ ခင်ဗျား တော်တော်သစ္စာကောင်းပါလား၊ အင်းပေါ့လေ[illegible] ကိုရွှေဝန်ရဲ့မိတ်ဆွေဆိုတော့ သစ္စာကောင်းတော့မှာပေါ့၊ ဒါဆိုလည်း [illegible] တယ်လေ၊ ခင်ဗျားကို ကျုပ်တို့ ဆက်ပြီးမစစ်တော့ဘူး၊ ကျုပ်တို့[illegible] လူတစ်ယောက်ရှိပါသေးတယ် ”

ဟု ပြောရင်း အခန်းထဲမှ တစ်စုံတစ်ဦးကို ခေါ်ထုတ်လာ[illegible] ထိုလူကိုမြင်သောအခါ တရုတ်လေးသည် အလွန်အထိတ်တလန့်[illegible] တုန်လှုပ်သွားပြီး အသက်ရှုရပ်မတတ်ဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်းလုံခြုံရေးတပ်သားများ လက်[illegible] ဖမ်းဆီးခေါ်ဆောင်လာသူမှာ တရုတ်လေးနှင့်လက်ထပ်ရန် ကြိုး[illegible] ထားသော မိန်းမပျိုလေးဖြစ်၏။

မိန်းမပျိုလေးသည် အဘအစ်ဈေးထဲ၌ ဈေးရောင်းသော[illegible] မိန်းကလေးဖြစ်၏။ ထောင်မှူးဘဦးသည် မိန်းမပျိုလေး၏ ရှည်[illegible] သောဆံပင်များကို ဆုပ်ကိုင်ရင်း

“ သူ့ကို ကျုပ်တို့က ခင်ဗျားကိုစစ်မေးသလိုပဲ စစ်မေး[illegible] မယ်၊ ဒါပေမဲ့ မစစ်မေးမီမှာ ”



ဟု ပြောရင်း မိန်းမပျို၏ တပ်မက်ဖွယ်ကောင်းသော ခန္ဓာကိုယ် အိုမျက်လုံးဝေ့ကြည့်လိုက်လေ၏။ တရုတ်လေးသည် သူ၏ချစ်သူ အတွက် အလွန်စိတ်လှုပ်ရှားသွားပြီး အထိတ်တလန့်ဖြင့်

“ ဟို သူ့ကိုတော့ မလုပ်ပါနဲ့ဗျာ ချမ်းသာပေးပါ ”

ဟု တောင်းပန်လိုက်လေ၏။

ထောင်မှူးဘဦးက

“ ဒါဆိုရင် ခင်ဗျား အမှန်အတိုင်း ပြောတော့မယ်ပေါ့၊ ကိုရွှေဝန် ဘယ်မှာလဲ ”

ဟု မေးလေရာ တရုတ်လေးသည် ခေါင်းငိုက်စိုက်ကျသွားပြီး

“ ကျုပ်ပြောပြပါတော့မယ်ဗျာ ”

ဟု ပြောလိုက်လေတော့၏။

မင်းသိင်္ခ ကျွန်မျှော

[illegible]

www.burmeseclassic.com

[illegible]

www.burmeseclassic.com



ကိုရွှေဝန်သည် ထိုနေ့ညက တရုတ်လူမျိုးကုန်သည်ကြီး 
ယောက် ဟန်ဆောင်၍ လောင်းကစားဝိုင်းများတွင်လှည့်လည်
စားလေ၏။

သူသည် လေးကောင်ဂျင်ကစားဝိုင်းတစ်ဝိုင်းတွင် ငွေများ
အနိုင်ရလေ၏။

ကိုရွှေဝန်၏ ကံကြမ္မာကောင်းလွန်းလှသဖြင့် သူ၏ကစား
များသည် မကျေမနပ် ဖြစ်နေလေ၏။

ကိုရွှေဝန်၏ရှေ့တွင် ငွေပုံကြီးသည် တဖြည်းဖြည်း မြင့်သ
မြင့်လာ၏။



ကိုရွှေဝန်သည် ငွေများကို သိမ်းကျုံး၍လွယ်အိတ်ထဲသို့ ထည့်

"ဒီတစ်ချိန်ကစားပြီးရင် ကျုပ်နားတော့မယ်၊ နောက်တစ်နေ့
ဆက်ကစားတာပေါ့"

ဟု ပြောလိုက်လေ၏။

ထိုအခိုက်မှာပင် လောင်းကစားဝိုင်းရှိရာသို့ အပြင်းမောင်းနှင်
သော ဂျစ်ကားသံများကို ကြားလိုက်၏။

ကိုရွှေဝန်သည် ဂျစ်ကားသံများကို ကြားသည်နှင့် သူ၏ခေါင်း
၌ အန္တရာယ်အချက်ပေးခေါင်းလောင်းသံများ မြည်သွား၏။

ကျွန်းလုံခြုံရေးတပ်သားများသည် ကျွန်း၌ ဂျစ်ကားများကိုသာ
များ၏။ လောင်းကစားဝိုင်းများရှိရာသို့ လုံခြုံရေးတပ်သားများ
ပြေးအလွှား ဝင်ရောက်လာသော ခြေသံများကို ကြားရ၏။

ကိုရွှေဝန်သည် သုံးထပ်တိုက်အပေါ်ထပ်၌ လေးကောင်ဂျင်
နေခြင်းဖြစ်၏။ ကိုရွှေဝန်ရှိရာသို့ လှေကားကို ပြင်းပြင်းနင်း၍ တက်
သော ခြေသံများကို ကြားရလေ၏။

"ကျွန်းလုံခြုံရေးတပ်သားတွေ ရောက်လာပြီဟေ့"

ဟူသော အော်ဟစ်သံများကိုလည်း ကြားရ၏။

ကိုရွှေဝန်သည် ထိုနေရာမှ အမြန်ဆုံးထွက်ခွာရပေတော့မည်
ရွှေဝန်သည် မိမိအနိုင်ရထားသော ငွေပုံကြီးကိုပင် ကောက်ယူနိုင်
ဘဲ သုံးထပ်တိုက်လှေကားထစ်များမှ အောက်သို့ ပြေးဆင်းရန်
ည်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အောက်မှ တဒိုင်းဒိုင်းတက်လာသော ခြေသံမျ
ကြားရသဖြင့် တံခါးကိုပိတ်ပြီး အိမ်ထဲသို့ ပြန်လည်ဝင်ရောက်
လောင်းကစားဝိုင်းရှိ လူအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

ကိုရွှေဝန်သည် အိမ်၏အနောက်သို့ ပြေးသွားပြီး ပြေးပေါ
ရှာဖွေလေရာ လေကာမှန်တစ်ခုကို မြင်ရသဖြင့် ထိုနေရာသို့ ခိုဆွဲ
လိုက်၏။

သို့သော် လေကာမှန်၏ တံခါးချက်များကိုဖွင့်လေရာ
ချက်များသည် နှစ်ပေါင်းများစွာ အဖွင့်အပိတ်မလုပ်ခဲ့၍ လ
တင်းကျပ်နေ၏။

တံခါးချက်ကို ဖွင့်မရသည့်အဆုံး တံခါးမှန်ကို လက်
အားကုန်ထိုးချလိုက်၏။ မှန်ပေါက်မှတဆင့် အပြင်သို့ထိုးထွ
ကြိုးစား၏။

သူ၏လက်များမှာ မှန်ကွဲစများရှသဖြင့် သွေးများစီးကျ
ကိုရွှေဝန်သည် မှန်စများကို ရှင်းလင်းပြီး ခေါင်မိုးပေါ်သို့ ခိုဆွဲ၍
လိုက်၏။

ကိုရွှေဝန်၏အမူအရာကိုကြည့်၍ လောင်းကစားသမ
သည် တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြ၏။ ကိုရွှေဝ
ခေါင်မိုးပေါ်သို့တက်ပြီး ခေါင်မိုးအစွန်းတစ်ဖက်ကို ပြေးလွှားသွား
ထိုအခိုက်မှာပင် ခေါင်မိုးသည် မိုးရွာထားသဖြင့် ချော
ခေါင်မိုးစွန်းတစ်ဖက်သို့ ဒလိမ့်ခေါက်ကွေးပြုတ်ကျသွားလေ၏။

သူသည် သတိရှိသောလူဖြစ်သဖြင့် ညာဘက်လက်တ



ဖြင့် ခေါင်မိုးစွန်းကို လှမ်းဆွဲထားနိုင်၏။ ကိုရွှေဝန်သည် သုံးထပ်တိုက်
ခေါင်မိုးပေါ်၌ တွဲလောင်းကြီးကျနေလေ၏။

သူသည် ရှိသမျှ အားအင်များကို စုစည်း၍ ခေါင်မိုးစွန်း
တစ်ဖက်သို့ ကူးပြောင်းနိုင်အောင် တရွေ့ရွေ့ ကြိုးစား၏။ သူ၏လက်၌
ခေါင်မိုးစွန်း၌ ထိခိုက်မိသောကြောင့် သွေးများယိုစီးကျလာလေ၏။

သို့သော် နာကျင်မှုကို ဂရုမစိုက်ဘဲ ခေါင်မိုးစွန်းသို့ တဖြည်းဖြည်း
ရွေ့လျားသွား၏။ ကျွန်းလုံခြုံရေးတပ်သားများ၏ အော်ဟစ်သံများမှာ
ဆူဆူညံညံလျက်ရှိနေလေ၏။

ထိုအခိုက်မှာပင် ဝရန်တာသို့ရောက်ရှိနေသော ကျွန်းလုံခြုံရေး
တပ်သားများသည် ကိုရွှေဝန်ကို မြင်တွေ့သွားပြီး သေနတ်ဖြင့် တဒိုင်းဒိုင်း
ပစ်ခတ်လေ၏။

ကိုရွှေဝန်သည် အခြေအနေမဟန်တော့သဖြင့် ခေါင်မိုးစွန်းမှ
ဝရန်တာတစ်ဖက်သို့ ခုန်ကူးလိုက်၏။ ထိုဝရန်တာမှတစ်ဆင့် အနည်းငယ်
နိမ့်သော တစ်ဖက်အိမ်၏ ခေါင်မိုးပေါ်သို့ ခုန်ချလိုက်၏။

ထိုခေါင်မိုးမှတဆင့် ရှည်လျားလှသော ခေါင်မိုးပြင်ကြီးကိုကြည့်
၍ ကျွန်းလုံခြုံရေးတပ်သားများလက်မှ လွတ်မြောက်မည်ဟု ယုံကြည်
သွား၏။

သူသည် ခေါင်မိုးများ တစ်ခုပြီးတစ်ခုသို့ ကူးသွားနိုင်၏။
ကျွန်းလုံခြုံရေးတပ်သားများသည် သုံးထပ်တိုက်ဝရန်တာမှ သေနတ်ဖြင့်
တဒိုင်းဒိုင်းပစ်ခတ်၏။

သို့သော် သေနတ်ကျည်ဆန်များ ကိုရွှေဝန်၏အနီးမှ ပြေးလွှား

www.burmeseclassic.com

www.burmeseclassic.com



သွားသော်လည်း သူ့အား ထိမှန်ခြင်းမရှိချေ။ ကိုရွှေဝန်သည် ခေါင်မိုးများကို တစ်ခုပြီးတစ်ခု ပြေးလွှားသွားပြီး လမ်းများကို တစ်လမ်းပြီး တစ်လမ်း ဖြတ်ကျော်နေမိ၏။

ကျွန်းလုံခြုံရေးတပ်သားများသည် မြေကြီးမှတစ်ဆင့် ကိုရွှေဝန် နောက်သို့ ပြေးလိုက်ရန် ကြိုးစား၏။

သို့သော် ခေါင်မိုးတွင် ပြေးလွှားသွားသူကို မြေကြီးမှလိုက်သူများ မီအောင်မလိုက်နိုင်ကြချေ။

ခေါင်မိုးပေါ်တွင် မည်သည့်အတားအဆီးမှုမရှိဘဲ လွင်တီးခေါင်ကြီးဖြစ်ပြီး မြေကြီးပေါ်တွင် လူအများနှင့် ဈေးဆိုင်များ ကာဆီးနေသောကြောင့် ဖြစ်၏။

ကိုရွှေဝန်သည် ခေါင်မိုးစွန်းများ တစ်ခုပြီးတစ်ခု ကူးသန်းသွားပြီး အဘာဒင်ဈေးသို့ ရောက်ရှိသွား၏။ အဘာဒင်ဈေးသို့ ရောက်ရှိသွားသောအခါ သူ့အား ကျွန်းလုံခြုံရေးတပ်သားများ မျက်ခြေပြတ်သွားချေပြီ။

ကိုရွှေဝန်သည် မသီဂီ၏ လက်ဖက်ရည်ဆိုင်အနီးသို့ ပြန်လည်ရောက်ရှိသွား၏။

မသီဂီသည် ဆိုင်အနောက်တွင် လက်ဖက်ရည်ဖျော်နေရာမှ မိုးပေါ်မှကျလာသကဲ့သို့ ပြတင်းပေါက်မှ ကျော်ဝင်လာသော ကိုရွှေဝန်ကို ကြည့်၍ လွန်စွာအံ့သြသွားပြီး

" ဟင်... ရှင်ပြန်လာသေးတယ်နော်၊ ရှင့်ကို ကျွန်မ စိုးရိမ်လိုက်ရတာ၊ တစ်ကျွန်းလုံး ရှင့်နောက်ကိုလိုက်တာ ဆူညံပွက်နေပြီ၊ ကျွန်းပေါ်မှာ ရှင် ဆက်ပြီးနေလို့ရပါဦးမလား "



ဟု မေးမြန်းလေ၏။ ကိုရွှေဝန်က သွေးများစီးကျနေသော သူ၏ လက်ကို အဝတ်ဖြင့် စည်းနှောင်၍

" ကျုပ်အတွက်တော့ ဒီလိုမျိုးတွေ ရိုးနေပါပြီ မသီဂီရယ်၊ လောလောဆယ် ကျုပ်ဒဏ်ရာကို ဆေးထည့်ပေးပါဦး။ ကျုပ်က စွန့်စားခန်းဖွင့်ရတာ ဝါသနာပါတယ်၊ ကျွန်းပေါ်မှာ ဒီလိုလုံခြုံရေးတပ်သားတွေနဲ့ ပြေးတမ်းလိုက်တမ်းကစားရတာ ဘယ်လောက်ရင်ခုန်ဖို့ကောင်းသလဲ"

ဟု ပြောလေရာ မသီဂီက ကိုရွှေဝန်ကိုကြည့်၍ သက်ပြင်းချ ဆိုက်ပြီး

" ရှင့်အတွက် ကျွန်မစိုးရိမ်လို့ပြောတာ၊ ရှင်သာ ကျွန်မဆီမှာနေပြီး တစ်ခုခုဖြစ်သွားရင် ကျွန်မ စိတ်ကောင်းမှာမဟုတ်ဘူး "

ဟု ပြောလေ၏။ ကိုရွှေဝန်က မသီဂီ၏မျက်နှာကို မကြည့်ဘဲ

" လောလောဆယ် ကျုပ်အနားယူလိုက်ဦးမယ်၊ ကျုပ်မှာ အန္တရာယ်တွေနဲ့ ပိုင်းပိုင်းလည်နေတယ်၊ မသီဂီဆီမှာ အကြာကြီးနေလို့ ရမှာမဟုတ်တော့ဘူး "

ဟု ပြောလေရာ မသီဂီသည် မည်သည့်စကားမျှမဆိုတော့ဘဲ ထိတ်ဆိတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မသိဂီ၏ဆိုင်၌ ထမင်းကျန်ဟင်းကျန်များ
တောင်းစားသော သူတောင်းစားသည် အဘာဒင်ဈေးအတွင်း
ရောင်းသော တင်တင်ရီ၏ဆိုင်သို့ ရောက်ရှိသွား၏။

သူတောင်းစားသည် အဘာဒင်ဈေးအတွင်း လှည့်လည်
တောင်းရမ်းနေသော လူရှုပ်လူလည်တစ်ယောက်ဖြစ်၏။ သူသည်
အလုပ်လုပ်ရာမှ ဖျော်ရှိခြင်းငွေလွန်းသဖြင့် သူတောင်းစားအလုပ်
ခုံခုံမင်မင် လုပ်ကိုင်နေသူဖြစ်၏။

တင်တင်ရီသည် သူတောင်းစား၏ နှံ့နှံ့စပ်စပ်သွားလာ
သိရှိ၏။ ထို့ကြောင့် အဘာဒင်ဈေးနှင့် ပတ်သက်သော
ဆန်းကြယ်သည့် သတင်းများကို သူတောင်းစားထံမှ ရယူလေ့ရှိ၏



တင်တင်ရီသည် ထိုသတင်းမျိုးကို ရရှိသည့်အခါတိုင်း ထောင်မှူး ဘဦးထံသို့ သွားရောက်သတင်းပို့လေ့ရှိ၏။

သို့မှသာလျှင် ထောင်မှူး ဘဦးသည် သူမအား အဘာဒင်ဈေးအတွင်း မျက်စိကြီး နားကြီးသူဟု ထင်မှတ်မည် မဟုတ်ပါလား။

သူတောင်းစားသည် တင်တင်ရီ၏ဆိုင်သို့ ရောက်ရှိသွားပြီး

" ထမင်းကျန် ဟင်းကျန်များကို စွန့်ကြပါ "

ဟု ညောင်နာနာအသံဖြင့် တောင်းရမ်းလိုက်၏။

တင်တင်ရီသည် သူတောင်းစား၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ရှုခြင်းဖြင့် အခြေနေအရပ်ရပ်ကို နားလည်သဘောပေါက်သွားပြီး သူမ အနောက်ဘက်ရှိ မြေကွက်လပ်၌ ထမင်းကောင်း ဟင်းကောင်းများကို ကျွေးမွေးလေ၏။

ထိုသို့ကျွေးမွေးပြီးလျှင် သူတောင်းစား၏လက်ထဲသို့ ပိုက်ဆံ အနည်းငယ်ကို ထည့်ပေးလိုက်၏။ ထိုအခါမှပင် သူတောင်းစား၏မျက်နှာ ရွှင်လန်းသွားပြီး

" အဝိမတန်ထူးခြားတဲ့သတင်းတစ်ခုကို ပြောပြချင်တယ်၊ အတ်ဒမန်ကျွန်းပေါ်က မသိဂီဆိုတဲ့ မိန်းမချော မိန်းမလှတစ်ယောက်ကို သိတယ် မဟုတ်လား "

ဟု ပြောလိုက်ရာ တင်တင်ရီက ခေါင်းညိတ်၍

" သိပ်သိတာပေါ့၊ ဒီကောင်မနဲ့ ငါနဲ့ မကြာခဏ အဝတ်အစား နှီး ပြိုင်လေ့ရှိတယ်၊ ဒီကောင်မ ဘာဖြစ်လို့လဲ၊ လင်ငယ်နေလို့လား "

ဟု စိတ်ဝင်တစား မေးမြန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူတောင်းစားက မသိဂီ၏ဆိုင်ထဲမှ ထွက်လာသော လူတစ်ယောက်အကြောင်းကို ပြောပြလေ၏။ ထိုလူသည် အက်ဒန်ကျွန်းမှ အလိုရှိနေသော ကိုရွှေဝန်ဆိုသူဖြစ်နိုင်ကြောင်းကို ပြောပြ၏။

သူတောင်းစား၏စကားကြောင့် တင်တင်ရီသည် လွန်စွာ စိတ်လှုပ်ရှားသွားပြီး

" ဘာ... မသိဂီအိမ်ဘက်က လူတစ်ယောက် ထွက်ပြေးတယ် ဟုတ်လား၊ သူဟာ ကိုရွှေဝန်ဖြစ်နိုင်တယ် ဟုတ်လား၊ ဒီသတင်းဟာ အလွန်အဖိုးတန်တဲ့သတင်းပဲ၊ ရှင် သိပ်တော်တယ်၊ ရော့... ရှင့်ကို ငွေတွေ အများကြီးထပ်ပေးမယ် "

ဟု ဆိုကာ သူမ၏ ပိုက်ဆံအိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ထုတ်၍ ပေးလေ၏။

သူတောင်းစားသည် အလွန်ပျော်ရွှင်သွားပြီး တင်တင်ရီကို ကျေးဇူးတင်ကြောင်း အတန်တန် ပြောလေ၏။

တင်တင်ရီသည် ရထားလုံးပေါ်သို့ အလျှင်အမြန်တက်၏။ ရထားလုံးမောင်းကုလားအား ကျွန်းလုံခြုံရေးရုံးရှိရာသို့ အမြန်ဆုံး မောင်းနှင်ခိုင်းလေ၏။

ကျွန်းလုံခြုံရေးရုံးသို့ရောက်သောအခါ ထောင်မှူးဘဦးနှင့် တွေ့ဆုံလိုကြောင်း ခွင့်တောင်း၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်နှင့်ပတ်သက်သောအကြောင်းများကို စဉ်းစားနေချိန်ဖြစ်၏။ မိမိထံသို့ တင်တင်ရီရောက်လာကြောင်း သိရသောအခါ စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး





" တောက်... ဒီမိန်းမသိပ်ရှုပ်တယ်၊ ငါ ဒီမှာအရေးကြီးတဲ့ အကြောင်းတွေ စဉ်းစားနေတာ၊ ငါ သူနဲ့မတွေ့ချင်သေးဘူး၊ ဒါကြောင့် အစည်းအဝေးလုပ်နေတယ်၊ နောက်နေ့မှလာခဲ့ပါ "

ဟု မှာကြားလိုက်လေ၏။

ထိုအခါ ကျွန်းလုံခြုံရေးတပ်သားများသည် တင်တင်ရီအား ထောင်မှူးဘဦးပြောခိုင်းသည့်အတိုင်း ပြောပြလိုက်လေ၏။

တင်တင်ရီသည် ထောင်မှူးဘဦး၏အပြောကြောင့် မကျေမနပ် ဖြစ်သွားပြီး ရထားလုံးကို ပြန်လှည့်ကာ သူမ၏ဆိုင်ရှိရာသို့ ပြန်ခဲ့လေ၏။

လမ်းတစ်ဝက်သို့ရောက်သောအခါမှပင် ယခုအချိန် ရွှေဝန်ဆိုသော ကောင်ကိုဖမ်းဆီးလျှင် အခွင့်ကောင်းအခါကောင်းဟု တွေးမိကာ စိတ်ကိုလျော့လိုက်၏။

ထို့ကြောင့် ရထားလုံးကို ကျွန်းလုံခြုံရေးရုံးသို့ ပြန်လှည့်ခဲ့လေ၏။ ကျွန်းလုံခြုံရေးတပ်သားများသည် တင်တင်ရီကိုမြင်သောအခါ စိတ်ပျက်လက်ပျက်ဖြင့် မျက်နှာရှုံ့မဲ့သွားပြီး

" ဘာပြောချင်သေးလဲ "

ဟု မေးလေ၏။

ထိုအခါ တင်တင်ရီက လေသံမာမာဖြင့်

" ဒီနေ့ ဒီရက်မှာ ငါ့ကိုလာမတွေ့ရင် တစ်သက်လုံး နောင်တရသွားမယ်လို့ ပြောလိုက်ပါ "

ဟု ဆိုလိုက်ရာ ကျွန်းလုံခြုံရေးတပ်သားများသည် ထောင်မှူးဘဦးအား သူမ၏စကားကို ပြန်လည်ပြောပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် တင်တင်ရီ၏ ရဲတင်းပွင့်လင်းလှသော စကားကြောင့် တစ်စုံတစ်ရာတော့ သတင်းထူးပြီဟု အတတ်သိကာ အခန်းထဲမှ ကမန်းကတန်းပြေးထွက်သွားလေ၏။

ထို့နောက် တင့်တင်ရီအား ချော့မော့၍ မေးမြန်းသောအခါ သူမက

" ကိုရွှေဝန်ဟာ မသိဂီဆိုတဲ့မိန်းမနဲ့ အတူရှိနေတယ်၊ ရှင်တို့ အမြန်ဆုံးသွားဖမ်းပေတော့ "

ဟု သတင်းပို့လိုက်လေ၏။

ထိုအခါ ထောင်မှူးဘဦးသည် ကျွန်းလုံခြုံရေးတပ်သားများ ဘက်သို့လှည့်၍

" အားလုံးအသင့်ပြင်၊ ရန်သူကိုသွားဖမ်းမယ် "

ဟု အော်ဟစ်လိုက်လေ၏။

ကိုရွှေဝန်သည် သူ၏ဓာစ်သက်၌ အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ဖူး၏။ ထို့ကြောင့် သူ၏အနီးတွင် အန္တရာယ်များ ပတ်လည်ဝိုင်းနေခြင်းကို အလိုလိုရိပ်စားမိသွား၏။

မသိဂီ၏ဆိုင်မှ အမြန်ဆုံးထွက်ခွာရန် ပြင်လိုက်၏။ ထို့ကြောင့် မသိဂီအား နှုတ်ဆက်၍

" ကျုပ်ကို အခုလို အကူအညီပေးတဲ့အတွက် မသိဂီကို ဘယ်တော့မှမမေ့ဘူး။ တစ်နေ့နေ့မှာ မသိဂီမှာ အကူအညီလိုခဲ့ရင် ကျုပ် အသက်နဲ့လဲပြီး အကူအညီပေးမယ် "

ဟု ဆိုကာ သူမ၏ဆိုင်မှ ထွက်ခွာရန် ပြင်လေ၏။





မသိဂီသည် ကိုရွှေဝန်ကို စိတ်မချဟန်ဖြင့် ကြည့်ကာ

" ရှင့်အတွက် ဘုရားမှာ ကျွန်မဆုတောင်းပေးပါမယ် "

ဟု ဆိုကာ ပါးပြင်ပေါ်သို့ မျက်ရည်တစ်ပေါက် စီးကျလာသ၏။

ကိုရွှေဝန်သည် မိန်းမတို့၏မျက်ရည်ကို လွန်စွာကြောက်ရွံ့သူ ဖြစ်သဖြင့် ထိုနေရာမှ ကမန်းကတန်းကျောခိုင်း၍ ထွက်လာလိုက်၏။ မိန်းမတို့၏ကြောက်စရာအကောင်းဆုံးလက်နက်မှာ မျက်ရည်ပင် ဖြစ်တော့ပါလား။

ကိုရွှေဝန်ထွက်ခွာသွားပြီး ဆယ့်ငါးမိနစ်ခန့်အကြာတွင် မသိဂီ၏ လက်ဖက်ရည်ဆိုင်ရှေ့သို့ ကျွန်းလုံခြုံရေးဂျစ်ကားများ တစ်စီးပြီး တစ်စီး ထိုးဆိုက်လာ၏။

ကားသုံးစီးပေါ်မှ လုံခြုံရေးတပ်သားများ ပြေးဆင်းလာပြီး ... ချိန်ရွယ်လိုက်ကာ မသိဂီ၏လက်ဖက်ရည်ဆိုင်သို့ လေးဖက်လေးလံ ... ထားလိုက်၏။

ထို့နောက် ထောင်မှူးဘဦးသည် မသိဂီ၏လက်ဖက်ရည်ဆိုင် အတွင်းသို့ အသင့်အနေအထားဖြင့် ဝင်ရောက်လာ၏။

ဆိုင်ထဲမှ လက်ဖက်ရည်သောက်နေသူများသည် ထောင်မှူး ဘဦးနှင့် ကျွန်းလုံခြုံရေးတပ်သားများကို အထိတ်တလန့်ကြည့်လိုက်၏။ ထောင်မှူးဘဦးသည် လက်ဖက်ရည်သောက်နေသူများကို ပြူးရွှဲသော မျက်နှာဖြင့်လှမ်းကြည့်လိုက်ပြီး

" ခင်ဗျားတို့ ဘာမှမပူပါနဲ့၊ ကျုပ်တို့ အလုပ်အရေးကြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



တရားခံတစ်ယောက်ကို ဖမ်းဖို့ရှိလို့ပါ၊ တရားခံမဟုတ်တဲ့လူတွေ ရဲ့
ပေါက်မှ မစွန်းစေရပါဘူး ''

ဟုပြောဆိုလိုက်ပြီး ငွေရှင်းစားပွဲတွင်ထိုင်နေသော မသင်္ဂီ
ထူခြေရရ တိုးကပ်သွားလေ၏။

မသင်္ဂီက ထောင်မှူးဘဦးအား မသိနားမလည်ဟန်ဖြင့်ကြ
'' ကျွန်မဆိုင်ထဲမှာ ဘယ်လိုတရားခံမျိုးရှိလို့လဲ ထောင်မှူး

ဟုပြောလေ၏။ ထိုအခါ ထောင်မှူးဘဦးက မသင်္ဂီ၏မျက်
ကို ပြုံတီတီကြည့်၍

'' မင်းရဲ့အမေးကို နောက်မှဖြေမယ်၊ လောလောဆယ်
မင်းရဲ့ဆိုင်တစ်ဆိုင်လုံးကို မွှေလှန်ပြီး ရှာလိုက်ဦးမယ် ''

ဆိုကာ ဆိုင်အနောက်ဘက်ရှိ အခန်းထဲသို့ ဝင်ရောက်ရှာ
ရန် လုံခြုံရေးတပ်သားများကို အချက်ပြလိုက်၏။

ထိုအခါ လုံခြုံရေးတပ်သားများသည် သတိကြီးစွာ
မသင်္ဂီ၏တစ်ဆိုင်လုံး လှည့်လည်ရှာဖွေကြ၏။

မသင်္ဂီ၏ဆိုင်အနောက်တွင် လူနေအိမ်ခန်းများရှိသဖြင့်
အခန်းထဲ၌ ကိုရွှေဝန်ရှိနေမည်ဟု မျှော်လင့်ထားကြ၏။

သို့သော် တစ်ဆိုင်လုံး မွှေနှောက်ရှာဖွေပြီးသည်အထိ
ဝန်၏အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် ထောင်မှူးဘဦးသည် မျ
မျက်နှာပျက်သွားလေ၏။

မသင်္ဂီက ထောင်မှူးဘဦးကို မဲ့ပြုံးပြုံး၍
'' ထောင်မှူးတို့ ဘာလို့ဒီလောက် အလောတကြီး ဖြ



ဆိုတာ ကျွန်မ အံ့ဩလို့မဆုံးတော့ဘူး။ ကျွန်မဆိုင်မှာ တရားခံရှိ
ယ်ဆိုပြီး ဘယ်လိုလူကများ သတင်းပေးလိုက်တာပါလိမ့် ''

ဟုဆိုလိုက်ရာ ထောင်မှူးဘဦးသည် ဒေါသဖြစ်လွန်းသဖြင့်
ကြိတ်ကာ မသင်္ဂီကို ကြည့်လိုက်လေ၏။

မသင်္ဂီသည် ထောင်ပိုင်ကြီးနှင့် တူမတော်သူဖြစ်သဖြင့် မတရား
ပြီး စစ်မေးရန်လည်း မဝံ့ရဲချေ။ ထောင်မှူးဘဦးသည် ကျောခိုင်း
မသင်္ဂီ၏ဆိုင်ထဲမှ ဒေါသတကြီးထွက်သွားလေတော့၏။

၆၀ ဖန်၏၊ အကြံပေးစာများ ရေးသားလိုပါလျှင်
**မင်းမြတ်သူရ**
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် အက်ဒမန်ကျွန်းသားတစ်ဦးအဖြစ် ရုပ်ဖျက် ကျွန်းတစ်နေရာရှိ ပျော်ပွဲစားရုံတစ်ခုသို့ ဦးတည်သွားလေ၏။

ထိုပျော်ပွဲစားရုံ၏ အပေါ်ထပ် အခန်းကျဉ်းလေးထဲသို့ ရော သောအခါ သရဲတစ္ဆေစာအုပ်အထူကြီးကို ဖတ်ရှုနေသော ပိန် လူတစ်ယောက်ကိုမြင်ရလေ၏။

ထိုလူသည် ကိုရွှေဝန် သူ၏အရှေ့သို့ရောက်ရှိလာခြင်းကို မကြည့်ဘဲ သရဲတစ္ဆေစာအုပ်ကိုသာ စိတ်ဝင်တစားဖတ်ရှုနေလေ

ကိုရွှေဝန်က ထိုသူဖတ်ရှုနေသော စာအုပ်ကိုကြည့်၍ တ ဟားရယ်မောလိုက်ပြီး



" ဟားဟားဟား... အလွန်ကြောက်ရွံ့တတ်တဲ့လူက သရဲ စာအုပ်ကြီးကို ဖတ်ရှုလို့ပါလား။ ခင်ဗျားမှာ သတ္တိတွေ ဘယ် ာက်ရှိနေတာလဲ "

ဟု နောက်ပြောင်လိုက်ရာ သရဲတစ္ဆေစာအုပ်ကို ဖတ်ရှုနေသော ို့လိုလူက ကိုရွှေဝန်ကို ဒေါ်တကြီးကြည့်၍

" ဟေ့လူ... ခင်ဗျား ဘာစော်ကားတာလဲ၊ ကျွန်းပေါ်မှာ ာ်ဝင်းကို ကျွန်းမင်းကြီးကလွဲပြီး ဘယ်သူမှမစော်ကားဝံ့ဘူး။ ခင်ဗျား သွားချင်လား "

ဟု ကြိမ်းမောင်းကာ စားပွဲပေါ်သို့ သူ၏ခါးကြားမှ ဓါးမြှောင် ထုတ်ကာ ထိုးစိုက်လိုက်လေ၏။ ကိုရွှေဝန်က ဉာဏ်ဝင်းဆိုသူကို ည့်ကာ

" ကျုပ်မျက်နှာကို သေသေချာချာကြည့်ပြီးမှ ပြောပါဗျာ၊ ုပ်ဟာ ခင်ဗျားရဲ့ထွင်လုံးတွေကို ကြောက်မှာမဟုတ်ဘူး၊ ကျုပ်က ျက်ထားလို့ မျက်နှာကိုမမှတ်မိရင်တောင် ကျုပ်ရဲ့အသံကို မှတ်မိသင့် တယ် "

ဟု ပြောလိုက်ရာ ဉာဏ်ဝင်းသည် ကိုရွှေဝန်၏မျက်နှာကို ည့်၍ သရဲတစ္ဆေနှင့်တွေ့သည့်နှယ် မျက်လုံးပြူးသွားလေ၏။

" ဟင်... ရှာစားကြီး၊ ခင်ဗျားတကယ်ပဲ ကျွန်းကိုပြန်လာသေး ယ်နော်၊ အံ့ဩဖို့ကောင်းလိုက်တာဗျာ၊ ခင်ဗျား ကျွန်းကို ပြန်ရောက် ာယ်ဆိုပြီး ကောလဟာလသတင်းတွေ ထွက်နေတယ်၊ ဒါကို လူ ာ်တော်များများက မယုံကြည်ကြဘူး၊ အခုတော့ တကယ်ပဲ ဟုတ်

www.burmeseclassic.com



နေပါလား၊ ခင်ဗျား သိပ်သတ္တိကောင်းတယ်ဗျာ ''

ဟု ချီးမွမ်းလေ၏။

ကိုရွှေဝန်က လက်ကာပြ၍

'' ခင်ဗျားရဲ့ချီးမွမ်းခန်းတွေရပ်လိုက်တော့၊ ကျုပ်ကို ဆောင်… ဘဦးခေါင်းဆောင်တဲ့ ကျွန်းလုံခြုံရေးတပ်သားတွေလိုက်နေလို့ အ… အလဲ ပြေးလွှားနေရတယ်၊ ကျုပ် အောင်ပင်လယ်နဲ့တွေ့ချင်တယ်၊ ဒီ… ဘယ်မှာရှိမလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဉာဏ်ဝင်းဆိုသူက မျက်မှော… ကြုတ်၍

'' အောင်ပင်လယ်… အောင်ပင်လယ်၊ ဒီလူဟာ အလွန်… ဝှက်တဲ့လူပဲ၊ ဒါပေမဲ့ ဒီလူ ဘယ်လိုပဲလျှို့ဝှက်ပါစေ၊ ကျုပ်ကိုတော့ … ဝှက်နိုင်ပါဘူး။ သူဘယ်မှာရှိသလဲဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားကို … လိုက်ပြပေးမယ်၊ ဒါပေမဲ့ ဒီအချိန်တော့ပြလို့မဖြစ်ဘူး၊ ညကျမှဖြစ်မယ်''

ဟု ပြောလေ၏။ ထိုအခါ ကိုရွှေဝန်က

'' ကောင်းပြီ၊ ဒါဆို ညရောက်မှသွားကြတာပေါ့၊ ကျု… ခင်ဗျားနဲ့အတူရှိနေမယ်၊ အခုလောလောဆယ် ကျုပ်ဗိုက်ဆာနေပြီ … စားဖို့ တစ်ခုခုလုပ်ပေးပါ ''

ဟု တောင်းဆိုလိုက်လေ၏။

ဉာဏ်ဝင်းသည် သူ၏အခန်းကျဉ်းလေးထဲသို့ဝင်၍ ကိုရွှေ… စားသောက်ရန် ကြော်လှော်ပေးလေ၏။ ခဏကြာလျှင် စားသော… ဖွယ်ရာများကို ယူဆောင်လာပြီး ကိုရွှေဝန်အား ကျွေးလေ၏။





ကိုရွှေဝန်က ဉာဏ်ဝင်းကျွေးသော ထမင်းဟင်းများကို စား…သောက်၍

'' ခင်ဗျားလည်း ကျုပ်အတွက် အလုပ်ရှုပ်သွားပြီနော် ''

ဟု ပြောရာ ဉာဏ်ဝင်းက

'' ကျုပ်မှာ ခင်ဗျားရဲ့ကျေးဇူးတွေ အများကြီးရှိပါတယ်၊ …အောက်ကို အရေးလုပ်ပြီးမပြောပါနဲ့၊ ဒီမှာရှာစားကြီး… ခင်ဗျား ဘာမှ …နဲ့ ကျွန်းကနေ ဒုတိယအကြိမ်လွတ်မြောက်ဖို့ ကျုပ်တို့အားလုံး အကူ…အညီပေးမယ် ''

ဟု ပြောလေ၏။ ထိုအခါ ကိုရွှေဝန်က

'' ခင်ဗျားတို့လို မိတ်ဆွေကောင်းတွေရှိလို့လည်း ကျွန်းကို …ပြန်လာရဲတာပေါ့ ''

ဟု ပြောလိုက်လေတော့၏။

ညသို့ရောက်သောအခါ ဉာဏ်ဝင်းသည် ကိုရွှေဝန်အား ခေါ်ယူ၍ ကျွန်းတစ်နေရာသို့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်အိမ်သို့ ခေါ်ဆောင်သွားလေ၏။

ထိုအရပ်၌ ကုန်သည်များနေထိုင်ကြပြီး အများစုမှာ ပုလဲ …တောက်သောလုပ်ငန်းကို လုပ်ကိုင်ကြပြီး ငွေကြေးချမ်းသာသူများ ဖြစ်ကြ၏။

လူရှုပ်လူပွေဉာဏ်ဝင်းသည် ကိုရွှေဝန်အား ခမ်းနားကြီးကျယ်သော အိမ်ကြီးတစ်ဆောင်သို့ ခေါ်ဆောင်သွားလေ၏။ ထိုအိမ်ကြီး၌ အိန္ဒိယလူမျိုး အစောင့်အကြပ်များစွာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏ ညှော်ခန်းတစ်ခုလုံး ခမ်းနားထည်ဝါသော အိမ်ထောင်ပရိဘောဂများ၊ အဖိုးတန်ပန်းချီကားများ ချိတ်ဆွဲထား၏။

အိမ်ကြီး၏ အပေါ်ထပ်သို့တက်သော လှေကားကြီးမှာ ဝန်းပတ်၍နေပြီး လှေကားလက်ရမ်းကို ကျောက်ဖြူသားဖြင့် ပြုလုပ်ထား၏။

လူရှုပ်လူပွေ ဉာဏ်ဝင်းသည် အိန္ဒိယလူမျိုး အစောင့်အကြွင်များအား လေသံတီးတိုးဖြင့် ပြောဆိုလိုက်၏။ ခဏကြာလျှင် ဂေါ်ရခါး ဓါးကောက်ကိုင်သော အိန္ဒိယလူမျိုးများသည် ကိုရွှေဝန်တို့ကို အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။

အိမ်ကြီး၏အပေါ်ထပ်၌လည်း အလွန်ခမ်းနားထည်ဝါလှ၏။ အိမ်ကြီး၏အပေါ်ထပ်တွင် အလွန်တန်ဖိုးရှိသော ပန်းပုရုပ်များကိုလည်း နေရာအနှံ့အပြား တွေ့ရ၏။

အိမ်ကြီး၏ လေသာဆောင်သို့ရောက်သောအခါ ရှေးဟောင်းကုလားထိုင်တစ်လုံးပေါ်တွင် ကျောပေးထိုင်နေသော မိန်းမတစ်ယောက်၏ နောက်ကျောကို တွေ့ရလေ၏။

သူမ၏ နက်မှောင်သန်စွမ်းသော ဆံပင်များမှာ လေအဝှေ့တွင် တလူလူ လွင့်ပျံနေ၏။ သူမသည် ကိုရွှေဝန်၏မိတ်ဆွေကြီး အောင်ပင်လယ်ပင် ဖြစ်၏။

အောင်ပင်လယ်သည် ကိုရွှေဝန်ကို မြင်သောအခါ ဝမ်းသာအားရ အမူအရာဖြင့်

" ရွာစားကြီး "

ဟု အော်ဟစ်ကာ ပြေးဖက်ရန် ကြံလိုက်၏။





ထိုအခါ ကိုရွှေဝန်က ကမန်းကတန်း လက်ကာပြ၍

" ဟိုးဟိုး... မိတ်ဆွေအချင်းချင်း ဒီလိုမကျီစားနဲ့လေ၊ ကျုပ်ကို ပြေးပွေ့စရာ မလိုပါဘူး "

ဟု ပြောလိုက်ရာ အောင်ပင်လယ်သည် မျက်စောင်းထိုး၍

" ရှင်ကလည်း အရင်တုန်းကအကျင့်တွေ မပျောက်သေးဘူး။ ကျွန်မနဲ့တွေ့ရင် သိပ်ပြီး အနိုင်ကျင့်တာပဲ "

ဟု ပြော၍ ကိုရွှေဝန်အား ကန့်ကယ အမူအရာဖြင့် ပြောလေ၏။

အောင်ပင်လယ်သည် ယောက်ျားစင်စစ်တစ်ယောက်မဟုတ်ဘဲ ယောက်ျားတစ်ယောက်က မိန်းမစိတ်ပေါက်နေသော မိန်းမလျာတစ်ယောက်သာဖြစ်၏။

အောင်ပင်လယ်သည် မိန်းမလျာပင်ဖြစ်သော်လည်း အက်ဒမန်ကျွန်းတွင် အင်အားအကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ အောင်ပင်လယ်သည် အက်ဒမန်ကျွန်း၏ ဒုစရိုက်ကမ္ဘာ၌ အင်အားအကြီးမားဆုံးဖြစ်၏။

သူသည် အက်ဒမန်ကျွန်း၌ လောင်းကစားဝိုင်းများကို အများဆုံး ပိုင်ဆိုင်သူဖြစ်၏။

ထို့ပြင် ဘိန်းခန်းများ၊ ပုလဲကောက်သောလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများ၊ ပျော်ပွဲစားရုံများနှင့် အခြားသော တိုလီမိုလီလုပ်ငန်းစုကို ပိုင်ဆိုင်သူဖြစ်၏။

ထို့ပြင် အောင်ပင်လယ်သည် အက်ဒမန်ကျွန်း၌ အင်အားအကြီးမားဆုံး ငွေတိုးချေးသူလည်းဖြစ်၏။ အက်ဒမန်ကျွန်း၌ ငွေတိုး



www.burmeseclassic.com

www.burmeseclassic.com



ချေးသူ မည်သူမဆို အောင်ပင်လယ်နှင့် လွတ်ကင်းသည်ဟူ၍ မရှိ။

အောင်ပင်လယ်သည် ငွေကို အလွန်မက်၍ ငွေမျက်နှာကြည့်သူဟုလည်း တချို့ကဆိုကြ၏။ မည်သို့ပင်ဖြစ်စေ အောင်ပင်လယ်သည် ကိုရွှေဝန်နှင့် အလွန်ရင်းနှီးကျွမ်းဝင်ခဲ့ဖူး၏။

အောင်ပင်လယ်သည် ဤကဲ့သို့ ဒုစရိုက်မှုများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သော်လည်း ဥပဒေနှင့်လွတ်ကင်းအောင် နေနိုင်ခဲ့၏။

ထို့ပြင် အောင်ပင်လယ်သည် အပေးအကမ်းရက်ရောပြီး ကျွန်းမင်းကြီးနှင့် ထောင်ပိုင်ကြီးများကို ရအောင်ပေါင်းသင်းထားသူ ဖြစ်၏။

အောင်ပင်လယ်သည် ဤကဲ့သို့ ဥပဒေနှင့်လွတ်အောင် နေထိုင်ခဲ့သော်လည်း လွန်ခဲ့သောနှစ်များက မလေးလူမျိုး သူဌေးတစ်ဦးကို သတ်မှုနှင့်ပတ်သက်ပြီး ရုံးတင်စွပ်စွဲခြင်းခံရ၏။

ထိုအချိန်က အောင်ပင်လယ်နှင့်ပတ်သက်သော အဓိကသက်သေမှာ ကိုရွှေဝန်ဖြစ်၏။

ကိုရွှေဝန်သည် အောင်ပင်လယ်၌အပြစ်မရှိဟု ယုံကြည်သဖြင့် ကုလားလူမိုက်များ ဖိအားပေးသည့်ကြားမှ အောင်ပင်လယ်ဘက်မှ သက်သေအဖြစ် ရပ်တည်ပေးခဲ့၏။

ထို့ကြောင့်ပင် အောင်ပင်လယ်သည် အမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်ခဲ့ရ၏။ ဤအချိန်မှစ၍ အောင်ပင်လယ်နှင့် ကိုရွှေဝန်သည် အရင်းနှီးဆုံး မိတ်ဆွေများဖြစ်ခဲ့ကြ၏။

ကိုရွှေဝန်သည် အောင်ပင်လယ်နှင့်တွေ့သောအခါ သူ၏ ရည်ရွယ်ချက်များအားလုံးကို ဖွင့်ပြောပြလိုက်၏။ အောင်ပင်လယ်သည်





ကိုရွှေဝန်၏စကားကို နားထောင်၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

" ခင်ဗျားဘာလို့ ကျွန်းကိုပြန်လာသလဲဆိုတာ စဉ်းစားနေတာ၊ အခုမှပဲ အဖြေသိတော့တယ်၊ ခင်ဗျား အတော်စွန့်စားဝံ့တဲ့လူပဲ၊ ဒါပေမဲ့ ခင်ဗျားလုပ်တာမှန်တယ်လို့ ထောက်ခံတယ်၊ ဘာကြောင့်လဲဆိုတော့ ငမောက်ပတ္တမြားကြီးကို ပျောက်ဆုံးသွားတုန်းကလည်း ကျွန်မရင်ထဲမှာ အတော်ခံစားခဲ့ရတယ်၊ ငမောက်ပတ္တမြားကြီးကို ကာ့နယ်စလေဒင်ပဲ ခိုးသွားတယ်လို့ ယုံကြည်တဲ့လူတွေကိုရှိတယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မြန်မာ့နန်းတွင်းက အင်မတန်ကျော်ကြားတဲ့ ပတ္တမြားကြီးတစ်ပွင့်တာ အခုလို လူမသိ သူမသိ ပျောက်ဆုံးမနေသင့်ပါဘူး။ အခုလည်း အင်မတန်အဖိုးတန်တဲ့ ပတ္တမြားကြီးတစ်ပွင့်ဟာ ကျွန်းမင်းကြီးဆီကို ရောက်နေပြန်ပြီ၊ ဒါကြောင့် ရှင်နဲ့ကျွန်မ လက်တွဲပြီး ကျွန်းမင်းကြီးဆီက ရအောင် ပြန်ယူဖို့ ဆုံးဖြတ်လိုက်ပြီ "

ဟု ပြောလေရာ ကိုရွှေဝန်က အောင်ပင်လယ်ကို ဝမ်းသာအားရကြည့်၍

" ဒီအချိန်ကစပြီး မင်းဟာ အဖိုးတန်တဲ့ သားကောင်းရဲဘော်အစ်ယောက်ဖြစ်သွားပြီ "

ဟု ပြောလေ၏။

ထို့နောက် အောင်ပင်လယ်က ဆက်လက်၍

" လောလောဆယ် ရွာစားကြီး ကျွန်မဆီမှာပဲ ပုန်းအောင်းနေပါ၊ ကျွန်းလုံခြုံရေးအဖွဲ့ကတော့ ရှင့်ကို သဲကြီးမဲကြီး လိုက်ရှာနေပြီ၊ ရှင် ကျွန်းကိုလာမယ်ဆိုကတည်းက ကျွန်မဆီကို မရောက်ရောက်



www.burmeseclassic.com

အောင် လာမယ်ဆိုတာ ရိပ်စားမိတယ်၊ ဒါကြောင့် နိုင်ငံခြားခရီးမထွက်ဘဲ ကျွန်မ စောင့်နေတာပဲ၊ ကျွန်မ မလေးကျွန်းဆွယ်ထဲကို သွားဖို့ရှိတယ်၊ ကျွန်မ အရင်လိုမဟုတ်တော့ဘူး၊ မှောင်ခိုလုပ်ငန်းတွေ အများကြီးလုပ်နေတယ် ''

ဟု ပြောလေရာ ကိုရွှေဝန်က အောင်ပင်လယ်၏အိမ်ကြီးကို မျက်လုံးဝေ့ကြည့်ကာ

'' မင်းရဲ့အိမ်ကြီးကိုမြင်ကတည်းက မင်း ဘယ်လောက်ချမ်းသာနေတယ်ဆိုတာ ငါသိပါတယ် ''

ဟု ပြောကာ တဟားဟား ရယ်မောလိုက်လေတော့၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။



ထိုအချိန်၌ ကျွန်းမင်းကြီးနှင့် ထောင်မှူးဘဦးတို့သည် ပတ္တမြားကြီးနှင့် ပတ်သက်၍ အကြိတ်အနယ် ဆွေးနွေးကြလေ၏။ ကျွန်းမင်းကြီးသည် သူ၏ပတ္တမြားနှင့်ပတ်သက်၍ အလွန်စိတ်လှုပ်ရှားနေပုံရ၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်ကို မဖမ်းဆီးနိုင်သေးသဖြင့် စိတ်ထဲတွင် မသိုးမသန့်သလို ခံစားရ၏။ ကိုရွှေဝန်သည် သူထင်ထားသည်ထက် များစွာလည်ဝယ်လွန်းလှ၏။

သူသည် ကိုရွှေဝန်အား ဖမ်းဆီးမိရန် အဖက်ဖက်မှ ကြိုးစားခဲ့ရ၏။ သို့သော် ကိုရွှေဝန်သည် သူ၏လက်မှ လက်မလွတ်ကလေး လွတ်မြောက်သွားသည်သာ ဖြစ်၏။

www.burmeseclassic.com



ကျွန်းမင်းကြီးသည် ကိုရွှေဝန်အား မဖမ်းဆီးနိုင်သေးသဖြင့် ထောင်မှူးဘဦးကို မကျေမနပ်ဖြစ်နေပုံရ၏။ ကျွန်းမင်းကြီးက စားပွဲခုံကို လက်သီးဖြင့်ထု၍

" ရွှေဝန်ဆိုဝဲ့အကောင်ကို လက်ရမဖမ်းဆီးနိုင်ဘူးဆိုရင် ဖွဲ့ ပဏ္ဍမြားကြီးမှာ အန္တရာယ် အလွန်နီးကပ်နေပြီ၊ ရွှေဝန်ဟာ အက်ဒမန် ကျွန်းပေါ်မှာ မွှေချင်ရာမွှေ၊ နှောင့်ချင်ရာနှောင့်ဘဝ ရောက်နေပြီ၊ သူဟာ ဖွဲ့ရဲ့အိမ်တော်ထဲကိုမဝင်ဘူးလို့ ဘယ်သူမှ အာမမခံနိုင်ဘူး။ မင်းဟာ ခုချိန်ထိ ရွှေဝန်ဆိုတဲ့ကောင်ကို မိအောင်မဖမ်းနိုင်ဘူး၊ ထောင်မှူးဘဦး ဆိုတာ ကျွန်းပေါ်မှာ နာမည်တစ်လုံးနဲ့နေပြီး အခု ဘာလို့ညံ့ဖျင်းနေရ တာလဲ"

ဟု ကြိမ်းမောင်းလိုက်လေ၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ ဆူပူကြိမ်းမောင်းမှု ကြောင့် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး

" ကျုပ်လည်း အစွမ်းကုန်ကြိုးစားနေတာပဲ၊ ဒါပေမဲ့ ရွှေဝန်ဆို တဲ့ကောင်က နာမည်တစ်လုံးနဲ့နေတဲ့ကောင်ပဲ၊ ဒီကောင့်ကို ကျုပ်တို့ လျှော့တွက်လို့မရဘူး "

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်းမင်းကြီးက

" လျှော့တွက်လို့မရလို့ဘဲ တစ်ကျွန်းလုံးက လုံခြုံရေး တပ် သားတွေ ဒီကောင့်ကို မွှေနှောက်ရှာဖွေနေတာပေါ့၊ ဒီကောင်ဟာ မကြာမီ ဖွဲ့ရဲ့အိမ်တော်ထဲကိုဝင်ပြီး ပဏ္ဍမြားကြီးကို ခိုးယူဖို့ ကြိုးစားလိမ့် မယ် "



ဟု ပြောလေ၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ စကားကို မျက်မှောင် ကြုတ်၍ နားထောင်လိုက်ပြီး ကိုရွှေဝန်၏အရည်အချင်းကို လျှော့ မတွက်ရဲသဖြင့်

" ကျွန်းမင်းကြီးရဲ့အိမ်မှာ လုံခြုံရေးအင်အား ဘယ်လောက်ရှိ သလဲ "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ကျွန်းမင်းကြီးက

" ဖွဲ့ရဲ့အိမ်မှာ လုံခြုံရေးတပ်သားနှစ်ဒါဇင်ကျော်ရှိတယ်၊ ဒီ့ထက် ပိုပြီးတော့လည်း အိမ်မှာ လုံခြုံရေးတပ်သားတွေထားဖို့ မဖြစ်နိုင်တော့ ဘူး။ အခုတောင် ထောင်ပိုင်ကြီးက ဖွဲ့အိမ်မှာရှိတဲ့ လုံခြုံရေးတပ်သားတွေ ကို ကြည့်ပြီး ဖွဲ့ကို သူရဲဘောကြောင်တယ်လို့ ထင်မှတ်နေမယ်၊ အိမ် တော်မှာရှိတဲ့ လုံခြုံရေးတပ်သားတွေကိုခေါ်ပြီး ရွှေဝန်ကိုရှာဖွေတဲ့နေရာ မှာ အသုံးချချင်ပုံရတယ် "

ဟု ပြောလေ၏။

ထောင်မှူးဘဦးက မျက်မှောင်ကြုတ်၍

" ကျွန်းမင်းကြီးအိမ်မှာ လုံခြုံရေးတပ်သား နှစ်ဒါဇင်ကျော် အောင်လည်း ထားဖို့မဖြစ်နိုင်ဘူး "

ဟု ပြောလေ၏။

ထိုအခါ ကျွန်းမင်းကြီးက

" ဟုတ်တယ်၊ အခုတောင် အိမ်တော်မှာရှိတဲ့ လုံခြုံရေး

www.burmeseclassic.com

www.burmeseclassic.com



တပ်သားတွေဟာ အတော်ပေါ့ပေါ့လျော့လျော့နေထိုင်ကြတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အိမ်တော်မှာ လုံခြုံရေးတပ်သား ငါးယောက် ခြောက်ယောက်ထက် ပိုမစောင့်သင့်ဘူးလို့ ထင်နေကြလို့ပဲ ''

ဟု ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက ကိုရွှေဝန်၏ ဖိုင်တွဲထဲတွင်ပါရှိသော အစွမ်းအစများကို မြင်ယောင်လာပြီး ကျွန်းမင်းကြီး၏ ပတ္တမြားနှင့် ပတ်သက်၍ လွန်စွာစိုးရိမ်သွားလေ၏။

ကိုရွှေဝန်သည် မြေလျှိုးမိုးပျံနိုင်လောက်သည့် အစွမ်းရှိသူဆိုရလောက်အောင် ထူးချွန်သူဟု ဆိုရမည်ဖြစ်၏။ ကိုရွှေဝန်အလိုရှိလျှင် ကျွန်းမင်းကြီး၏အိမ်တော်မှ ပတ္တမြားကို ဆုံးရှုံးသွားနိုင်၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏အိမ်တော်မှ ပြန်လာသည် လမ်းတစ်လျှောက်လုံး ပတ္တမြား၏လုံခြုံရေးအတွက် ခေါင်းနောက်အောင် စဉ်းစားနေရ၏။

ထိုအချိန်၌ ကိုရွှေဝန်သည် သူ၏မိတ်ဆွေ အောင်ပင်လယ်နှင့် အတူ ညစာ စားသောက်နေလေ၏။

အောင်ပင်လယ်က 'ညစာစားရင်း ကိုရွှေဝန်၏ လက်ထဲသို့ အဝါရောင်ဖိုင်တွဲတစ်ခုကို ပေးအပ်လိုက်လေ၏။

ကိုရွှေဝန်က ဖိုင်တွဲကိုကြည့်၍

'' ကျုပ်အတတ်ပြောလိုက်မယ်၊ ဒီဖိုင်တွဲထဲမှာ ထောင်မှူးဘဦးနဲ့ ပတ်သက်တဲ့အကြောင်းပါတယ် မဟုတ်လား ''

ဟု ပြောလိုက်ရာ မိန်းမလျာ အောင်ပင်လယ်က တခစ်ခစ်ရယ်



မောလိုက်ပြီး

'' ရှင်သိပ်တော်တာပဲ၊ ဒါကြောင့်လည်း ကိုရွှေဝန်ဆိုပြီး နာမည်ကြီးနေတာထင်ပါရဲ့၊ ထောင်မှူးဘဦးဟာ ရှင်နဲ့ ထိပ်တိုက်တွေ့မသွားဘူး ရှင် ကျွန်းကထွက်ပြေးသွားပြီးမှ သူ ဒီကိုရောက်လာတာပဲ၊ ဒီအချိန်ကစပြီး ထောင်မှူးဘဦးဟာ ကျွန်းမှာ အခွင့်အာဏာရရှိအောင် အမျိုးမျိုး စွမ်းဆောင်ခဲ့တာပဲ၊ သူဟာ အရည်အချင်းရှိတဲ့ ထောင်မှူးတစ်ယောက်ပဲ ဒါပေမဲ့ ကောက်ကျစ်ယုတ်မာပြီး ဩဇာအာဏာကို အလွဲသုံးစားပြုချင်တဲ့အတွက် မကောင်းတဲ့ထောင်မှူးတစ်ယောက် ဖြစ်ခဲ့ရတာပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့လုပ်နည်းလုပ်ဟန်တွေ၊ တွေးခေါ်မြော်မြင်မှုတွေကို ရှင်သိအောင် စုစည်းပေးလိုက်တာပဲ ''

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က သစ်သီးဖျော်ရည်တစ်ခွက် ကို ယူသောက်လိုက်ပြီး

'' ထောင်မှူးဘဦးနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ကျုပ်ခန့်မှန်းထားပါတယ်၊ ဒါပေမဲ့ မင်းပေးတဲ့ဖိုင်တွဲကိုလည်း ကျုပ် သေသေချာချာ ဖတ်ပါ့မယ် ''

ဟု ပြောလေ၏။

ထို့နောက် ကိုရွှေဝန်ကပင် ဆက်လက်၍

'' ကျွန်းမင်းကြီးရဲ့အိမ်ထဲကိုလည်း ကျုပ်ဝင်ဖို့ ကြိုးစားချင်တယ်၊ ဒီလိုဝင်တဲ့အခါမှာလည်း မင်းရဲ့အကူအညီတွေ အများကြီးလိုအပ်တယ် ''



www.burmeseclassic.com

ဟု ပြောလေ၏။ ထိုအခါ အောင်ပင်လယ်က

" ဒီအတွက် ရှင်ဘာမှမပူနဲ့ ရွာစားကြီး၊ ကျွန်မ အစွမ်းကုန် ကြိုးစားပေးမယ်၊ ကျွန်းမင်းကြီးအိမ်မှာ သန့်ရှင်းရေးလုပ်တဲ့ အမှုထမ်းတွေ၊ ထမင်းချက်ကောင်တွေဟာ ကျွန်မရဲ့လူတွေပဲ "

ဟု ပြောလေ၏။ ထိုအခါ ကိုရွှေဝန်က

" မင်းဟာ ကျုပ်ထင်တာထက် ပိုပြီး အမြော်အမြင် ရှိသေးလား "

ဟု ချီးမွမ်းလိုက်လေ၏။

အောင်ပင်လယ်က ဆက်လက်၍

" ကျွန်မ လူတွေက ကျွန်းမင်းကြီးရဲ့အိမ်တော်တင်မကဘူး ထောင်မှူးဘဦးရဲ့အိမ်မှာလည်း ရှိသေးတယ်၊ ထောင်ပိုင်ကြီးအိမ်မှာလည်း ကျွန်မလူတွေရှိတာပဲ "

ဟု ပြောလေရာ ကိုရွှေဝန်က ထပ်မံ၍ ချီးမွမ်းလိုက်ပြန်၏။

* * *







ထောင်မှူးဘဦးသည် ကိုရွှေဝန်ကို မဖမ်းမိသောကြောင့် ကျွန်းမင်းကြီး၏ ဆူပူကြိမ်းမောင်းခြင်းကို မကြာခဏ ခံနေရလေ၏။

ထောင်မှူးဘဦးသည် အားလပ်သည့်အချိန်တိုင်း ကိုရွှေဝန်နှင့် ပတ်သက်သည့်ဖိုင်တွဲကို မကြာခဏဖတ်ရှု၏။

ထိုသို့ဖတ်ရှုသည့်အခါတိုင်း ကိုရွှေဝန်၏ စွမ်းဆောင်ချက်များနှင့်ပတ်သက်၍ မနာလို ဝန်တိုစိတ်များ ဖြစ်ပေါ်နေမိ၏။

မိမိသည် ကိုရွှေဝန်ရောက်မလာမီ အက်ဒမန်ကျွန်း၌ အထူးချွန်ဆုံး ထောင်မှူးတစ်ယောက်ဖြစ်၏။

ယခု ကိုရွှေဝန်နှင့်ပတ်သက်၍ မိမိကို အထင်ကြီးသော ကျွန်းမင်းကြီးပင်လျှင် မကြာခဏ ဆူပူကြိမ်းမောင်း၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ကျွန်းမင်းကြီးက ဆူပူကြိမ်းမောင်းနေသဖြင့် ဧည့်ခန်းထဲတွင်ရှိသော ငါးကန်ကြီးကို ဒေါသတကြီး ရိုက်ခွဲလိုက်လေ၏။ ထို့အခါ ငါးကန်ထဲတွင်ရှိသော ငါးများထွက်လာပြီး မြေပေါ်တွင် တဖျတ်ဖျတ်ခုန်နေ၏။

ထောင်မှူးဘဦးသည် ယခင်တစ်ပတ်ကလည်း ကျွန်းမင်းကြီး ဆူပူကြိမ်းမောင်းလိုက်သဖြင့် ဧည့်ခန်းထဲတွင်ရှိသော ရေးဟောင်းမှုန်ကြီးကို ရိုက်ခွဲလိုက်လေ၏။

သူသည် ကိုရွှေဝန်ကို ဖမ်းလို့မရသည့်အခါတိုင်း သူ၏ ကျွန်းလုံခြုံရေး တပ်သားများကို အကြောင်းမဲ့ ဆူပူမာန်မဲတတ်၏။ ထို့ကြောင့် ကျွန်းလုံခြုံရေးတပ်သားများလည်း ထောင်မှူးဘဦး၏အနီးသို့ မကပ်ဝံ့ဘဲ ရှိနေကြ၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ ပတ္တမြားကြီးနှင့်ပတ်သက်၍ လုံခြုံစိတ်ချရသောနေရာကို အကြိမ်ကြိမ်စဉ်းစား၏။

သူသည် တစ်ညလုံးမအိပ်ဘဲ မိုးလင်းသည်အထိ စဉ်းစားသောအခါ ကျွန်းမင်းကြီး၏ ပတ္တမြားကို သိမ်းဆည်းနိုင်မည့်နေရာ တစ်ခုကို တွေ့ရှိခဲ့လေ၏။

ထောင်မှူးဘဦးသည် ထိုစိတ်ကူးကိုပြောပြရန်အတွက် ကျွန်းမင်းကြီး၏အိမ်သို့ ထွက်ခဲ့လေ၏။ ကျွန်းမင်းကြီးသည် အိမ်တော်က ဧည့်ခန်းထဲတွင် လှုပ်ရှားစွာဖြင့် ထိုင်စောင့်နေပြီး

" ရွှေဝန်ဆိုတဲ့ကောင်ကို ဖမ်းလို့မမိသေးဘူးလား "

ဟု မေးလေ၏။



ထောင်မှူးဘဦးက သက်ပြင်းချ၍

" ရွှေဝန်ကို လောလောဆယ် ဖမ်းလို့မရနိုင်သေးဘူး။ ဒါကြောင့် ပတ္တမြားကြီးကို လုံလုံခြုံခြုံသိမ်းထားဖို့လိုတယ် "

ဟု ပြောလေရာ ကျွန်းမင်းကြီးက ဒေါသတကြီး စားပွဲခုံကို လက်သီးဖြင့်ထု၍

" ငါ့ရဲ့ပတ္တမြားကို ဘယ်မှာသွားသိမ်းရမှာလဲ၊ စီလူလာထောင်ထဲက မီးခံသေတ္တာထဲမှာလား "

ဟု ခနဲ့တဲ့တဲ့ ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးသည် ကျွန်းမင်းကြီးကို မကျေမချမ်းဖြစ်သွားပြီး အရွဲ့တိုက်သော အမူအရာဖြင့်

" စီလူလာထောင်ထဲက မီးခံသေတ္တာထဲမှာ သိမ်းဆည်းထားရင်တော့ အကောင်းဆုံးပေါ့ "

ဟု ပြောလေ၏။

ကျွန်းမင်းကြီးသည် ထောင်မှူးဘဦး၏စကားကြောင့် အရွဲ့တိုက်မှန်းကို ရိပ်စားမိခြင်းမရှိဘဲ

" ငါ့ရဲ့ပတ္တမြားကို မမြင်ကွယ်ရာမှာ သွားမထားချင်ဘူး "

ဟု ပြောလေရာ ထောင်မှူးဘဦးသည် အရွဲ့တိုက်၍ ပြောမှန်းမသိသော ကျွန်းမင်းကြီးအား စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားလေ၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ပတ္တမြားကို လုံခြုံစိတ်ချရသောနေရာတွင် သိမ်းဆည်းမှဖြစ်တော့မည်ဟု တွေးမိလိုက်၏။ သူသည် ကျွန်းမင်းကြီး၏ပတ္တမြားကို စီလူလာထောင်ထဲရှိ မီးခံသေတ္တာကြီး

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် သိမ်းဆည်းနိုင်လျှင် လုံခြုံစိတ်ချရမည်ဟု တွေးမိ၏။

သို့သော် ကျွန်းမင်းကြီးသည် သူ၏ပတ္တမြားကြီးကို စီလူလာထောင်ထဲရှိ မီးခံသေတ္တာကြီးထဲတွင် သိမ်းဆည်းထားချင်ပုံမရချေ။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီးနှင့်လမ်းခွဲပြီးနောက် ၎င်း၏ ပတ္တမြားကို ထားရှိမည့်နေရာကို အကြိမ်ကြိမ်အဖန်ဖန် စဉ်းစား၏။

ကျွန်းမင်းကြီး၏အိမ်တော်၌ မည်မျှပင် အစောင့်အကြပ်များပြား စေကာမူ ဂူကက်ကဲ့သို့အတောင်ပေါက်နေသော ကိုရွှေဝန်အတွက် လွယ်ကူ၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏ ပတ္တမြားကိုထားရှိရန် စဉ်းစား၏။ ဝယ်စဉ်ကကြားရှိသော အလုံခြုံဆုံးနေရာသည် မလုံခြုံဆုံးဟူသော စကားကို ပြန်လည်ကြားယောင်လာ၏။

ထိုသို့ကြားရရင် အက်ဒမန်ကျွန်းရှိ မလုံခြုံဆုံးနေရာတစ်ခုကို တွေးလိုက်မိ၏။ ထိုနေရာသည် ကျွန်းမင်းကြီး၏အိမ်တော်နှင့် ထိစပ်လျက်ရှိသော ရိက္ခာဂိုဒေါင်ကြီးပင်ဖြစ်၏။

ထိုရိက္ခာဂိုဒေါင်၌ အက်ဒမန်ကျွန်းသူကျွန်းသားများ စား သောက်ရန် ဆန်အိတ်များ၊ ဂျုံအိတ်များ၊ ဆီပုံးများ၊ ပဲအိတ်များထားရှိ၏။

ထိုနေရာသို့ အက်ဒမန်ကျွန်းမှ အောက်ခြေလူတန်းစားများ ဝင်ထွက်သွားလာတတ်ပြီး လူဝင်လူထွက် အများဆုံးနေရာဖြစ်၏။

ထိုရိက္ခာဂိုဒေါင်ကြီး၏အပေါ်ထပ်တွင် စာရင်းအင်းများထားရှိရာ ရုံးခန်းများရှိ၏။ ထိုရုံးခန်းများသည် လွန်စွာရှုတ်ရှက်ပြီး အက်ဒမန်ကျွန်းကြီး အခြေခံလူတန်းစားများ ဝင်ထွက်ရာနေရာဖြစ်၏။





ထိုနေရာ၌ ပတ္တမြားကြီးကို လျှို့ဝှက်စွာသိမ်းဆည်းထားနိုင်လျှင် ည်သူမျှ ရိပ်စားမိမည်မဟုတ်ချေ။ ကျွန်းမင်းကြီးသည်လည်း ပတ္တမြား ကြီးကို အိမ်တော်၏အနောက်တွင် နီးကပ်စွာထားသဖြင့် ကျေနပ်မှာ သချာ၏။

ထောင်မှူးဘဦးသည် ပတ္တမြားကြီးထားရှိရန်နည်းလမ်းများကို စဉ်းစားပြီး ကျွန်းမင်းကြီးအား ပြောပြရန်အတွက် ရုံးသို့ထွက်ခဲ့လေ သော့၏။

ကျွန်းမင်းကြီးသည် ထောင်မှူးဘဦး၏ အကြံအစည်ကို ကြားရ သောအခါ မျက်နှာဝင်းလက်သွားပြီး

" မင်းရဲ့အကြံအစည်ကောင်းတယ်၊ ပြီးတော့ ညဘက် လူခြေ တိတ်ဆိတ်တဲ့အချိန်မှာ အိမ်တော်အနောက်ဘက်တံခါးက ထွက်ပြီး တော့ ရိက္ခာဂိုဒေါင်က ပတ္တမြားကြီးကို သွားကြည့်လို့ရတာပဲ၊ ငါဟာ ပတ္တမြားကြီးနဲ့ပတ်သက်ပြီး အလွန်စွဲလမ်းတာကွ၊ ပတ္တမြားကြီးကို တစ်နေ့တစ်ခါမကြည့်ရရင် မနေနိုင်ဘူး၊ တကယ်တော့ စီလူလာ ထောင်ထဲက မီးခံသေတ္တာထဲမှာ ပတ္တမြားကြီးကိုသွားထားရင် လုံခြုံ စိတ်ချရမယ်ဆိုတာ ငါသိတယ်ကွ၊ ဒါပေမဲ့ စီလူလာထောင်ထဲက မီးခံ သေတ္တာကို ငါ နေ့တိုင်းဖွင့်လို့မရနိုင်ဘူးကွ၊ ဒါကြောင့် မင်းရဲ့အကြံ အစည်ကို ငါသဘောမတူနိုင်ခဲ့ဘူး။ ငါ့ရဲ့အိမ်တော်မှာ ပတ္တမြားကြီးကို ကျွန်းလုံခြုံရေးတပ်သားတွေနဲ့ လုံခြုံအောင်စောင့်ရှောက်ထားပေမဲ့ လည်း ရွှေဝန်လို အတောင်ပေါက်နေတဲ့ လူစွန့်စားတစ်ယောက်ဟာ လွယ်တကူရယူသွားနိုင်မှန်း ငါသိတယ်၊ ငါ့ရဲ့အိမ်တော်အနောက်က

www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာဂိုဒေါင်ကြီးမှာ ပတ္တမြားကြီးကို လျှို့ဝှက်ပြီးထားမယ်ဆိုရင် အကောင်းဆုံးပဲကွ၊ အိမ်တော်မှာရှိတဲ့ လုံခြုံရေးအစောင့်တွေကို တစ်ယောက်မှမလျှော့စေနဲ့၊ ရွှေဝန်ဟာ အဲဒီတော့မှ အိမ်တော်မှာ ပတ္တမြားကြီးရှိတယ်ဆိုတာ ရိပ်စားမိမှာပဲ၊ ဒါကြောင့် အစောင့်အကြပ်တွေကို ကျော်ဖြတ်ပြီးတော့ နည်းအမျိုးမျိုးနဲ့ ကြိုးစားလိမ့်မယ်၊ ဟုတ်ပြီ အကြံရပြီ၊ အိမ်တော်မှာ ပတ္တမြားအတုတစ်လုံးထားပြီး ကျွန်းလုံခြုံရေးတပ်သားတွေကို စောင့်ကြပ်နိုင်းထားမယ်၊ ဒါဆိုရင် ရွှေဝန်ဆိုတဲ့ကောင်ဟာ ငါ့အိမ်တော်မှာ ပတ္တမြား အစစ်ရှိတယ်ထင်ပြီး သဲကြီးမဲကြီးနိုးယူဖို့ကြိုးစားလိမ့်မယ်၊ ဟား ဟား ဟား... လူတကာ ရဲ့မျက်နှာပေါ်မှာ စကြီးလျှောက်လာတဲ့ ရွှေဝန်ဆိုတစ်ယောက် ငါတို့ရဲ့ လှည့်စားမှုကို ခံရတော့မယ်ပေါ့ ''

ဟု ကျေနပ်အားရစွာဖြင့် ပြောလေ၏။

ထို့နောက် ကျွန်းမင်းကြီးက ဆက်လက်၍

'' ရိက္ခာဂိုဒေါင်ရဲ့အပေါ်ဆုံးထပ်က အခန်းတစ်ခန်းကို လျှို့ဝှက်ပြီး ရှင်းလင်းထားလိုက်ပါ၊ ပြီးရင် ဒီအခန်းကို ဘယ်သူမှမဝင်ရဘူးဆိုပြီး သော့တွေ အထပ်ထပ်ခတ်မှရမယ် ''

ဟု ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက သက်ပြင်းချ၍

'' ကျွန်းမင်းကြီးရဲ့အစီအစဉ် မှားနေပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ရဲ့အကြံအစည်ဟာ မလုံခြုံဆုံးနေရာက အလုံခြုံဆုံးဆိုတဲ့ အကြံအစည်ပဲ၊ ရိက္ခာဂိုဒေါင် အပေါ်ထပ်မှာ အခန်းတစ်ခန်း သီးသန့်ယူတာတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ ဒီအခန်းမှာ အစောင့်အကြပ်တွေထားပြီး အင်မတန်အဖိုးတန်တဲ့ ပစ္စည်းတစ်ခုရှိတဲ့ပုံစံမျိုးလုပ်ရင် ရိက္ခာဂိုဒေါင်ထဲ စာရေးတွေ သံသယဖြစ်သွားလိမ့်မယ်၊ ကျုပ်တို့လုပ်ရမှာက ရိက္ခာဂိုဒေါင် အပေါ်ထပ်က အခန်းတစ်ခန်းကို ကျွန်းမင်းကြီးရဲ့ စာရွက်စာတမ်းတွေ ထားမယ်ဆိုပြီးတော့ အပိုင်စားယူလိုက်ရမယ်၊ ပြီးတော့ အခန်းထဲကို စာရွက်စာတမ်းတွေ ဖိုင်တွဲတွေကို ဟန်ပြအနေနဲ့သွင်းထားရမယ်၊ ဒါမှ ရိက္ခာဂိုဒေါင်က စာရေးတွေ၊ အမှုထမ်းတွေ သံသယမဖြစ်မှာပဲ၊ အဲဒီ အခန်းကို စာရွက်စာတမ်းတွေ၊ ဖိုင်တွဲတွေလာထားရင်းနဲ့ ပတ္တမြားကြီးကိုလည်း ထည့်သွင်းထားရမယ် ''

ဟု ပြောလေ၏။ ထိုအခါ ကျွန်းမင်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' မင်းရဲ့အကြံအစည် သိပ်ကောင်းတယ်၊ ဒါကြောင့်လည်း ထောင်မှူးဘဦးဆိုပြီး ကျွန်းမှာ နာမည်ကျော်ကြားနေတာပဲ၊ ငါတို့ အကြံအစည်အောင်မြင်မယ်ဆိုရင်တော့ ရွှေဝန်တစ်ယောက် ငါတို့ရဲ့ လှည့်စားမှုကို ခံရမှာသေချာတယ်၊ ဒါပေမဲ့ ငါ့ရဲ့ပတ္တမြားကြီးကို ရိက္ခာဂိုဒေါင်မှာ ကျောက်ခဲတစ်လုံးကို ပစ်မထားနိုင်ဘူး၊ လုံလုံခြုံခြုံသိမ်းဆည်းထားချင်တယ်၊ ဒါကြောင့် မီးခံသေတ္တာတစ်လုံးကိုယူပြီးတော့ ရုံးခန်းထဲမှာ သွင်းထားချင်တယ် ''

ဟု ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက ခေါင်းညိတ်၍

'' ဒီလောက်တော့ဖြစ်ပါတယ်၊ ကျုပ်တို့ ဘယ်သူမှမမြင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာဂိုဒေါင်ထဲကို မီးခံသေတ္တာတစ်လုံးကို လျှို့ဝှက်ပြီးထည့်ရမယ် ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ထောင်မှူးဘဦးနှင့် ကျွန်းမင်းကြီးသည် ပတ္တမြားကြီးကို လျှို့ဝှက်စွာသိမ်းဆည်းထားနိုင်မည့် နည်းလမ်းများကို ဆွေးနွေး၍ အချိန်ကုန်လွန်သွားလေတော့၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-ဂ၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်၊



ရွှေဝန်သည် သူ၏မိတ်ဆွေ မိန်းမလျှာ၏နေအိမ်တွင် အေးအေးချမ်းချမ်း ပုန်းအောင်းနေထိုင်ရ၏။

အောင်ပင်လယ်သည် အက်ဒမန်ကျွန်း၌ အဆက်အသွယ် အလွန်ကောင်းပြီး မျက်စိကြီးနားကြီးသူ ဖြစ်လေရာ သူမထံတွင် နေထိုင်ရခြင်းမှာ အန္တရာယ်အကင်းဆုံးဖြစ်မည် ထင်၏။

ထိုနေ့ညနေစောင်းသို့ရောက်သောအခါ အောင်ပင်လယ်သည် ရွှေဝန်ထံသို့ ရောက်ရှိလာပြီး ကျွန်းနှင့်ပတ်သက်သော သတင်းများကို ပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်ပင်လယ်က

" ဒီနေ့နေ့လယ်က ကျွန်းမင်းကြီးရုံးမှာ ရှင်နဲ့ပတ်သက်ပြီး *အစည်းအဝေးလုပ်တယ်၊ ကျွန်းလုံခြုံရေးတပ်သားတွေဟာ ရှင်နဲ့* ပတ်သက်တဲ့သတင်းကို ထောင်မှူးဘဦးဆီမှာ အစီရင်ခံကြတယ်၊ ထောင်မှူးဘဦးဟာ ဒီနေ့ထိ ရှင့်ရဲ့သတင်းကို မရတဲ့အတွက် အလွန်မခံချိမခံသာ ဖြစ်နေတယ်၊ တကယ်တော့ ထောင်မှူးဘဦးဟာ အက်ဒမန်ကျွန်းမှာတော့ ကျွန်းမင်းကြီးပြီးရင် သူ့ပဲဆိုပြီး သူတလူလူငါတမင်းလုပ်နေတဲ့သူပဲ၊ သူဟာ ရှင်နဲ့ပတ်သက်ပြီး ကျွန်းမင်းကြီးဆီမှာ မျက်နှာကောင်းရဖို့ ကြိုးစားနေတယ်၊ ဒါပေမဲ့ ဒီနေ့အထိ မျက်နှာကောင်းတစ်ချက်မှ မရသေးဘူး၊ ကျွန်းမင်းကြီးရဲ့ ဆူပူကြိမ်းမောင်းမှုကိုသာ ခံရခဲ့တယ်၊ ရှင့်ကို အတော် မနာလိုဝန်တိုဖြစ်နေတယ်၊ တကယ်တော့ ကျွန်းပေါ်မှာ သာမန်လူတစ်ယောက်ဆိုရင် ထောင်မှူးဘဦးရဲ့လက်ထဲမှာ ကွိခနဲမိသွားမှာပဲ၊ ရှင်ဟာ ကြံရည်ဖန်ရည်အလွန်ကောင်းပြီး ရှင့်နောက်မှာ အဆက်အသွယ်တွေ ရှိနေတဲ့အတွက် အခုလိုလွတ်မြောက်နေတာပဲ "

ဟု ပြောလေ၏။

" ထောင်မှူးဘဦးက ကျွန်းပေါ်မှာ ဩဇာအာဏာအများဆုံးရယူချင်တဲ့အတွက် ရှင့်ကိုဖမ်းမိဖို့နည်းလမ်းတွေကို အမျိုးမျိုးကြိုးစားနေမှာပဲ၊ နောက်ပြီးတော့ ကျွန်းမင်းကြီးရဲ့ ပတ္တမြားနဲ့ပတ်သက်ပြီးတော့လည်း သူတို့အစွမ်းကုန်ကာကွယ်ကြလိမ့်မယ် "

ဟု ပြောလေ၏။



ကိုရွှေဝန်က အောင်ပင်လယ်ကို ကြည့်၍

" ကျွန်းမင်းကြီးရဲ့အိမ်တော်အခြေအနေကို ပြောပါဦး "

ဟု မေးလေ၏။

အောင်ပင်လယ်က

" ကျွန်းမင်းကြီးအိမ်တော်ကတော့ အခုချိန်မှာ အစောင့်အကြပ် အများဆုံးပဲ၊ ကျွန်းမင်းကြီး ကျွန်းပေါ်ရောက်တဲ့သက်တမ်းတစ်လျှောက်လုံးမှာ အခုလောက် အစောင့်အကြပ်များတာ တစ်ခါမှ မရှိဘူးလို့ ကျွန်းက လူတွေကပြောတယ်၊ ဒီတော့ သေချာတာက ကျွန်းမင်းကြီးရဲ့ အိမ်တော်မှာ အဖိုးတန်ပတ္တမြား ရှိနေမှာပဲ "

ဟု ပြောလေ၏။

ကိုရွှေဝန်က အဝေးဆီသို့ ငေးကြည့်၍

" သူ့ရဲ့အိမ်တော်မှာ ပတ္တမြားရှိနေမယ်ဆိုရင်တော့ ကျုပ် မရရအောင် ကြိုးစားပြီးတော့ အရယူမှာပဲ၊ ဒါပေမဲ့ ပတ္တမြားကြီးကို ရယူရတာ ပညာသားမပါဘူး ဖြစ်နေတယ်၊ အစောင့်အကြပ်တွေမသိအောင် တိတ်တဆိတ်ခိုးယူလိုက်ရုံပဲ၊ ကျုပ်လိုချင်တာက အဲဒီလိုမဟုတ်ဘူး၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ဉာဏ်ကစားပြီး စိန်ခေါ်ရမဲ့ပွဲမျိုးကို လိုချင်တာ "

ဟု ပြောလေ၏။ ထိုအခါ အောင်ပင်လယ်က ကိုရွှေဝန်ကို ကြည့်၍

" ရှင်ဟာ နေရာတိုင်းမှာ ဉာဏ်ကစားချင်တဲ့သူပဲ၊ လောကကြီးမှာ အမြဲတမ်းစွန့်စားနေရတာထက်စာရင် တစ်ခါတလေတော့လည်း

www.burmeseclassic.com



အေးအေးချမ်းချမ်းနေရတာ ကောင်းပါတယ် ''

ဟု ပြောလေရာ ကိုရွှေဝန်သည် ဝရန်တာမှ အဝေးဆီသို့ ငေးမော ကြည့်ရှုနေလေတော့၏။

၊ ၊ ၊



ထိုနေ့ညသို့ရောက်သောအခါ ကိုရွှေဝန်သည် သူ၏အိပ်ခန်း ပြတင်းပေါက်ကိုဖွင့်၍ ခြံထဲသို့ တိတ်တဆိတ် ခိုဆွဲပြီး ဆင်း၏။

ထို့နောက် အောင်ပင်လယ်၏ခြံထဲမှအစောင့်များ၏ အလစ် အငိုက်ကိုကြည့်ကာ အုတ်တံတိုင်းအနီးသို့ တိုးကပ်သွားလေ၏။

ထို့နောက် မှောင်ရိပ်ခိုကာ အုတ်တံတိုင်းကို ကျော်ဖြတ်သော အောင်ပင်လယ်၏ အိမ်ကြီးအနီးမှ ထွက်ခွာခဲ့လေ၏။

သူသည် ကျွန်းလုံခြုံရေးတပ်သားများ၏ အခြေအနေကို စောင့် ကြည့်ရင်း ကျွန်းမင်းကြီး၏အိမ်တော်သို့ ရောက်ရှိသွား၏။

www.burmeseclassic.com



သူသည် အိမ်တော်၏ အုတ်တံတိုင်းကိုခိုဆွဲ၍ တက်လိုက်ပြီး အတွင်းသို့ ခြောင်းမြောင်းကြည့်လိုက်သောအခါ ကျွန်းလုံခြုံရေး တပ်သားများ ထူထပ်စွာချထားကြောင်း တွေ့ရ၏။

ကိုရွှေဝန်သည် အုတ်တံတိုင်းပေါ်၌ဝပ်နေစဉ် အုတ်တံတိုင်းအနီး မှ လုံခြုံရေးတပ်သားများ စကားတပြောပြောဖြင့် အနီးမှဖြတ်သွားကြ၏။

ကိုရွှေဝန်သည် ချုံများကို ထိုးကပ်၍လည်းကောင်း၊ မီးတိုင်များ ၏ မှောင်ရိပ်ခို၍လည်းကောင်း အတန်ကြာအောင် ဖြတ်သန်းပြီးနောက် ကျွန်းမင်းကြီး၏အိမ်တော်သို့ ရောက်ရှိသွား၏။

အိမ်တော်၏အရှေ့ပေါက်နှင့် အနောက်ပေါက်များတွင် အစောင့် အကြပ်များ ထူထပ်စွာချထားကြောင်း တွေ့ရ၏။ အိမ်တော်၏ ဝဲယာ တွင်လည်း အစောင့်အကြပ်များရှိ၏။

တော်ရုံလူတစ်ယောက်အတွက် အိမ်တော်သို့ဝင်ရောက်ရ အလွန်ခက်ခဲလှ၏။ ကိုရွှေဝန်ကဲ့သို့ စောရအလုပ်တွင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူတစ်ယောက်အတွက် အခက်အခဲများစွာ မရှိလှချေ။

ကိုရွှေဝန်သည် ချုံပုတ်ထဲတွင် စိတ်ရှည်လက်ရှည်စောင့်နေ ကျွန်းလုံခြုံရေးတပ်သားများ အိမ်တော်ကို တစ်ပတ်လှည့်သောအချိန် စောင့်နေ၏။

ကျွန်းလုံခြုံရေးတပ်သားများသည် (၁၅) မိနစ်တစ်ကြိမ် အိမ် တော်ကို တစ်ပတ်ပတ်ကြောင်း သတိပြုမိ၏။ ကိုရွှေဝန်သည် ထိုအချိန် ကို စောင့်၍ အနည်းငယ်မှောင်သော နံရံအနီးသို့ တိုးကပ်သွား၏

ကိုရွှေဝန်သည် အိမ်တော်၏နံရံကို တိုးကပ်မိသည်နှင့် ထို





နံနှင့်ပတ်သက်၍ ကျွမ်းကျင်သူဖြစ်သဖြင့် အိမ်မြှောင်တစ်ကောင်ကဲ့သို့ တွယ်ကပ်၍ တက်နိုင်မည်ဖြစ်ကြောင်း ယုံကြည်မိ၏။

ကိုရွှေဝန်သည် ပြတင်းပေါက်သံတိုင်များ၊ အုတ်ဘောင်များမှ အဆင့် တရွေ့ရွေ့တက်သွားလေရာ အိမ်တော်၏အပေါ်ထပ်သို့ ရောက် ရှိသွားလေ၏။

ထိုမှတဖန် အိမ်တော်၏အနောက်ဖက် ဝရန်တာသို့ ကျော်လွှား ၍ တက်လိုက်၏။ သူသည် အနောက်ဖက်ဝရန်တာမှ ခြံဝန်းကြီး တစ်ခုလုံးကို ကြည့်ရှုလိုက်၏။

ကိုရွှေဝန်သည် မည်သည့်အလုပ်ကိုမဆို အလျှင်စလိုမလုပ်သည့် သူ၏ထုံးစံအတိုင်း အိမ်တော်ပတ်ဝန်းကျင်ကို သေချာစွာ လေ့လာ သုံးသပ်ပြီး အိမ်တော်၏အနောက်ဖက်ဝရန်တာမှ အောက်သို့ ပြန်လည် ဆင်းသက်ခဲ့၏။

ထို့နောက် ချုံပုတ်များကို အကာအကွယ်ပြု၍ ပန်းခြံကို ဖြတ်သန်းကာ အိမ်တော်၏အုတ်တံတိုင်းအနီးသို့ ရောက်ရှိသွားလေ၏။ ထိုအုတ်တံတိုင်းမှ မှောင်ရိပ်ခိုပြီး အပြင်သို့ ပြန်လည်ထွက်လာခဲ့လေ၏။

သူသည် လမ်းတစ်လျှောက်စစ်ဆေးနေသော ကျွန်းလုံခြုံရေး တပ်သားများကို သတိကြီးစွာထား၍ ရှောင်ကွင်းခဲ့ပြီး အောင်ပင်လယ် ၏ နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့၏။

ကိုရွှေဝန်သည် ခြံဝန်း၊ အုတ်တံတိုင်းကို ကျော်ဖြတ်ပြီး အခန်း ထဲရှိ သူ၏အိပ်ခန်းထဲသို့ ပြန်လည်ရောက်ရှိခဲ့၏။

အပေါ်ထပ်အိပ်ခန်းထဲသို့ ကျော်ဝင်လိုက်သောအခါ မထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



သော လူတစ်ဦးကို တွေ့ရသဖြင့် သူသည် မျက်လုံးပြူးသွားလေ

ထိုသူမှာ အောင်ပင်လယ်ဖြစ်၏။ အောင်ပင်လယ်က ကိုရွှေ
ကြည့်၍

" ရှင့်ရဲ့ခြေလှမ်းတွေကို ကျွန်မသိနေတယ်ဆိုတာ သက်
ချင်လို့ စောင့်နေတာပဲ၊ ဆရာကြီး... ရှင်ဘာဖြစ်လို့ ဒီလောက်အန္တ
များတဲ့အလုပ်ကို လုပ်ချင်ရတာလဲ၊ ကျွန်းမင်းကြီးရဲ့အိမ်တော်မှာ
တို့ လူတွေအများကြီးရှိတယ်၊ သူတို့ရဲ့အကူအညီနဲ့ ရှင်လိုချင်တဲ့ သ
တွေ ရအောင်ယူနိုင်တယ် "

ဟု ပြောလေရာ ဆရာကြီး ကိုရွှေဝန်က အောင်ပင်လ
မျက်နှာကိုကြည့်၍ သက်ပြင်းချလိုက်သည်။

" မင်း ဒီလို အကူအညီပေးနိုင်မယ်ဆိုတာ ကျုပ်သိပါ
ဒါပေမဲ့ ကျုပ်က ဘယ်အလုပ်ကိုလုပ်လုပ် ပေါ့ပေါ့ဆဆလုပ်လေ့
ကျွန်းမင်းကြီးရဲ့အိမ်တော်မှာရှိတဲ့ မင်းရဲ့လူဟာ ကျွန်းမင်းကြီး
ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ၊ သူပေးတဲ့ သတင်းအမှားတွေကို
အန္တရာယ်တွေထဲကို ကျုပ်က သက်ဆင်းရမလား၊ ဘာလုပ်လုပ်
အရာရာ ကြိုတင်တွက်ဆထားတာ ကောင်းပါတယ်၊ အခု
ဆိုရင် ကျုပ်ရဲ့ရာဇဝင်မှာ ဘယ်တော့မှအမှားအယွင်းမရှိတာ
ရိပ်စားမိလောက်ပြီပေါ့၊ ကျွန်းလုံခြုံရေးတပ်သားတွေဟာ ကျုပ်ကို
မဲကြီးရှာနေပေမဲ့ အရိပ်အယောင်တောင်မတွေ့ရတဲ့အတွက်
ဘယ်မှာပုန်းခိုနေမလဲဆိုတာ ခန့်မှန်းမိလောက်ပြီ၊ ကျွန်းပေါ်မှာ
ပင်လယ်ဟာ ဩဇာအာဏာကြီးလွန်းလို့ ထင်သလိုမလုပ်ဝံ့တာ





ဟု ပြောလေရာ အောင်ပင်လယ်က ကိုရွှေဝန်ကိုကြည့်ပြီး သက်ပြင်းချကာ

" ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မ အကူအညီပေးရတာ ကျွန်မ ဝမ်းသာတယ်၊ ရှင်ဟာ အက်ဒမန်ကျွန်းရဲ့ရာဇဝင်မှာ စာတင်လောက်တဲ့ လူစွန့်စားတစ်ယောက်မဟုတ်လား၊ အများက မိန်းမလျာတစ်ယောက် ဆိုပြီး အထင်သေးတဲ့လူတစ်ယောက်ဟာ ကိုရွှေဝန်ဆိုတဲ့ လူစွန့်စား တစ်ယောက်ကို အကူအညီပေးနိုင်ခဲ့တယ်လေ "

ဟု ပြောလေ၏။

ထိုအခါ ဆရာကြီး ကိုရွှေဝန်က သူမကို မျက်လုံးစွေကြည့်လိုက် ပြီး

" ကျုပ်ကိုကူညီတဲ့အတွက် မင်းဘက်က အများကြီးပေးဆပ်ရ နိုင်တယ်နော် "

ဟု ပြောလေ၏။ ထိုအခါ အောင်ပင်လယ်က

" ကျွန်မဘဝမှာ လိုချင်တာတွေ အားလုံးရခဲ့ပြီးပြီ၊ ဒီအချိန်မှာ ဘာမှမလိုတော့ဘူး၊ အားလုံးပြည့်စုံသွားပါပြီ "

ဟု ပြောလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ထောင်မှူးဘဦးခေါင်းဆောင်သော ကျွန်းလုံခြုံရေးအဖွဲ့သားများသည် ရိက္ခာကိုဒေါင်အပေါ်ထပ်သို့ ကျွန်းလုံခြုံရေးအဖွဲ့၏ စာရွက်စာတမ်းများထားရှိမည်ဟုဆိုကာ မောင်ပိုင်စီးလိုက်လေ၏။

ရိက္ခာကိုဒေါင်မှ ဂိုဒေါင်မှူးသည် ကျွန်းလုံခြုံရေးတပ်သားများ၏ လုပ်ရပ်ကို အံ့ဩနေလေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်းလုံခြုံရေးတပ်သားများအနေဖြင့် ၎င်းတို့လိုချင်လျှင် ကျွန်းပေါ်ရှိ မည်သည့်အဆောက်အဦမဆို အာဏာဖြင့် သိမ်းယူနိုင်၏။

ယခု ကျွန်း၌ လွန်စွာစုတ်ချာသော ရိက္ခာကိုဒေါင်ကို လာရောက်၍ မောင်ပိုင်စီးနေခြင်းကို အလွန်အံ့ဩနေမိ၏။



ရိက္ခာကိုဒေါင်မှူးက စာရေးများဘက်သို့ လှည့်၍

" ကျွန်းလုံခြုံရေးအဖွဲ့အကောင်တွေ ဒီတစ်ခါ ဘယ်လိုစိတ်ကူးပေါက်သွားသလဲ မသိဘူး။ ကျွန်းပေါ်မှာရှိတဲ့ အလွန်စုတ်ချာတဲ့ ရိက္ခာဂိုဒေါင်ကို သူတို့လိုချင်သတဲ့၊ ဒီကောင်တွေ ရူးများရူးသွားသလား "

ဟု နားမလည်ဟန်ဖြင့် ရေရွတ်လေ၏။

ကျွန်းလုံခြုံရေးအဖွဲ့သားများသည် လော်လီကားကြီးဖြင့် ရိက္ခာဂိုဒေါင်သို့ ရောက်ရှိလာကြပြီး ၎င်းတို့၏ စာရွက်စာတမ်းများ၊ စားပွဲ၊ ကုလားထိုင်များ၊ ဗိုင်တွဲများကို ရိက္ခာဂိုဒေါင်၏ အပေါ်ထပ်သို့ တင်ပို့လေ၏။

ထိုအချင်းအရာကိုကြည့်၍ ဂိုဒေါင်မှူးက

" ဒါလည်း အံ့ဩစရာပဲဟေ့၊ ကျွန်းလုံခြုံရေးတပ်သားတွေဟာ သက်ကြောတင်းတဲ့အကောင်တွေ မဟုတ်ဘူး၊ အလေးအပင်ဆိုလို့ စာအုပ်တစ်အုပ်တောင် မ,ချင်တာမဟုတ်ဘူး။ အခုတောင် ရိက္ခာဂိုဒေါင်က အလုပ်သမားတွေ တစ်လှေကြီးရှိလျက်နဲ့ အင်မတန်လေးလေးလံလံ စာအုပ်ကြီးတွေ၊ စားပွဲ၊ ကုလားထိုင်တွေကို ကိုယ်တိုင်မ,ပြီးတော့ ရုံးအပေါ်ထပ်ကို တင်နေရှာတယ်၊ ဒီကောင်တွေ ဘာကြောင့် ဒီလောက်အပြောင်းလဲကြီး ပြောင်းလဲသွားရတာလဲ၊ ကျွန်းပေါ်ကို ဂျပန်စပိုင်ရောက်နေတယ်ဆိုလို့ ကြောက်လန့်ပြီး စိတ်ဓါတ်တွေပဲ ပြောင်းလဲသွားပြီလား "

ဟု ရေရွတ်လေ၏။

ကျွန်းလုံခြုံရေးတပ်သားများပင်လျှင် ရိက္ခာဂိုဒေါင်၌ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားများ ပေါ်များလျှက် မိမိတို့ကို ထောင်မှူးဘဦးက အလွန်လေးလံသော စားပွဲ၊ ကုလားထိုင်ကြီးများ သယ်မခိုင်းခြင်းကို နားမလည်နိုင်အောင် ဖြစ်မိ၏။

၎င်းတို့သည် အစဉ်အမြဲ သူတစ်ပါးကို အနိုင်ကျင့်လာခဲ့သော ရေပေါ်ဆီလူတန်းစားများ ဖြစ်ကြ၏။ ထို့ကြောင့် ပင်ပန်းဆင်းရဲသော အလုပ်များကို ကိုယ်တိုင်မလုပ်ချင်တော့ပေ။

ထောင်မှူးဘဦးသည် အလုပ်သမားများကို ကြီးကြပ်နေရင်း မနက်ကစားခဲ့သောပဲဟင်းကြောင့် ဗိုက်ထဲတွင် တရစ်ရစ် နာကျင်လာပြီး ရိက္ခာဂိုဒေါင်အနောက်ရှိ ရေအိမ်သို့ သွားလေ၏။

ထောင်မှူးဘဦးမရှိသောအခါ လုံခြုံရေးတပ်သားနှစ်ယောက်သည် လော်လီကားပေါ်ရှိ အလေးလံဆုံးထင်းရှူးသေတ္တာကြီးကို အလုပ်သမားများအားခေါ်၍ မ,ခိုင်းလေ၏။

အလုပ်သမားများသည် လူအင်အားသုံး၍ လေးလံလှသော ထင်းရှူးသေတ္တာကြီးကို ချပေးကြလေ၏။ ထိုသေတ္တာထဲတွင် ကျွန်းမင်းကြီး၏ မီးခံသေတ္တာကြီးပါရှိ၏။

ကျွန်းလုံခြုံရေးတပ်သားများသည် ထောင်မှူးဘဦး ရေအိမ်ထဲမှ ထွက်မလာသေးသဖြင့် အလုပ်သမားများအား အပေါ်ထပ်သို့ တင်ပို့ရန် စေခိုင်းလိုက်၏။

အလုပ်သမားများသည် ထင်းရှူးသေတ္တာကြီးကို တဖြည်းဖြည်း မတင်ပြီး ရိက္ခာဂိုဒေါင်၏ အပေါ်ထပ်သို့ တရွေ့ရွေ့တက်သွား၏။

အပေါ်ဆုံးအထပ် လှသူကင်းရှင်းသော အခန်းထောင့်သို့ရောက်သောအခါ အလုပ်သမားတစ်ဦးက



" ဒီသေတ္တာကြီးထဲမှာ ဘာပါလို့ ဒီလောက်လေးနေရတာလဲ၊ ဖွင့်ကြည့်ရအောင်ကွာ "

ဟု ဆိုကာ ခါးကြားတွင်ရှိသော ဝက်အူလှည့်ဖြင့် ထင်းရှူးသေတ္တာကို ကလန့်၍ ချောင်းကြည့်လေ၏။ ထိုအခါ ကျွန်းမင်းကြီး၏ တံဆိပ်များကြီးပါရှိသော မီးခံသေတ္တာကြီးတစ်လုံးကို တွေ့ရလေ၏။

အလုပ်သမားနှစ်ဦးသည် နားမလည်နိုင်ဟန်ဖြင့် ဆက်လက်၍ စပ်စုခြင်းမရှိတော့ဘဲ မီးခံသေတ္တာထည့်ထားသော ထင်းရှူးသေတ္တာကြီးကို ကျွန်းလုံခြုံရေးအဖွဲ့၏ ရုံးခန်းထဲသို့ ထည့်ထားလိုက်လေ၏။

ထောင်မှူးဘဦးသည် သူ၏ဗိုက်ပြဿနာကိုရှင်းပြီး လော်လီကားရှိရာသို့ ပြန်အရောက်တွင် ထင်းရှူးသေတ္တာကို မတွေ့ရသဖြင့် မေးမြန်းလေရာ ကျွန်းလုံခြုံရေးတပ်သားများက အပေါ်ထပ်ရုံးခန်းထဲသို့ သယ်ဆောင်လိုက်ပြီဖြစ်ကြောင်း ပြောလေ၏။

ထောင်မှူးဘဦးသည် အပေါ်ထပ်သို့ ရေးကြီးသုတ်ပြာ တက်သွားပြီး ကျွန်းလုံခြုံရေးရုံးခန်းရှိ ထင်းရှူးသေတ္တာကို စစ်ဆေးကြည့်ရှုလိုက်၏။

သေတ္တာကြီးကို ဟန်မပျက်တွေ့ရသဖြင့် သူ၏ရင်ထဲတွင် ပေါ့ပါးသွားလေ၏။ ထင်းရှူးသေတ္တာကြီးထဲရှိ မီးခံသေတ္တာကြီးထဲတွင် ရွှေများကြီး ရှိနေသည် မဟုတ်ပါလား။

ထောင်မှူးဘဦးသည် ယုံကြည်စိတ်ချရသော လုံခြုံရေးတပ်သား တစ်ဦးကိုခေါ်၍ သေတ္တာကြီးကိုဖွင့်ကာ မီးခံသေတ္တာကို သော့ခတ်မိရဲ့လားလို့ စစ်လုံး

www.burmeseclassic.com



အကြားတွင် နေရာချထားလိုက်၏။

ကျွန်းမင်းကြီး၏ အဖိုးတန်ပတ္တမြားကြီးကို လျှို့ဝှက်စွာဖွက်ထား သည့် သူ၏အစီအစဉ်ကြီး အောင်မြင်စွာ ပြီးဆုံးသွားပြီ မဟုတ်ပါလား။

ရွှေဝန်ဆိုသော လူစွန့်စားသည် ဤမျှအဖိုးထိုက်တန်လှသော ပတ္တမြားကြီးကို ဤမျှစုတ်ချာလှသော ရိက္ခာဂိုဒေါင်ထဲတွင် ရောက်ရှိနေ မည်ဟု ဘယ်သောအခါမျှ တွက်ဆနိုင်မည် မထင်ချေ။

## ပန့်အိုင် ကျွန်မျိုးတော

[illegible] (၇) [illegible]



ထိုနေ့ညနေမှာပင် အောင်ပင်လယ်သည် ကိုရွှေဝန်ရှိရာသို့ ရောက်ရှိလာပြီး

" ကျွန်းလုံခြုံရေးတပ်သားတွေရဲ့ အကြောင်းကြောင်းကိစ္စတစ်ခု ရှင်းကိုပြောရဦးမယ် "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က မျက်မှောင်ကြုတ်၍

" ဘာကိစ္စလဲ၊ ဒီအချိန်မှာတော့ ကျုပ်အတွက် ဘာကိစ္စမျိုးမဆို အရေးပါနေတာပဲ "

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်ပင်လယ်က

" ကျွန်းလုံခြုံရေးတပ်သားတွေဟာ ကျွန်းရဲ့ဒုံးရေးကြီး ရိက္ခာဂိုဒေါင်ထဲကို မောင်ပိုင်စီးဖို့ ကြိုးစားနေတယ်၊ ရိက္ခာဂိုဒေါင်ရဲ့အပေါ်ထပ်က အခန်းကို ကျွန်းလုံခြုံရေးရုံးခန်းက စာရွက်စာတမ်းတွေ၊ စာအုပ်ဖိုင်တွေ ထားမယ်ဆိုပြီး မောင်ပိုင်စီးလိုက်တယ်၊ တကယ်တော့ ကျွန်းပေါ်မှာ လုံခြုံရေးတပ်သားတွေအနေနဲ့ လိုချင်တယ်ဆိုရင် တခြားအဆောက်အဦ ကောင်းကောင်းတွေ ရှိပါတယ်၊ လုံခြုံရေးတပ်သားတွေရဲ့ စာရွက်စာတမ်းတွေ၊ ဖိုင်တွေထားတယ်ဆိုတာ ထူးခြားမှုတစ်ခုပဲ "

ဟု ပြောလေ၏။ ကိုရွှေဝန်က

" ကျုပ်ရဲ့အတွေ့အကြုံအရ လောကမှာ သမားရိုးကျမဟုတ်တဲ့ အပြုအမူတွေက ထူးခြားလေ့ရှိတယ်၊ ကျွန်းလုံခြုံရေးတပ်ဖွဲ့ဟာ ကျွန်းပေါ်မှာတော့ ဩဇာအာဏာအရှိဆုံးပဲ၊ သူတို့လိုချင်တယ်ဆိုရင် အကြောင်းအမျိုးမျိုးပြပြီး အရာရာကို သိမ်းယူနိုင်တာပဲ၊ ရိက္ခာဂိုဒေါင်လို နေရာမျိုးမှာ စာရွက်စာတမ်းတွေ လာပြီးထားတယ်ဆိုတာ အံ့ဩစရာပဲ၊ အောင်ပင်လယ်... ကျုပ် ဒီကိစ္စကို စုံစမ်းကြည့်ချင်တယ်၊ ကျုပ်ကို အကူအညီတစ်ခုပေးပါလား "

ဟု ပြောလေရာ အောင်ပင်လယ်က

" ရှာစားကြီးဟာ စော်တော်မြင်တတ်ပါလား၊ ဘယ်ကိစ္စကိုမှ အလွတ်မပေးဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်မ အကူအညီပေးပါ့မယ် "

ဟု ပြောလေ၏။



နောက်တစ်နေ့နံနက်တွင် ကိုရွှေဝန်သည် ကျွန်းပေါ်ရှိ ဆင်းရဲသားတစ်ဦးကဲ့သို့ ဝတ်ဆင်ကာ အောင်ပင်လယ်တွေ့ဆုံပေးသော လူတစ်ယောက်အနောက်သို့ လိုက်သွားလေ၏။

ထိုသူသည် အလုပ်သမားခေါင်းတစ်ဦးဖြစ်၏။ ထိုသူသည် ကိုရွှေဝန်အား ရိက္ခာဂိုဒေါင်ရှိ ဂိုဒေါင်မှူးထံသို့ ခေါ်ဆောင်သွားလေ၏။

ဂိုဒေါင်မှူးက လိုအပ်သော စာရွက်စာတမ်းများကို အောင်ယူ၍ ကြည့်ရာ ကိုရွှေဝန်က အလုပ်မရှိ၍ ရိက္ခာဂိုဒေါင်၌ အလုပ်လုပ်လိုကြောင်း ပြောလေရာ

www.burmeseclassic.com

www.burmeseclassic.com



" ရိက္ခာဂိုဒေါင်မှာတော့ လူအမြဲလိုတယ်၊ အလုပ်ပင်ပန်းလွန်းလို့ ဒီမှာလုပ်ချင်တဲ့လူတွေ သိပ်မရှိဘူး။ ဒါကြောင့် မင်းကို အမြဲကြိုဆိုပါတယ်ကွာ၊ ဖြစ်နိုင်ရင် အခုချက်ချင်း အလုပ်ဝင်လုပ်လိုက်ပါကွာ "

ဟု ပြောလေ၏။

ထိုအချိန်မှစ၍ ကိုရွှေဝန်သည် ရိက္ခာဂိုဒေါင်တွင် အလုပ်ဝင်လုပ်လေ၏။ ရိက္ခာဂိုဒေါင်၌ တစ်နေကုန်ပင်ပန်းလွန်းသဖြင့် ဂိုဒေါင်၌ အလုပ်လုပ်ခြင်းကို ရှောင်ရှားကြ၏။

ကိုရွှေဝန်ကမူ ရိက္ခာဂိုဒေါင်နှင့်ပတ်သက်၍ လေ့လာစုံစမ်းနိုင်ရန် အလုပ်သမားတစ်ဦးအဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်၏။

ကိုရွှေဝန်သည် ထိုနေ့ညနေမှာပင် ကျွန်းလုံခြုံရေးများ၏ သေတ္တာကို ပိုင်းဝန်းသယ်ပိုးရသော အလုပ်သမားနှစ်ဦးနှင့် ရင်းနှီးခင်မင်သွားလေ၏။

ထိုအလုပ်သမားများထံမှ သေတ္တာကြီးထဲမှ ပစ္စည်းကို သိရသဖြင့် ကိုရွှေဝန်သည် အထိတ်တလန့် ဘုရားတလိုက်မိ၏။ ရင်ထဲတွင်လည်း တလှပ်လှပ် တုန်သွားလေ၏။

ထင်းရှူးသေတ္တာကြီးထဲတွင် ကျွန်းမင်းကြီး၏ အမှတ်တံဆိပ်ပါသော မီးခံသေတ္တာကြီးတစ်လုံးရှိသည် ဆိုပါသလား။ ကိုရွှေဝန်သည် ထိုနေ့ညက အလုပ်မှပြန်လာသောအခါ ထောင်မှူးဘဦး၏ ဗိုင်တွဲကို ဖတ်ရှုလေ၏။

ထောင်မှူးဘဦးသည် အရည်အချင်းရှိသော ထောင်မှူး တစ်ယောက်ဖြစ်ပြီး အလိုရမ္မက် အလွန်ကြီးသူဖြစ်ကြောင်း ဖော်ပြထား၏



သူတစ်ပါးတွေးထင်လေ့မရှိသော ရှုထောင့်မှ လုပ်ကိုင်တတ်သူဖြစ်ကြောင်း သိလိုက်ရ၏။ ကိုရွှေဝန်သည် သေတ္တာကြီးထဲမှ မီးခံသေတ္တာအကြောင်းကို တွေးတောမိပြီး စားပွဲခုံကို ဒိုင်းခနဲရိုက်ကာ

" သူတစ်ပါးတွေးထင်လေ့မရှိတဲ့ ရှုထောင့်ဆိုတာဘာလဲ၊ ဟားဟားဟား... ငါထင်တဲ့အတိုင်းမှန်ရင်တော့ ပတ္တမြားကြီးဟာ ကျွန်းမင်းကြီးရဲ့ မီးခံသေတ္တာအစုတ်ကြီးထဲမှာပဲ ရှိရမယ် "

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် သူ၏တွေးဆချက်များကို အောင်ပင်လယ်အား ပြောပြလိုက်လေ၏။

အောင်ပင်လယ်က မျက်မှောင်ကြုတ်၍

" ဖြစ်နိုင်ပါ့မလား ရွာစားကြီး၊ ဒီလောက်အဖိုးထိုက်တန်တဲ့ ပတ္တမြားကြီးကို လုံခြုံရေးအစောင့် လုံးဝမရှိတဲ့နေရာမှာထားမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ကျွန်းမင်းကြီးက အဲဒီလောက် အရဲစွန့်လိမ့်မယ် မထင်ဘူး "

ဟု ပြောလေ၏။ ထိုအခါ ကိုရွှေဝန်က

" ထောင်မှူးဘဦးရဲ့ လုပ်ကိုင်တတ်တဲ့လုပ်ရပ်တွေကို ကျွန် လေ့လာကြည့်ပြီးပြီ၊ သူဟာ သူတစ်ပါးမထင်မှတ်တဲ့ရှုထောင့်တွေ





လုပ်တတ်တယ်၊ ဒီလုပ်ရပ်တွေကြောင့်လည်း သူဟာ အကြီးအကျယ် အောင်မြင်ခဲ့တာပဲ၊ ကျုပ်အထင်တော့ ဒီအကြံအစည်ဟာ ကျွန်းမင်းကြီး ရဲ့ အကြံအစည်မဖြစ်နိုင်ဘူး၊ ထောင်မှူးဘဦးရဲ့ အကြံအစည်ပဲ ဖြစ်မယ် "

ဟု ပြောလေရာ အောင်ပင်လယ်က မျက်မှောင်ကြုတ်၍

" ထောင်မှူးဘဦးရဲ့ အကြံအစည်ကို ကျွန်းမင်းကြီးက လက်ခံပါ့မလား ရွာစားကြီးရဲ့၊ ဒီပစ္စည်းဟာ ကျွန်းမင်းကြီးရဲ့ပစ္စည်းနော်၊ ဒီလောက်အဖိုးထိုက်တန်တဲ့ ပတ္တမြားကြီးကို ဒီလိုနေရာမှာ ထားပါ့ မလား "

ဟု ပြောလေ၏။ ထိုအခါ ကိုရွှေဝန်က

" သူတို့နှစ်ယောက်ဟာ ကျုပ်ကိုလှည့်စားတာဖြစ်နိုင်တယ်၊ သူတို့ဟာ ကျွန်းမင်းကြီးရဲ့အိမ်တော်မှာ အစောင့်အကြပ်တွေ အများ ကြီး ချထားပြီး ပတ္တမြားကြီး အဲဒီမှာရှိတယ်လို့ မြူဆွယ်ထားလိမ့်မယ်၊ ကျုပ် အိမ်တော်ထဲကို ခိုးဝင်ပြီး ပတ္တမြားကြီးကို ခိုးယူရင်တောင် သူတို့ အတွက် ရယ်စရာဖြစ်လိမ့်မယ်၊ သူတို့ရဲ့လှည့်ကွက်ထဲကို ကျုပ် အသာ တကြည် ဝင်သွားပြီလို့ သူတို့ ယူဆထားပုံရတယ် "

ဟု ပြောလေရာ အောင်ပင်လယ်က သက်ပြင်းချ၍

" ဒါဆိုရင်တော့ ရွာစားကြီးတို့ရဲ့ ပညာပြိုင်ခန်းက တဖြည်း ဖြည်း မြင့်မားလာပြီ၊ ကျွန်မတို့တော့ လိုက်လို့မမီတော့ဘူး "

ဟု ပြောလေ၏။ ကိုရွှေဝန်က ခေါင်းညိတ်၍

" ဟုတ်တယ်... ပြိုင်ပွဲကတော့ တဖြည်းဖြည်း အဆင့်မြင့်လာ ပြီ၊ ဒီပွဲဟာ ဉာဏ်ချင်းပြိုင်ရတဲ့ပွဲဖြစ်တဲ့အတွက် ကျုပ်ပျော်နပ်တယ်၊ ကျုပ်

www.burmeseclassic.com



ရဲ့ မြိုင်ဘက်ဟာ လက်ရုံးရည်ပဲရှိပြီး နှလုံးရည်မရှိတဲ့ ခပ်ညံ့ညံ့လူမိုက် တစ်ယောက်မဟုတ်ဘူး။ ကျုပ်ရဲ့တွေးထင်ချက်တွေ မှန်ကန်တယ်ဆိုရင် တော့ သူဟာ ကျုပ်ကို ကျွန်းမင်းကြီးအိမ်မှာ ပတ္တမြားအတုနဲ့ မြှူစွယ် ပြီး ဖမ်းလိမ့်မယ်၊ ကျုပ် ထောင်ချောက်ထဲဝင်လို့ မဖြစ်ဘူး ''

ဟု ပြောလေ၏။

~ ~ ~

ဝေဖန်ချက်၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





နောက်တစ်နေ့သို့ရောက်သောအခါ ကိုရွှေဝန်သည် ရိက္ခာဂိုဒေါင် ၏ အလုပ်သမားတစ်ဦးအတွက် ပဲအိတ်များကို ထမ်းပေးရလေ၏။

သူသည် ရိက္ခာဂိုဒေါင်၌ လူရှင်းသောအချိန်ကို စောင့်ကြည့် သောအခါ နေ့လယ်ထမင်းစားချိန်၌ လူရှင်းကြောင်း တွေ့ရ၏။

ထို့ကြောင့် ထမင်းစားချိန်ကိုမှန်းပြီး ရိက္ခာဂိုဒေါင်၏ အပေါ်ထပ် သို့တက်ခဲ့၏။ အပေါ်ထပ်သို့ရောက်သောအခါ ရိက္ခာဂိုဒေါင်၏ စာရေး များကိုသာ တွေ့ရပြီး လူသူကင်းရှင်းကြောင်း တွေ့ရ၏။

ရိက္ခာဂိုဒေါင်တွင် တာဝန်ကျနေသော စာရေးများမှာလည်း ထမင်းစားချိန်ဖြစ်၍ စားပွဲဝိုင်းတစ်ဝိုင်းတွင်စု၍ ထမင်းစားနေသောက်နေ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝန်သည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ကျွန်း
ရေး တပ်သားများရယူထားသော အခန်းရှေ့တွင် ရပ်လိုက်၏။

ထို့နောက် အခန်းတံခါးသော့ကို သူ၏ကိုယ်တွင်ယူဆောင်
သော သံချွန်လေးဖြင့် လှည့်၍ဖွင့်လိုက်လေ၏။ ကိုရွှေဝန်သည် အခ
သို့ ရောက်သောအခါ ကျွန်းလုံခြုံရေးအဖွဲ့၏ ဖိုင်တွဲများထားရှိ
ဗီရိုကြီးနှစ်လုံးကြားတွင် မီးခံသေတ္တာကြီးကို တွေ့ရလေ၏။

ထိုမီးခံသေတ္တာကြီး၌ ကျွန်းမင်းကြီး၏အိမ်တော် အမှတ်
ပါရှိ၏။ ထိုမီးခံသေတ္တာကြီးမှာ အလွန်အမျိုးအစားကောင်းမွန်
ကြောင့် လွန်စွာဖွင့်ရခက်မည်ဟု ရိပ်စားမိ၏။

ကိုရွှေဝန်သည် လောလောဆယ် အချိန်မရသေးသဖြင့်
သေတ္တာကို ဖွင့်ရန်မကြိုးစားတော့ဘဲ ကျွန်းလုံခြုံရေးရုံးမှ စာရွက်စာ
များကို လိုက်လံဖတ်ရှုကြည့်နေလေ၏။

ထိုအခါ အံ့ဩဖွယ်ကောင်းသော အချက်တစ်ချက်ကို သွ
လေ၏။

ထိုအချက်မှာ ကျွန်းလုံခြုံရေးတပ်သားများ၏ လက်ရှိအ
နေသော စာရွက်စာတမ်းများမဟုတ်ဘဲ လွန်ခဲ့သောသုံးနှစ်
စာရွက်စာတမ်းများဖြစ်ကြောင်း သိရ၏။

ကိုရွှေဝန်သည် စာရွက်စာတမ်းများကိုကြည့်၍ ခေါင်း
ဆတ် ညိတ်ပြီး

“ ဟား ဟား ဟား... မီးခံသေတ္တာကြီးထဲမှာ ပတ္တမြား
နေတယ်ဆိုတာ သေချာသွားပြီ ”





ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် ကျွန်းလုံခြုံရေးတပ်သားများ၏ ရုံးခန်းထဲမှ ပြန်ထွက်ရန် ပြင်လိုက်သောအခါ ရိက္ခာကိုဒေါင်ရှိစာရေးများသည် ထမင်းစာပြီးသည်နှင့် သူ၏အခန်းရှေ့သို့ လျှောက်လှမ်းလာကြောင်းတွေ့ရ၏။

ထို့ကြောင့် ကိုရွှေဝန်သည် ခေါင်းနပန်းကြီးသွားပြီး မီးခံသေတ္တာနှင့် ပတ်သက်၍ စိတ်လှုပ်ရှားလွန်းသဖြင့် စာရေးများရှိနေခြင်းကို လျော့တွက်လိုက်မိ၏။

စာရေးသုံးယောက်သည် ကံကောင်းထောက်မစွာဖြင့် တံခါးပွင့်နေသော အခန်းကို မမြင်တွေ့ဘဲ ကျော်ဖြတ်သွားကြလေ၏။

ကိုရွှေဝန်သည် အခန်းထဲမှ ဟန်မပျက်ဆင်း၍ အောက်သို့ အလျှင်အမြန် ဆင်းသွားကာ အလုပ်သမားများနှင့် အတူရောနှော၍ ပဲအိတ်များကို ထမ်းနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညသို့ရောက်သောအခါ ကိုရွှေဝန်သည် အောင်ပင်လယ် အား ပတ္တမြားကြီးနှင့်ပတ်သက်သောအကြောင်းကို ပြောပြ၏။

အောင်ပင်လယ်က အံ့သြဟန်ဖြင့်

'' ဒီလူတွေ ဉာဏ်တော်တော်ပြေးတယ်နော်၊ ကျွန်တော် သူတို့ကို လိုက်မမီတော့ဘူး။ ဒီတော့ ရှေ့ဆက်ပြီး ရှင် ဘယ်လိုလုပ် စဉ်းစားထားလဲ ရှာစားကြီး ''

ဟု မေးလေ၏။

ထိုအခါ ကိုရွှေဝန်က

'' ကျုပ်တို့ ရှေ့ဆက်ပြီး ဟန်ဆောင်မှုတွေ အများကြီး





လုပ်ရမယ်၊ သူတို့ရဲ့လှည့်စားမှုတွေကို မသိသလိုနေပြီး သူတို့ရဲ့ လှည့်စားမှုထဲ တိုးဝင်ရမယ်၊ ကျုပ် ဒီနေ့ညကစပြီး ကျွန်းမင်းကြီး အိမ်ကိုဝင်ဖို့ ကြိုးစားမယ်၊ နောက်ပြီး ကျွန်းမင်းကြီးအိမ်ကို ကျုပ်ဝင် ကြောင်း အထောက်အထားတွေ ထားရမယ် ''

ဟု ပြောလေ၏။

အောင်ပင်လယ်က

'' ဒီလိုဆို ရှာစားကြီးအတွက် အန္တရာယ်အများကြီးရှိမှာပဲ၊ ကျွန်မလူတွေကို ရှင်နဲ့အတူ ထည့်လိုက်ရမလား ''

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ခေါင်းခါယမ်းလိုက်၍

'' မလိုသေးပါဘူး။ ကျုပ်တစ်ယောက်တည်း ကောင်းကောင်း လုပ်ရှားလို့ရပါတယ် ''

ဟု ပြောလေတော့၏။

နောက်တစ်နေ့ညသို့ရောက်သောအခါ ကိုရွှေဝန်သည် ကျွန်း မင်းကြီး၏ အိမ်တော်အနီးသို့ ချဉ်းကပ်ခဲ့လေ၏။ သူ၏ခါး၌ သံချိတ်ပါ သော ကြိုးတစ်ခုကို သိုင်းလွယ်ထား၏။

သူသည် လွန်ခဲ့သောညကဝင်ခဲ့သည့်အတိုင်း ခိုးဝင်သွားလေ၏။ ကျွန်းလုံခြုံရေးတပ်သားများ၏ အရိပ်အခြေကိုကြည့်ကာ အိမ်တော်အနီး သို့ ချဉ်းကပ်ခဲ့၏။

သူသည် အိမ်တော်အနောက်ဘက်သို့ပတ်ကာ ကြိုးကွင်းကို ပစ်တင်လိုက်၏။ ထိုအခါ ဝရန်တာလက်ရမ်း၌ သံချိတ်သည် ချိတ်မိသွား

www.burmeseclassic.com

ပြီး အောက်သို့ တွဲလောင်းကျနေလေ၏။

ကိုရွှေဝန်သည် ထိုသို့ပြုလုပ်ပြီးနောက် အပေါ်သို့ ထပ်မတက်တော့ဘဲ ထိုနေရာမှ အောင်မြင်စွာ ပြန်ခဲ့လေတော့၏။

ထိုနေ့ညတွင်ပင် ကျွန်းလုံခြုံရေးတပ်သားများသည် ကိုရွှေဝန်တန်းလန်းချထားသော ကြိုးကိုမြင်သဖြင့် ဆူညံပွက်သွားလေတော့၏။

ထိုနေရာသို့ ကျွန်းမင်းကြီး ကမန်းကတန်း လာရောက်ကြည့်ရှုပြီး ရင်ထဲတွင် ကြိတ်၍ပြုံးလိုက်၏။ ဤသို့ဖြင့် ကိုရွှေဝန်သည် ကျွန်းမင်းကြီး၏ အိမ်တော်သို့ မကြာခဏ ခိုးဝင်၍ သဲလွန်စများကို ချထားခဲ့လေ၏။

ကျွန်းမင်းကြီးနှင့် ထောင်မှူးဘဦးသည် ၎င်းတို့ဆင်ထားသော အကွက်ထဲသို့ ကိုရွှေဝန်ကျရောက်လာမည်ဟု တွေးကာ အကျေနပ်ကြီးကျေနပ်နေတော့၏။

ထိုအခါ ထောင်မှူးဘဦးက

“ အစောင့်အကြပ်တွေကို နည်းနည်းလျော့လိုက်မယ်၊ ဒါမှ သူဟာ အတင့်ရဲပြီး အိမ်ထဲကို ခိုးဝင်လိမ့်မယ်၊ ဒီတော့မှ သူ့ကို ထောင်ချောက်ဆင်ပြီး ဖမ်းနိုင်မှာပေါ့ ”

ဟု ပြောလေ၏။

ကျွန်းမင်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

“ မင်းအကြံသိပ်ကောင်းတယ်၊ ဒီကောင့်ကို ဖမ်းဆီးမိမှ ငါ့ရဲ့ ဝဏ်သိက္ခာကို ပြန်ဆယ်လို့ရမှာ ”

ဟု ပြောလိုက်လေတော့၏။



ကိုရွှေဝန်သည် နောက်တစ်ကြိမ် ပတ္တမြားကြီးကို ဟန်မြွေခိုးသောအခါ ကျွန်းလုံခြုံရေးတပ်သားအချို့နှင့် တိုက်ပွဲဖြစ်ပွားသော ပြဿနာ ဖြစ်ခဲ့လေ၏။

သူသည် ကျွန်းလုံခြုံရေးတပ်သားအချို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့၏။ ကျွန်းလုံခြုံရေးတပ်သားများက ကိုရွှေဝန်အား သေနတ်ဖြင့် တဒိုင်းဒိုင်း ပစ်ခတ်သောအခါ ကိုရွှေဝန်သည် အုတ်တံတိုင်းကို ကျော်၍ ခြေကုန်သုတ်၍ ပြေးထွက်ခဲ့၏။

ထိုအကြောင်းကို ထောင်မှူးဘဦးနှင့် ကျွန်းမင်းကြီးသိသောအခါ အကျေနပ်ကြီးကျေနပ်ပြီး

“ ဒီကောင်ရဲ့သတ္တိက မဆိုးဘူးကွ၊ ငါ့ရဲ့အိမ်တော်မှာ ဒီလောက်အစောင့်အကြပ်တွေ၊ ဒရဝမ်တွေ ထူထပ်နေတာတောင် ပတ္တမြားကြီးကို ရအောင် ခိုးယူဖို့ကြိုးစားနေတယ်၊ ဖွဲ့ အင်မတန်ကြီးတဲ့ကောင်ပဲ ”

ဟု ချီးမွမ်းလေ၏။

ကိုရွှေဝန် ကျွန်းမင်းကြီးအိမ်သို့ ဟန်ပြ ဝင်ရောက်နေပုံကိုကြည့်၍ အောင်ပင်လယ်က

“ ဆရာစားကြီး... ရှင်ဟာ တကယ့်ဖွံ့နဘဲသမားပဲ၊ ရှင့်ရဲ့လုပ်ရပ်တွေဟာ ကျားခံတွင်းထဲဆင်းရသလို အန္တရာယ်များလွန်းတယ်၊ ဒီလောက်သတ္တိရှိနေတယ်ဆိုတော့ ရှင်ဟာ ဘယ်လိုလူမျိုးလဲ ”

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က ရယ်မော၍

“ ဒါဟာ သူတို့နဲ့ကျုပ်ကြားမှာ ပညာပြိုင်နေတာဗျ၊ ကျွန်းမင်း

www.burmeseclassic.com



ကြီးတို့လူစုဟာ ကျုပ် သူတို့ရဲ့လှည့်ကွက်ထဲမှာ ဝင်နေပြီလို့ထင်နေကြတယ်၊ တကယ်တော့ ကျုပ်ရဲ့လှည့်စားမှုကိုသာ သူတို့ခံနေရတာဗျ၊ လုံခြုံရေးအဖွဲ့ တပ်သားတွေ နီးနီးကြားကြားရှိနေတဲ့ ကျွန်းမင်းကြီးအိမ်တော်ထဲကို နိုးဝင်ရတာ အန္တရာယ်သိပ်များတယ်၊ အဲဒီလိုစိန်ခေါ်မှုလုပ်ရတာ ကျုပ်အတွက်တော့ ကျေနပ်စရာကောင်းတယ်၊ ထောင်မှူးဘဦးနဲ့အဖွဲ့ဟာ ကျုပ်ကို ထောင်ချောက်ဆင်ပြီး ဖမ်းမှာသေချာတယ်၊ ကျွန်းမင်းကြီးအိမ်ကို ဟန်ပြခိုးဝင်ပြီးတော့ ရိက္ခာဂိုဒေါင်ကို ဝင်ရမှာပဲ ''

ဟု ပြောလေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊



ကိုရွှေဝန်သည် နောက်တစ်နေ့ ရိက္ခာဂိုဒေါင်၌ အလုပ်ဆင်းသည့်အခါ ရိက္ခာဂိုဒေါင်သို့ရောက်လာသော ထောင်မှူးဘဦးနှင့် ထိပ်တိုက်တိုးလေ၏။

ထောင်မှူးဘဦးသည် ဆီပုံးထမ်းလာသော ကိုရွှေဝန်အား တိုက်မိသလိုဖြစ်သွား၏။ သူသည် ထောင်မှူးဘဦးနှင့် မျက်လုံးချင်းဆုံသောအခါ ပြုံးတုံးတုံးဖြင့် ကြည့်လိုက်လေ၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်၏အကြည့်ကြောင့် စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရ၏။ ထိုသူကိုမြင်ဖူးသလိုသို့ ခံစားရလေ၏

www.burmeseclassic.com



ထောင်မှူးဘဦးသည် ရိက္ခာကိုဒေါင် အပေါ်ဆုံးထပ်တွင်ရှိသော မီးခံသေတ္တာကို လာရောက်စစ်ဆေးပုံရ၏။

ကိုရွှေဝန်သည် ထိုရက်ပိုင်း အတွင်း မီးခံသေတ္တာပြုလုပ်ရန် အတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရလေ၏။

အောင်ပင်လယ်၏အကူအညီဖြင့် ကျွန်းအနောက်တွင် တစ်ကိုယ်တည်းနေထိုင်သော သော့ဝိဇ္ဇာမာတူးနှင့် တွေ့ဆုံရ၏။ သော့ဝိဇ္ဇာမာတူး၌ ပစ္စည်းကိရိယာ အပြည့်အစုံရှိ၏။

ကိုရွှေဝန်သည် မာတူးထံမှ လိုအပ်သောပစ္စည်းများကို ဈေးကြီးပေးဝယ်ယူရ၏။

မာတူးသည် ငွေရလျှင် မည်သည့်အရာကိုမျှ ဂရုမစိုက်သူ ဖြစ်၏။ ထို့ကြောင့် ကိုရွှေဝန်ပေးသောငွေကိုယူ၍

" ဒီအချိန်ကစပြီး ခင်ဗျားနဲ့ပတ်သက်တဲ့ကိစ္စတွေ ကျုပ်အာရုံထဲမှာ မရှိတော့ဘူး၊ နောက်တစ်ကြိမ် ခင်ဗျားနဲ့ကျုပ်ပြန်တွေ့တဲ့အချိန်မှာကျုပ်ဟာ ခင်ဗျားကို သိတော့မှာမဟုတ်ဘူး "

ဟု ပြောလေ၏။

မာတူးသည် ကိုရွှေဝန်နှင့်ပတ်သက်၍ လုံးဝမေ့ပစ်လိုက်မည်ဟု ဆိုခြင်းဖြစ်၏။

ကိုရွှေဝန်သည် မာတူးထံမှ မီးခံသေတ္တာဖွင့်နိုင်မည့် ပစ္စည်းကိရိယာအစုံအလင်ကို ရရှိသောအခါ သူ၏စီမံကိန်းကြီးကို စတင်ရန် ရက်သတ်မှတ်လိုက်၏။

ကိုရွှေဝန်က အောင်ပင်လယ်ကို ကြည့်၍



" လာမဲ့စနေနေ့မှာ ကျုပ်တို့ ပတ္တမြားကြီး အရယူကြမယ်၊ ထောင်မှူးဘဦးနဲ့ ကျွန်းမင်းကြီးကို တစ်ပတ်ရိုက်ချင်တယ်၊ ဒီလူတွေကို ကျုပ် ကောင်းကောင်းကြီး လှည့်စားခဲ့တယ်ဆိုတာ အက်ဒမန်ကျွန်းမှာ စာတင်သွားခဲ့ချင်တယ်၊ ဒါကြောင့် ဒီညမှာပဲ ကျွန်းမင်းကြီးရဲ့ အိမ်ကို ဝင်ပြီးတော့ ကျွန်းလုံခြုံရေးအဖွဲ့ကလူတွေနဲ့ တိုက်ခိုက်မယ် "

ဟု ပြောလေ၏၊ ထိုအခါ အောင်ပင်လယ်က ကိုရွှေဝန်ကို အံ့ဩ တန်ဖြင့် ကြည့်၍

" ရွာစားကြီး... ရှင်တစ်ညတည်း အလုပ်နှစ်ခုလုပ်မလို့လား။ အန္တရာယ်များလွန်းအားကြီးပါတယ် "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က

" အန္တရာယ်ရှိတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ကျွန်းမင်းကြီးကို ကျုပ် ဘာကောင်လဲဆိုတာ ပြရမယ်၊ သူတို့ရဲ့လှည့်ကွက်ထဲကို ကျုပ် ဝင်တယ်လို့ ထင်နေရှာတယ် "

ဟု ပြောလေ၏။ ထိုအခါ အောင်ပင်လယ်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ဒီလိုလုပ်ပါလား၊ ရှင့်ကို ကျွန်မ အကူအညီပေးချင်တယ်၊ အဲဒီညကျရင် ကျွန်းမင်းကြီးရဲ့အိမ်တော်ဝင်ပြီး မွှေနှောက်တဲ့အလုပ်ကို ကျွန်မယူလိုက်မယ် "

ဟု ပြောလေ၏။

ထိုအခါ ကိုရွှေဝန်က သက်ပြင်းချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



'' ဒီကိစ္စမှာ မင်းကို ကျုပ် ကိုယ်ထိလက်ရောက် မပါဝင်စေချင်ဘူး။ ကျုပ်ကို အခုလို အကူအညီပေးတာပဲ ကျေးဇူးတင်လှပါပြီ ''

ဟု ပြောလေ၏။ ထိုအခါ အောင်ပင်လယ်က ကိုရွှေဝန်ကို မျက်စောင်းထိုး၍

'' ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မကူညီချင်တယ်၊ ဒီလောက်တော့ ကူညီခွင့်ပေးပါ၊ ကျွန်မတို့ ဒီဘက်မှာ ကျွန်းမင်းကြီးအိမ်ကို ဝင်မွှေတဲ့အချိန် ရှင်ဟာ ရိက္ခာကိုဒေါင်ကိုသွားပြီး ပတ္တမြားကြီးကို အေးအေးသာသာ ယူလို့ရတယ်၊ ဒါဆိုရင် ထောင်မှူးဘဦးတို့လူစုကို ကောင်းကောင်း အရှုးလုပ်နိုင်တော့မယ် ''

ဟု ပြောလေ၏။

ကိုရွှေဝန်က အတန်ကြာအောင် စဉ်းစားပြီး

'' ကျုပ်ကတော့ ဒီကိစ္စကို သဘောမတူဘူး။ ဘာကြောင့်လဲဆိုတော့ ထောင်မှူးဘဦးတို့လူစုဟာ ကျုပ်ကို အမိဖမ်းဖို့ ကြိုးစားနေတယ်၊ ဒီတစ်ကြိမ် ကျွန်းမင်းကြီးအိမ်ကိုဝင်ရခြင်းဟာ တကယ့်အန္တရာယ်တွင်းထဲဝင်ရသလိုပဲ၊ မှားယွင်းမှုတစ်ခုဖြစ်သွားရင် အသက်ပေးရလိမ့်မယ် ''

ဟု ပြောလေ၏။

အောင်ပင်လယ်က ခေါင်းခါယမ်း၍

'' ရှာစားကြီးကို ကျွန်မပြောထားပြီးပါပြီ၊ ကျွန်မ သေရမှာ မကြောက်ပါဘူး။ လောကမှာ ကျွန်မလိုချင်တာတွေအားလုံးဖြစ်ပြီးရင် ရှင့်လိုပဲ ကျွန်မ စွန့်စားခန်းဝင်ကြည့်ချင်တယ် ''

ဟု ပြောလေ၏။



ကိုရွှေဝန်သည် ခေါင်းမာလှသော အောင်ပင်လယ်ကို တားဆီးမရသဖြင့် လက်လျှော့လိုက်ကာ

'' ဒီကိစ္စမှာ ကျုပ်လုံးဝသဘောမတူဘူး။ ဒါပေမဲ့ မင်းကို ဘယ်လိုမှ တားလို့မရဘူးဆိုတာ ကျုပ်သိတယ်၊ သတိ၊ ဝီရိယထားပြီးတော့လုပ်ပေတော့ ''

ဟု ပြောလေ၏။

⁔ ⁔ ⁔

[illegible]

[illegible]

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သို့မရောက်မီ အက်ဒမန်ကျွန်း၌ ထူးခြားသောဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့လေ၏။ ထိုဖြစ်ရပ်များမှာ ထောင်မှူးဘဦး၏ချစ်သူ တင်တင်ရီမှာ ဓါးထိုးခံရပြီး သေဆုံးရရှာ၏။

တင်တင်ရီကို ဓါးဖြင့်ထိုးသွားသူမှာ သူတောင်းစားဖြစ်၏။ ထိုသူတောင်းစားသည် အက်ဒမန်ကျွန်း၌ သူမ လိုချင်သောသတင်းများကို ပေးပို့ပေးနေသူဖြစ်၏။

သူတောင်းစားမှာလည်း တင်တင်ရီကို ဓါးဖြင့်ထိုးပြီး နာရီပိုင်း အတွင်း ကျွန်းလုံခြုံရေးတပ်သားများ၏ ဂျစ်ကားနှင့် အတိုက်ခံရပြီး အသက်ဆုံးရရှာ၏။





မှုခင်းဖြစ်ပွားပုံမှာ သူတောင်းစားသည် ထုံးစံအတိုင်း အက်ဒမန် ကျွန်းနှင့် ပတ်သက်သောသတင်းများကိုသိရန်အတွက် တင်တင်ရီ၏ဆိုင် သို့ အရက်တက်အချိန်၌ ရောက်ရှိလာ၏။

ထိုအချိန်တွင် တင်တင်ရီမှာ အိပ်ရာမှမနိုးသေးဘဲ အိပ်မက်မက် ပြီး အိပ်ကောင်းနေဆဲဖြစ်၏။ သူတောင်းစားသည် တင်တင်ရီ၏ ဆိုင် အနောက်မှ တိတ်တခိုး ဝင်ရောက်သွားပြီး အိပ်မောကျနေသော တင်တင်ရီကို မြင်တွေ့ရ၏။

တင်တင်ရီသည် အဝတ်အစား ကပိုကရိုနှင့် အိပ်ပျော်နေပြီး သူတောင်းစားမှာ သူမ၏ အလှရတနာများကို ကြည့်ရှုရင်း ရင်ထဲတွင် တသိမ့်သိမ့်လှိုက်ဖိုလာ၏။

နောက်ဆုံးတွင် စိတ်မထိန်းနိုင်တော့ဘဲ တင်တင်ရီအား အဓမ္မပြု ကျင့်ရန် ကြိုးစားနေတော့၏။ တင်တင်ရီသည် အက်ဒမန်ကျွန်း၌ ကျွန်းကြီးသားတို့ စွဲလမ်းတမ်းတရသော ထိပ်တန်းအလှမယ်တစ်ဦး ဖြစ်၏။

သူမကဲ့သို့ မင်းကြိုက်စိုးကြိုက် အလှမယ်မတစ်ယောက်အား သူတောင်းစားက အဓမ္မပြုကျင့်သောအခါ တင်တင်ရီသည် မခံမရပ်နိုင် ဖြစ်ပြီး ခုတင်အောက်ရှိဓါးဖြင့် သူတောင်းစား၏ရင်ဝအား ထိုးစိုက်လိုက် ၏။

သူတောင်းစားသည် သတိကြီးစွာထား၍ ရှောင်တိမ်းလိုက်နိုင် ပြီး

" ကောင်မ... ထောင်မှူးဘဦးလို လူယုတ်မာနဲ့ကျတော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျ အသုံးတော်ခံတယ်၊ ဒါလိုသူတောင်းစားကိုကျတော့ မတူမတန်ဘူးဆိုပြီးတော့ နှိမ်ချင်တယ်ပေါ့၊ ဒီလောက်တောင် အတန်းအစား ခွဲချင်တဲ့ကောင်မ၊ သေပေတော့ ''

ဟု ဆိုကာ သူတောင်းစားက တင်တင်ရီ၏လက်ထဲမှဓါးကိုလု၍ သူမ၏ဗိုက်သို့ ထိုးစိုက်လိုက်၏။

တင်တင်ရီသည် တစ်ချက်တည်း နာကျင်စွာ အော်ဟစ်ပြီး အသက်ထွက်သွားလေ၏။

သူတောင်းစားသည် တင်တင်ရီသေဆုံးသောအခါ သူမ၏အိမ်အနောက်ဘက်မှ ကမ္ဘူးရှူးထိုးပြေးထွက်ခဲ့၏။

ထိုလမ်းပေါ်တွင် ကျွန်းလုံခြုံရေးတပ်သားများ၏ ကင်းလှည့်လာသော ဂျစ်ကားသည် သူတောင်းစားကို မသင်္ကာဖြစ်ပြီး နောက်မှလိုက်လေ၏။

သူတောင်းစားသည် ပြေးရင်းလွှားရင်း ဝမ်းလျားမှောက်လဲကာ ထိုနေ့က သူတောင်းစားလည်း ဂျစ်ကားဖြင့်တိုက်မိပြီး ပွဲချင်းပြီး သေဆုံးခဲ့ရ၏။

ထိုရက်ပိုင်းအတွင်း ထူးခြားသော ဖြစ်ရပ်တစ်ခုလည်း ကျန်ရှိနေ၏။ ထိုဖြစ်ရပ်မှာ အက်ဒမန်ကျွန်း၏ အလုပ်ထိပ်ခေါင်တစ်ဦးဖြစ်သော မသီတာသည် သူမ၏ လက်ဖက်ရည်ဆိုင်ကိုပိတ်၍ တရားဓမ္မအားကျင့်ကြံရန်အလို့ငှာ သီလရှင်ဘဝသို့ ပြောင်းလဲသွားလေ၏။

မသီတာကို တိတ်တစိုးနှင့် ကြိတ်ပိုးပိုးနေရသော ပုရိသအပေါင်းတို့မှာ နှမြောတမ်းတခြင်းကြီးစွာဖြင့် ကျန်ရစ်ခဲ့ရရှာ၏။





မသီတာ အဘယ်ကြောင့် အလျင်စလို သီလရှင်ဝတ်သွားရခြင်းကို ညည်သူမျှ တွေးဆနိုင်ခြင်းမရှိချေ။ တချို့က မသီတာသည် ထောင်မှူးဘဦးတို့ ကြောက်ရွံ့၍ သီလရှင်ဝတ်သွားသည်ဟု ဆို၏။

အချို့ကလည်း မသီတာမှာ လူ့ဘောင်လောကကို ငြီးငွေ့၍ အေးအေးချမ်းချမ်း နေထိုင်လိုသောကြောင့် သီလရှင်ဝတ်ခြင်းဟု ဆို၏။

မည်သို့ပင်ဖြစ်စေ မသီတာ သီလရှင်ဝတ်သွားခြင်းနှင့်ပတ်သက်၍ အက်ဒမန်ကျွန်းပေါ်ရှိ လူသားများအားလုံး မည်သူမျှ တိတိကျကျ မပြောဆိုနိုင်ကြချေ။

မသီတာ၏ ဦးလေးတော်သူ ထောင်ပိုင်ကြီးကမူ

'' ငါ့တူမက အက်ဒမန်ကျွန်းမှာ တစ်ဦးတည်းသော သီလရှင်မအစ်ယောက်ပဲ ''

လို့ ဆိုကာ ဝမ်းမြောက်ဂုဏ်ယူနေလေတော့၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည သန်းခေါင်ယံအချိန်သို့ရောက်သောအခါ ကိုရွှေဝန်နှင့် အောင်ပင်လယ်သည် လူစုခွဲ၍ အိမ်မှထွက်ခွာရန် ပြင်ဆင်ကြလေ၏။

ကိုရွှေဝန်က အောင်ပင်လယ်ကိုကြည့်၍

" သတိထားပါ အောင်ပင်လယ်၊ တကယ်တော့ ကျွန်းမင်းကြီး အိမ်ကို မင်းကို လုံးဝမသွားစေချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ထောင်မှူးဘဦးတို့အဖွဲ့ဟာ ကျုပ်ကို လက်ရဖမ်းလို့မရရင် အသေသတ်ဖို့ ကြံရွယ်ထားပုံရတယ်၊ ကျွန်းမင်းကြီးအိမ်ကိုသွားရင် ကျုပ်ကိုယ်စား ကျွန်းလုံခြုံရေး တပ်သားတွေလက်ထဲမှာ အသေခံသလို ဖြစ်နေမှာ စိုးရိမ်မိတယ် "

ဟု ပြောလေ၏။



ထိုအခါ အောင်ပင်လယ်က ကိုရွှေဝန်၏ပုခုံးကို ဖက်၍

" ရှင့်ကို ကျွန်မပြောခဲ့ပြီးပါပြီ၊ ကျွန်မဘဝမှာ အရာရာပြည့်စုံပါပြီ ဘာမှမလိုတော့ဘူး။ ကျွန်မဘဝမှာ လောလောဆယ်လိုနေတာ တစ်ခုပဲ ရှိတယ်၊ အဲဒါက စွန့်စားခန်းဖွင့်ဖို့ပဲ "

ဟု ပြောလေ၏။

ထို့နောက် အောင်ပင်လယ်သည် သူ၏ လက်ရွေးစင်လူသုံးယောက်နဲ့အတူ ကျွန်းမင်းကြီး၏အိမ်တော်ရှိရာသို့ ထွက်ခွာသွားလေ၏။

ကိုရွှေဝန်သည် အောင်ပင်လယ်တို့လူစုနှင့်ကွဲ၍ ရိက္ခာဂိုဒေါင်ရှိရာသို့ ထွက်ခဲ့လေ၏။

အောင်ပင်လယ်တို့လူစုသည် ကျွန်းမင်းကြီး၏ အိမ်တော်အတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ပြီး ကျွန်းလုံခြုံရေး တပ်သားများအား အမျိုးမျိုးနှောင့်ယှက်လေ၏။

ရင်းတို့သည် မှောင်ရိပ်ခိုပြီး ကျွန်းလုံခြုံရေးတပ်သားသုံးဦးကို မြေပေါ်သို့လဲကျအောင် လှဲသိပ်နိုင်ခဲ့၏။

တစ်ချိတွင် အရက်သောက်နေသော ကျွန်းလုံခြုံရေးတပ်သားတစ်ဦးက အောင်ပင်လယ်တို့ကို မြင်တွေ့သွားပြီး သေနတ်ဖြင့် တဒိုင်းဒိုင်း ပစ်ဖေါက်လေ၏။

ထိုအချိန်တွင် ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏အိမ်တော်ခြံဝင်းလေးအတွင်းရှိ အိမ်ငယ်လေး၌ မိန်းမတစ်ဦးနှင့် ပျော်မြူးနေခြင်းဖြစ်၏။

www.burmeseclassic.com



ထောင်မှူးဘဦးသည် မိန်းမအား ဆောင့်တွန်းလိုက်ပြီး အကျီကို ကမန်းကတန်းဝတ်၍ သေနတ်ကိုဆွဲကာ ပြေးထွက်ခဲ့၏။

ထိုအခါ ကျွန်းလုံခြုံရေးတပ်သားများက ကိုရွှေစန်နှင့် အပေါင်းပါများ ဥယျာဉ် အဝတွင်းသို့ ရောက်ရှိနေကြောင်း သတင်းပို့ကြ၏။

ထောင်မှူးဘဦးက ဂုဏ်ယူစွာပြုံးလိုက်ပြီး

'' ဒီကောင်ဟာ ငါးရှဉ့်လို ဖမ်းရခက်တယ်၊ ဒါကြောင့် သူ့ကို အရှင်ဖမ်းဖို့ မကြိုးစားနဲ့တော့၊ အသေသာဖမ်းဆီးဖို့ ပြင်ပေတော့ ''

ဟု ဆိုကာ အောင်ပင်လယ်တို့လူစုအား တိုက်ခိုက်ရန် ညွှန်ကြားလိုက်လေ၏။

လုံခြုံရေးတပ်သားများသည် ဥယျာဉ်တော်အတွင်း၌ အောင်ပင်လယ်တို့လူစုကို လှည့်လည်ရှာဖွေလေ၏။

အောင်ပင်လယ်သည် ကျွန်းမင်းကြီး၏အိမ်တော်အတွင်း ရှုတ်ရှုတ်သဲသဲဖြစ်အောင် ရည်ရွယ်ပြီး ပြုလုပ်ခြင်းဖြစ်၏။ သို့မှသာလျှင် ကိုရွှေစန်တစ်ယောက် ရိက္ခာကိုဒေါင်၌ ပတ္တမြားကြီးကို အေးအေးချမ်းချမ်း ရယူနိုင်မည်ဖြစ်၏။

အောင်ပင်လယ်တို့လူစုသည် ကျွန်းမင်းကြီး၏ ဥယျာဉ်တော် အတွင်း သေနတ်သံတဒိုင်းဒိုင်းဖြင့် ဆူညံပွက်အောင်ပြုလုပ်နိုင်၏။ ကျွန်းမင်းကြီးကိုယ်တိုင် သေနတ်တစ်လက်ကိုဆွဲကာ ဥယျာဉ်တော် အတွင်းသို့ ဆင်းလာ၏။

အောင်ပင်လယ်က သူမ၏ရည်ရွယ်ချက် အထမြောက်သွားပြီ ဖြစ်သဖြင့် သူမ၏လူယုံသုံးယောက်အား အုတ်တံတိုင်းအတွင်းမှ ပြန်





ထွက်ရန် အမိန့်ပေးလိုက်၏။

လူယုံသုံးဦးသည် အုတ်တံတိုင်းခြံစည်းရိုးမှ အောက်သို့ကျော်ပြီး ခုန်ချလိုက်၏။

ကျန်လူယုံတစ်ဦးမှာ အုတ်တံတိုင်းပေါ်သို့ တက်နေစဉ် ကျွန်းလုံခြုံရေးတပ်သားများ၏ သေနတ်ကျည်ဆန်ထိမှန်ပြီး အောက်သို့ ပြုတ်ကျသွား၏။

အောင်ပင်လယ်သည် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးလျှင် လွတ်မြောက်နိုင်သော်လည်း သူ၏လူယုံအား ပြေးပွေ့ရန် ကြိုးစား၏။

သို့သော် ထိုလူမှာ အခြေအနေမကောင်းတော့ဘဲ အောင်ပင်လယ်၏ လက်ထဲမှာပင် အသက်ထွက်သွား၏။

အောင်ပင်လယ်သည် ထိုအခါမှပင် အုတ်တံတိုင်းကို ကျော်လွှား၍ အပြင်ဘက် အမှောင်ထု ရှိရာသို့ ခုန်ချလိုက်၏။

သူသည် မြေပြင်သို့ရောက်သည်နှင့် အစွမ်းကုန်ပြေးလွှားသွားလေ၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ မီးမောင်းကြီးလင်းထိန်သွားပြီး ထောင်မှူးဘဦးသည် နှစ်လုံးပြူးသေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်လေ၏။

အောင်ပင်လယ်သည် မမျှော်လင့်ဘဲ အလစ်အဝိုက်မိသွားသဖြင့် သူ၏ခန္ဓာကိုယ်ပေါ်သို့ ကျည်ဆန်များ တဒေါင့်ပြီးတဒေါင့်ဝင်လာပြီး မြေပြင်ပေါ်သို့ လဲကျသွားလေ၏။

ထောင်မှူးဘဦးက အလွန်ကျေနပ်အားရသွားပြီး တဟားဟား

ရယ်မောလိုက်၏။ ထို့နောက် အောင်ပင်လယ်ကို ကိုရွှေဝန်ဟု ထင်မှတ်ကာ မျက်နှာပေါ်မှ မျက်နှာဖုံးကို ချွတ်လိုက်၏။

သို့သော် မျက်နှာဖုံးအောက်တွင် မြင်ရသောမျက်နှာမှာ ကိုရွှေဝန်မဟုတ်ဘဲ အောင်ပင်လယ်ဖြစ်နေသဖြင့် ထောင်မှူးဘဦးသည် ပါးစပ် အဟောင်းသားဖြစ်သွားပြီး မိမိမျက်လုံးကိုပင် မိမိမယုံနိုင်အောင် ဖြစ်သွား၏။

✿ ✿ ✿

## ယုန်အိမ် ကျွန်မျိုးတော

အခုတ်(၇) မျက်နှာစာတန်း ကျီးညွှန်းလမ်း ကျောက်မြောင်းရွာ တသွေး



ထိုအချိန်တွင် ရိက္ခာကိုဒေါင်ထဲတွင်ရှိသော ရွာစားကြီးမှာ မီးခံသေတ္တာကြီးကို တဖြည်းဖြည်းဖွင့်နိုင်ရန် ကြိုးစားလေ၏။ ရွာစားကြီး ေခါ် ကိုရွှေဝန်၌ မီးခံ သေတ္တာဖွင့်ရန် ပစ္စည်းကိရိယာမျိုးစုံပါ၏။

သူသည် ကျွန်းမင်းကြီးအိမ်မှ သေနတ်ပစ်သံများကို ကြားရ၏။ အောင်ပင်လယ်နှင့် အပေါင်းအပါများအတွက် စိုးရိမ်မိသော်လည်း မီးခံသေတ္တာကိုဖွင့်ရန် အရေးကြီးနေသဖြင့် သေနတ်သံများကို မေ့ထားလိုက်၏။

ကိုရွှေဝန်သည် အတန်ကြာအောင်ဖွင့်ပြီးနောက် မီးခံသေတ္တာ ပွင့်သွားလေ၏။

www.burmeseclassic.com



မီးခံသေတ္တာအတွင်းသို့ လက်နှိပ်ဓါတ်မီးဖြင့်ထိုးကြည့် လိုက်သောအခါ နီညိုရောင်ကတ္တီပါအိတ်ကို တွေ့ရလေ၏။

ကိုရွှေဝန်သည် တုန်ရင်သောလက်များဖြင့် ကတ္တီပါအိတ်ကို ဖွင့်ကြည့်လိုက်ရာ အိတ်ထဲတွင် အရောင်တဝင်းဝင်းလက်နေသော ပတ္တမြားကြီးကို တွေ့ရလေ၏။

ကိုရွှေဝန်သည် ပတ္တမြားကြီးကိုကြည့်၍ အားပါးတရ ပြုံးလိုက်လေတော့၏။

ထောင်မှူးဘဦး မိမိကို ရှုံးနိမ့်သွားချေပြီ။ ထောင်မှူးဘဦး နှင့် မိမိပြိုင်ဆိုင်သောပွဲတွင် အပြတ်အသတ် အနိုင်ရသွားသဖြင့် ကျေနပ်နေမိ၏။

ရွာစားကြီးသည် မီးခံသေတ္တာကြီးကို ခြေရာလက်ရာမပျက် ပြန်ပိတ်လိုက်ပြီး အခန်းထဲမှ ပြန်ထွက်ခဲ့၏။ သူသည် ရိက္ခာဂိုဒေါင်ကြီး၏ အပြီးအပိုင်မထွက်သေးဘဲ ဂိုဒေါင်နောက်ရှိ အခန်းတစ်ခန်းသို့သွားလေ၏။

ထိုအခန်း၌ ထင်းရှူးသေတ္တာပုံးများ အစီအရီရှိနေ၏။ ရွာစားကြီးသည် လက်နှိပ်ဓါတ်မီးငယ်ဖြင့် လိုက်လံကြည့်ရှုပြီး ''လောရည်ကော့သောင်းမြို့'' ဟု ရေးသားထားသော ထင်းရှူးသေတ္တာ၏အနီး၌ ဒူး ထောက် ထိုင်ချလိုက်၏။

ထို့နောက် ထင်းရှူးသေတ္တာအတွင်း၌ ငါးပုပ်ခြောက်ပြားကြီးများ ရှိ၏။

ရွာစားကြီးသည် ငါးပုပ်ခြောက်ပြားကြီးများ၏အလယ်တွင်



ပတ္တမြားကြီးကို ထည့်လိုက်၏။

ထို့နောက် ထင်းရှူးသေတ္တာကြီးကို သေချာစွာ ပြန်ပိတ်လိုက်လေ၏။ ပြီးနောက် ရိက္ခာဂိုဒေါင်မှ အစောင့်များ၏ အရိပ်အခြေကိုကြည့်၍ တိတ်တဆိတ် ပြန်လည်ထွက်ခွာနိုင်ခဲ့၏။

ထိုအချိန်မှစ၍ ကိုရွှေဝန်၏စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးသွားပြီး မိမိ တာဝန်ဝတ္တရားများ ပြီးဆုံးသွားပြီဟု ခံစားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အောင်ပင်လယ်ရှိရာသို့ မပြန်တော့ဘဲ ကျွန်းအနောက်ပိုင်းရှိ ဆင်းရဲသားများ ဝင်ထွက်သွားလာတတ်သော တဲအိမ်ငယ်လေးများရှိရာသို့ ထွက်ခဲ့၏။

ထိုတဲအိမ်ငယ်လေးများ၌ အရက်နှင့် မကောင်းသောမိန်းမများရှိ၏။ သူသည် တဲအိမ်လေးတစ်အိမ်ရှေ့သို့သွား၍ တံခါးခေါက်လိုက်သောအခါ အိမ်အတွင်းမှ အသက်နှစ်ဆယ်ဝန်းကျင်ရှိ မိန်းကလေးတစ်ဦး ထွက်လာ၏။

သူမသည် အသားအလွန်မည်းကြီး ရုပ်ရည်သနားကမားရှိ၏။ သူမက ကိုရွှေဝန်ကို မြင်သောအခါ

" ရှင် ဒီည အနားယူမလို့ မဟုတ်လား။ ကျွန်မနာမည် မိမိုးလို့



ခေါ်တယ်၊ ဒီတဲအိမ်စုလေးမှာတော့ ကျွန်မဟာ အချောဆုံး

ဟု ဆိုကာ ရွာစားကြီးအား သူမ၏တဲအိမ်လေးအတွင်း တစ်ခါက ခေါ်လိုက်လေ၏။

ထိုအခါ ရွာစားကြီးက လက်ကာပြ၍

" ငါ ဒီည ဒီမှာအိပ်မှာတော့ ဟုတ်တယ်၊ ဒါပေမဲ့ မင်းနဲ့တော့ မအိပ်ချင်ဘူး၊ ငါ့ဘာသာတစ်ယောက်တည်း အေးအေးချမ်းချမ်း အိပ်ချင်တယ် "

ဟု ပြောလေရာ မိမိုးဆိုသောမိန်းကလေးသည် နှုတ်ခမ်းစူလိုက်ပြီး

" အိပ်အိပ် မအိပ်အိပ် ဒီရောက်ရင်တော့ ရှင် ကျွန်မကို ပိုက်ဆံပေးရမှာပဲ "

ဟု ပြောလေရာ ရွာစားကြီးက

" ပိုက်ဆံအတွက်တော့မပူနဲ့၊ လောလောဆယ် ငါ အေးအေးဆေးဆေး အနားယူချင်လို့ပြီ "

ဟု ပြောလေ၏။ ထိုအခါ မိမိုးက ရွာစားကြီးအိပ်စက်ရန် တဲအိမ်လေး၏ အနောက်ဘက်အခန်းသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်းထဲ၌ ဖျာ့ယာနှင့် ညစ်စုတ်စုတ်ခေါင်းအုံးတစ်လုံးရှိ၏။ ကိုရွှေဝန်သည် ဖျာ့ရာပေါ်တွင် လှဲချလိုက်ပြီး ခနောက်ယ်တစ်ခုသို့ အကြောများကို လျော့ထားလိုက်လေ၏။

၁ ၁ ၁

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမင်းကြီးနှင့် ထောင်မှူးဘဦးသည် ၎င်းတို့ပစ်ခတ်ဖမ်းဆီးထားသော အောင်ပင်လယ်ကိုကြည့်၍ ကြံစည်ရခက်လေ၏။

အောင်ပင်လယ်သည် မိန်းမလျာတစ်ဦးဖြစ်သော်လည်း ကျွန်းပေါ်၌ ဩဇာအာဏာအရှိဆုံး ဒုစရိုက်သမားတစ်ဦးဖြစ်၏။

အောင်ပင်လယ်သည် အဘယ်ကြောင့် ကျွန်းမင်းကြီး၏ အိမ်တော်သို့ ဝင်ရောက်တိုက်ခိုက် သနည်း။

ကျွန်းမင်းကြီးသည် အောင်ပင်လယ်၏အလောင်းကို ကြည့်၍

" ဒီမိန်းမလျာက ဘာဖြစ်လို့ ကျုပ်ရဲအိမ်တော်ကို ဝင်ရောက်တိုက်ခိုက်ရတာလဲ၊ မိန်းမလျာနဲ့ ရွှေဝန်ဆိုတဲ့ကောင်က တကြိတ်တည်းတညာဏ်တည်းလား "



ဟု မေးမြန်းလေ၏။

ကျွန်းမင်းကြီး၏စကားကြောင့် ထောင်မှူးဘဦးသည် တစ်ခါက မိန်းမလျာ အောင်ပင်လယ်ကျူးလွန်ခဲ့သော လူသတ်မှုကို ပြန်လည်သတိရလိုက်၏။

ထိုလူသတ်မှု၏ အဓိကသက်သေမှာ ကိုရွှေဝန်ဖြစ်၏။ ကိုရွှေဝန်သည် မိန်းမလျာအောင်ပင်လယ်အား လူသတ်မှုနှင့် ကြိုးစင်တက်ရမည့်ဘေးမှ ကာကွယ်ခဲ့ဖူး၏။

ထို့ကြောင့် ကိုရွှေဝန်နှင့်အောင်ပင်လယ်သည် တကြိတ်တည်းတညာဏ်တည်းဖြစ်နိုင်၏။ ထောင်မှူးဘဦးသည် ထိုအကြောင်းကိုတွေးပြီး အလွန်ထိတ်လန့်သွားခဲ့၏။

" ဒီမှာ ကျွန်းမင်းကြီး... ကိုရွှေဝန်ပျောက်နေတာ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဒီကောင် ဘယ်ရောက်နေလဲ၊ ရိက္ခာဂိုဒေါင်များ ရောက်နေသလား "

ဟု ရေရွတ်ကာ ကျွန်းမင်းကြီးသည် မျက်လုံးပြူးသွား၏။

ထို့နောက် ကျွန်းမင်းကြီးနှင့် ထောင်မှူးဘဦးသည် ဂျစ်ကားပေါ်သို့ ကမန်းကတန်း ပြေးတက်၍ ရိက္ခာဂိုဒေါင်ဘက်သို့ မောင်းနှင်ခဲ့၏။

၎င်းတို့သည် ကားကို တရကြမ်းမောင်းနှင်လာပြီး ရိက္ခာဂိုဒေါင်ရှေ့တွင် ကားကိုရပ်လိုက်၏။

ထိုအခါ ရိက္ခာဂိုဒေါင်ရှိ အစောင့်များသည် ညကြီးအချိန်မတော် ရောက်ရှိလာသော ကျွန်းမင်းကြီးနှင့် ထောင်မှူးဘဦးကို တအံ့တဩ ကြည့်ရှုနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးက ကျယ်လောင်သောလေသံဖြင့်

" ဟေ့ကောင်တွေ... ဘာကြောင့်ကြည့်နေတာလဲ၊ ဂိုဒေါင်မှာရှိတဲ့ မီးတွေ အကုန်ဖွင့်လိုက်စမ်း "

ဟု အော်ဟစ်လိုက်လေ၏။

ထို့နောက် ကျွန်းမင်းကြီးနှင့်အတူ ရိက္ခာဂိုဒေါင်အပေါ်ဆုံးထပ်သို့ ပြေးတက်ခဲ့၏။

အပေါ်ထပ်ရှိ ကျွန်းလုံခြုံရေးတပ်သားများ၏ စာရွက် စာတမ်းများထားရှိသော အခန်းသို့ရောက်သောအခါ တံခါးကိုဖွင့်၍ မီးခံသေတ္တာရှိရာသို့ အပြေးအလွှားရောက်သွားကြ၏။

ကျွန်းမင်းကြီးသည် မီးခံသေတ္တာကြီး ခြေရာလက်ရာမပျက်ရှိနေသဖြင့် အနည်းငယ် စိတ်အေးသွား၏။ ကျွန်းမင်းကြီးသည် မီးခံသေတ္တာ၏ လျှို့ဝှက်နံပါတ်များကို တုန်ရင်သောလက်တို့ဖြင့် ကမန်းကတန်း နှိပ်လိုက်၏။

ခဏကြာလျှင် မီးခံသေတ္တာကြီးသည် ကျွီခနဲမြည်၍ ပွင့်သွားလေ၏။ ထိုအခါ မီးခံသေတ္တာထဲတွင် မြင်ရသောမြင်ကွင်းကြောင့် ကျွန်းမင်းကြီးသည် အထိတ်တလန့်ဖြစ်ပြီး

" ဟာ... ပတ္တမြားကြီးမရှိတော့ဘူး၊ မရှိတော့ဘူး "

ဟု အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်လိုက်လေ၏။

ထောင်မှူးဘဦးသည် ကျွန်းမင်းကြီး၏စကားကြောင့် မျက်လုံးထဲတွင် ပြာခနဲဖြစ်သွားပြီး သူ၏ခေါင်းကို ဆယ်ပေါင်တူနှင့်ထုစီသားရသလို ခံစားမိ၏။





ကိုရွှေဝန်နှင့်ယှဉ်ပြိုင်သော ပြိုင်ပွဲ၌ မိမိ အရှုံးကြီး ရှုံးနိမ့်သွားရေးပြီ။ ထောင်မှူးဘဦးသည် ကျွန်းမင်းကြီးနှင့် မည်သို့မည်ပုံ လမ်းခွဲထွက်လာမှန်း မသိတော့ချေ။

သူသည် မျက်လုံးထဲတွင် မည်သည့်အရာကိုမျှ မမြင်တော့ဘဲ ကိုရွှေဝန်နှင့် ယှဉ်ပြိုင်ခဲ့ပုံကိုသာ မြင်ယောင်နေမိ၏။ ကိုရွှေဝန်နှင့်မိမိ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်ပင် မသိစိတ်၌ ကိုရွှေဝန်ကပင် အနိုင်ရမည်ဟု ထင်မြင်နေခဲ့၏။

ယခု မိမိထင်မြင်သည့်အတိုင်းပင် ကိုရွှေဝန်က အနိုင်ရရှိသွားလေပြီ။

ꩤꩤꩤ

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် အရက်များကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်လိုက်ပြီး ကုန်သောအခါ ပုလင်းကို နံရံသို့ပစ်ပေါက်လိုက်၏။

“ ကိုရွှေဝန်... ကိုရွှေဝန်၊ ခင်ဗျား သိပ်တော်တယ်၊ ခင်ဗျားက အင်မတန်ဉာဏ်ကောင်းတဲ့သူတစ်ယောက်ပဲ၊ လူတကာကို ခင်ဗျား ယှဉ်ပြိုင်ပြီး အနိုင်ရနိုင်တယ်၊ သူများမလုပ်နိုင်တဲ့အလုပ်တွေကို ခင်ဗျား လုပ်ပြနိုင်တယ်၊ ကျုပ်တို့ကတော့ ခင်ဗျားကိုလှည့်စားနိုင်တယ်ထင်ပြီး ဂုဏ်ယူနေမိတယ်၊ နောက်ဆုံးတော့ ခင်ဗျားက ကျုပ်တို့ကို လှည့်စားသွားတာပါလား။ ခင်ဗျားသိပ်တော်တယ် ကိုရွှေဝန်၊ ခင်ဗျားကို ကျုပ် လိုက်လိုက်လှဲလှဲကြီး ချီးကျူးပါတယ်၊ ခင်ဗျားဟာ အကြားအမြင်များရနေသလားဗျာ၊ ကျွန်းပေါ်မှာ ဘယ်သူမှမရိပ်မိနိုင်တဲ့ အင်မတန် ညစ်ပတ်





စုတ်ချာတဲ့ ရိက္ခာကိုဒေါင်ကြီးမှာ ပတ္တမြားကြီးကို သွားထားတာတောင် ခင်ဗျား သိဖြစ်အောင်သိလိုက်သေးတယ်နော်၊ ရိက္ခာကိုဒေါင်ထဲမှာရှိတဲ့ ပတ္တမြားကို ခင်ဗျားဘယ်လိုလုပ်သိလဲ၊ ပြောစမ်းပါ ကိုရွှေဝန်၊ ကျုပ် သိချင်လိုက်တာ၊ ရိက္ခာကိုဒေါင်ထဲမှာ လျှို့ဝှက်ပြီးထားတဲ့ ပတ္တမြားကို ခင်ဗျား ဘယ်လိုလုပ်သိသွားတာလဲ၊ ဩော်... ဒါကြောင့် ကျွန်းမင်းကြီးရဲ့ အိမ်တော်ထဲကို ခင်ဗျား ကိုယ်ယောင်ပြပြီး အကြိမ်ကြိမ် ကျူးကျော်ဝင်ရောက်နေတာကိုး၊ အဲဒီအချိန်ကတည်းက ကျုပ်စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားတာ တစ်ခုရှိတယ်၊ အဲဒါကတော့ ကျွန်းမင်းကြီးအိမ်တော်ကို ခင်ဗျား ဝင်မယ်ဆို ဝင်လို့ရတယ်၊ ဒါပေမဲ့ ခင်ဗျား အကြိမ်ကြိမ်ဝင်ပြီး ကျူးကျော်နေတဲ့ပုံက ဟန်ဆောင်ပြီးကျူးကျော်ဝင်ရောက်နေတဲ့ပုံစံဖြစ်နေတယ်၊ ခင်ဗျားသိပ်တော်တယ် ကိုရွှေဝန်၊ ဒါကြောင့်လည်း အက်ဒမန်ကျွန်းရဲ့ ရာဇဝင်မှာ စာတင်လောက်အောင် နာမည်ကြီးနေတာကိုး ”

ထောင်မှူးဘဦးသည် ကိုရွှေဝန်နှင့်ပတ်သက်သည့် အကြောင်းများကို တွေးတောရင်း တဟားဟားရယ်မောလေ၏။

ထို့နောက် ရင်ထဲတွင်နာကျင်လာပြီး အရက်များ တစ်ခွက်ပြီး တစ်ခွက်သောက်ကာ စားပွဲပေါ်မှ ပြိုလဲကျသွား၏။

ထောင်မှူးဘဦး အိပ်ရာမှနိုးလာသောအခါ ရိက္ခာကိုဒေါင်၌ လျှို့ဝှက်ထားသော ပတ္တမြားကြီးကို ကိုရွှေဝန် မည်သို့သိသွားသနည်းဟု တွေးတောနေပြန်၏။

ထိုသို့တွေးတောရင်း ရိက္ခာကိုဒေါင်၌ သစ္စာဖောက်ရှိနေပြီဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



မြင်နေမိ၏။

သို့သော် သစ္စာဖောက်ရှိနေသည့်တိုင်အောင် ၎င်းတို့ လျှို့ဝှက်စွာ သိမ်းဆည်းထားသော ပတ္တမြားကြီးကို မည်သူက သိရှိနိုင်မည်နည်း။

ထောင်မှူးဘဦးသည် မရေမရာဖြစ်နေသောအဖြေကို သိချင်နေသောကြောင့် ဂျစ်ကားပေါ်သို့တက်၍ ရိက္ခာဂိုဒေါင်ရှိရာသို့ မောင်းထွက်ခဲ့လေ၏။

ရိက္ခာဂိုဒေါင်သို့ရောက်သောအခါ ဂိုဒေါင်မှူးကိုခေါ်ယူ၍

" အခုရက်ပိုင်းအတွင်းမှာ ခင်ဗျားတို့ရိက္ခာဂိုဒေါင်ကို အလုပ်သမားအသစ် ဝင်ထွက်သေးလား "

ဟု မေးမြန်းလေ၏။

ထိုအခါ ရိက္ခာဂိုဒေါင်မှူးက ခေါင်းညိတ်၍

" အလုပ်သမားအသစ်တွေကတော့ အမြဲအဝင်အထွက်ရှိပါတယ်၊ ထောင်မှူး ဘာကိုသိချင်တာလဲ "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ထောင်မှူးဘဦးက မိမိတွင်ရှိသော ကိုရွှေဝန်၏ဓါတ်ပုံကိုပြ၍

" ခင်ဗျား ဒီလူကိုမြင်ဖူးသလား "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဂိုဒေါင်မှူးသည် ကိုရွှေဝန်၏ မျက်နှာကို သေသေချာချာကြည့်၍

" ဒီလူဟာ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက ရိက္ခာဂိုဒေါင်မှာ အလုပ်ကြမ်း လာလုပ်တဲ့လူပေါ့၊ သူဟာ သိပ်အလုပ်လုပ်တယ်၊ ဘယ်တော့မှ မပျင်းရိဘူး၊ အလုပ်ကိုလည်း မရိကပ်ဘူး၊ လူချစ်လူခင်လည်း အလွန်ပေါ



တယ်၊ သူ ဒီတစ်ရက် နှစ်ရက် အလုပ်လာမဆင်းလို့တောင် ကျုပ်တို့ မျှော်နေသေးတယ် "

ဟု ပြောလေရာ ထောင်မှူးဘဦးသည် ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားပြီး ကိုယ်ခန္ဓာတစ်ခုလုံး အင်အားချည့်နဲ့သွားသလို ခံစားလိုက်ရ၏။

ကိုရွှေဝန်သည် မိမိတို့ကို စနစ်တကျကြံစည်ပြီး ပတ္တမြားကြီးကို ရယူသွားခြင်းဖြစ်သည်။

ထောင်မှူးဘဦးသည် ကားကို ကမ္ဘာ့ရုံးတိုးမောင်းနှင်၍ ပြန်လာပြီး ခေါင်းထဲသို့ အကြံတစ်ခုလက်နဲ့ ဝင်ရောက်လာပြန်၏။

ကိုရွှေဝန်သည် ပတ္တမြားကြီးကို ရယူသွားသော်လည်း အက်ဒမန်ကျွန်းမှ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသွားနိုင်ခြင်း မရှိချေ။ အက်ဒမန်ကျွန်းမှ ထွက်ပြေးမည့်လမ်းများအားလုံးကို ပိတ်ဆို့လိုက်လျှင် မိမိတို့လက်မှ အခွင့်အရေး ကျန်ရှိနိုင်သေး၏။

ထို့ကြောင့် အက်ဒမန်ကျွန်းမှ လူအဝင်အထွက်ကို သေချာစွာစောင့်ကြည့်စေပြီး အက်ဒမန်ကျွန်းမှ ထွက်ခွာသူများအား ခန္ဓာကိုယ်တစ်ခုလုံး နှံ့စပ်စွာရှာဖွေရမည်ဟု အမိန့်ထုတ်ပြန်လိုက်၏။

အက်ဒမန်ကျွန်းမှထွက်ခွာမည့် ကုန်သည်ပွဲစားများ သည် ကျွန်းခြံရေးတပ်သားများ၏ စစ်ဆေးခြင်းကိုခံရရုံမျှမက ခန္ဓာကိုယ်တစ်ခုလုံး စေ့စေ့စပ်စပ် မွှေနှောက်ရှာဖွေခြင်းကို ခံရ၏။

၎င်းတို့၏ ခရီးဆောင်အိတ်၊ ပိုက်ဆံအိတ်များပါမကျန် မွှေနှောက်ရှာဖွေခြင်းခံရသဖြင့် ကုန်သည်များသည် မကျေမနပ်ဖြစ်ကြ၏။

ထိုအချိန်၌ ကိုရွှေဝန်သည် အက်ဒမန်ကျွန်းမှထွက်ခွာမည့်

www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူမျိုး ပုလဲကောက်သမားအဖြစ် ပိရိသေသပ်စွာ ရုပ်ဖျက်ပြီး အရှာဖွေခံ လူတန်းကြီးနောက်သို့ ရောက်ရှိနေလေ၏။

သူ၏ခေါင်းတစ်ခုလုံး ဆံပင်များဖြူဖွေးနေပြီး ရှည်လျားသော ဆံပင်ကို ကျစ်ဆံမြီးကျစ်ထား၏။ သူ၏သွားမှာလည်း လွန်စွာခေါင်းပြီး ကော်ကိုင်းမျက်မှန်အနက်ရောက်ကို တပ်ဆင်ထား၏။

ကိုရွှေဝန်သည် တရုတ်လူမျိုးပုလဲကောက်သမားအဖြစ် စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်၏။ ကျွန်းလုံခြုံရေးတပ်သားများသည် ကုန်သည်ပွဲစားများအားလုံးကို စေ့စေ့စပ်စပ်ရှာဖွေပြီး မေးခွန်းများကိုလည်း မေးနေ၏။

ကိုရွှေဝန်၏အလှည့်သို့ရောက်သောအခါ လုံခြုံရေးတပ်သားများသည် သံသယဖြစ်ဟန်မရှိဘဲ မေးခွန်းအနည်းငယ်ကိုမေး၍ ကိုရွှေဝန်၏ သေတ္တာကို မွှေနှောက်ရှာဖွေလေကြ၏။

ပိုက်ဆံအိတ်ကို စားပွဲပေါ်သို့သွန်ချ၍ အသေးစိတ် မွှေနှောက်ရှာဖွေ၏။ အားရသောအခါမှပင် ကိုရွှေဝန်ကို သင်္ဘောပေါ်သို့ တက်ခိုင်းလိုက်၏။

ကိုရွှေဝန်သည် တုန်ချိ တုန်ချိ အမူအရာဖြင့် သင်္ဘောပေါ်သို့ လျှောက်လှမ်းသွားလေ၏။

ကိုရွှေဝန် သင်္ဘောပေါ်သို့ရောက်သောအခါ ထောင်မှူးဘဦး၏ ကားသည် ကမ်းစပ်သို့ တရစပ်မောင်းနှင်လာပြီး ထောင်မှူးဘဦးသည် ကားပေါ်မှခုန်ဆင်းလိုက်၏။

ထို့နောက် ထောင်မှူးဘဦးသည် သင်္ဘောပေါ်သို့တက်၍ ကျွန်း



မှ ထွက်ခွာမည့် ကုန်သည်ပွဲစားများအားလုံးကို တစ်ယောက်ပြီး တစ်ယောက် စေ့စေ့စပ်စပ် လိုက်လံကြည့်ရှုလေ၏။

သို့သော် ကိုရွှေဝန်၏ ရုပ်ဖျက်သော အတတ်ပညာမှာ အဆင့်မြင့်လွန်းသဖြင့် ထောင်မှူးဘဦးသည် သံသယဖြစ်ခြင်းမရှိဘဲ သင်္ဘောပေါ်မှ ပြန်လည်ဆင်းသွား၏။

ခဏကြာလျှင် ဥသြသံပေး၍ အက်ဒမန်ကျွန်းမှ စတင်ထွက်ခွာခဲ့၏။

အက်ဒမန်ကျွန်းမှ သင်္ဘောထွက်ခွာသွားပြီး များမကြာမီ အချိန်တွင် တဲအိမ်တန်းမှ မိမိုးဆိုသော မိန်းကလေးသည် ကျွန်းလုံခြုံရေးဌာနသို့ ရောက်ရှိလာ၏။

သူမသည် တစ်ညတာ အတူနေသွားသော ကိုရွှေဝန်အား သံသယရှိသည်နှင့် ကျွန်းလုံခြုံရေးရုံးခန်းသို့ လာရောက်တိုင်ကြားလေ၏။

ထောင်မှူးဘဦးသည် မိုမိုးဆိုသော မိန်းကလေးကို သူ၏ရုံးခန်းအတွင်းသို့ ဆွဲသွင်းလိုက်၏။

" ကဲ… မင်း ဘာတွေသိထားလဲ မိန်းကလေး၊ ကျုပ်ကို အမြန်ဆုံး ပြောစမ်း၊ မင်းနဲ့အတူနေတဲ့လူဟာ ဘယ်သူလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ မိမိုး ဆိုသော မိန်းကလေးက

" သူဘယ်သူလဲဆိုတာ ကျွန်မမသိဘူး၊ လွန်ခဲ့တဲ့ညက ကျွန်မရဲ့ တဲလေးကို သူရောက်လာတယ်၊ ပြီးတော့ ကျွန်မနဲ့ အတူ[illegible] ကျွန်မကို ပိုက်ဆံတွေပေးသွားတယ်၊ ဒါနဲ့ ဒီနေ့မနက် သူ့ကို [illegible]

www.burmeseclassic.com



တာနဲ့ ကျွန်မရဲ့တဲအိမ်လေး မလှမ်းမကမ်းက ချောင်းမြောင်းကြည့်တဲ့အခါ သူဟာ တရုတ်လူမျိုးတစ်ယောက်လို ကျစ်ဆံမြီးအရှည်ကြီးနဲ့ ရုပ်ဖျက်ပြီး ထွက်သွားတာတွေ့ရတယ်၊ သူထွက်သွားပြီး ကျွန်မ တဲအိမ်ထဲပြန်ရောက်တော့ ကျွန်မအတွက် ငွေစက္ကူတစ်ထုပ်ထားခဲ့တယ် ''

ဟု ပြောလေရာ ထောင်မှူးဘဦးသည် သင်္ဘောပေါ်တွင် မိမိစစ်ဆေးခဲ့သောလူများအနက် ကျစ်ဆံမြီးရှည်ရှည်ချထားသော တရုတ်တစ်ယောက်ကို မြင်ယောင်မိကာ အော်ဟစ်လိုက်၏။

'' ဟာ... ဒီလူ ကိုရွှေဝန်ပဲ၊ ငါ့ရှေ့တင် လက်မတင်လေးလွတ်သွားတယ်၊ သူ့နောက်ကို အမီလိုက်မှဖြစ်မယ် ''

ဟု ဆိုကာ ကျွန်းလုံခြုံရေးရုံးခန်းမှ ကမန်းကတန်း ပြေးထွက်သွားပြီး ဆိပ်ကမ်းရှိ မော်တော်ငယ်လေးများရှိရာသို့ အစွမ်းကုန်ပြေးထွက်သွားလေ၏။

ထို့နောက် အသင့်ထွက်နိုင်သော မော်တော်ငယ်လေးပေါ်သို့ ခုန်တက်လိုက်၏။

သူ၏နောက်မှ လိုက်လာသော တပည့်သုံးယောက်အား

'' ဟေ့ကောင်တွေ... ဘာကြောင့်ကြည့်နေတာလဲ၊ မြန်မြန်လိုက်တက်၊ မင်းတို့ပတွေးက သင်္ဘောပေါ်ရောက်သွားပြီ ''

ဟု ဆိုကာ မော်တော်စက်ကို နှိုးလိုက်၏။

ထိုအခါ တပည့်သုံးယောက်လည်း ဘုမသိ ဘမသိနှင့် မော်တော်ပေါ်သို့ ခုန်တက်ကြလေ၏။ ထောင်မှူးဘဦးသည် ခပ်ဝေးဝေးတွင် မြင်တွေ့ရသော သင်္ဘောနောက်သို့ မော်တော်ဖြင့် အစွမ်းကုန်လိုက်လေ၏။



ကိုရွှေဝန်သည် သင်္ဘောထွက်လာသည်အထိ စိတ်မအေးနိုင်သေးဘဲ အက်ဒမန်ကျွန်းဘက်သို့ မှန်ပြောင်းငယ်လေးဖြင့် ကြည့်လေ၏။

ထိုသို့ကြည့်ရှုရင်း အက်ဒမန်ကျွန်းဆိပ်ကမ်းမှ မော်တော်တစ်စီး အရှိန်အဟုန်ပြင်းပြင်းဖြင့် မောင်းနှင်လာခြင်းကို မြင်တွေ့ရသဖြင့် မိမိအတွက် အန္တရာယ် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ဤသင်္ဘောပေါ်တွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် လူသူအရိပ်အခြည်ကို ကြည့်၍ သင်္ဘောပေါ်မှ ပင်လယ်ထဲသို့ ခုန်ချလိုက်လေ၏။

သင်္ဘောသည် ရစ်ချီကျွန်းစုများအနီးတွင် သွားလာနေဆဲဖြစ်သဖြင့် ကျွန်းတစ်ကျွန်းသို့ သူ ကူးခတ်ပြီးရောက်ရှိသွားနိုင်၏။

ကိုရွှေဝန်သည် ရေကူးကျွမ်းကျင်သူဖြစ်သဖြင့် ခဏကြာလျှင် ကျောက်ဆောင် ကျောက်တန်းများမှကွေ့ပတ်ပြီး ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်ရှိသွားလေ၏။

ထိုအချိန်မှာပင် ထောင်မှူးဘဦး ဦးဆောင်သော လုံခြုံရေးတပ်သားများသည် သင်္ဘောပေါ်သို့တက်ကာ ကိုရွှေဝန်အား ရှာဖွေလေ၏။ သို့သော် ကိုရွှေဝန်အား မတွေ့သဖြင့် ခေါင်းနပန်းကြီးသွားလေ၏။

သင်္ဘောပေါ်ရှိ အတူလိုက်ပါလာသော ကုန်သည်များကလည်း ကျစ်ဆံမြီးကျစ်ထားသော တရုတ်ကြီးကို မြင်တွေ့ရပြီး ၎င်းတို့ရှေ့မှာပင် ပျောက်ဆုံးသွားသဖြင့် တအံ့တဩဖြစ်နေကြ၏။

ထောင်မှူးဘဦးသည် မှန်ပြောင်းတစ်လက်ဖြင့် အနီးရှိ ကျွန်းများ

www.burmeseclassic.com



ကို ကြည့်ရှုလေ၏။ ထို့နောက် တစ်စုံတစ်ရာကို အတွေးပေါက်သွားကာ တောက်ခေါက်၍

" တောက်... ရွှေဝန်လွတ်သွားပြန်ပြီ၊ ဒီကောင် အနီးနားက ကျွန်းတွေပေါ်မှာ ခိုးအောင်းနေမှာ သေချာတယ် "

ဟု ဆိုကာ သင်္ဘောပေါ်မှ မော်တော်ပေါ်သို့ပြန်ဆင်းပြီး အနီးရှိ ကျွန်းတစ်ခုသို့ ဦးတည်မောင်းနှင်ခဲ့၏။

ကိုရွှေဝန်သည် ကျွန်းပေါ်၌ ပုန်းအောင်းနေရင်း သူရှိရာသို့ ဦးတည်မောင်းနှင်လာသော ကျွန်းလုံခြုံရေးတပ်သားများ၏ မော်တော်ကို တွေ့ရ၏။

ထိုမော်တော်ပေါ်တွင် ထောင်မှူးဘဦးအပါအဝင် ကျွန်းလုံခြုံရေးတပ်သား သုံးဦးပါရှိ၏။

ကိုရွှေဝန်သည် တိုက်ပွဲဝင်ရတော့မည်ကိုသိသဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ ထောင်မှူးဘဦးတို့ လူစုသည် သောင်ပြင်နှင့် မနီးမဝေးတွင် မော်တော်ကိုရပ်၍ ကျွန်းပေါ်သို့ တက်လာကြ၏။

ထို့နောက် ၎င်းတို့လူစုသည် နှစ်ယောက်တစ်တွဲစီခွဲ၍ ကျွန်းပေါ်၌ ကိုရွှေဝန်အား လိုက်လံရှာဖွေကြ၏။

ကိုရွှေဝန်သည် သစ်ပင်တစ်ပင်ပေါ်တွင် ပုန်းအောင်းနေပြီး ၎င်း၏အောက်တည့်တည့်သို့ လုံခြုံရေးတပ်သား နှစ်ယောက် ရောက်ရှိလာသောအခါ အပင်ပေါ်မှ ခုန်ချလိုက်၏။

ထို့နောက် ကြောင်အမ်းအမ်းဖြစ်နေသော လုံခြုံရေးတပ်သား



နှစ်ဦးကို ခေါင်းချင်းဆိုင်၍ တိုက်ပေးလိုက်ရာ ထိုလူနှစ်ဦး မေ့မြောသွား၏။

ကိုရွှေဝန်သည် လုံခြုံရေးတပ်သားများထံမှ သေနတ်နှစ်လက်ကို သိမ်းယူလိုက်ပြီး သေနတ်ကျည်ဆန်များအား သိမ်းယူ၍ ကျောက်တုံး တစ်တုံးနား ဝှက်ထားလိုက်လေ၏။

ထိုအချိန်တွင် ထောင်မှူးဘဦးနှင့် လုံခြုံရေးတပ်သားတစ်ဦးသည် ကိုရွှေဝန်အား ကျွန်းပတ်ဝန်းကျင်အနှံ့ လိုက်လံရှာဖွေလေ၏။

၎င်းတို့သည် တောင်ကုန်းကြီးတစ်ခုပေါ်မှ ဆင်းသက်လာစဉ် အောက်တွင် ကြိုတင်စောင့်နေသော ကိုရွှေဝန်က လုံခြုံရေးတပ်သား၏ နဖူးအား ကျောက်တုံးဖြင့် ဦးစွာပစ်ချလိုက်၏။

လုံခြုံရေးတပ်သားသည် အားခနဲအော်၍ တောင်ပေါ်မှ ဒလိမ့် ခေါက်ကွေးကျသွား၏။

ထိုအခါ ကိုရွှေဝန်က ၎င်းထံမှ သေနတ်ကိုဆီးယူ၍ ထောင်မှူး ဘဦးအား ချိန်ရွယ်ထားလိုက်၏။

ထောင်မှူးဘဦးမှာလည်း ကိုရွှေဝန်ကို ချိန်ရွယ်ထားပြီးဖြစ်သဖြင့် ၎င်းတို့နှစ်ဦးစလုံး သေနတ်ဖြင့် ချိန်ရွယ်ပြီးသားဖြစ်နေ၏။

ကျွန်းတစ်ကျွန်းပေါ်ရှိ သောင်ပြင်တစ်ခုပေါ်တွင် ထောင်မှူးဘဦး နှင့် ကိုရွှေဝန်သည် တစ်ဦးနှင့်တစ်ဦး သေနတ်ဖြင့်ချိန်ရွယ်ထားပြီး မပစ်ဘဲ ရှိနေကြ၏။

ကိုရွှေဝန်က ထောင်မှူးဘဦးကိုကြည့်၍ တဟားဟား ရယ်မောလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျား ဘယ်ဆိုးလို့လဲ၊ ကျုပ်ကို ဒီထိအောင်လိုက်ပြီး ခြေရာကောက်နိုင်ခဲ့တာပဲ၊ ဒါကြောင့်လည်း ကျွန်းပေါ်မှာ ထောင်မှူးဘဦးဆိုရင် လူတွေက ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတာပေါ့ "

ဟု ပြောလေ၏။

ထိုအခါ ထောင်မှူးဘဦးက အံကိုကြိတ်လိုက်ပြီး

" ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ ခင်ဗျားအနိုင်ရလိုက်တာပါပဲ၊ ကျုပ်ရဲ့ ရှုံးနိမ့်သွားတဲ့ ဂုဏ်သိက္ခာကို ပြန်ဆယ်တဲ့အနေနဲ့ ဒီနေ့ ကျွန်းပေါ်မှာ ခင်ဗျားကို လက်ရဖမ်းဆီးမှဖြစ်မယ် "

ဟု ကြုံးဝါးလေ၏။

ထိုအခါ ကိုရွှေဝန်က တဟားဟားရယ်မောရှိ

" ဟား ဟား ဟား... အခုလို တစ်ယောက်နဲ့တစ်ယောက် သေနတ်နဲ့အပြန်အလှန်ချိန်ထားတဲ့အချိန်မှာ ခင်ဗျားက ကျုပ်ကို ဘယ်လိုလုပ်ပြီး လက်ရဖမ်းဆီးမှာလဲ၊ သေသေချာချာ စဉ်းစားပြောပါ ထောင်မှူးရယ် "

ဟု ပြောလေရာ ထောင်မှူးဘဦးက ကိုရွှေဝန်ကို မီးထွက်လုမတတ် ဖြစ်နေသော မျက်လုံးများဖြင့်ကြည့်၍

" ကျုပ်တို့နှစ်ယောက်မှာ နည်းလမ်းတစ်ခု ကျန်ပါသေးတယ် "

ဟု ဆိုကာ သူ၏လက်ထဲရှိ သေနတ်ကို မြေပြင်ပေါ်သို့ ပစ်ချလိုက်လေ၏။

ကိုရွှေဝန်က ထောင်မှူးဘဦး၏ အမူအရာကို ကြည့်၍ သဘောကျဟန်ဖြင့်



" ဟား ဟား ဟား... ကြိုက်သွားပြီ၊ ဒီလိုသတ္တိရှိလို့လည်း ကျွန်းပေါ်မှာ ထောင်မှူးဘဦးဆိုပြီး သတင်းကြီးနေတာကိုး၊ ကောင်းပြီ ကျုပ်တို့နှစ်ယောက် လက်ရုံးရည်ခြင်း ယှဉ်ကြမယ်၊ ကျုပ်တို့နှစ်ယောက်ထဲက ကျုပ်က အနိုင်ရရင် ဒီမော်တော်ကိုယူပြီး ကျွန်းကထွက်ခွာသွားမယ်၊ ကျုပ်ရှုံးခဲ့ရင်တော့ ခင်ဗျားတို့ ကျုပ်ကို ကြိုက်ရာလုပ်နိုင်တယ် "

ဟု ပြောလိုက်လေ၏။ ထိုအခါ ထောင်မှူးဘဦးက သဘောကျဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး

" ကောင်းပြီ... ကျုပ်တို့နှစ်ယောက် လက်ရုံးရည်ခြင်း ယှဉ်ပြိုင်ကြမယ် "

ဟု ဆိုကာ ခန္ဓာကိုယ်ပေါ်တွင်ရှိသော ကျည်ဆန်ခါးပတ်များနှင့် ဓါးမြှောင်များကို မြေပေါ်သို့ ပစ်ချလိုက်၏။

ထောင်မှူးဘဦးသည် ငယ်စဉ်ကပင် လက်ဝှေ့ပညာကို ကျွမ်းကျင်စွာ တတ်မြောက်၍ အလံလုပွဲများစွာ အနိုင်ရခဲ့ဖူး၏။

သူသည် ကျွန်းပေါ်တွင် နေထိုင်စဉ်ကလည်း နေ့စဉ် လက်ဝှေ့ပညာကို မမေ့လျော့အောင် လေ့ကျင့်နေခဲ့၏။

ထို့ကြောင့် ကိုရွှေဝန်ကဲ့သို့ လူစွန့်စားတစ်ယောက်ကို ကောင်းစွာ ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်၏။ ထောင်မှူးဘဦးသည် ကျားကနဲအော်၍ ကိုရွှေဝန်အား ဝင်ရောက်တိုက်ခိုက်၏။

ထို့နောက်တွင်မူ ၎င်းတို့နှစ်ဦးသည် သောင်ပြင်ပေါ်တွင် ဘတစ်ပြန် ကျားတစ်ပြန် အပြန်အလှန်တိုက်ခိုက်ကြလေ၏။ ထောင်မှူးဘဦးသည် ကိုရွှေဝန်နှင့်တိုက်ခိုက်ရင်း သူ၏ရန်သူ၏အစွမ်းကို အံ့ဩမှုယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် မြင်တွေ့နေရ၏။

ကိုရွှေဝန်သည် အဆင့်မြင့် တိုက်ခိုက်ရေးပညာကို ကောင်းစွာ တတ်ကျွမ်းသော သိုင်းသမားတစ်ဦး ဖြစ်နေလေ၏။

ထောင်မှူးဘဦးသည် ကိုရွှေဝန်နှင့်တိုက်ခိုက်ရင်း အချိန်ကြာမြင့်လာသောအခါ တဖြည်းဖြည်း အနိုင်ရရှိရန် ခက်ခဲလာကြောင်း တွေ့ရ၏။

ကိုရွှေဝန်၏ အေးဆေးစွာတိုက်ခိုက်သော ခြေလက်များကို မိမိသည် ကာကွယ်ရခက်ခဲလာ၏။ တစ်ချီတွင် ကိုရွှေဝန်၏ခြေကန်ချက် တစ်ချက် နံစောင်းကို ထိမိသွားသဖြင့် အသက်ရှူရပ်မတတ် ဖြစ်သွားခဲ့၏။

ကိုရွှေဝန်ကမူ အသက်လုပွဲတစ်ရပ်ဟု သဘောမထားဘဲ မိမိကို သွေးအေးအေးဖြင့် တိုက်ခိုက်နေ၏။ တစ်ချီ မိမိ၏ခြေကန်ချက် ကိုရွှေဝန်အား ထိသဖြင့် ထောင်မှူးဘဦးသည် စိတ်အားတက်ကြွသွား ပြန်၏။

သို့သော် ကိုရွှေဝန်သည် တခဏသာ ယိမ်းယိုင်ပြီး ထောင်မှူးဘဦးကို ကောင်းမွန်စွာ ပြန်လည်တိုက်ခိုက်နိုင်၏။

ထောင်မှူးဘဦးသည် တိုက်ခိုက်ရင်း အလွန်စိတ်လှုပ်ရှားနေပြီး ဓားကြီးအား အနီးကပ်ပူးကပ်၍ တိုက်ခိုက်ရန် ကြံစည်လိုက်၏။

ထိုအခိုက်မှာပင် ဓားကြီး၏ ဝိုက်လက်သီးတစ်လုံး ,မိမိ၏ အရှိက်ကို ထိမိသွားပြီး မြေပေါ်သို့ ဖင်ထိုင်လျက်လဲလေ၏။

ကိုရွှေဝန်သည် အလွန်မြန်သော တိုက်ခိုက်ရေးသမားတစ်ဦး ဖြစ်သဖြင့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ထောင်မှူးဘဦး၏ မျက်နှာ



ကို ဒူးဖြင့်ပင့်တိုက်လိုက်ရာ ထောင်မှူးဘဦးသည် မရှောင်နိုင်တော့ဘဲ ယိမ်းယိုင်ပြီး မြေပေါ်သို့ လဲကျသွားလေ၏။

သူတို့နှစ်ယောက်၏တိုက်ပွဲ ပြီးဆုံးသွားပြီဟု အလိုလိုသိလိုက်၏။ မိမိသည် ရွှေဝန်ဆိုသော လူစွန့်စားအား လက်ရုံးရည်ချင်းယှဉ်ပြိုင်သော ပွဲ၌ ရှုံးနိမ့်သွားပြန်လေပြီ။

ထောင်မှူးဘဦးသည် နဖူးမှ စီးကျလာသော သွေးများကို လက်ဖြင့်ပွတ်လိုက်ပြီး ဒယီးဒယိုင်ဖြင့် ထရပ်ရန် ကြိုးစားလိုက်၏။

ထိုအခါ ကိုရွှေဝန်က

“ ခင်ဗျားရဲ့ အနိုင်မခံလိုတဲ့စိတ်ဓာတ်ကိုတော့ ချီးကျူးပါတယ် ဗျာ၊ ဒါကြောင့်လည်း ခင်ဗျားကို ကျုပ် အခွင့်အရေးတစ်ခုပေးခဲ့မယ် ဟောဒီမှာကြည့် ”

ဆိုကာ သူ၏ကျောတွင် သိုင်းလွယ်ထားသောအိတ်ကို မြေပေါ်သို့ ပစ်ချလိုက်၏။

ထို့နောက် ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသော အကျႌအားချွတ်၍ သောင်ပြင်ပေါ်သို့ ပစ်ချလိုက်၏။

ထိုအခါ ကိုရွှေဝန်၏ကိုယ်ခန္ဓာတွင် အပြာရောင်ဘောင်းဘီ တစ်ထည်သာ ကျန်ရှိတော့၏။

ကိုရွှေဝန်အား သဲပြောင်ပြင်ပေါ်တွင် ထထိုင်ရန် ကြိုးပမ်းနေသော ထောင်မှူးဘဦးကို ကြည့်၍

“ ခင်ဗျားကို ကျုပ်ပစ္စည်းတွေထုတ်ပြနေတာ ကျုပ်ကိုယ်ပေါ်မှာ ပစ္စည်းများကြီး ပါမသွားဘူးဆိုတာပဲ ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်ရာ ထောင်မှူးဘဦးသည် အံ့ဩသဖြင့် ကိုရွှေဝန်ကို နားမလည်ဟန်ဖြင့် ကြည့်လိုက်၏။

ကိုရွှေဝန်က ထောင်မှူးဘဦးကိုကြည့်၍ လှောင်ပြုံးပြုံးလိုက်ပြီး

" ခင်ဗျားတို့ရိက္ခာဂိုဒေါင်မှာထားတဲ့ ပတ္တမြားကို ကျုပ်ရအောင် ယူနိုင်ခဲ့တယ်၊ ဒါပေမဲ့ ပတ္တမြားဟာ ဒီနေ့အထိ အက်ဒမန်ကျွန်းပေါ်မှာပဲ ရှိနေသေးတယ် "

ဟု ပြောလိုက်ရာ ထောင်မှူးဘဦးက ကိုရွှေဝန်ကို မယုံကြည်ဟန်ဖြင့် ကြည့်၍

" ဘာ... ပတ္တမြားကြီးဟာ အက်ဒမန်ကျွန်းပေါ်မှာပဲ ရှိသေးတယ် ဟုတ်လား "

ဟု မယုံကြည်ဟန်ဖြင့် မေးမြန်းလိုက်လေ၏။ ထိုအခါ ကိုရွှေဝန်က ခေါင်းညိတ်၍

" ဟုတ်တယ်... ခင်ဗျားကို နောက်ဆုံးအခွင့်အရေးအနေနဲ့ ဒီအကြောင်းကို ပြောပြတာ၊ အက်ဒမန်ကျွန်းပေါ်မှာကျန်ခဲ့တဲ့ ပတ္တမြားကို ခင်ဗျားအစွမ်းအစနဲ့ ရအောင်ကြိုးစားပြီး ယူနိုင်ရင် ယူပေတော့၊ ခင်ဗျားမှာသာ အစွမ်းအစရှိရင် ကျုပ်တို့ ပတ္တမြားကြီးကို အဆုံးရှုံးခံလိုက်မယ်၊ အခုတော့ ကျုပ်သွားပြီဗျို့ "

ဟု ဆိုကာ ကိုရွှေဝန်သည် မော်တော်ပေါ်သို့တက်၍ မောင်းနှင်ထွက်ခွာသွားလေ၏။

ထောင်မှူးဘဦးသည် သွေးချင်းချင်းနီနေသော မျက်နှာပေါ်မှ ဒဏ်ရာများကို လက်ဖြင့်အုပ်၍ ကျွန်းပေါ်၌ ငူငူငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့လေ



၏။ သူ၏နှုတ်မှလည်း

" ပတ္တမြားကြီးဟာ ကျွန်းပေါ်မှာပဲရှိသေးတယ်၊ ပတ္တမြားကြီးဟာ ကျွန်းပေါ်မှာပဲရှိသေးတယ် ဆိုပါလား "

ဟု တတွတ်တွတ် ရွတ်နေလေတော့၏။

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဦးသည် ကျွန်းပေါ်ပြန်ရောက်ပြီး ကိုရွှေဝန် ပတ္တမြားကို မည်သည့်နေရာ၌ ထားသနည်းဟူသော အချက်ကို နေ့မအိပ် ညမအိပ် စဉ်းစားနေ၏။

ထိုသို့စဉ်းစားပြီး ရိက္ခာဂိုဒေါင်၌ အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်သော ကိုရွှေဝန်၏ပုံသဏ္ဌာန်ကို ပြန်လည်သတိရလာလေ၏။

အက်ဒမန်ကျွန်းမှာရှိတဲ့ပစ္စည်းကို လူယုံနဲ့ပြည်မကို ပို့နိုင်တယ်၊ နောက်ပြီးတော့ တရားဝင်နည်းလမ်းနဲ့ပို့နိုင်တာကတော့ အက်ဒမန်ကျွန်းက ထွက်ကုန်တွေကို သင်္ဘောနဲ့လည်း ပို့နိုင်တာပဲမှာ တွေးမိ၏။

ထိုအခါ သူသည် အလွန်စိတ်လှုပ်ရှားသွားပြီး ကားကို တရကြမ်းမောင်း၍ ရိက္ခာဂိုဒေါင်သို့ ထွက်ခဲ့လေ၏။



ရိက္ခာဂိုဒေါင်သို့ ရောက်သောအခါ အက်ဒမန်ကျွန်းမှ ပို့ကုန်များကို စာရင်းလုပ်သော ဂိုဒေါင်စာရေးထံသို့သွားရောက် တွေ့ဆုံလိုက်ပြီး

" ဟေ့... အက်ဒမန်ကျွန်းကကုန်တွေကို ပို့လိုက်ပြီလား "

ဟု မေးမြန်းလိုက်လေရာ ဂိုဒေါင်စာရေးက

" မနက်ကပဲ သင်္ဘောနဲ့ပို့ပေးလိုက်ပါပြီ "

ဟု ပြောလေ၏။ ထိုအခါ ထောင်မှူးဘဦးသည် လွန်စွာ စိတ်လှုပ်ရှားသွားပြီး သူ၏လက်ထဲမှ ကိုရွှေဝန်၏ဓါတ်ပုံကိုပြ၍

" မင်း ဒီလူကိုသိလား၊ သေချာကြည့်စမ်း "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဂိုဒေါင်စာရေးက ဓါတ်ပုံကို ကြည့်၍

" သိတယ်၊ လွန်ခဲ့တဲ့ရက်ကတောင် အက်ဒမန်ကျွန်းက ငါးပုပ်ခြောက်တွေကိုဝယ်ပြီး ကော့သောင်းက သူ့မိတ်ဆွေတစ်ယောက်ဆီကို ပို့ချင်တယ်လို့ ကျုပ်တို့ကိုပြောနေတယ်၊ သူဝယ်ပေးလိုက်တဲ့ ငါးပုပ်ခြောက်တွေ ထင်းရှူးသေတ္တာနဲ့ အပြည့်ထည့်ပြီး သင်္ဘောပေါ် တင်ပေးလိုက်ပြီ "

ဟု ပြောလေရာ ထောင်မှူးဘဦးသည် ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားခဲ့ပြီး ပတ္တမြားကြီးကို လက်လွှတ်ဆုံးရှုံးပြီဟု သိလိုက်၏။

ကိုရွှေဝန်သည် လိမ္မာပါးနပ်စွာဖြင့် ငါးပုပ်ခြောက်များထည့်ထားသော ထင်းရှူးသေတ္တာအတွင်းသို့ ပတ္တမြားကိုထည့်သွင်းပြီး မြန်မာပြည်သို့ သင်္ဘောဖြင့် တင်ပေးလိုက်လေပြီ။

ထောင်မှူးဘဦးသည် မိမိအတွက် အရာရာဆုံးရှုံးသွားပြီဟု

www.burmeseclassic.com



သိလိုက်၏။ သူသည် ကိုရွှေဝန်ဆိုသော လူစွန့်စားကို အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့၏။

လက်ရုံးရည်ရော နှလုံးရည်ပါ ကိုရွှေဝန်သည် မိမိထက် များစွာ သာလွန်ခဲ့၏။ ကိုရွှေဝန်နှင့်ယှဉ်လျှင် မိမိသည် အစစအရာရာ ညံ့ဖျင်း၏။

အက်ဒမန်ကျွန်း၌ ဤမျှအရည်အချင်းမဲ့ပြီး ညံ့ဖျင်းသော ထောင်မှူးတစ်ယောက်အတွက် နေရာမရှိတော့ဟု ထင်မြင်နေမိ၏။ အက်ဒမန်ကျွန်း၌ မျက်နှာကောင်းရရှိရန် မိမိ အပတ်တကုတ်ကြိုးပမ်းခဲ့ရ၏။

ထောင်မှူးဘဦးဟူသောအမည်ကို လူများ ဖိတ်ဖိတ်တုန်အောင် ကြောက်ရွံ့အောင် စွမ်းဆောင်နိုင်ခဲ့၏။ ယခုတော့ ထိုအရာများအားလုံး ရေစုန်မျောရပေမည်။

ကျွန်းပေါ်ရှိလူများအားလုံး ထောင်မှူးဘဦးတစ်ယောက် လှလှပပကြီး ခံလိုက်ရပြီဟု အားတက်သရော ပြောဆိုကြပေတော့မည်။ သူ့အတွက် လုပ်စရာလမ်းတစ်လမ်းသာ ကျန်ရှိနေတော့၏။

ထောင်မှူးဘဦးသည် သူ၏နေအိမ်သို့ရောက်သောအခါ ထောင်မှူးဝတ်စုံ အပြည့်အစုံဝတ်၍ သေနတ်ဖြင့် မိမိကိုယ်ကို မိမိ အဆုံးစီရင်လိုက်လေတော့၏။



ထိုအချိန်၌ ကျွန်းမင်းကြီးသည် ပတ္တမြားကြီး ဆုံးရှုံးသွားသည့် နေ့မှစ၍ မည်သည့်အစားအသောက်မျှမစားဘဲ သုံးလေးရက်မျှ ငူငူငိုင်ငိုင်ကြီး ထိုင်နေ၏။

ကျွန်းမင်းကြီး၏ စိတ်ရှုပ်ထွေးနေသော အခြေအနေကိုကြည့်၍ မည်သူကမျှ လာရောက်ပြီး နားချရန်မကြိုးပမ်းရဲကြပေ။

လုံခြုံရေး တပ်သားများသည် ထောင်မှူးဘဦး မိမိကိုယ်ကို အဆုံးစီရင်သွားသောအခါ ထိုသတင်းအား ကျွန်းမင်းကြီးထံသို့ ယူဆောင်လာခဲ့၏။

ကျွန်းမင်းကြီးသည် အစားအသောက်များ မစားနိုင်ဘဲ ငူငူငိုင်ငိုင် ကြီး ထိုင်နေရာမှ ထောင်မှူးဘဦး၏သတင်းကို ကြားသောအခါ ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



အားရ အမူအရာဖြင့်

" ဘဦးသေပြီ ဟုတ်လား။ အေး... ဒီကောင်သေမှ ကောင်းတယ်၊ ဒီကောင်ကြောင့် ငါ့ရဲ့ ပြည်တန်တဲ့ပဇ္ဇမြားကြီးဆုံးရှုံးရတာ၊ ဒီကောင် သေတာတောင်နည်းသေးတယ်၊ ဟား ဟား... ဝမ်းသာလိုက်တာကွာ၊ ထောင်မှူးဘဦးသေပြီ၊ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ "

ဟု စိတ်ဖောက်ပြန်ပြီး အော်ဟစ်နေလေတော့၏။

ထိုကိစ္စများဖြစ်ပွားပြီး တစ်ပတ်ခန့်အကြာတွင် ထောင်ဆရာဝန်ကြီးသည် ကျွန်းမင်းကြီး စိတ်ဖောက်ပြန်၍ ရူးသွပ်သွားပြီဖြစ်ကြောင်း အထက်အရာရှိများ အဆင့်ဆင့်သို့ အစီရင်ခံလိုက်၏။

ထို့နောက် အက်ဒမန်ကျွန်း၌ တစ်ကျွန်းသားတို့ကို ရိုးသားတည်ကြည်သော ထောင်ပိုင်ကြီးက ခေတ္တခဏ အုပ်ချုပ်ထား ရလေတော့၏။

အက်ဒမန်ကျွန်းရှိ အေးငြိမ်စွာ နေထိုင်နေသော ကျွန်းသားများသည် ထောင်မှူးဘဦးမရှိသဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်ရလေတော့၏။

ယန်းဆိုင် ကျွန်းမျှော



တစ်နေ့သ၌ မြစ်ဝကျွန်းပေါ် မြို့လေးတစ်မြို့၌ အင်းလေလံကျင်းပနေလေ၏။

အင်းပွဲကြီးသို့ အင်းသားကြီး၊ အင်းသားလေး၊ အင်းသားဈေးစသော အင်းသားများသည် မိမိတို့အလိုရှိရာ အင်းများကို ရရှိရန် အပြိုင် အဆိုင် လေလံဆွဲယူကြလေတော့၏။

ဤသို့ဖြင့် ညနေစောင်းသောခါ အင်းများ တဖြည်းဖြည်း ကုန်ဆုံးသွားပြီး အင်းသားအားလုံး လိုချင်တပ်မက်သော ထိန်ပင်အင်းကြီးကို လေလံပစ်မည့်အလှည့်သို့ ရောက်ရှိလာလေ၏။

ထိန်ပင်အင်းကြီး၏ လက်ရှိပိုင်ရှင်မှာ အင်းသားကြီး ဦးဖိုးလှိုင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးလှိုင်သည် အရင်နှစ်က ထိန်ပင်အင်းကြီးကို မည်သူမျှ မျှော်မှန်းနိုင်သောဈေးဖြင့် အင်းသားကြီး ကိုရွှေဝန်ထံမှ ရယူခဲ့၏။

ကိုရွှေဝန်သည် ထိန်ပင်အင်းကြီးကို လက်လွှတ်ဆုံးရှုံးသည့်အချိန်မှစ၍ အင်းသားအဖြစ်မှ ပျောက်ဆုံးသွားခဲ့၏။

ထို့ကြောင့်ပင် ယနေ့နံနက် ထိန်ပင်အင်းကြီးကို ဦးဖိုးလှိုင်တစ်ကိုယ်တည်း ပြိုင်ဘက်မရှိ ဆွဲယူရပေတော့မည်။

ဦးဖိုးလှိုင်သည် ငွေကြေးဥစ္စာကြွယ်ဝကာ နောက်လိုက်လူသူအင်အားတောင့်တင်းသဖြင့် ယခုအခါ ထိန်ပင်အင်းကြီးကို သူတစ်ယောက်တည်း မောင်ပိုင်စီးထားသကဲ့သို့ ရှိပေလိမ့်မည်။

ဦးဖိုးလှိုင်နှင့် ယှဉ်ပြိုင်ပြီး မည်သူမျှ မဆွဲဝံ့ကြချေ။ ဦးဖိုးလှိုင်သည် ထိန်ပင်အင်းကို လေလံဆွဲပြီး သူ့အလှည့်သို့ ရောက်သောအခါ ရင်ကိုကော့၍ လေလံရုံးခန်းအတွင်းသို့ ဝင်ခဲ့လေတော့၏။

လူစုံသောအခါ ထိန်ပင်အင်းကြီးကို လေလံပစ်တော့မည်ဖြစ်ကြောင်း ကြေညာလေ၏။ အင်းကြီးကို ယခုနှစ်တွင် သုံးထောင်သာပေး၍ ဈေးစတင်ဖွင့်လိုက်လေ၏။

သူသည် မနှစ်က ထိန်ပင်အင်းကို ခြောက်ထောင်ဖြင့် ရယူခဲ့သော်လည်း ထိုအင်းကြီးမှ သုံးထောင်မျှသာ ပြန်လည်ရရှိခဲ့၏။ ထို့ကြောင့် ယခုနှစ်တွင် ထိန်ပင်အင်းကို သုံးထောင်နှင့် ဈေးဖွင့်ခဲ့ခြင်းဖြစ်၏။

ဦးဖိုးလှိုင်သည် မင်းပေါက်ဆိုးပေါက်ဖြစ်ပြီး လက်နက်လူသူအင်အားတောင့်တင်းသဖြင့် ရင်နှင့်ယှဉ်ပြိုင်ပြီး မည်သူမျှတက်မပေးဝံ့တဲ





ထိန်ပင်အင်းကြီးကို လေလံဆွဲမိသူများ ရင်းတစ်ကိုယ်တည်းဖြစ်လေ၏။

အင်းခွန်တော်မင်းသည်

“ ထိန်ပင်အင်း သုံးထောင်... သုံးထောင် ”

ဟု အော်ဟစ်လေ၏။

ထိုအခိုက်မှာပင် လေလံရုံးခန်းအတွင်းသို့ သက္ကလပ်အကျႌ သက္ကလပ်ဘောင်းဘီနှင့် ဦးထုပ်ကို ခန့်ခန့်ကြီးဆောင်းထားသော လူတစ်ဦးသည် ဝင်ရောက်လာသည်။

ထို့နောက် လေလံဆွဲမည့်နေရာတွင် ရပ်တွင်လိုက်ပြီး

“ ထိန်ပင်အင်း ခြောက်ထောင်ပေးတယ် ”

ဟု အော်ဟစ်လိုက်လေ၏။

ထိုသူ၏စကားကြောင့် အင်းသားများအားလုံး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားကြသည်။

ထိုအခါ သက္ကလပ်အကျႌနှင့်လူသည် ခေါင်းပေါ်တွင် ခပ်ငိုက်ငိုက်ဆောင်းထားသော ဦးထုပ်ကို လှပ်၍ပြလိုက်ရာ ထိုသူ၏မျက်နှာကိုမြင်သည့် အင်းသူအင်းသားများအားလုံးသည်

“ ကိုရွှေဝန် ပြန်လာပြီ၊ ကိုရွှေဝန် ပြန်လာပြီ ”

ဟု ဝမ်းသာအားရ အော်ဟစ်ကြလေ၏။

ဦးဖိုးလှိုင်သည် ယမန်နှစ်က မိမိကို အရှုံးပေးခဲ့သော ကိုရွှေဝန်သည် ပျောက်ချင်းမလှပျောက်နေပြီး ယခုနှစ်တွင် ပြန်ပေါ်လာသည်ကို တွေ့ဆုံရသဖြင့် မကျေမချမ်းဖြစ်သွားလေ၏။

သို့သော် ယခင်နှစ်က ခြောက်ထောင်ဖြင့်ဆွဲယူခဲ့သော ထိန်ပင်

www.burmeseclassic.com

www.burmeseclassic.com



အင်းကြီးသည် ငွေသုံးဒထောင်မျှသာရသဖြင့် တစ်ဝက်တိတိ အရှုံးပေါ်ခဲ့ရာ ကိုရွှေဝန်နှင့် ဆက်လက်မယှဉ်ပြိုင်နိုင်တော့ချေ။

ယခုနှစ် ထိန်ပင်အင်းနှင့်ပတ်သက်၍ ကိုရွှေဝန်က အရှုံးပေးလိုက်ရချေ၏။ အင်းခွန်တော်မင်းသည် ကိုရွှေဝန်ပြန်လာသဖြင့် အလွန်အံ့ဩနေပြီး

" ထိန်ပင်အင်းခြောက်ထောင်၊ ထိန်ပင်အင်းခြောက်ထောင် "

ဟု အော်ဟစ်ရမည့်အစား

" ကိုရွှေဝန် ခြောက်ထောင်၊ ကိုရွှေဝန် ခြောက်ထောင် "

ဟု အော်ဟစ်လေရာ ရွာသားများ တဟားဟား ရယ်မောကြလေ၏။

လေလံရုံးဝန်းကြီးတစ်ခုလုံးလည်း

" ကိုရွှေဝန်ပြန်လာပြီ၊ ကိုရွှေဝန်ပြန်လာပြီ "

ဟု တစ်ယောက်တစ်ပေါက် အော်ဟစ်သံများကြောင့် ဆူညံပွက်နေလေ၏။

အရာအားလုံးပြီးဆုံးသွားချေပြီ။

အားလုံးအတွက်

မင်းမြတ်သူရ

www.burmeseclassic.com